www.dhammaransi.com

၄၆၇

မိုးရွာမြို့
ကျေးရူးရှင်လယ်တီဆရာတော်ဘုရားကြီး
ရေးသား
စီရင်တော်မူအပ်သော

သာသနာရေး ဦးစီးဌာန
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

# မဟာသယနဒီပနီ

နှင့်

ဒီဃာသနဝိနိစ္ဆယ

ဥပသမ္ပဒဝိနိစ္ဆယ

သသင်္ခါရ, အသင်္ခါရဝိနိစ္ဆယ

၄-ကျမ်းတွဲ

၁၀

ဟံသာဝတီ

www.dhammaransi.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး ပုံတော်

www.dhammaransi.com

# နိဒါန်း

**မဟာသယနာဒိ ဒီပနီကျမ်း**

မဟာသယနမည်သော ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အရာ၌ ဥစ္စာသယန မဟာသယန အဆုံးအဖြတ်, ခြားနားပုံသရုပ်,ဝါဒစစ်ချက်,အဋ္ဌကထာဆရာတို့၏ ဝါဒအထူး,နှိုးနှော၍ရှင်းလင်းချက်, ခင်းကြပုံအစီရင်, ကပ္ပိယ အကပ္ပိယစစ်တမ်း, အဓိဋ္ဌာန် ဝိကပ္ပနာပြခန်းတို့ကို ရှင်းလင်းပြဆိုရာ ဖြစ်သော **မဟာသယနဒီပနီ** ကျမ်းကိုငင်း၊ ဒီဃာသနအရာ၌ သက်ဆိုင်ရာ သိက္ခာပုဒ်တို့ဖြင့် ဆုံးဖြတ်စီစစ်ပုံ, ကျမ်းဂန်တို့၌လာသော နာနာဝါဒ စီစစ်ချက်တို့ကို ဖွင့်ဆိုရာဖြစ်သော **ဒီဃာသနဝိနိစ္ဆယ**ကျမ်းကိုငင်း၊ သိမ်အပြင်ဝယ် ပဌွင်းခံရာတွင် စ-လယ်-ဆုံး ၃-ဌာန တို့၌ ပြုသင့်သော ပုဗ္ဗကိစ္စ, ပဓာနကိစ္စ,အပရကိစ္စ အရပ်ရပ်တို့ကို ပြဆိုရာဖြစ်သော **ဥပသမ္ပဒဝိနိစ္ဆယ**ကျမ်းကိုငင်း၊ ဝါဒရှုပ်ထွေးသော သသံဂါရ, အသံဂါရအရာ၌ ကျမ်းဂန်တို့မှလာသော အဆုံးအဖြတ်နှင့် ဆရာတော်၏ အလိုသဘောကျ ဆုံးဖြတ်ပုံတို့ကို ခြောက်ကဏ္ဍဖွင့်၍ ပြဆိုရာဖြစ်သော **သသံဂါရ အသံဂါရဝိနိစ္ဆယ** ကျမ်းကိုငင်း၊ ရေးသားပြုစုတော်မူခဲ့ပေသည်။

**ကျမ်းပြုအမော် ဇာတာတော်**

၎င်းမဟာသယနဒီပနီ-နှင့် ဒီဃာသနဝိနိစ္ဆယ, ဥပသမ္ပဒဝိနိစ္ဆယ, သသံဂါရ အသံဂါရဝိနိစ္ဆယ ၄-ကျမ်းတွဲကိုပြုစုတော်မူသော**ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး** သည် ဒိပဲရင်း မြို့နယ် စိုင်ပြင်ရွာ အဘ ဦးထွန်းသာ, အမိဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ ညဉ့်တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗီဇနာ၊ ၅-ပြန်၊ ၈-ခရာ၊သိဟ်လဂ်၊တူ စန်း၊တနင်္ဂနွေ ကြွင်း၊ တနင်းလာ နဝင်း၊၉-လုံး ၂-ပါဒ်ထက်လင်္ဂစီးလျက် ဗီရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

**နိမိတ်ပေါ်ပြ အမည်တော်ရ**

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံပေါက်ပြီး

www.dhammaransi.com



# နိဒါန်း

လျှင် ၎င်းသက်တံသည် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်ကို လက်ျာရစ် လှည့်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ **တက်သွားသည်ကို** လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ **မောင်တက်ခေါင်** ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ**

၎င်းမောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်း ဆရာတော်ကြီး ဦးဓမ္မ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများ ကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ ဘောင်သို့ တက်ရောက်တော်မူရကား မောင်တက်ခေါင်-ဟူသော ဝေါ ဟာရမှ ထက်မြက်စူးရှလျှင်မြန်လှသော **ဉာဏ်**ရှိမှုကိုစွဲ၍ **ရှင်ဉာဏ**-ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

**ဓမ္မာစရိယ ဆန်ထောက်ရ**

၎င်းနောက် သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒ္ဓဿနဝရ ဓမ္မသာမိ မဟာ ဓမ္မရာဇဂုရု, သုဒ္ဓဿနဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ် ကျော်ကြီးထံတော်ဝယ် ပညာရင်နို့ သောက်သုံးမှီဝဲ နေစဉ်မှာပင် ၎င်း ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်း ပဏ်၊ဉာဏ်နှစ်တန်၊ ဘယ်ပဏ်သာ၍တတ်သနည်း] ဟုပညာရှိများ နှုတ်၌ အထပ်ထပ် ရွက်ဆိုခံရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အခြေ တတ်မြောက်နိုင်မြဲတော်မူလေသဖြင့် ပဌမစာချ ဆန် ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေ စဉ်မှာပင် ၁၂၄၁-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေသည်။

**ကျော်စောသတင်း တံဆိပ်နှင်း**

၁၂၄၈-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည် တော် မန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်း ရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး**

www.dhammaransi.com



ကိုတည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နို့သောက်စို့ရန် ရောက်လာကြသော များစွာ သောင်းသောင်း တပည့် သံဃာအပေါင်းတို့အား စာပေပို့ချတော်မူခြင်း တကာ တကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ, မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုယ်းကို တဖြိုးဖြိုးသွန်းချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်းစသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟုအာရှ,ဥရောပ အနှံ့ တအံ့တသြ ကျော်စောကိတ္တိ ဂုဏ်ရှိန်ညီး၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့က **အဂ္ဂမဟာပဏ္ဍိတ**-ဟူသောပါဠိဂုဏ်ဟိတ်ဘွဲ့တံဆိပ်တော်ဖြင့်၎င်း, **ဒီလစ်**-ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ဆက်ကပ်လှူဒါန်း ပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

**ကရုဏာရှေး၍ ကျမ်းဂန်ပြု**

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစခဏ်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ—

၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ် မဟာဋီကာသစ်ပါဌ်]
၂။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာပါဌ်]
၃။ ပဌာနုဒ္ဒေသဒီပနီပါဌ်
၄။ သမ္မာဒိဋ္ဌိဒီပနီပါဌ်
၅။ အနုဒီပနီပါဌ်
၆။ ရူပဒီပနီ
၇။ လက္ခဏဒီပနီ
၈။ ပါရမီဒီပနီ
၉။ ဝိဇ္ဇာမဂ္ဂဒီပနီ
၁၀။ နိဗ္ဗာနဒီပနီ
၁၁။ မဟာသယနဒီပနီ
၁၂။ ဥတ္တမပုရိသဒီပနီ
၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ
၁၄။ အာဟာရဒီပနီ
၁၅။ အနတ္တဒီပနီ
၁၆။ ကမ္မဋ္ဌာနဒီပနီ
၁၇။ အာနာပါနဒီပနီ
၁၈။ စတုသစ္စဒီပနီ
၁၉။ သစ္စတ္တဒီပနီ
၂၀။ ဗောဓိပက္ခိယဒီပနီ

# နိဒါန်း

၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္တရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ဂေါဏာသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနီကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဣဏပရိဘောဂဝိနိစ္ဆယ
၃၆။ ဒီဃာသနဝိနိစ္ဆယ
၃၇။ သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ သသင်္ခါရ, အသင်္ခါရ ဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတီယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်။
၄၃။ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်။
၄၄။ ပရမတ္ထသံခိပ်
၄၅။ ဝိနယသံခိပ်
၄၆။ သဒ္ဒသံခိပ်
၄၇။ သတ်ပုံသံခိပ်
၄၈။ သင်ပုန်းကြီးသံခိပ်
၄၉။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ် မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ]
၅၁။ ပဓာနသုတ် ပါဠိတော် နိဿယသစ်
၅၂။ အနတ္တဝိဘာဝနာပါဌ် နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဌ် နိဿယ
၅၄။ လန်ဒန်ပါဠိဒေဝီပုစ္ဆာ ဝိဿဇ္ဇနာပါဌ်
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်းချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂမ္ဘီရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာအလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
၆၆။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလသုတ္တန်
၇၀။ အလင်းကျမ်း

www.dhammaransi.com

# နိဒါန်း (ဃ)

**သဗ္ဗသင်္ဂါရာ အနုဋ္ဌာ**

ဤသို့အစရှိသည်ဖြင့် ဒီပနီ,ဝိနိစ္ဆယ, သံခိပ်,ပါဠ်-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်—

**ဧဝံ မဟာနုဘာဝေဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏဝသ မာဂတံ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ် မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီး သော်မှရှောင်ကွင်း၍ မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါ တော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၈၅-ခုနှစ် ပဥ္စမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

**ပုံနှိပ်စေခြင်း နှလုံးသွင်း**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပပျောက်စေရန်ငှ**, တပည့် နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွား **နိဗ္ဗာန်တိုင် အကျိုးများစေရန်ငှ** ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရိပဝရ ဓမ္မာစရိယ** အမည်ရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင် ပြင်ဆင်လျက် ဤမဟာသယနဒီပနီနှင့်-ဒိဿာသန ဝိနိစ္ဆယ,ဥပသမ္ပဒဝိနိစ္ဆယ, သသင်္ဂါရ အသင်္ဂါရဝိနိစ္ဆယ ၄-ကျမ်းတွဲကို စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

**"ဟံသာဝတီ"**

www.dhammaransi.com

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


## မဟာသယနဒီပနီကျမ်း

၁။ ပဏာမနှင့်ပဋိညာဉ် .... ၁

ပဌမခဏ်း

၁။ ဥစ္စာသယန, မဟာသယနသရုပ် .... ၂
၂။ ဥစ္စာသယနနှင့် မဟာသယနအထူး .... ၄
၃။ ပမာဏာတိက္ကန္တ အဆုံးအဖြတ် .... ၇
၄။ သရုပ်အားဖြင့် ခြားနား၍ပြခြင်း .... ၁၃
၅။ ဋီကာတို့၌ စိစစ်ချက် .... ၃၉

ဒုတိယခဏ်း

၆။ အပ်မှု,မအပ်မှု၌ ပါဠိတော်များ .... ၄၄
၇။ အဋ္ဌကထာတို့၏နာနာဝါဒ .... ၄၉
၈။ ဝါဒညှိ၍ရှင်းလင်းချက် .... ၅၁
၉။ အခင်း ၂-မျိုးတို့၏ အထူး .... ၇၀
၁၀။ လောက၌ ခင်းကြပုံအစီအရင် .... ၇၁

တတိယခဏ်း

၁၁။ ကပ္ပိယ, အကပ္ပိယစစ်တမ်း .... ၇၃
၁၂။ အဓိဋ္ဌာန်, ဝိကပ္ပနာမှု .... ၇၆

## ဒီဃာသနဝိနိစ္ဆယကျမ်း

၁၃။ ဓမ္မဂါရဝမူလသိက္ခာပုဒ် .... ၈၇
၁၄။ ထေရဂါရဝ, အသာရုပ္ပမူလကသိက္ခာပုဒ် .... ၈၉
၁၅။ ဘေဒမူလက-ဒုဝဂ္ဂမဥ္စသိက္ခာပုဒ်၌ စိစစ်ခြင်း .... ၉၁
၁၆။ ဒီဃာသန အဆုံးအဖြတ် .... ၉၉
၁၇။ နာနာဂန္ထဝိစာရဏာအခဏ်း .... ၁၀၇

www.dhammaransi.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဥပသမ္ပဒဝိနိစ္ဆယကျမ်း** | |
| ၁၈။ | ရှေးဦးအမှာစကား .... | ၁၁၇ |
| ၁၉။ | ပုဗ္ဗကိစ္စစီရင်ခက်း .... | ၁၁၈ |
| ၂၀။ | ပဓာနကိစ္စစီရင်ခက်း .... | ၁၃၇ |
| ၂၁။ | အပရကိစ္စစီရင်ခက်း .... | ၁၄၂ |
| | **သသင်္ဂါရ,အသင်္ဂါရဝိနိစ္ဆယကျမ်း** | |
| ၂၂။ | ပဋိညာဉ် .... | ၁၆၇ |
| ၂၃။ | ဝိုကာသဝါဒပြဆိုချက် .... | ၁၆၇ |
| ၂၄။ | အဓိကာရကိုပြဆိုချက် .... | ၁၇၀ |
| ၂၅။ | ပုဗ္ဗာဘိသင်္ခါရကိုပြဆိုချက် .... | ၁၇၂ |
| ၂၆။ | ပါဠိတော်အဋ္ဌကထာဝါဒညှိနှိုင်းချက် .... | ၁၇၃ |
| ၂၇။ | နိဂုံးချုပ် .... | ၁၇၆ |

www.dhammaransi.com

# မဟာသယနဒီပနီကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဏာမနှင့် ပဋိညာဉ်

ယော ဥစ္စာနိ ပဟန္တာနိ၊ တီဏိ သေယျာနိ နာယကော။
ဒိဗ္ဗဗြဟ္မအရိယာနိ၊ သဒါ သံဘုဉ္ဇိ တံ နမေ။

ယောနာယကော၊ အကြင်မြတ်စွာဘုရားသည်။ ဥစ္စာနိ၊ မြင့်သည်လည်း ဖြစ်ကုန်ထသော။ မဟန္တာနိ၊ ကြီးမြတ်သည်လည်း ဖြစ်ကုန်ထသော။ တီဏိ၊ ၃-ပါးကုန်သော။ ဒိဗ္ဗဗြဟ္မအရိယာနိ သေယျာနိ၊ ဒိဗ္ဗသေယျ,ဗြဟ္မသေယျ,အရိယသေယျတို့ကို။ သဒါ၊အခါခပ်သိမ်း။သံဘုဉ္ဇိ၊ သုံးဆောင်တော်မူပြီ။ တံ၊ ထိုမြတ်စွာဘုရားကို။ နမေ၊ ရှိခိုးပါ၏။

တီဏိမေါဠမာနိ ဗြာဟ္မဏာ ဥစ္စာသယနမဟာသယနာနိ။ ယေသာဟံဧတရဟိ နိကာမလာဘီ ဟောမိ အကိစ္ဆလာဘီ အကသိရလာဘီ။ကတမာနိ တီဏိ၊ဒိဗ္ဗံ ဗြာဟ္မဏာ ဥစ္စာသယန မဟာသယနံ၊ ဗြဟ္မံ ဥစ္စာသယန မဟာသယနံ၊ အရိယံ ဥစ္စာသယန မဟာသယနံ။

[အင်္ဂုတ္တိုရ်တိကနိပါတ် ဝေနာဂေါတ္တသုတ် ပါဠိတော်။]

www.dhammaransi.com



၁။ ကသိုဏ်းဈာန် ၄-ပါးသည် ဒိဗ္ဗသေယျမည်၏။
၂။ ဗြဟ္မဝိဟာရဈာန် ၄-ပါးသည် ဗြဟ္မသေယျမည်၏။
၃။ ဖလသမာပတ်သည် အရိယသေယျမည်၏။
[သယနနှင့်သေယျအနက်တူ၏၊ ယင်း ၃-ပါးကို ဝိဟာရ ၃-ပါးဟူ၍လည်း ဆိုအပ်၏၊]

ယခုအခါ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို စောင့်ချုပ်ထိန်းသိမ်းကြကုန်သော ရဟန်းရှင်လူတို့၏အကျိုးငှါ ဥစ္စာသယန မဟာသယန ဝိနိစ္ဆယကိုပြဆိုပေအံ့။

ပဏာမနှင့်ပဋိညာဉ်ပြီး၏။

---

(က) ပဌမခဏ်း။ ။ဥစ္စာသယနဝတ္ထု၊ မဟာသယနဝတ္ထု၊ တို့ကို ကျမ်းဂန်အလိုနှင့် သရုပ်အားဖြင့် ခြားနား၍ပြခြင်း။
(ခ) ဒုတိယခဏ်း။ ။အပ်မှု,မအပ်မှု၌နာနာဝါဒ ဘွင့်ဆိုကြသော ကျမ်းဂန်စုကို ရှင်းလင်းခြင်း။
(ဂ) တတိယခဏ်း။ ။ကျမ်းဂန်စုကို ရှင်းလင်းပြီး၍ သင့်မြတ်သော အနက်ကို ပေါင်း၍ပြခြင်း။

---

## (က) ပဌမခဏ်း

### ၁–ဥစ္စာသယန, မဟာသယနသရုပ်

ဝိနည်းသုတ္တန် ကျမ်းဂန်တို့မှာလာသော ဥစ္စာသယန, မဟာသယန သရုပ်ကား–

၁။ အာသန္ဒီ,
၂။ ပလ္လင်္က,
၃။ ဂေါနက,
၄။ စိတ္တက,
၅။ ပဋိကာ,
၆။ ပဋလိကာ,
၇။ တူလိကာ,
၈။ ဝိကတိကာ,

www.dhammaransi.com



၉။ ဥဒ္ဒလောမိ,
၁၀။ ကေန္တလောမိ,
၁၁။ ကဋ္ဋိဿ,
၁၂။ ကောသေယျ,
၁၃။ ကုတ္တက,
၁၄။ ဟတ္ထတ္ထရ,
၁၅။ အဿတ္ထရ,
၁၆။ ရထတ္ထရ,
၁၇။ အဇိနပဝေဏီ,
၁၈။ ကဒလိမိဂပဝရ ပစ္စတ္ထရဏ,
၁၉။ သဥတ္တရစ္ဆဒ,
၂၀။ ဥဘတောလောဟိတ ကူပဓာန,

[အချို့သော ဝိနည်းဋီကာတို့၌ ခုဒ္ဒသိက္ခာ ဋီကာသစ် နည်းအားဖြင့် အဆုံး ၂-ခုကို တခုတည်းပြု၍ ၁၉-ဟူ၏။]

သဘောတူအားဖြင့် ပေါင်းမှုကား—

| | | |
|---|---|---|
| ၁။ အာသန္ဒိ | | ညောင်စောင်းမျိုး ၂-ပါး။ |
| ၂။ ပလ္လင်္က | | |
| ၁။ ဂေါနက | | အခင်းကြမ်းမျိုး ၇-ပါး။ |
| ၂။ ဥဒ္ဒလောမိ | | |
| ၃။ ကေန္တလောမိ | | |
| ၄။ ကုတ္တက | | |
| ၅။ ဟတ္ထတ္ထရ | | |
| ၆။ အဿတ္ထရ | | |
| ၇။ ရထတ္ထရ | | |
| ၁။ စိတ္တက | | အခင်းလတ်မျိုး ၅-ပါး။ |
| ၂။ ပဋိကာ | | |
| ၃။ ပဋလိကာ | | |
| ၄။ ဝိကတိကာ | | |
| ၅။ တူလိကာ | | |

၁။ ကင်္ဂုသ
၂။ ကောသေယျ
၃။ အဇိနပဝေဏိ
၄။ ကဒလိမိဂပဝရ
ပစ္စတ္ထရဏ

— အခင်းချောမျိုး ၄-ပါး။

၁။ သဥတ္တရစ္ဆဒ
၂။ ဥဘတောလောဟိတ
ကူပဓာန

— အပေါ်တင်မျိုး ၂-ပါး။

[အခင်းကြမ်း ၇- မျိုးကား-ဘူမတ္ထရဏမျိုးတည်း၊ အခင်းလတ် ၅- မျိုးကား-ဥတ္တရတ္ထရဏမျိုးတည်း၊ အခင်းကြမ်းပေါ်၌ရင်း, ညောင်စောင်း ပေါ်၌ရင်း ခင်းသည်၊ အခင်းချော ၄-မျိုးကား-ပစ္စတ္ထရဏမျိုးတည်း၊ အခင်းလတ်ပေါ်၌ခင်းသည်။]

၁။ ဘူမတ္ထရဏံနာမ သုဒ္ဓဘူမိယံ အတ္ထရိတဗ္ဗ ကဋသာရကာဒိ ဝိကတိ။ ဤအဋ္ဌကထာပါဌ်၌အာဒိဖြင့် အခင်းကြမ်းမျိုးကိုယူ။

၂။ ဥတ္တရတ္ထရဏံနာမ မဉ္စပီဌာဒီနံ ဥပရိ အတ္ထရိတဗ္ဗယုတ္တကံ ပစ္စတ္ထရဏံ။ ဤအဋ္ဌကထာ၌ ဥတ္တရတ္ထရဏကိုပင် ပစ္စတ္ထရဏ ဟုဆို၏။

၃။ ပစ္စတ္ထရဏံနာမ ပါဝါရော ကောဇဝေါတိ ဧတ္တကမေဝ ဝုတ္တံ။ ဤအဋ္ဌကထာ၌ အခင်းချော၄-မျိုးကိုလည်းယူလေ၊ ဤသို့ယူ ရန်ကြောင်းကျန်ရိပ်ရှိ၍ မိမိစကားမလုပ်ဘဲ ဝုတ္တံ-ဟု ရှေးကျမ်း ဟောင်းကို ချလေသတည်း။

ဥစ္စာသယန,မဟာသယနသရုပ်ပြီး၏။

---

## ၂-ဥစ္စာသယနနှင့် မဟာသယနအထူး

ယခုအခါ ပါဠိတော်မှာလာသော အစဉ်အတိုင်း ကျမ်းဂန်တို့ ဘွင့်ချက်ကို ပြဆိုအံ့။

ဥစ္စာသယန,မဟာသယန၌—

၁။ ဥစ္စာသယနန္တိ ပမာဏာတိက္ကန္တံ မဉ္စံ။

၂။ မဟာသယနန္တိ အကပ္ပိယတ္ထရဏံ။

[စမ္မက္ခန္ဓကအဋ္ဌကထာ, ဝိနယသင်္ဂဟအဋ္ဌကထာ။]

www.dhammaransi.com



၁။ ပမာဏကို လွန်သောညောင်စောင်းသည် ဥစ္စာသယနမည်၏။
၂။ အကပ္ပိယအခင်းစုသည် မဟာသယနမည်၏ဆိုလိုသည်။

တနည်း—

၁။ အတိက္ကန္တပ္ပမာဏံ ဥစ္စာသယနံနာမ။
၂။ အာယတဝိတ္ထတံ အကပ္ပိယဘဏ္ဍံ မဟာသယနံနာမ။
[တိကင်္ဂုတ္တရအဋ္ဌကထာ။]

၁။ ပမာဏကိုလွန်သော ညောင်စောင်းအင်းပျဉ်သည် ဥစ္စာသယ-နမည်၏။
၂။ ပကတိညောင်စောင်းထက် အလျားအနံကျယ်သော အကပ္ပိ-ယ အခင်းအနှီးဘဏ္ဍာစုသည် မဟာသယနမည်၏ဆိုလိုသည်။

တနည်း—

၁။ ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ မဉ္စာဒိ။
၂။ မဟာသယနံ ဝုစ္စတိ အကပ္ပိယတ္ထရဏေဟိ အတ္ထတံ အာ-သန္ဒာဒိ။
[သာရတ္ထဒီပနီ။ ငါမတိက်ကား-သလောဟိတဝိတာနဥ-ဟုသေး၏။]

၁။ ပမာဏကိုလွန်သောညောင်စောင်းစသည်သည် ဥစ္စာသယန မည်၏။
၂။ အကပ္ပိယ အခင်းတို့ဖြင့်ခင်းအပ်သော အာသန္ဒိညောင်စောင်း စသည်သည်၎င်း, ဗိတာန်နီနှင့်တကွသော အာသန္ဒိ ညောင် စောင်းစသည်သည်၎င်း မဟာသယနမည်၏ဆိုလိုသည်။

အာသန္ဒိစေဝပလ္လင်္ကံ၊ ဥစ္စာသယနသညိတံ။
[ဝိနိစ္ဆယ၊]

အာသန္ဒိပလ္လင်္ကော ဥစ္စာသယနံ၊ သေသာမဟာသယနံ။
[ခုဒ္ဒသိက္ခာ ဋီကာသစ်၊]

ဤနည်းအပေါင်းတို့တွင်—

အာယတဝိတ္ထတံ- ဆိုသော အင်္ဂုတ္တိုရ် အဋ္ဌကထာ အလိုကား-အလျား၄- တောင်ထွာ, အနံ ၂-တောင်, ၆-သစ်ဟု ဆိုအပ်သော ပမာဏယုတ္တညောင်စောင်းထက် လွန်သည်ကို မဟာသယန-ဆိုလို၏။

www.dhammaransi.com



သာရတ္ထ,ဝိမတိနည်း၌—

အာသန္ဒီ,ပလ္လင်္က ၂-ပါးတို့သည် အကပ္ပိယအခင်းနှင့် မစပ်ကုန်သော်လည်း အကပ္ပိယအသီးဖြစ်ကုန်ရကား-အကပ္ပိယတ္ထရဏောဟိအတ္ထတံ-ဟူသော ဝိသေသနလည်း အကျိုးမရှိလှ၊ ဥစ္စာသယနမျိုး စင်စစ်ဖြစ်သော အာသန္ဒီကို မဟာသယနဆိုသည်လည်း မလျော်လွန်း၊ အပေါင်မှအောက်၌ ပမာဏထက်လွန်၍ ရှည်သောအခြေရှိသော လက်တင်အုံးတားလည်း မရှိသောညောင်စောင်း,အင်းပျဉ်,ခုင်,ဘဒိုင်ဟူသမျှကို ဥစ္စာသယန-ဆိုလိုသည်။

ဝိသာခုပေါသထသုတ်အဘွင့်၌ကား—

၁။ ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တာသနံ၊ တဿ ပမာဏံ ပန ယဿ ပါဒတလတော ယာဝ အဋနိယာ ဟေဋ္ဌိမန္တာ သုဂတင်္ဂုလေန အဋ္ဌင်္ဂုလပ္ပမာဏော မဇ္ဈိမပုရိသဿ ဟတ္ထေန ရတနပ္ပမာဏော ပါဒေါ ဟောတိ၊ တံပမာဏံကံနာမ၊ဝဋ္ဋတိ။ တတော အဓိကံ ပမာဏာတိက္ကန္တံ နာမ၊နဝဋ္ဋတိ။

၂။ မဟာသယနံ ဝုစ္စတိ အကပ္ပိယသန္ထတံ၊ တဒုဘယံ ဧဝံ သရူပတော ဝုတ္တံ အာသန္ဒိပလ္လင်္ကော။လ။ဥဘတော လောဟိတကူပဓာနန္တိ။

ဟုလာ၏။

၁။ ပမာဏကိုလွန်သော ညောင်စောင်းအင်းပျဉ်ကို ဥစ္စာသယနဆိုအပ်၏၊ အကြင်ညောင်စောင်းအင်းပျဉ်ခြေသည် မြေ၌ နင်းသောအောက်အပြင်မှ အပေါင်၏အောက်အစွန်းတိုင်အောင်မြတ်စွာဘုရား၏လက် ၈-သစ်, မဇ္ဈိမပုရိသ၏ တတောင်အတိုင်းအရှည်ရှိ၏၊ထိုညောင်စောင်းအင်းပျဉ်သည် ပမာဏယုတ္တမည်၏၊ အိပ်ခြင်း,ထိုင်ခြင်းငှါ အပ်၏၊ထို့ထက်လွန်၍ ရှည်သော အခြေရှိသောညောင်စောင်း အင်းပျဉ်သည်ကား ပမာဏာတိက္ကန္တမည်၏၊ အိပ်ခြင်း,ထိုင်ခြင်းငှါမအပ်။

၂။ အကပ္ပိယ အခင်းမျိုးကို မဟာသယနဆိုသည်၊ထိုဥစ္စာသယန, မဟာသယန ၂-ပါးစုံကို သရုပ်အားဖြင့် အာသန္ဒီ, ပလ္လင်္ကော-အစရှိသော ပါဠိတော်အတိုင်း မှတ်ရမည်-ဟူလိုသည်။

www.dhammaransi.com



ဤပါဠိ၌-သန္တတံ ဟူ၍ဆိုသောကြောင့် ကောသေယျဝဂ်မှာလာသော အကပ္ပိယ လက္ခဏာရှိသောသန္တတ အခင်းစုကိုလည်း ယူလိုရိပ်ရှိ၏။

ဥစ္စာသယနနှင့် မဟာသယနအထူး ပြီး၏။

### ၃-ပမာဏာတိက္ကန္တအဆုံးအဖြတ်

ဝိနည်းအဋ္ဌကထာ၌ ဘုရား၏လက် ၈-သစ်သည် မဇ္ဈိမပုရိသ၏ တတောင်ရှိသည်ဟုဆို၏၊ ပကတိပုရိသကို အဆိုမရှိ။

ဝိသာခုပေါသထသုတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား–

မဉ္စေ ဆမာယ ဝါ သယေထ သန္ထတေတိ မုဋ္ဌိဟတ္ထပါဒကေ ကပ္ပိယမဉ္စေ ဝါ သုဓာဒိပရိကမ္မကတာယ ဘူမိယံ ဝါ တိဏပဏ္ဏာဒီနိ သန္ထရိတွာ ကတေ သန္ထတေ ဝါ သယေယျာတိ အတ္ထော။

ဟုလာ၏။

ဋီကာ၌လည်း–

မုဋ္ဌိဟတ္ထပါဒကေတိ ပါဒတလတော ယာဝ အဋနိယာ ဟေဋ္ဌိမန္တော၊ တာဝ မုဋ္ဌိရတနပ္ပမာဏပါဒကေ၊ တဉ္စ ခေါ မဇ္ဈိမဿ ပုရိသဿ ဟတ္ထေန၊ ယဿိဒါနိ ဝဍ္ဎကိဟတ္ထောတိ သမညာ။

ဟူ၍ဘွင့်၏။

မုဋ္ဌိဟတ္ထပါဒကေတိ၊ မုဋ္ဌိဟတ္ထပါဒကေ-ဟူသည်ကား။ ပါဒတလတော၊ မြေ၌စိုက်ထားသော ညောင်စောင်းခြေအပြင်မှ။ ယာဝ၊အကြင်မျှလောက်။ အဋနိယာ၊ အပေါင်၏။ ဟေဋ္ဌိမန္တော၊ အောက်အစွန်းသည်။ အတ္ထိ၊ရှိ၏။ တာဝ၊ ထိုမျှလောက်။ မုဋ္ဌိရတနပ္ပမာဏပါဒကေ၊ တောင်ဆုပ် ပမာဏအခြေရှိသော။ တဉ္စခေါ၊ထိုတောင်ဆုပ်ကိုလည်း။ မဇ္ဈိမဿပုရိသဿ၊ မဇ္ဈိမပုရိသ၏။ ဟတ္ထေန၊ အတောင်ဖြင့်။ဝေဒိတဗ္ဗံ၊ သိအပ်၏။ ယဿ၊ အကြင်မဇ္ဈိမပုရိသအတောင်ကို။ ဣဒါနိ၊ ယခုကာ

လဉ္။ ဝဇုကိဟတ္တေ့ာတိ၊ လက်သမားတောင်ဟူ၍။ ဝါ။သံတောင်ဟူ၍။ သမညာ၊ ခေါ်ဝေါ်သမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
[ဋီကာအနက်။]

ဤအဋ္ဌကထာ,ဋီကာတို့အလိုအားဖြင့် ဘုရား၏လက် ၈-သစ်သည် မဇ္ဈိမပုရိသ၏ တောင်ဆုပ်ရှိသည်-ဟုရောက်၏၊ပကတိပုရိသကိုကား-သုတ္တန်အဋ္ဌကထာတို့မှာလည်းမလာ။

သဒ္ဒသုတ္တနိဒ္ဒေသကျမ်း,ဝိနယာလင်္ကာရဋီကာကျမ်းတို့၌ကား—
မဇ္ဈိမဝဍ္ဎကီတတောင်လျှင် ပကတိပုရိသတတောင်ထွာရှိသည်ဟုဆို၏၊ ဤအလိုသော်- အဝေပါင်မှအောက်၌ ပကတိပုရိသ တတောင်ထွာ ပမာဏထက်ရှည်သော အခြေရှိသော ညောင်စောင်း,အင်းပျဉ်သည် ''ပမာဏာတိက္ကန္တ-ပမာဏကို လွန်သောဥစ္စာသယန''ဖြစ်၏။

ကင်္ခါပုဂ္ဂိုလ်ပြုဝိဘာပုဒ်ဝဇိရဗုဒ္ဓိ၌ကား—
မဇ္ဈိမတတောင်သည် ပကတိတတောင်နှင့် ၄-လက်မ-ဟူလို၏။

ယဒိ ကင်္ခါပဋိစ္စာဒိနာမ အဓောနာဘိဥဗ္ဗဇာဏုမဏ္ဍလာ ဥပ္ပန္နကင်္ခါပဋိစ္စာဒိပဋိစ္ဆာဒိကာ အဓိပ္ပေတာ၊ အထ တဿာ သုဂတဝိဒတ္ထိယာ ဒီဃသော စတဿော ဝိဒတ္ထိယော တိရိယံ ဒွေ ဝိဒတ္ထိယောတိ ဣဒမ္ပိ အတိမဟန္တံ ပမာဏံ ဒိဿတိ။ သဗ္ဗော ဟိ ပုရိသော အတ္တနော အတ္တနော ဝိဒတ္ထိယာ သတ္တဝိဒတ္ထိကော ဟောတိ။ သုဂတဿ စ ဧကာ ဝိဒတ္ထိ မဇ္ဈိမဿပုရိသဿ တိဿော ဝိဒတ္ထိယောဟောန္တိ၊ တသ္မာ ကင်္ခါပဋိစ္စာဒိ ပကတိ ပုရိသဿ ပမာဏံ အာပဇ္ဇတိ တိရိယံ။ဒီဃသော ပန ဒုဂုဏံ အာပဇ္ဇတီတိ။အာပဇ္ဇတု ဥက္ကဋ္ဌ ပရိစ္ဆေဒေါ တဿာ။ဧဝ ဣစ္ဆတိ၊သဗ္ဗမ္ပိ သရီရံ ပဋိစ္ဆာဒေဿာ တိ။ သဗ္ဗသရီရဂတသင်္ကါတဝါရေပိ*ဗဟုဂုဏံ ကတွာ နိဝါ သေတုကာမော နိဝါသေဿတီတိ အယံ ဘဂဝတော အဓိပ္ပါ ယော သိယာ။
[ဝဇီရ။ *သဗ္ဗသရီရဂတသင်္ကာတဝါရေပိ-ဟူ၍လည်းပါဌ်ရှိ၏။]

www.dhammaransi.com



ဤဋီကာ၌—

၁။ ဘုရား ၂-ထွာရှိသော ပုဆိုးအနံသည် ပကတိပုရိသအရပ်နှင့်မျှသည်ဟုဆိုချက်။

၂။ ပကတိပုရိသအရပ်သည် မိမိ၏ ၃-တောင်ထွာ ရှိမြဲဟု ဆိုချက်။

ဤ ၂-ချက်ကိုညှိသော် မဇ္ဈိမတတောင်သည် ပကတိတတောင်,၄-လက်မပင်ကျ၏။

**ကျပုံကား။** ။ဘုရား ၂-ထွာသည် မဇ္ဈိမ၃-တောင်ဟု ဝိနည်းအဋ္ဌကထာ၌ပြ၏၊ ယင်း ၃-တောင်သည် တတောင်လျှင် ၄-လက်မစီပွား သည်ရှိသော် ပကတိပုရိသအရပ် ၃-တောင်ထွာရ၏၊ကုဋိကာရသိက္ခာပုဒ်အဘွင့် ဝဇိရ, သာရတ္ထတို့ အလိုအားဖြင့်လည်း မဇ္ဈိမတတောင် လျှင် ပကတိ တတောင်,၄-လက်မပင်ကျ၏။

> ယာ ပန ဒီဃတော သဋ္ဌိဟတ္ထာပိ ဟောတိ၊ တိရိယံ တိဟတ္ထာ ဝါ ဦနက စတုဟတ္ထာ ဝါ၊ ယတ္ထ ပမာဏယုတ္တော မဉ္စော ဣတောစိတော စ န ပရိဝတ္တတိ၊ အယံ ကုဋိသင်္ချံ န ဂစ္ဆတိ။ မဟာပစ္စရိယံ ပန စတုဟတ္ထဝိတ္ထာရာ ဝုတ္တာ။တတော ဟေဋ္ဌာ အကုဋိ။
>
> [အဋ္ဌကထာ။]
>
> ပမာဏယုတ္တော မဉ္စော နဝဝိဒတ္ထိ ကိရ။
>
> [ဝဇိရ။]
>
> တိ ဟတ္ထာတိ ဝဍ္ဎကိဟတ္ထေန တိဟတ္ထာ။ ပမာဏယုတ္တော မဉ္စောတိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိပ္ပမာဏော မဉ္စော။
>
> [သာရတ္ထ။]

ဤဋီကာတို့၌လည်း မဇ္ဈိမတတောင်သည် ပကတိတတောင်,၄-လက်မတွက်ခြေကျ၏။

**ကျပုံကား။** ။နံရံအတွင်း အနံ ၄-တောင်ကျယ်သော ကုဋိသည် သာ ပမာဏယုတ္တ ညောင်စောင်း လှည့်လည်လောက်သည်ဖြစ်၍ ကုဋိ မည်၏၊ "အဋ္ဌကထာအဓိပ္ပါယ်ကျ"။ ယင်း ၄-တောင်ကား- ဝဍ္ဎကီ

www.dhammaransi.com



၄-တောင်တည်း။ ပမာဏယုတ္တ ညောင်စောင်းကား-ပကတိ ပုရိသ ၉-ထွာရှိ၏၊ "မိုကာတို့အဆို"။ တတောင်လျှင် ၄-လက်မစီတိုးသော် ဝဍ္ဎကီ ၄-တောင်သည် ပကတိ ၄-တောင်, ၁၆-လက်မရ၏၊ ပမာဏ ယုတ္တညောင်စောင်းသည် ၉-ထွာမျှသည်ဆိုသောကြောင့် ပကတိ ၄-တောင်, ၁၂-လက်မရှိ၏။

ဋီကာတော စိတောစ ပရိဝတ္တတိ-ဟူသော ဗျတိရိက်နှင့်အညီ အတွင်း၌ ချောင်ချောင် လှည့်လည်လောက်သည်ကို လိုအပ်သောကြောင့် ၄-လက်မတက်၍ ယူလိုက်သည်ရှိသော် ခေါင်းရင်း၌ ၂-လက်မ, ခြေရင်း၌ ၂-လက်မအပိုရ၏၊ ချောင်ချောင်လှည့်လည်လောက်၏၊ ထို့ကြောင့် ဤဝဇိရ, သာရတ္ထတို့အလို မဇ္ဈိမတတောင်လျှင် ပကတိ တတောင်,၄-လက်မ ျ၏ဟု-ကျ၏။

ဝိမတိ ုကာ- အလိုအားဖြင့်ကား-မဇ္ဈိမတတောင်လျှင် ပကတိတတောင်, ဂ-လက်မ, ၉ လက်မတချက်၊ ၁၂-လက်မ, ၁၃-လက်မ တချက်ကျ၏။

ကျမ်းကား။ ။တိဟတ္ထာတိ ပကတိဟတ္ထေန တိဟတ္ထာ။ ဝဍ္ဎကီ-ဟတ္ထေန တိဟတ္ထာတိပိ ဝဒန္တိ။ တံ တိဟတ္ထာဝါ။လ။ အယံ ကုဋိသမ္ဗန္ဓိ နဂဏ္ဍတီတိ ဋီကိနာ ဝိရုဇ္ဈတိ။ပကတိ ဟတ္ထေန ဟိ တိဟတ္ထာယပိ ကုဋိယာ ပမာဏယုတ္တ-သ မဉ္စသ သုခေနေဝ ပ ုဝတ္တနတော။ ပမာဏ ယုတ္တော မဉ္စောတိ သဗ္ဗပစ္ဆိမပ္ပမာဏယုတ္တော မဉ္စော။ သော ဟိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိကော အဍ္ဎဝိဒတ္ထိကော ဝါ ဟောတိ။

[ဝိမတိ။]

ဤ ုကာ၌--

၁။ အတွင်း၌အနံအားဖြင့် ဝဍ္ဎကီ ၃-တောင်ကျယ်သော ကုဋိမှာ ပင် ပကတိ ၉-ထွာရှိသောညောင်စောင်း ချောင်ချောင်လှည့် လည်လောက်၏-ဆိုသည်တရပ်။

၂။ ပကတိ ဂ-ထွာရှိသော ညောင်စောင်း ချောင်ချောင်လှည့် လည်လောက်၏-ဆိုသည်တရပ်,

www.dhammaransi.com



ဤ ၂-ရပ်ကိုညှိသော်-ဝမှုကီ ၃-တောင်သည် ပကတိ ၉-ထွာရှိသည်၊ ဝါ၊၉-ထွာသာသာ ရှိသည်ဟု-တချက်၊ဝမှုကီ ၃-တောင်သည် ပကတိ ၈-ထွာရှိသည်၊ ဝါ၊၈-ထွာသာသာရှိသည်ဟု တချက်ကျ၏။

ဤ ၂-ချက်တွင် သုခေနေဝပရိဝတ္တနတော-ဆိုသောကြောင့် ချောင်ချောင်လှည့်လည်လောက်စေခြင်းငှါ သာသာအချက် ၂-ခုကိုလိုအပ်၏၊ထို့ကြောင့် ဤဝိမတိအလို မဇ္ဈိမတတောင်လျှင် ပကတိတတောင်, ၈-လက်မ, ၉-လက်မတချက်၊ ၁၂-လက်မ, ၁၃-လက်မ တချက်ကျ၏။

ဝမှုကီမှ ပကတိတိုးနည်း,တက်နည်းသည်—

၁။ ဝဇိရဆရာ, သာရတ္ထဆရာတို့ယူကြသော တိုးနည်း,တက်နည်းတလမ်း,

၂။ ဝိမတိ ဆရာယူသော တိုးနည်း,တက်နည်းတလမ်း,

သို့ တိုးနည်း,တက်နည်း ကွဲလွဲကြသည်ကို သတိမပြုမိ၍ ဝိမတိဆရာ, သာရတ္ထစကားကို ပယ်မိလေသည်။

မိမိအလို၌လည်း ပကတိ ၄-တောင်အနံရှိသော ကုဋိသည် ပမာဏယုတ္တ ညောင်စောင်း ချောင်ချောင်လှည့်လည်လောက်၏ဟု- ကျ၏၊ ပမာဏယုတ္တ ညောင်စောင်းကိုလည်း ၉-ထွာရှိသည်ဟု တချက်ဘွင့်ပြန်၏၊ပကတိ ၄-တောင်တိတိရှိသော ကုဋိအတွင်းအရပ်သည် ပကတိ ၈-ထွာရှိသော ညောင်စောင်းဖြင့်ပင် အံချသကဲ့သို့ ကြပ်တည်းလှပြီ၊ ၉-ထွာရှိသော ညောင်စောင်းဖြင့်ကား-ဆိုဘွယ်မရှိ၊ ဝိမတိအဘွင့်ကို-ဆင်ခြင်ရန်။

ပရိတ်ကြီးဋီကာ၌ကား-မဇ္ဈိမဝမှုကီမှပကတိကို ၈-သစ်တက်ယူ၏။

ဤသို့လျှင် ဘုရားလက် ၈-သစ်သည်—

၁။ မဇ္ဈိမတောင်ဆုပ်ရှိ၏ဟု တဝါဒ,

၂။ ဘုရားလက် ၈-သစ်သည် မဇ္ဈိမတတောင်ရှိ၏ဟု တဝါဒ,

၃။ မဇ္ဈိမတတောင်သည် ပကတိတတောင်, ၄-သစ်ရှိ၏-ဟု တဝါဒ.

www.dhammaransi.com

# မဟာသယနဒီပနီကျမ်း

၄။ မဇ္ဈိမတတောင်သည် ပကတိတတောင်, ၈-သစ်ရှိ၏-ဟု တဝါဒ,

၅။ မဇ္ဈိမတတောင်သည် ပကတိတတောင်ထွာ ရှိ၏-ဟု တဝါဒ,

၆။ ဝိမတိ၌ကား-ဝါဒတခုပြု၍ပြောဆိုရန် ပိုင်းပိုင်းခြားခြားမရှိ၊ မဇ္ဈိမတတောင်လျှင် ပကတိတတောင်ထွာမက အဓိပ္ပါယ်ကျ-ဉ်မျှသာပြောဆိုရန်ရှိ၏။

၇။ ဉာဏာဘိဝံသဓမ္မသေနာပတိ မောင်းထောင် ဆရာတော်ကြီး၏ ဥပေါသထဝိနိစ္ဆယ၌ကား—မဇ္ဈိမတတောင်ကို ပကတိတတောင်ထွာဆိုသော်လည်း လက်ညှိုးထွာ, လက်လယ်ထွာ, လက်သူကြွယ်ထွာ, လက်သန်းထွာ ၄-ရပ်ရှိသည်တွင် ဝိဒတ္ထိသဒ္ဒါနှင့် လာသောကြောင့် လက်သန်းထွာကို ယူရမည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာ, ဋီကာတို့မှာ မုဋ္ဌိရတနဆိုသည်လည်း လက်သန်းထွာပင်တည်း-ဟု ဆို၏။

၈။ ဆရာတော်ဦးဖုမ်လည်း ဝိဒတ္ထိရှိရာ၌ လက်သန်းထွာကိုအနက်ဆို၏။

## စိစစ်ချက်

၁။ ဟထွာတက်သော ပဌမနည်းသည် မြတ်စွာဘုရား အရပ်တော် ၁၈-တောင်ရှိသည်ဟူသော အဋ္ဌကထာများနှင့်ညီ၏၊ မြတ်စွာဘုရား၏ အရပ်တော်သည် မြတ်စွာဘုရား၏ ၄-တောင်ရှိ၏၊ မဇ္ဈိမ ၁၂-တောင်ရှိ၏၊ ပကတိ ၁၈-တောင်ရှိ၏။

၂။ ၈-သစ်တက်သော ဒုတိယနည်းသည် မြတ်စွာဘုရား၏ အရပ်တော် ၁၆-တောင်ရှိသည်ဟူသော ပုဒ္ဓဝင်ပါဠိတော်နှင့်ညီ၏၊ ၈-သစ်တက်လျှင် မဇ္ဈိမ ၁၂-တောင်သည် ပကတိ ၁၆-တောင်ဖြစ်သတည်း။

၃။ ၄-သစ်တက်သော တတိယနည်းသည် ဒီဃနိကာယဋီကာကြီး၌ မြတ်စွာဘုရား၏ အရပ်တော်ကို ၁၆-တောင်, ၁၈-တောင်ဟူသည်မှာ ကေဟုမာလာ ရောင်လျှံတော်ပါယူ၍ ဆိုသည်၊ ပကတိ အရပ်တော်မှာမူကား-၁၂ တောင်သာ ဟူသော အာစရိယဝါဒနှင့်ညီ၏။

www.dhammaransi.com



**ညီပုံကား။** ။အင်္ဂုတ္တိုရ်အဋ္ဌကထာနည်းအတိုင်း အဆုပ်တောင်နှင့် ယူလျှင် မြတ်စွာဘုရား ၄-တောင်သည် မဇ္ဈိမအဆုပ်တောင်နှင့် ၁၂-တောင်ရှိသည်ကို လက်လယ်တောင်နှင့်ယူသော် ၁၀-တောင်သာရှိ၏၊ တတောင်လျှင် ၄-သစ်တက်ရကား-မဇ္ဈိမအဆုပ် ၁၂-တောင်လျှင် ပကတိ လက်လယ်တောင်ကြီး ၂-ခုတိုး၏၊ လက်လယ်တောင်ကြီးနှင့် ပကတိ ၁၂-တောင်ဖြစ်၏။

**တနည်းသော်ကား။** ။မုဋ္ဌိနာ အဓိကံ ရတနံ မုဋ္ဌိရတနံ-ဟုပြု။

မုဋ္ဌိနာ၊ တမိုက်ဖြင့်။အဓိကံ၊ လွန်သော။ ရတနံ၊ တတောင်တည်း။ မုဋ္ဌိရတနံ၊ တမိုက်ဖြင့်လွန်သောတတောင်။ တတောင်, တမိုက်ဆိုလိုသည်။ အတောင်ကိုလည်း ပကတိပုရိသအတောင်ကိုပင်ယူ။

မြတ်စွာဘုရားလက် ၈-သစ်သည် မဇ္ဈိမတတောင်ဖြစ်၏၊ ပကတိ တတောင် တမိုက် ဖြစ်၏၊ တမိုက် ဟူသည် လက် ၈-သစ်ဟု ဆိုအပ်သော ၈-လက်မပင်တည်း၊ ဤသို့ယူလျှင် မဇ္ဈိမမှ ပကတိ ၈-သစ်တက်နည်းသည် အဋ္ဌကထာနည်းပင်ဖြစ်၏-ဟု ဆိုရ၏။

ဥပေါသထဝိနိစ္ဆယကို စီရင်တော်မူသော ဉာဏာဘိဝံသဓမ္မသေနာပတိ မောင်းထောင်ဆရာတော်, ပါတိမောက်နိဿယ ခုဒ္ဒသိက္ခာနိဿယကို စီရင်တော်မူသော အုတ်ကျောင်းဆရာတော်တို့ကား-လက်သန်းထွာဖြင့် တထွာတက်နည်းကို ယူတော်မူကြကုန်သည်။

ပမာဏာတိက္ကန္တအဆုံးအဖြတ်ပြီး၏။

---

## ၄—သရုပ်အားဖြင့် ခြားနား၍ပြခြင်း

### အာသန္ဒိ

၁။ အာသန္ဒိ၌—

၁။ အာသန္ဒိနာမ အတိက္ကန္တပ္ပမာဏာ ဝုစ္စတိ။ "ဘိက္ခုနီဝိဘင်းပါဠိတော်"။

၂။ အာသန္ဒိတိ ပမာဏာတိက္ကန္တာသနံ။ "စမ္မက္ခန္ဓက,သီလက္ခန်, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

www.dhammaransi.com



၃။ အာသန္ဒိတိ အတိက္ကန္တပ္ပမာဏံ အာသနံ။ "အင်္ဂုတ္တိုရ် အဋ္ဌကထာ"။

၄။ အာသန္ဒီတိ သုဂတင်္ဂုလေန အတိရေကဋ္ဌင်္ဂုလပါဒကာနိ မဉ္စပီဌာနိ။ တတ္ထ ပီဌံနာမ မဉ္စောဝိယ နာတိဒီဃံ။ "ခုဒ္ဒသိက္ခာ-ဋီကာသစ်"။

အတိက္ကန္တပ္ပမာဏာ၊ ပမာဏကို လွန်သောအခြေရှိသော ညောင်စောင်းအင်းပျဉ်ကို။ အာသန္ဒီနာမ၊ အာသန္ဒီမည်၏-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ပါဠိတော်အနက်။]

အာသန္ဒီတိ-အာသန္ဒီဟူသည်ကား။ သုဂတင်္ဂုလေန၊ မြတ်စွာဘုရား၏လက်သစ်တော်ဖြင့်။ အတိရေကဋ္ဌင်္ဂုလပါဒကာနိ၊ လက်ဂ- သစ်ထက်လွန်သော အခြေရှိကုန်သော။ မဉ္စပီဌာနိ၊ ညောင်စောင်းမျိုး, အင်းပျဉ်မျိုးတို့တည်း။ တတ္ထ၊ ထိုစကား၌။ ပီဌံနာမ၊ အင်းပျဉ်မည်သည်။ မဉ္စောဝိယ၊ ညောင်စောင်းကဲ့သို့။ နာတိဒီဃံ၊မရှည်လွန်း။

[ဋီကာသစ်အနက်၊ကြွင်းသောပါဠိစုအနက်သိသာပြီ။]

သစ်,ဝါး,ကြိမ်,နွယ်တို့ဖြင့် ပြုလုပ်အပ်သော အခြေလေးချောင်းတပ်သော ကုလ်ပစ်, ခုတင်, ပလ္လင်, ဘဒိုင်စသော အိပ်ရာနေရာထိုင်ရာ ဟူသမျှသည် မဉ္စပီဌတို့၌ ပါဝင်ကြကုန်သောကြောင့် အာသန္ဒီအရကို မဉ္စပီဌနှင့်ကွင့်ပေသည်။

၁။ အယောင့်၄-ခု ညီစွာပြုသောစတုရန်းအင်းပျဉ်သည် အာသန္ဒီကမည်၏။

၂။ အလျားထက်ဝက်လွန်သော အနံရှိသော နေရာအထူးသည် အင်းပျဉ်မည်၏။

၃။ အလျားထက်ဝက် အနံရှိသော နေရာ, အလျားထက်ဝက်အောက် ယုတ်သော အနံရှိသောနေရာအထူးသည် ညောင်စောင်းမည်၏။

[ကပ္ပိယအကပ္ပိယခွဲခြမ်းမှုကို နောက်မှဆိုလတ္တံ့။]

www.dhammaransi.com



အာသန္ဒီပုဒ်၌—

အာ-ပုဒ်၊သဒ-ဓာတ်၊အ-ပစ္စည်း၊ဗိန္ဒု၊လာ၊ဝုတ္တိ၌-ပစ္စည်း။

[အဘိဓာန်ဋီကာ။]

အာ-ပုဒ်၊သံ-ပုဒ်၊ဒါ-ဓာတ်၊အ-ပစ္စည်း၊ဝုတ္တိ၌-ပစ္စည်း။

[အုတ်ကျောင်းဆရာတော်]

ခင့္ဂဆိုရာ၌—

ခင့္ဂါပျတြ၊ ခင့္ဂ၂တေ အာကာသိယတေ သယနတ္ထိကေဟီတိ ခင့္ဂါ။ခင့္ဂ-အာကာသိယံ။

[အဘိဓာန်ဋီကာ]

အတြ၊ ဤသြောင်စောင်း ပရိယာယ်၌။ ခင့္ဂါပိ၊ ခင့္ဂါသဒ္ဒါသည် လည်း။ အာဂတာ၊ ကျမ်းတပါး၌လာသေး၏-ပေး၊ အိပ်ခြင်းကို အလို ရှိသောသူတို့သည် တောင့်တအပ်သောကြောင့် ခင့်ဆိုသည် ဟူလို။ ကြိမ်ခင့်,ပန်းမှန်ခြယ်သောခင့်ကို ဘဒ္ဒပီဌ၌ဘဒ္ဒသဒ္ဒါကိုယူ၍ မြန်မာ ၌ "ဘဒိုင်" ဆိုသည်၊ အထူးကောင်းမြတ်သော ခင့်-ဆိုလိုသည်။ အာသန္ဒီပြီး၏။

## ပလ္လင်္က

၂။ ပလ္လင်္က၌—

၁။ ပလ္လင်္ကောနာမ အာဟရိမေဟိ ဝါဠေဟိ ကတော ဟောတိ။

"ဘိက္ခုနီဝိဘင်းပါဠိတော်"။

ပလ္လင်္ကောနာမ၊ ပလ္လင်္ကမည်သည်ကား။ အာဟရိမေဟိ၊ ချွတ်ယူရွေ့ ပြောင်းခြင်းငှါ တတ်ကောင်းကုန်သော။ဝါဠေဟိ၊သားရဲရုပ်ရှင်တို့ဖြင့်။ ကတော၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။

[ပါဠိတော်အနက်။]

၂။ ပလ္လင်္ကောတိ ပါဒေသု ဝါဠရူပါနိ ထပေတွာကတော။ "စမ္မက္ခန္ဓက,သီလက္ခန်,အင်္ဂုတ္တိုရ်, ဝိနည်း သဂြိုဟ် အဋ္ဌကထာ"။

ပလ္လင်္ကောတိ၊ ပလ္လင်္ကဟူသည်ကား။ ပါဒေသု၊ ခြေတို့၌။ ဝါဠရူပါနိ၊ သားရဲရုပ်ရှင်တို့ကို။ ထပေတွာ၊ထား၍။ ကတော၊ပြုအပ်သောညောင် စောင်း အထူးတည်း။

[အဋ္ဌကထာအနက်။]

www.dhammaransi.com



၃။ ဝါဠုရူပါနီတိ အာဟာရိမာနိ ဝါဠုရူပါနိ။ အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကောတိ ဟိ သာရသမာသေ ဝုတ္တံ။ “သာရတ္ထ, ဝိမတိ, ဝိနယာလင်္ကာရ, သီလက္ခန်, အင်္ဂုတ္တိုရ် ဋီကာ”။

၄။ ဝါဠုရူပါနီတိ အာဟာရိမာနိ သီဟဗျဂ္ဃာဒိဝါဠုရူပါနိ၊ ဝုတ္တဉ္စ ဘိက္ခုနိဝိဘင်္ဂေ ပလ္လင်္ကောနာမ အာဟာရိမေဟိ ဝါဠေဟိ ကတောတိ။ “သီလက္ခန် ဋီကာသစ်”။

၅။ ပလ္လင်္ကောတိ ပါဒေသု သံဟာရိမာနိ ဝါဠုရူပါနိ ထပေတွာ ကတော။ ဧကသ္မိံ ယေဝ ဒါရုမှိ ကဋ္ဌကမ္မဝသေန ဆိန္ဒိတွာ ကတာနိ အသံဟာရိမာနိ တတြဋ္ဌာနေဝ ဝါဠုရူပါနိ ယဿ ပါဒေသု သန္တိ။ ဧဝရူပေါ ပလ္လင်္ကော ကပ္ပတီတိ အာဟာရိမေနာတိ ဣမိနာဝ ဒီပိတံ ဟောတိ။ အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကောတိ သာရသမာသေ ဝုတ္တံ။ “ဝိနိစ္ဆယ ဋီကာ”။

ပလ္လင်္ကောတိ၊ ပလ္လင်္ကာ-ဟူသည်ကား။ ပါဒေသု၊ ခြေတို့၌။ သံဟာရိမာနိ၊ ရွှေ့ပြောင်းခြင်းငှါ တတ်ကောင်းကုန်သော။ ဝါဠုရူပါနိ၊ ခြင်္သေ့သစ်ကျားသားရဲရုပ်တို့ကို။ ထပေတွာ၊ ထား၍။ ကတော၊ ပြုအပ်သောနေရာတည်း။ ဧကသ္မိံ ယေဝ ဒါရုမှိ၊ တခုသော အခြေသစ်သား၌ ပင်လျှင်။ ကဋ္ဌကမ္မဝသေန၊ သစ်သားကိုထု ပုပ်သော အမှု၏ အစွမ်းဖြင့်။ ဆိန္ဒိတွာ၊ ထုထွင်း၍။ ကတာနိ၊ ပြုအပ်ကုန်သော။ အသံဟာရိမာနိ၊ ပြောင်းရွှေ့ခြင်းငှါ မရအပ်ကုန်သော။ တတြဋ္ဌာနေဝ၊ ထိုအခြေ၌ အမြဲတည်နေသည်သာလျှင် ဖြစ်ကုန်သော။ ဝါဠုရူပါနိ၊ ခြင်္သေ့ သစ်ကျား သားရဲရုပ်တို့သည်။ ယဿ၊ အကြင်ပလ္လင်၏။ ပါဒေသု၊ ခြေတို့၌။ သန္တိ၊ ရှိကုန်၏။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ပလ္လင်္ကော၊ ပလ္လင်သည်။ ကပ္ပတိ၊ အပ်ပါ၏။ ဣတိ၊ ဤသို့သော အနက်ကို။ အာဟာရိမေနာတိ ဣမိနာဝ၊ အာဟာရိမေန-ဟူသော ဤပါဌ်ဖြင့်သာလျှင်။ ဒီပိတံ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကောတိ၊ အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကော-ဟူ၍။

www.dhammaransi.com



သာရသမာသေ၊ သာရသမာသကျမ်း၌။ ဝုတ္တံ၊ဆိုအပ်၏။ အကပ္ပိယရူပကုလော၊ မအပ်သော ခြင်္သေ့,သစ်,ကျား,သားရဲရုပ်တို့ဖြင့် ရောပြွမ်းသည်ဖြစ်၍။ အကပ္ပိယော၊ မအပ်သော။ မဉ္စော၊ ညောင်စောင်းသည်။ ပလ္လင်္ကော၊ ပလ္လင်မည်၏။

[ဝိနည်းဋီကာအနက်။]

ခုဒ္ဒသိက္ခာဋီကာဟောင်း၌လည်း—

ပလ္လင်္ကောနာမ အာဟရိမေဟိ ဝါဠေဟိ ကတောတိ ဝုတ္တော။ တတ္ထ ဝ သီဟရူပါဒိံ ဒဿေတွာ ကတော ပန ဝဋ္ဋတီတိ ဝဒန္တိ။ဟူ၍ဆို၏။

[အနက်လွယ်ပြီ။]

ဋီကာသစ်ဆရာကား—

ပါဒေသု ဝါဠရူပါနိ ထပေတွာ-ဟူသော အဋ္ဌကထာကို ဋီကာဟောင်းပယ်သည်ဟု-ထင်မှတ်၍ ဋီကာဟောင်းကို မောင်းခဲ၍ပယ်ပြန်လေ၏။

ပလ္လင်္ကောနာမ ပါဒေသု ဝါဠရူပါနိ ထပေတွာ ကတော-တိ ထပနဿ အဋ္ဌကထာယံ ဝုတ္တတ္တာ ထပနဉ္စ ယထာကထဉ္စိ ဟောတိ။ ယုတ္တိစ န ဟောတီတိ တတ္ထ ဝ သီဟရူပါဒိံ ဒဿေတွာ ကတော ပန ဝဋ္ဋတီတိ ဝဒန္တီတိ ယံ ဋီကာယံ ဝုတ္တံ။ တံ ကိမိတိဝေ ဝဒန္တီတိဝတွာ ပဋိက္ခိပိတဗ္ဗံ။အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကောတိဟိ သာရသမာသေ ဝုတ္တံ။"ဋင်းဋီကာသစ်"။

ပလ္လင်္ကောနာမ။လ။ ကတောတိ၊ ပလ္လင်္ကောနာမ။လ။ ကတော-ဟူ၍။ထပနဿ၊ ထားခြင်းမျိုး၊အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ထပနဉ္စ၊ ထားခြင်းမည်သည်လည်း။ ယထာကထဉ္စိ၊ အရှင်အသော ၂-ထွေ ၂-ရပ် အမှတ်မဲ့သောအခြင်းအရာအားဖြင့်။ ဟောတိ၊ဖြစ်၏။ ယုတ္တိစ၊ ထားရုံမျှနှင့်အကပ္ပိယ ဖြစ်ထိုက်သော ယုတ္တိသည်လည်း။ နဟောတိ၊မရှိ။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ တတ္ထဝသီဟရူပါဒိံဒဿေတွာ ကတောပန ဝဋ္ဋတီတိဝဒန္တီတိ၊ တတ္ထဝသီဟရူပါဒိံဒဿေတွာ ကတောပနဝဋ္ဋတီ

တိဝဒန္တိ-ဟူ၍။ ယံဝစနံ၊ အကြင်စကားကို။ ဋီကာယံ၊ ဋီကာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တံဝစနံ၊ ထိုစကားကို။ ကိမိတိ။အဘယ်သို့မှူ၍။ ဝေံ။ဤသို့။ဝဒန္တိ၊ ဆိုကြကုန်သနည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုမည်မောင်းမဲ၍။ ပဋိက္ခိပိတဗ္ဗံ၊ပယ်အပ်၏။ဟိသစ္စံ၊မှန်၏။အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကောတိ၊အကပ္ပိယရူပါကုလော အကပ္ပိယမဉ္စော ပလ္လင်္ကော-ဟူ၍။ သာရသမာသေ၊ သာရသမာသကျမ်း၌။ ဝုတ္တံ၊ဆိုအပ်၏။

[ဋီကာသစ်အနက်။]

ဋီကာဟောင်းကြံကား--

ပါဒေသု ဝါဠရူပါနိ ထပေတွာ ကတော-ဟူသော အဋ္ဌကထာပါဌ်ကို ထုတ်ပေသည်လည်းမဟုတ်၊ ပလ္လင်္ကောနာမ အာဟရိမေဟိ ဝါဠရူပေဟိကတော- ဟူသော ပါဠိတော်ပါဌ်ကို ထုတ်ပေသည်၊ တတ္ထဝသီဟရူပါဒိံ ဒဿေတွာ ကတောတိ ပန ဝတ္တုံ ဝဋ္ဋတိ-ဟူဣတိ သဒ္ဒါ,ဝတ္တုံသဒ္ဒါနှင့် ဆိုသည်လည်းမဟုတ်၊ ဝိနိစ္ဆယဋီကာကဲ့သို့ ပါဠိတော်၌ အာဟရိမေဟိ-ဟု ဟောတော်မူသောကြောင့် ယိုအခြေ အသေထုလုပ်၍ ထားသော သားရဲရုပ်ရှိရာ၌ အာပတ်မသင့်-ဟူသော ဗျတိရေက အနက်ကို ပြဆိုပေသည်။

ဋီကာသစ်ဆရာအလိုကား—

ထပေတွာ ဟူသောအဋ္ဌကထာပါဌ်သည် အာဟရိမေဟိ ဟူသောပါဠိတော်နှင့် အညီပင်ဖြစ်၍ ပြင်သင့်သောပါဌ်မဟုတ်၊ ထိုပါဌ်အတိုင်းထားအပ်သောအာဝဋ္ဋကျောပ်၌သာ အာပတ်သင့်သည်၊အသေထုလုပ်၍ထားသော သားရဲရုပ်၌ အာပတ်မသင့်-ဟူ၍ ဆိုလိုရိပ်ရှိ၏၊ ဋီကာဟောင်းအလိုနှင့် အတူတူပင်။

[ဗျာကား-ဘိက္ခုနီဝိဘင်းပါဠိတော်မှစ၍ ပြဆိုခဲ့ပြီးသော အဋ္ဌကထာ, ဋီကာအရှေ့ရပ်တို့မှာ အာဟရိမေဟိ-ဟူ၍၎င်း, အာဟရိမာနိ ဟူ၍၎င်း အာဟရိမနှင့်ယှဉ်ကြသော ပါဌ်တို့၏အလိုတည်း။]

ဝိမတိရှင့်ဒွိကား—

ပါဠိတော်ရင်း၌ ပါဌ် ၂-ထွေရှိကြောင်းကို ပြ၏။

အသံဟာရိမေဟိ ဝါဠေဟီတိ စ အာဟရိမေဟိ ဝါဠေဟီ

တိ စ ဒုဝိဓော ပါဌော။ ဝိသုံ ကတွာ ပဋ္ဋာ သံယောဇိတေဟိ

www.dhammaransi.com



ဝါဋ္ဋေဟိတိလိခိတံ။ ယထာ တထာ ဝါဋ္ဋရူပေ ဥဋ္ဌာပေတွာ ကတပါဒံ ပလ္လင်္ကန္တိ ဝေဒိတဗ္ဗံ။ အာနာပတ္တိဝါရေ အသံဟာရိမေဟိ ဝါဋ္ဋေဟိ ကတံ ပရိဘုဉ္ဇတီတိ ဝစနာဘာဝတော။
[အာသန္ဒိသိက္ခာပုဒ်-ဝဇိရဗုဒ္ဓိ။]

ပါဠိတော် ပေတို့၌—

အသံဟာရိမေဟိ-ဟူ၍၎င်း, အာဟရိမေဟိ-ဟူ၍၎င်း ပါဌ် ၂-ထွေရှိ၏၊ အနုဂဏ္ဌိပုဒ်၌ကား-အာဟရိမေဟိ-ဟူသော နောက်ပါဌ်သို့လိုက်၍ အသီးအခြား ပြုလုပ်ပြီး၍ နောက်မှအခြေ၌ တပ်သောသားရဲရုပ်တို့ဖြင့်-ဟု ရေးလျက်ရှိ၏၊ အနုဂဏ္ဌိပုဒ် ရေးငြားသော်လည်း အနာပတ္တိဝါရ၌ အနာပတ္တိ အသံဟာရိမေဟိ ဝါဋ္ဋေဟိ ကတံ ပရိဘုဉ္ဇတိ-ဟူ၍ မထွက်သောကြောင့် အာဂန္တုကရုပ်ပင်ဖြစ်စေ, အသေထုလုပ်သော အရုပ်ပင်ဖြစ်စေ၊ ခြေတို့၌ ထိုပလ္လင်ကို ခြယ်လယ်မှုကိစ္စနှင့်ပြုအပ်သော သားရဲရုပ်ရှိခဲ့လျှင် အကပ္ပိယပလ္လင်ဟူ၍သာ မှတ်ရမည်-ဟုလိုသည်။

အနာပတ္တိဝါရ၌—

အနာပတ္တိ အာသန္ဒိယာ ပါဒေ ဘိန္ဒိတွာ ပရိဘုဉ္ဇတိ။ ပလ္လင်္ကဿ ဝါဋ္ဋေ ဘိန္ဒိတွာ ပရိဘုဉ္ဇတိ။

ဟူ၍လာ၏။

ခန္ဓက၌လည်း—

အနုဇာနာမိ ဘိက္ခဝေ ပလ္လင်္ကဿ ဝါဋ္ဋေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတုံ။

ဟုလာ၏။

ဤသို့ဘိန္ဒနကြိယာနှင့် လာသည်ကိုထောက်သော် အ-ရဿနှင့် အဟာရိမေဟိရူပေဟိ-ဟူသောပါဌ်, သံသဒ္ဒါနှင့်တကွ အသံဟာရိမေဟိ ရူပေဟိ-ဟူသောပါဌ်သည်သာ မှုမှန် မူရင်းဖြစ်သင့်သည်။

ဋီကာကြီးတို့၌လည်း—

ဝါဋ္ဋရူပါနီတိ အဟာရိမာနိ ဝါဋ္ဋရူပါနိ-ဟူ၍၎င်း, အသံဟာရိမာနိ ဝါဋ္ဋရူပါနိ-ဟူ၍၎င်း ရှိသင့်သည်။

www.dhammaransi.com



ပါဒေသု ဝါဠရူပါနိ ထပေတွာ ကတော-ဟူသော အဋ္ဌကထာပါဌ်၌လည်း—

ဝဇိရဗုဒ္ဓိ ဋီကာပါဌ်မှာကဲ့သို့ ဥ-အက္ခရာနှင့်တကွ ဥဋ္ဌာပေတွာကတော-ဟု ရှိသင့်သည်၊ထပေတွာကတော ဟု ရှိခဲ့အံ့၊ ပြုလုပ်သောအခါကပင် အာဂန္တုကသားရဲရုပ်တို့ကို အခြေ၌ထား၍ပြုသည်ဟု ယုတ္တိမရှိ၊ ပြောင်းရွှေ့၍ ရစေကောင်းသော တင်၍ တပ်၍ စွပ်၍ ချိတ်၍ တွယ်ကပ်၍ထားအပ်သော အာဂန္တုကရုပ်အတွက်ကြောင့်သာ အာပတ်သင့်ရမည်၊ထိုအခြေမှာအခိုင်အမြဲ အသေထုလုပ်၍ထားသော သားရဲရုပ်အတွက်ကြောင့်ကား-အာပတ်မသင့်ဟူသော အနက်သည်လည်း ယုတ္တိမရှိ၊အသေထုလုပ်သောသားရဲရုပ်ရှိလျှင်သာ အကပ္ပိယဖြစ်သည်၊အာဂန္တုကရုပ်ရှိရုံမျှနှင့် အာပတ်မသင့်-ဟူ၍သာ ဖြစ်သင့်ရာသည်။

အနုဂဏ္ဌိပုဒ်ဆရာ, ဝိနိစ္ဆယဋီကာဆရာ, ခုဒ္ဒသိက္ခာ ဋီကာဆရာတို့လက်ထက်မှာမှ အာဟရိမ-ဟု ဒုတိယ အရှိများလာသည်ဟု ယူရန်ရှိသည်၊ ပါဠိတော်ပါဌ်တို့၌ရင်း, ဋီကာကြီးပါဌ်တို့၌ရင်း အ-ရဿနှင့်မူရင်းဖြစ်ရာသည်။

ဝါဠရူပါနီတိ၊ ဝါဠရူပါနိ-ဟူသည်ကား။ အဟာရိမာနိ။ ဖယ်ရှားပြောင်းရွှေ့ခြင်းငှါ မတတ်ကောင်းကုန်သော။ ဝါဠရူပါနိ၊ အသေထုလုပ်သော သားရဲရုပ်တို့ကို။ အနက်ဆို။

[အဟာရိမာနိ, အသံဟာရိမာနိအတူတူ။]

အဋ္ဌကထာပါဌ်တို့၌လည်း—

ပါဒေသု။ အခြေတို့၌၊ ဝါဠရူပါနိ။ မြွေ, သစ်, ကျား သားရဲရုပ်တို့ကို။ ဥဋ္ဌာပေတွာ၊ထစေ၍။ ပေး။ အောက်၌ပြဆိုခဲ့သော ထိုအခြေ၌အသေထုလုပ်သော သားရဲရုပ်ဖြစ်ခဲ့မူ အပ်၏-ဟူသော ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာများကိုဆင်ခြင်။

ဝဇိရ၌—

အနာပတ္တိ အသံဟာရိမေဟိ ဝါဠေဟိ ကတံ ပရိဘုဥ္စတိ-ဟု အနာပတ္တိဝါရမထွက်သောကြောင့် အာဟရိမေဟိ ဝါဠေဟိ-ပါဌ်ကိုမလိုရိပ်ပြ၏။

www.dhammaransi.com

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



ဆိုရန်ကား—

အနာပတ္တိ အာဟရိမေဟိ ဝါဠေဟိ ကတံ ပရိဘုဉ္ဇတိ ဟူ၍လည်းမထွက်၊ထို့ကြောင့် ဝိဘင်း၌ အသံဟာရိမေဟိ ဝါ-ဠေဟိ-ပါဌ်ကိုမလိုအပ်-ဆိုရန်မှာ—

အသေမဟုတ်သော အာဂန္တုကရုပ်သည် ထိုပလ္လင်၏ အစိတ်မဟုတ်ရကား-မဆိုသင့်ဟူပေ၊ ဆင်ခြင်၍ယူလေ။

**ပလ္လင်္ကော**၌။ ။ပရိ-ပုဒ်၊ အကိ-ဓာတ်။ ပရ်ိပုဗ္ဗောအာကိလက္ခဏော၊ ဏော၊ဋလောပေါ၊ ရဿ လတ္တံ။

[အဘိဓာန်ဋီကာ။]

ပလ္လင်္ကောပုဒ်, ပရိယင်္ကောပုဒ်ရုပ်ပြီးသော ထူးကြံသည်။ ။ပလ္လင် ပြီး၏။

**ဂေါနက**

၃။ ဂေါနက၌—

၁။ ဂေါနကောတိ ဒီဃလောမကော မဟာကောဇဝေါ။ စတုရင်္ဂုလာဓိကာနိ ကိရတဿ လောမာနိ။ "ဓမ္မာနန္ဒက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

၂။ ဒီဃလောမကောမဟာကောဇဝေါတိ စတုရင်္ဂုလာဓိက လောမော ကာဠကောဇဝေါ။ "သာရတ္ထ"။

၃။ အင်္ဂုတ္တိုရ် အဋ္ဌကထာဟတ္ထာဠဝက သုတ်အဘွင့်၌လည်း-

ဂေါနကတ္ထတောတိ စတုရင်္ဂုလလောမေန ကာဠကော ဇဝေန အတ္ထတော။

ဟုလာ၏၊ ဋီကာကြီးအထူးမရှိ။

၄။ ဒီဃလောမကော မဟာကောဇဝေါတိ စတုရင်္ဂုလာဓိက လောမော ကာဠဝဏ္ဏော မဟာကောဇဝေါ။ "သီလက္ခန် ဋီကာသစ်"။

၅။ ဂေါနကန္တိ ဒီဃလောမကမဟာကောဇဝံ။ စတုရင်္ဂုလာဓိ ကာနိ ကိရ တဿ လောမာနိ၊ ကာဠဝဏ္ဏာနိ။ "ဝိနိစ္ဆယ ဋီကာ"။

www.dhammaransi.com



၆။ စတုရဂ်ုလာဓိကလောမော ကောဇဝေါ ဂေါနကောတိ ဝုစ္စတိ။ "ခုဒ္ဒသိက္ခာဋီကာ"။

ဂေါနကောတိ၊ ဂေါနက-ဟူသည်ကား။ ဒီဃလောမကော၊ လက် ၄-သစ်ထက်ရှည်သော အမွေးရှိသော။ မဟာကောဇဝေါ၊ ကော်ဇောနက်ကြီးတည်း။ တဿ၊ ထိုဂေါနက ကော်ဇော၏။ လောမာနိ၊ အမွေးတို့သည်။ စတုရင်္ဂုလာဓိကာနိ ကိရ၊လက် ၄-သစ်ထက် လွန်၍ ရှည်ကုန်သတတ်။

[အဋ္ဌကထာအနက်။]

နောက်ပါဠိတို့၌—

စတုရင်္ဂုလလောမေန၊ အမွေးလက် ၄-သစ်ရှိသော။ ကာဠကောဇဝေန၊ မည်းနက်သော ကော်ဇောဖြင့်။ အတ္ထတော၊ ခင်းအပ်သော ပလ္လင်။ ·

ဂေါနကောပုဒ်၌—

ဂု-သဒ္ဒေ။ ယု၊ သကတ္ထေကော၊ ဥဿောတ္တံ။

[အဘိဓာန်ဋီကာ။]

ဤအလိုဒန္တဇ န-နှင့်လို၏၊ မုဒ္ဓဇ ဏ-နှင့်စာအရှိများ၏၊ သီဟိုဠ်အဘိဓာန်ဋီကာ၌ နငယ်နှင့်ရှိ၏။ ။ဂေါနကပြီး၏။

**စိတ္တက**

၇။ စိတ္တက၌—

၁။ စိတ္တကောတိဝါနစိတြော ဥဏ္ဏာမယတ္ထရဏော "စမ္မက္ခန္ဓက,သီလက္ခန်အဋ္ဌကထာ"။

၂။ စိတ္တကန္တိ ရတနစိတ္တံ ဥဏ္ဏာမယတ္ထရဏံ။ "အင်္ဂုတ္တိုရ်,ဝိနည်းသဂြိုဟ်အဋ္ဌကထာ"။

၃။ ဝါနစိတြော ဥဏ္ဏာမယတ္ထရဏောတိ ဘိတ္တိဆိဒ္ဒါဒိဝသေန ဝိစိတြော ဥဏ္ဏာမယတ္ထရဏော။ "သာရတ္ထ"။

၄။ ဝါနစိတြော ဥဏ္ဏာမယတ္ထရဏောတိ နာနာဝဏ္ဏေဟိ ဥဏ္ဏာမယသုတ္တေဟိ ဘိတ္တိဆိဒ္ဒါဒိဝသေန ဝါယိတွာ ကတစိတ္တတ္ထရဏော။ "ဝိမတိ"။

www.dhammaransi.com



၅။ ဝါနဝိစိတြန္တိ ဘိတ္တိ ဆိဒ္ဒါဒိဝသေန ဝိနနဝိစိတြံ။
"သီလက္ခန်ဋီကာကြီး"။

၆။ ဝါနဝိစိတြန္တိဘိတ္တိဆိဒ္ဒါဒိအာကာရေန ဝါနေန သံသိဗ္ဗ-
နေန ဝိစိတြံ။ "သီလက္ခန်ဋီကာသစ်"။

၇။ စိတ္တကန္တိ ဘိတ္တိဆိဒ္ဒါဒိဝိစိတြံ ဥဏ္ဏာမယတ္ထရဏံ။
"ဝိနိစ္ဆယဋီကာ"။ ·
[ခုဒ္ဒသိက္ခာဋီကာတို့၌လည်း ဤနည်းတူပင်။]

၈။ ရတနစိတ္တန္တိ ဘိတ္တိဆိဒ္ဒါဒိဝသေန ရတန ဝိစိတြံ။
"အင်္ဂုတ္တိုရ်ဋီကာကြီး"။

ဝါနစိတြော ဥဏ္ဏာမယတ္ထရဏောတိ၊ဝါနစိတြော ဥဏ္ဏာမယတ္ထ-ရဏော-ဟူသည်ကား။ နာနာဝဏ္ဏေဟိ၊ အထွေထွေသော အဆင်းရှိကုန်သော။ ဥဏ္ဏာမယသုတ္တေဟိ၊ သိုးမွေးဖြင့် ပြီးသောချည်တို့ဖြင့်။ ဘိတ္တိဆိဒ္ဒါဒိဝသေန၊ နံရံပေါက်စသည်တို့၏ အစွမ်းဖြင့်။ ဝါယိတွာ၊ ယက်၍။ ကတစိတ္တတ္ထရဏော၊ ပြုအပ်သော ဆန်းကြယ်သောအခင်းတည်း။

[ဝိမတိအနက်။]

ဝါနစိတြန္တိ၊ ဝါနစိတြံ-ဟူသည်ကား။ ဘိတ္တိဆိဒ္ဒါဒိအာကာရေန၊ နံရံပေါက်စသော အခြင်းအရာအားဖြင့်။ ဝါနေနသံသိဗ္ဗနေန၊ ချုပ်ခြင်းအမှုဖြင့်။ ဝိစိတြံ၊ ဆန်းကြယ်သောအခင်းတည်း။
[သီလက္ခန်ဋီကာသစ်အနက်၊ အကြွင်းလွယ်ပြီ။]

သိုးမွေးတို့ကို ချည်ပြု၍အထူးထူးသော အဆင်းတို့ဖြင့် ဆိုး၍ယက်သောအခါ မြန်မာတို့ပုဆိုးကဲ့သို့ နံရံပေါက်သဏ္ဌာန် စသည်ဖြင့် အကွက်ဖော်၍ယက်သော သားမွေးအခင်း၊ "ဝိနည်းဋီကာများအလို"။

ဝါ-တခုခုသော သကလပ်ထည်, ကတ္တီပါထည်, ဖဲထည်စသော သားမွေးထည်၌ ချည်အမျိုးမျိုး အထည်အမျိုးမျိုးတို့ဖြင့် ချုပ်ပန်း, ကိုက်ပန်းတင်၍ ချုပ်အပ်သော သားမွေးအခင်း။
"သီလက္ခန် ဋီကာများအလို"။

ရတနစိတ္တံ-ဟူသော နောက်''အဋ္ဌကထာ''များ၌လည်း ရွှေချည်, ငွေချည်တို့ဖြင့် ဆန်းကြယ်စွာ ယက်သော သားမွေးအခင်း, ဆန်းကြယ်စွာချုပ်သော သားမွေးအခင်း ၂-မျိုးကိုယူလော၊ ဝိနယာလင်္ကာ-ရဋီကာ၌ကား-ရတနသဒ္ဒါမပါမရှိ၊ ဝါနသဒ္ဒါနှင့်ရှိ၏။

ကောဇဝေါဆိုသည်ကား။ ။မြှိုရုံခြင်းငှါ မတတ်ကောင်းအောင်ရှည်ရင်းသော အတိုင်ချည် အဖောက်ချည်ခံ၍ သိုးမွေးအဆာအမြိတ်ထည့်၍ ခင်းမှုကိစ္စမျှကို ရှယ်၍ယက်သောအခင်းတည်း။

အဋ္ဌရဏဆိုသည်မှာမူကား။ ။ကော်ဇောလည်း အတ္တရဏပင်၊ ဝတ်မှု,ခြုံမှု,ရုံမှု, ခင်းမှုပြုခြင်းငှါ တတ်ကောင်းအောင် ချောမွေ့သော အတိုင်ချည် အဖောက်ချည်တို့ဖြင့် ယက်အပ်သော သားမွေးအထည်မျိုးတို့ကို အခင်းအကျိုးငှါ တိုင်းတာချုပ်လုပ်သော အခင်းမျိုးသည်လည်းအတ္တရဏပင်။

[ကောဇဝသဒ္ဒါနှင့်ဆိုရာ၌ ကော်ဇောမျိုးသက်သက်ကိုယူ၊ အဋ္ဌရဏာသဒ္ဒါ, ပစ္စတ္ထရဏာသဒ္ဒါတို့နှင့်ဆိုရာတို့၌ အလုံးစုံကိုယူလော။]

ဆရာတော်ဦးဗုမ်ကား--

စိတ္တကါခြင်းသည် သစ်ကျား သားရဲရုပ်ဖြင့် ဆန်းကြယ်သော အခင်းဟု အနက်ဆို၏၊ ဋီကာအဘွင့်များနှင့်လည်းမညီ၊ အထက်မှာ လာလတ္တံ့သောဝိကတိအခင်းနှင့်လည်းမထူးကြ၊ အချို့သောစာ၌ ဝါဠစိကြီဟုရှိသောပါဠ်ပျက်ကိုသတိမမူမိ၍ ဆိုခြင်းမျှသာ။ ။စိတ္တကပြီး၏။

ပဋိကာ

၅။ ပဋိကာ၌-

၁။ ပဋိကာတိ ဥဏ္ဏာမယော သေတတ္ထရဏော။ ''စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ် အဋ္ဌကထာ''။

၂။ ပဋိကန္တိဥဏ္ဏာမယံသေတတ္ထရဏံ။''ဝိနိစ္ဆယဋီကာ,ခုဒ္ဒသိက္ခာဋီကာစုလည်း ဤနည်းပင်။

၃။ သေတတ္ထရဏောတိ ဓဝလတ္ထရဏော။သီတတ္တိကေဟိ သေဝိ-တဗ္ဗတ္တာ သေဟတ္ထရဏော ပဟုမုဒုလောမောတိပိ ဝဒန္တိ။ ''သီလက္ခန်ဋီကာသစ်။''

www.dhammaransi.com



ပဋိကာတိ၊ ပဋိကာ-ဟူသည်ကား။ ဥက္ကာမယော၊ သိုးမွေးဖြင့်ပြီးသော။ သေတတ္ထရဏော၊ အခင်းဖြူတည်း။

[အဋ္ဌကထာအနက်။]

သေတတ္ထရဏောတိ၊သေတတ္ထရဏော-ဟူသည်ကား။ ဓဝလတ္ထရဏော၊ ဆွတ်ဆွတ်ဖြူသောအခင်းတည်း။ သီတတ္ထိကေဟိ၊ အအေးကိုအလိုရှိသောသူတို့သည်။သေဝိတဗ္ဗတ္တာ၊ မှီဝဲအပ်သည်၏အဖြစ်ကြောင့်။ သေတတ္ထရဏော၊ အခင်းဖြူသည်။ ဗဟုဓုဒလောမော၊ အလွန်ထူထဲသော နူးညံ့သောအမွေးရှိ၏။ဇာတိ၊ဤသို့။ဝဒန္တိ၊ဆိုကြကုန်၏။

[ဋီကာသစ်အနက်။]

ဤ၌လည်း အတ္ထရဏ သဒ္ဒါနှင့်ဆိုသောကြောင့် သကလပ်ဖြူ, ကတ္တီပါဖြူ, ဖဲဖြူစသော သားမွေး အထည်ဖြူစုကိုလည်းယူ။ ။ ပဋိကာပြီး၏။

### ပဋ္ဋလိကာ

၆။ ပဋလိကာ၌—

၁။ ပဋလိကာတိ ဃနပုပ္ဖကော ဥဏ္ဏာမယလောဟိတတ္ထရဏော။ ယောအာမလကပတ္တောတိပိ ဝုစ္စတိ။"စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ် အဋ္ဌကထာ"။

၂။ ဥဏ္ဏာမယတ္ထရဏောတိ ဥဏ္ဏာမယလောဟိတတ္ထရဏော။ "သာရတ္ထ"။

[ဤသာရတ္ထအလို အချို့သောစမ္မက္ခန္ဓက အဋ္ဌကထာပါဌ်မှာ လောဟိတသဒ္ဒါမပါရိပ်ရှိ၏၊ ဝိနည်းသင်္ဂြိုဟ်မှာလည်း ဤနည်းတူ။]

၃။ ဃနပုပ္ဖကောတိဗဟလရာဂေါ။"ဝိမတိ"။

၄။ ဃနပုပ္ဖကောတိ သဗ္ဗထာ ပုပ္ဖါကာရ သမ္ပန္နော။ "သီလက္ခန် ဋီကာသစ်"။

၅။ ပဋလိကန္တိ ဃနပုပ္ဖကံ ဥဏ္ဏာမယံ လောဟိတတ္ထရဏံ။ ယံ အာမလကပတ္တန္တိပိ ဝုစ္စတိ။"ဝိနိစ္ဆယဋီကာ"။

၆။ ပဋလီတိ ဃနပုပ္ဖံ ရတ္တအတ္ထရဏံ။ "ခုဒ္ဒသိက္ခာ ဋီကာဟောင်း"။

၇။ ပဋလိကာ ဃနပုပ္ဖိကာ။ "ဓုင်းဋီကာသစ်"။

www.dhammaransi.com



ပဋလိကာတိ၊ ပဋလိကာ-ဟူသည်ကား။ ဃနပုပ္ဖကော၊ ထူထပ်သော ပန်းပွင့်ရှိသော။ ဥဏ္ဏာမယလောဟိတတ္ထရဏော၊ သိုးမွေးဖြင့်ပြီးသော အခင်းနီတည်း။ ယော၊ အကြင်အခင်းကို။ အာမလကပတ္တောတိပိ၊ သျှိသျှားရွက်သဏ္ဌာန်ရှိသော ပန်းရွက်တို့ဖြင့် ပြည့်သည်ဖြစ်၍ အာမလကပတ္တအခင်းဟူ၍လည်း။ ဝုစ္စတိ၊ဆိုအပ်၏။

[အဋ္ဌကထာအနက်။]

ဃနပုပ္ဖကောတိ၊ ဃနပုပ္ဖကော- ဟူသည်ကား။ ဗဟလရာဂေါ၊ ထူထပ်သော ဆိုးရည်ဆေးစွဲမှုရှိသော။

[ဝိမတိအနက်။]

ဃနပုပ္ဖကောတိ၊ ဃနပုပ္ဖကော-ဟူသည်ကား။ သဗ္ဗထာ၊ အချင်းခပ်သိမ်းအားဖြင့်။ ပုပ္ဖါကာရသမ္ပန္နော၊ ပန်းပွင့်သဏ္ဌာန်, ပန်းရွက်သဏ္ဌာန်နှင့်ပြည့်စုံ၏။

[သီလက္ခန်ဋီကာသစ်အနက်။]

ဤ၌လည်း အတ္ထရဏသဒ္ဒါဖြင့် ကော်ဇောမျိုးနှင့်တကွ သားမွေးဖြင့်ပြီးသော သကလပ်နီအခင်း, ကတ္တီပါနီအခင်း, ဖဲနီအခင်းတို့ကိုယူ၊ ဝိမတိအလိုအားဖြင့် ပန်းပြောက်အထူးမပါသော်လည်း တွတ်တွတ် တွေးတွေးနီမြန်းလျှင်ပင် "ဃနပုပ္ဖက"ဆိုလိုရိပ်ရှိ၏၊ အာမလ-ကပတ္တလက္ခဏာနှင့်ညီမှပ။ ။ပဋလိကာပြီး၏။

## တူလိကာ

၇။ တူလိကာ၌—

၁။ တူလိကာ ပကတိတူလိကာယေဝ။ "စမ္မက္ခန္ဓက, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

၂။ တူလိကာတိ တိဏ္ဏံ တူလာနံ အညတရပုဏ္ဏာ တူလိကာ။ "သီလက္ခန်,အင်္ဂုတ္တိုရ်အဋ္ဌကထာ"။

၃။ ပကတိတူလိကာတိ ရုက္ခတူလ လတာတူလ ပေါဋကီတူလသင်္ခါတာနံ တိဏ္ဏံ တူလာနံ အညတရပုဏ္ဏာ တူလိကာ၊ "သာရတ္ထ, ဝိနိစ္ဆယဋီကာ"။

၄။ တူလိကာတိ တူလပုဏ္ဏာ ဘိသိ။"ဝိမတိ"။

[ကြွင်းသောဋီကာတို့၌လည်း မထူးကြလှပြီ။]

www.dhammaransi.com



ပကတိတူလိကာတိ၊ ပကတိတူလိကာ-ဟူသည်ကား။ ရုက္ခတူလ-လတာတူလ ပေါဋကီတူလသင်္ခါတာနံ၊ သစ်ပွင့် သစ်သီးမှ ဖြစ်သော မှို့လဲ, နွယ်ပွင့်နွယ်သီးမှ ဖြစ်သောမှို့လဲ, မြက်ပွင့်မြက်သီးမှဖြစ်သော မှို့လဲဟုဆိုအပ်ကုန်သော။ တိဏ္ဏံတူလာနံ၊လဲမှို့ ၃-မျိုးတို့တွင်။ အညတရ ပုဏ္ဏာ၊ တပါးပါးသောလဲမှို့ဖြင့် ပြည့်သော။ တူလိကာ၊ လဲအခင်းတည်း။

[သာရတ္ထအနက်။]

တူလိကာတိ၊ တူလိကာ-ဟူသည်ကား။ တူလပုဏ္ဏာ၊လဲပြည့်သော။ ဘိသိ၊ ဘုံလျှိုတည်း။

[ဝိမတိအနက်။]

မန္တလေးမြို့တော် အချုပ်တန်းများမှဖြစ်သော မွေ့ရာခေါ်သော အိပ်ရာအထူးကိုဆိုသည်။ ॥တူလိကာ ပြီး၏။

### ဝိကတိကာ

၄။ ဝိကတိကာ၌—

၁။ ဝိကတိကာတိ သီဟဗျဂ္ဃာဒိရူပဝိစိတြော ဥဏ္ဏာမယတ္ထရဏော။ "စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

၂။ ဝိကတိကာတိ သီဟရူပါဒိဝသေန ဝါ ရတနဝိစိတ္တာ ဝါ ဂယှတိ။ "ဝိမတိ"။

၃။ ဝိကတီတိ သီဟဗျဂ္ဃာဒိရူပဝိစိတြ ဥဏ္ဏာမယတ္ထရဏံ။ "ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း, ဋီကာသစ်"။

၄။ သီဟဗျဂ္ဃာဒိရူပေဟိ၊ စိတ္တံ ဝိကတိကာ ဘဝေ။ "အဘိဓာန်"။

ဝိကတိကာတိ၊ဝိကတိကာဟူသည်ကား။သီဟဗျဂ္ဃာဒိရူပဝိစိတြော၊ ခြင်္သေ့ရုပ်,ကျားရုပ်အစရှိသော အရုပ်တို့ဖြင့် ဆန်းကြယ်သော။ဥဏ္ဏာ-မယတ္ထရဏော၊ သိုးမွေးဖြင့်ပြီးသော အခင်းတည်း။

[အဋ္ဌကထာအနက်။]

www.dhammaransi.com



ဝိကတိကာတိ၊ ဝိကတိကာ-ဟူသည်ကား။ သီဟရူပါဒိဝသေနဝါ၊ ခြင်္သေ့ရုပ်စသည်၏အစွမ်းဖြင့်ငှင်း။ ရတနဝိစိတ္တာဝါ၊ ရွှေချည်ငွေချည်စသောရတနာတို့ဖြင့် ဆန်းကြယ်သည်ကိုငှင်း။ ဂယှတိ၊ယူအပ်၏။
[ဝိမတိအနက်။]

ရွှေချည်ငွေချည်စသော ရတနာတို့ဖြင့် ဆန်းကြယ်သည်ကို ယူခဲ့သော် အဂ်ုတ္တိုရ်၊ ဝိနည်းသင်္ဂြိုဟ်တို့ ဘွင့်ကြသော စိတ္တကအခင်းနှင့် ထပ်မိလျက်ရှိသည်၊ စိတ္တကဌ် နံရံပေါက်စသည်၏ အစွမ်းဖြင့် ရတနာဆန်းကြယ်မှုကိုယူ၊ ဤဝိကတိ၌ ခြင်္သေ့ရုပ်စသည်၏ အစွမ်းဖြင့် ရတနာဆန်းကြယ်မှုကိုယူ၊ဝါ-စိတ္တကဌ် ရတနာချည်တို့ဖြင့် အယက်ဆန်းကြယ်မှုကိုယူ၊ ဤဝိကတိ၌ ရတနာချည်တို့ဖြင့် ချုပ်ပန်း ကိုက်ပန်းဆန်းကြယ်မှုကိုယူ၊ ဝိမတိပါဌ်မှာ သီဟရူပါဒိဝသေန ဝါနဝိစိတ္တာဝဂယှတိ- ရှိလိမည်ထင်သည်၊ ဆင်ခြင်။ ။ဝိကတိကာပြီး၏။

## ဥဒ္ဒလောမိ,ဧကန္တလောမိ

၉-၁၀။ ဥဒ္ဒလောမိ,ဧကန္တလောမိ ၂-ပါး၌—

၁။ ဥဒ္ဒလောမီတိ ဧကတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။ ဧကန္တလောမီတိ ဥဘတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။“စမ္မက္ခန္ဓက,ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ”။

၂။ ဥဒ္ဒလောမီတိ ဥဘတောဒသံ ဥဏ္ဏာမယတ္ထရဏံ၊ ကေစိ ဧကတော ဥဂ္ဂတပုပ္ဖန္တိပိ ဝဒန္တိ။ ဧကန္တလောမီတိ ဧကတောဒသံဥဏ္ဏာမယတ္ထရဏံ၊ ကေစိ ဥဘတော ဥဂ္ဂတပုပ္ဖန္တိပိ ဝဒန္တိ။“သီလက္ခန်,အဂ်ုတ္တိုရ်အဋ္ဌကထာ”။
[ဝိနိစ္ဆယဋီကာ ခုဒ္ဒသိက္ခာဋီကာတို့၌ စမ္မက္ခန္ဓကအဋ္ဌကထာအတိုင်း။]

ဥဒ္ဒလောမီတိ၊ ဥဒ္ဒလောမီတိ- ဟူသည်ကား။ ဧကတော၊ တဘက်အပြင်မှသာလျှင်။ ဝါ၊ တဘက်အပြင်၌သာလျှင်။ ဝါ၊ တဘက်အဘို့အားဖြင့်သာလျှင်။ ဥဂ္ဂတလောမံ၊ ထသောအမွေးရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသောအခင်းတည်း၊ ဧကန္တလောမီတိ၊ဧကန္တလောမီတိ-ဟူသည်ကား-ဥဘတော၊ ၂-ဘက်အပြင်မှ။ ဝါ၊ ၂-ဘက်

www.dhammaransi.com



အပြင်၌။ ဝါ၊ ၂-ဘက်အဘို့အားဖြင့်။ ဥဂ္ဂတလောမံ၊ ထသောအမွေး ရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသော အခင်းတည်း။

[အဋ္ဌကထာအနက်။]

နောက်ပါဌ်တို့၌ ဒသာသဒ္ဒါ,ပုပ္ဖသဒ္ဒါတို့လည်း လောမနှင့် အနက်တူ၊ ကေစိဆိုသည်ကား- သာရသမာသကျမ်းဆရာ, ဥတ္တရဝိဟာရဝါသီဆရာတို့ကိုဆိုသည်။

ကေစီတိ သာရသမာသာစရိယာ ဥတ္တရဝိဟာရဝါသိနော စ။

[သီလက္ခန်,အင်္ဂုတ္တိုရ်ဋီကာ။]

ကေစိဆိုသော်လည်း အမည်မျှသာကွဲလွဲကြသည်၊ အနက်အားဖြင့် ယိုအခင်း၂-ခုမှတပါးမဟုတ်ပြီ။

နာမမတ္တမေဝ ဝိသေသော။

[သီလက္ခန်ဋီကာသစ်။]

ယခုကာလ၌ကား- အမွေးတဘက်ရှိသော ကော်ဇောမျိုးကိုသာ မြင်ဘူးရသည်၊ အမွေး၂-ဘက်ရှိသော ကော်ဇောမျိုးကိုမမြင်ဘူးပေ၊ ခြုံရုံသောအထည်မျိုး၌သာ အမွေး၂-ဘက်တက်ကိုမြင်ဘူးရသည်။

ဥဒ္ဒလောမီပုဒ်၌—

ဥဒိတံ ဒွိသု လောမံ ဒသာ ယဿာ သာ ဥဒ္ဒလောမိ၊ ဣဿတ္တံ ဒွိတ္တဉ္စ။

[အဘိဓာန်ဋီကာ။]

ဒွိဒသေကဒသာချဒ္ဒ၊ လောမိ ကေန္တလောမိနော။

ဟူသော အဘိဓာန်အလိုဤကာရန္တပုလ္လိင်, ကျမ်းဂန်တို့အလို ဤကာရန္တဣတ္ထိလိင်။ ။ဥဒ္ဒလောမီ, ကေန္တလောမိ ၂- ပါးပြီး၏။

**ကဋ္ဋိဿ, ကောသေယျ**

၁၁-၁၂။ ကဋ္ဋိဿ, ကောသေယျ ၂-ပါး၌—

၁။ ကဋ္ဋိဿန္တိ ရတနပရိသိဗ္ဗိတံ ကောသေယျကဋ္ဋိဿမယံ ပစ္စတ္ထရဏံ။ ကောသေယျန္တိ ရတနပရိသိဗ္ဗိတံကောသေယျ သုတ္တမယံ ပစ္စတ္ထရဏံ။ ''စမ္မက္ခန္ဓက, ဝိနည်းသဂြိုဟ်အဋ္ဌကထာ''။

၂။ ကောသေယျန္တိ ရတနပရိသိဗ္ဗိတမေဝ ကောသေယျ သုတ္တမယံပစ္စတ္ထရဏံ။ ''သီလက္ခန်, အင်္ဂုတ္တိုရ်အဋ္ဌကထာ''။

www.dhammaransi.com



၃။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျ ကာသဋမယံ။ "သိလက္ခန္ဓဋီကာကြီး,သာရတ္ထ"။

၄။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျသုတ္တာနံ အန္တရာ သုဝဏ္ဏ မယသုတ္တာနိ ပဝေသေတွာ ဝိတံ။ သုဝဏ္ဏသုတ္တံ ဟိ ကဋ္ဋိဿံ ကာသဋန္တိစ ဝုစ္စတိ။ တေနေဝ ကောသေယျကဋ္ဋိဿ-မယန္တိ ကောသေယျ ကာသဋမယန္တိ အာစရိယ ဓမ္မပါလတ္ထေ-ရေန ဝုတ္တန္တိ ဝဒန္တိ။ "ဝိမတိ,သိလက္ခန္ဓဋီကာသစ်"။

၅။ ကဋ္ဋိဿန္တိ ရတနပရိသိဗ္ဗိတံ ကောသေယျကာသဋမယပစ္စတ္ထ-ရဏံ။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျ ကာသဋမ-ယန္တိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ။ကန္တိတကောသေ-ယျပုပ္ဖိတန္တိ အတ္ထော။"ဝိနိစ္ဆယဋီကာ"။
[ခုဒ္ဒသိက္ခာဋီကာ ၂-စောင်ကား-စမ္မာခ္ခန္ဓကအဋ္ဌကထာအ တိုင်း။]

ကဋ္ဋိဿန္တိ၊ ကဋ္ဋိဿံ-ဟူသည်ကား။ ရတနပရိသိဗ္ဗိတံ၊ ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ် ချုပ်ချယ်အပ်သော။ ဝါ၊ ရွှေပြား,ငွေပြား စီထားချကပ် လိမ်းကျံအပ်သော။ကောသေယျ-ကဋ္ဋိဿမယံ၊ ပိုးချည်အကြမ်းဖြင့်ပြီးသော။ ဝါ၊ ပိုးချည်အတွင်း ရွှေချည် သွင်း၍ ယက်ခြင်းအမှုဖြင့်ပြီးသော။ ဝါ၊ ပိုးချည်, ကဋ္ဋိဿခေါ် လျှော် ချည် ၂-မျိုးဖြင့်ပြီးသော။ပစ္စတ္ထရဏံ၊အပေါ်လွှမ်းအခင်းတည်း။

ရတနပရိသိဗ္ဗိတံ၌—

၁။ ပဌမအနက်ကား ရတနပရိသိဗ္ဗိတန္တိ ရတနေဟိ သံသိဗ္ဗိတံ-ဟူသော သိလက္ခန္ဓဋီကာသစ်အလို။

၂။ ဒုတိယအနက်ကား-ရတနပရိသိဗ္ဗိတန္တိ သုဝဏ္ဏလိတ္တံ၊ဟူသော ဝိမတိအလို။

ရွှေလိမ်းကျံမှုမည်သည် အခင်း အရုံမျိုးနှင့် လျော်ခွင့် မရှိရကား ဝိမတိကို ကေစိဆိုလေ၏။

သုဝဏ္ဏလိတ္တန္တိကေစိ။"သိလက္ခန္ဓဋီကာသစ်။"

www.dhammaransi.com



ကောသေယျကမ္ဗလမယံ၏ ၃-နက်တွင်---

၁။ ပဌမအနက်ကား-ကောသေယျကသဋမယံ-ဟူသောအဘွင့်ကို မြော်သည်၊ ဥဏ္ဏရသော၊ ကြိရည်။ဥဏ္ဏကသဋော၊ကြိဘတ်ဟူသကဲ့သို့ တည်း၊ အညွန့်သားကိုထုတ်ပြီးနောက် အကြမ်းကိုကသဋဆိုသည်၊ ပိုးချည်အကြမ်းအချော ၂-မျိုးတွင် အကြမ်းဖြင့်ပြီးသော အခင်းဆိုလိုသည်။

၂။ ဒုတိယအနက်ကား-ကောသေယျသုတ္တာနံ အန္တရာ သုဝဏ္ဏမယသုတ္တာနိ ပဝေသေတွာ ဝီတံ၊သုဝဏ္ဏသုတ္တံ ဟိ ကမ္ဗလံကသဋန္တိ စ ဝုစ္စတိ-ဟူသော ဝိမတိ,သီလက္ခန်ဋီကာသစ်တို့အလို။ကမ္ဗလသည် ရွှေချည်မှန်ခဲ့အံ့။ထိုချည်ဖြင့်ပင်လျှင် အကပ္ပိယကိစ္စ ပြီးစီးလေရကား- အကပ္ပိယအကျုံး၄ါ ရတနပရိသိဗ္ဗိတံ-ဟူသောပုဒ်ကို အဋ္ဌကထာဆိုခွင့်မရှိ၊ ရွှေချည်ကို ကမ္ဗလခေါ်သည်၊ကသဋခေါ်သည် ဟူ၍လည်း ကျမ်းဂန်မရှိ၊ ဆင်ခြင်ရန်။

၃။ တတိယအနက်ကား-ကောသိယသုတ္တ ကမ္ဗလဝါကေဟိ ပကတံ အတ္ထရဏံ ကမ္ဗလံနာမ-ဟူသော အဘိဓာန်ဋီကာအလို။ ထိုကို သီလက္ခန်ဋီကာသစ်၌ ကေစိ-ဟူ၏။

ကောသေယျန္တိ၊ ကောသေယျံ-ဟူသည်ကား။ ရတနပရိသိဗ္ဗိတံ၊ ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ်ချုပ်ချယ်အပ်သော။ ကောသေယျသုတ္တမယံ၊ပိုးချည်ဖြင့်ပြီးသော။ ပစ္စတ္ထရဏံ၊အပေါ်လွှမ်းအခင်းတည်း။

[အဋ္ဌကထာအနက်။]

ပိုးချောကို ယက်သောပုဆိုး,အင်္ကျီ,ထမိ, တဘက်စသော ပိုးထည်တို့ကို ပြုလုပ်သော အခင်းမျိုးတို့ကိုလည်းယူလေ၊ ဤအခင်း ၂-မျိုး၌ ရတနပရိသိဗ္ဗိတံ-ဟူသောပါဌ်ဖြင့် ရွှေချည်ငွေချည်နှင့်ရော၍ ယက်အပ်သော ပိုးကြမ်း, ပိုးချော အထည်များကိုလည်း သင်္ဂြိုဟ်၊ ပိုးချည်ဖြင့်ပြီးသော ဖဲကတ္တီပါတို့ကို ကမ္ဗလ ဆိုသည်ဟူကြကုန်၏။

ကမ္ဗလ-ပုဒ်ပြီးကိုအဘိဓာန်ဋီကာ၌မဆို၊ ကျမ်းဂန်တို့မှာ အချိုစာ၌ မုဒ္ဒဇ ဋ-တလုံးနှင့်ရှိ၏၊ အဘိဓာန်၌ကား-အရိယာသာမည ဂါထာ

www.dhammaransi.com



ပဌမ,တတိယ ၂-ပါဒတွင် ဒွေဘော်သင့်ချည်း မြင်သောကြောင့် မုဒ္ဓဇ ၄-ဒွေဘော်နှင့်သာရှိရမည်။ ။ကဋ္ဌိဃ, ဧကာသေယျ ၂-ပါးပြီး၏။

ကုဋ္ဌက

၁၃။ ကုတ္တကဉ်--

ကုတ္တကန္တိ သောဠသန္နံ နာဋကိတ္ထီနံ ဌတွာ နစ္စယောဂ္ဂံ ဥဏ္ဏာမယတ္ထရဏံ။

[စမ္မကန္ဒက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ် အဋ္ဌကထာ, ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာ။]

ကုတ္တကန္တိ၊ ကုတ္တက-ဟူသည်ကား။ သောဠသန္နံ၊ တကျိပ်ခြောက်ယောက်ကုန်သော။ နာဋကိတ္ထီနံ၊ ကချေသည်မတို့၏။ ဌတွာ၊ ရပ်၍။ နစ္စယောဂ္ဂံ၊ က-စလောက်သော။ ဥဏ္ဏာမယတ္ထရဏံ၊ သိုးမွေးဖြင့်ပြီးသောအခင်းတည်း။

[အဋ္ဌကထာဋီကာအနက်။]

အဘိဓာန်၌ ဥဒ္ဒလောမိ, ဧကန္တလောမိ အခင်း ၂-ပါးသည်ပင်လျှင် ကချေသည်တကျိပ်ခြောက်ယောက် က-စလောက်အောင်ကျယ်ခဲ့မူ-ကုတ္တကဟူ၏။

တဒေဝ သောဠသိတ္ထီနံ၊ နစ္စယောဂ္ဂံ ဟိ ကုတ္တကံ။

[အဘိဓာန်။]

တဒေဝ၊ ထိုဥဒ္ဒလောမိ,ဧကန္တလောမိ အခင်း၂-ပါးသည်ပင်လျှင်ပေး၊ သီလက္ခန်ဋီကာသစ်မှာလည်း-တံပန ဥဒ္ဒလောမိ ဧကန္တလောမိ ဝိသေသမေဝ-ဟုဆို၍ အဘိဓာန် ဂါထာကိုဆောင်၏။

ကုတ္တကပုဒ်၌--

ကရောန္တိ ဧတ္ထနစ္စန္တိ ကုတ္တကံ၊ ကရ-ကရဏေ၊ တော၊ အာ ယ ၊ သကတ္ထေ ကော၊ ဘုဇာဒိ၊

[အဘိဓာန်ဋီကာ။]

ဤအလို ဒန္တဇ တ-ဒွေဘော်နှင့်လို၏၊ ကျမ်းဂန်တို့၌ မုဒ္ဒဇ ၄-ဒွေဘော်များ၏။ ။ကုတ္တကပြီး၏။

www.dhammaransi.com



## ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ

၁၄-၁၅-၁၆။ ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ ၃-ပါး၌—

၁။ ဟတ္ထတ္ထရ အဿတ္ထရာတိ ဟတ္ထိအဿပိဋ္ဌိသု အတ္ထရဏာ-ဝေ။ ရထတ္ထရေပိ ဧသေဝနယော။ "စမ္မက္ခန္ဓက, သီလက္ခန်, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား-ဟတ္ထတ္ထရာဒယော ဟတ္ထိ-ပိဋ္ဌာဒီသု အတ္ထရဏာဝေ၊ဟတ္ထိရူပါဒီနိ ဒဿေတွာ ကတ အတ္ထရဏာ စ-ဟူ၏။

၃။ ဟတ္ထိပိဋ္ဌေ အတ္ထရိတံ ဟတ္ထတ္ထရံနာမ။အဿတ္ထရ ရထတ္ထ ရေသုပိ ဧသေဝနယော။ "ဝိနိစ္ဆယဋီကာ"။

၄။ ဟတ္ထိအဿရထတ္ထရာ တေသံ ဥပရိ အတ္ထရဏကအတ္ထ ရာဝ။ "ခုဒ္ဒသိက္ခာဋီကာဟောင်း"။

၅။ ဟတ္ထိနော စ အဿာ စ ရထာ စာတိ ဒွန္ဒော။ တေသံ ပိဋ္ဌိသု အတ္ထရာတိ တပ္ပုရိသော။ "ဋီကာသစ်"။

ဟတ္ထတ္ထရာဒယော၊ ဟတ္ထတ္ထရ-စသည်တို့မည်သည်ကား။ ဟတ္ထိ-ပိဋ္ဌာဒီသု၊ ဆင်ကျောက်ကုန်းစသည်တို့၌။ အတ္ထရဏာဝေ၊ ခင်းအပ်သောအခင်းတို့ပင်တည်း။ ဟတ္ထိရူပါဒီနိ၊ ဆင်ရုပ်စသည်တို့ကို။ ဒဿေတွာ၊ ပြ၍။ ကတအတ္ထရဏာစ၊ ပြုအပ်သော အခင်းတို့သည်လည်း။ ဟတ္ထတ္ထရာဒယော၊ ဟတ္ထတ္ထရစသည်မည်ကုန်၏။

[အင်္ဂုတ္တိုရ်အဋ္ဌကထာအနက်၊ အကြွင်းပါဋ္ဌိစုံအနက်လွယ်ပြီ။]

ထို ၃-ပါးတို့တွင် ဟတ္ထတ္ထရ အခင်းကိုမဟာပိဋ္ဌိယကောဇော-ဟူ၍လည်းလာ၏။

မဟာပိဋ္ဌိယကောဇဝေန္တိ ဥဏ္ဏာမယော ပါဝါရသဒိသော ကောဇဝေါ။

[စီဝရက္ခန္ဓကအဋ္ဌကထာ။]

မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမညံ စတုရင်္ဂုလပုပ္ဖံ ကောဇဝံ။

[သာရတ္ထ, ဝိမတိ။]

www.dhammaransi.com



တနည်း—

ဟတ္ထတ္ထရ၊ ဆင်ကုန်းနှီး။ အဿတ္ထရ၊ မြင်းကုန်းနှီး။ ရထတ္ထရ၊ ရထားအခင်း-ဟူ၍ ဓမ္မသေနာပတိမောင်းထောင်ဆရာတော်, အုန်ကျောင်းဆရာတော်တို့ ဆိုသောအနက်အတိုင်း ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရထားခွင်တို့နှင့်တိုင်း၍ ချုပ်လုပ်အပ်သော လဲသွတ်သော ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားပေါ်၌ ခင်းသော လက် ၃-သစ်, ၄-သစ် ထူသော ရထားအခင်းတို့ကို ဟတ္ထတ္ထရစသည်ယူ။

မဟာပိဋ္ဌိယမှာ ဆင်ကျောက်ကုန်း၌ ခင်းလောက်သော ဂေါနကကော်ဇောစသည်ကိုယူ၊ မဟန္တံ ပိဋ္ဌံ အဿာတိ မဟာပိဋ္ဌိယံ-ပြု၍ ညောင်စောင်းပမာဏထက် ကျယ်သောအပြင်ရှိသော ကော်ဇောကြီးမျိုး-ဟူ၍လည်းဆိုသင့်၏။ ။ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ ၃-ပါးပြီး၏။

### အဇိနပဝေဏီ

၁၇။ အဇိနပဝေဏီ၌—

၁။ အဇိနပဝေဏီတိ အဇိနစမ္မေဟိ မဉ္စပ္ပမာဏေန သိဗ္ဗိတွာ ကတပဝေဏီ။ "အဋ္ဌကထာ ၄-ကျမ်း"။

၂။ အဇိနစမ္မေဟီတိ အဇိနမိဂစမ္မေဟိ ဟာနိ ကိရ စမ္မာနိ သုခုမတရာနိ။ တသ္မာ ဒုပဋ္ဋ တိပဋ္ဋာနိ ကတွာ သိဗ္ဗန္တိ။ တေန ဝုတ္တံ အဇိနပဝေဏီတိ။ "သာရတ္ထ သီလက္ခန်, အင်္ဂုတ္တိုရ်ဋီကာ"။

၃။ ဥပရူပရိ ထပေတွာ သိဗ္ဗနဝသေန ဟိ သန္တတိဘူတာ ပဝေဏီတိ ဝုစ္စတိ။ "သီလက္ခန်ဋီကာသစ်"။

၄။ အဇိနမိဂစမ္မာနံ အတိသုခုမတ္တာ ဒုပဋ္ဋ တိပဋ္ဋာနိ ကတွာ သိဗ္ဗန္တီတိ ဝုတ္တံ အဇိနပဝေဏီတိ။ "ဝိမတိ"။

၅။ အဇိနပဝေဏီနာမ အဇိန စမ္မေဟိ မဉ္စပ္ပမာဏေန သိဗ္ဗိတွာ ကတာ ပဝေဏီ။ တာနိ ကိရ စမ္မာနိ သုခုမတရာနိ။ တသ္မာ ဒုပဋ္ဋ တိပဋ္ဋာနိ ကတွာ သိဗ္ဗန္တိ။တေန ဝုတ္တံ အဇိန-ပဝေဏီတိ။ "ပါရိဇ္ဇယဋီကာ"။

www.dhammaransi.com



အဇိနပဝေဏီတိ၊ အဇိနပဝေဏီ-ဟူသည်ကား။ အဇိနစမ္မေဟိ၊ သစ်နက်ရေတို့ဖြင့်။ မဥ္စပ္ပမာဏေန၊ ညောင်စောင်းပမာဏ အားဖြင့်။ သိဗ္ဗိတွာ၊ ချုပ်၍။ ကတပဝေဏီ၊ ပြုအပ်သော အခင်းအဘွဲတည်း။ဝါ၊ အခင်းအလျှဉ်တည်း။

[အဋ္ဌကထာအနက်။]

အဇိနစမ္မေဟီတိ၊ အဇိနစမ္မေဟိ-ဟူသည်ကား။ အဇိနမိဂစမ္မေဟိ၊ အဇိနမည်သော သား၏အရေတို့ဖြင့်။ ကိရ၊ ကြားဘူးသည်ကား။ တာနိစမ္မာနိ၊ ထိုအရေတို့သည်။ သုခုမတရာနိ၊ အလွန်နူးညံ့ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ဒုပဋ္ဋ တိပဋ္ဋာနိ၊ ၂-ထပ် ၃-ထပ်တို့ကို။ ကတွာ၊ ပြု၍။ သိဗ္ဗန္တိ၊ ချုပ်ကြကုန်သတတ်။ တေန၊ ထို့ကြောင့်။ အဇိနပဝေဏီတိ၊ အဇိနပဝေဏီ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

၂-ထပ် ၃-ထပ်ဘွဲ့မှုရှိသောကြောင့် ပဝေဏီခေါ်သည်-ဟူလို။

[သာရတ္ထအနက်။]

ဟိသစ္စံ၊ မှန်၏။ ဥပရူပရိ၊ အဆင့်ဆင့်။ ထပေတွာ၊ ထား၍။သိဗ္ဗနဝသေန၊ ချုပ်ခြင်း၏အစွမ်းဖြင့်။ သန္တတိဘူတာ၊ အစဉ်ဖြစ်သည်ဖြစ်၍။ ပဝေဏီတိ၊ ပဝေဏီ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဋီကာသစ်အနက်။]

အဇိနပဝေဏီကဒလိ၊ မိဂပ္ပဝရအတ္ထရာ။

[ခုဒ္ဒသိက္ခာ။]

ဤ၌- အဇိနပဝေဏီ စ ကဒလိမိဂပဝရအတ္ထရဥ္စ-ဟုဒွန်ပြု၊ ဗဟုဝုစ်ချ။

ဋီကာဟောင်း၌ကား-

ထို ၂-ပုဒ်ကို အတ္ထရ-ပုဒ်နှင့် တတိယာတပ္ပုရိသ်လုပ်၏၊ ယင်းကို ဋီကာသစ်ပယ်လေပြီ၊ ၎င်းဋီကာသစ်အလိုကား-ဒွန်ပုဒ်မဟုတ်၊အဇိနပဝေဏီတပုဒ်,ကဒလိမိဂပဝရအတ္ထရတပုဒ် ဧကဝုစ်နှင့်ရှိလို၏။ ။အဇိနပဝေဏီပြီး၏။

www.dhammaransi.com



## ကာဠိမိဂပပရပစ္စတ္ထရဏ

၁၀။ ကာဠိမိဂပဝရပစ္စတ္ထရဏာဒ်—

ကာဠိမိဂပဝရပစ္စတ္ထရဏန္တိ ကာဠိမိဂစမ္မံနာမအတ္ထိ၊ တော န ကတံ ပဝရပစ္စတ္ထရဏံ၊ ဥတ္တမ ပစ္စတ္ထရဏန္တိ အတ္ထော။ တံ ကိရ သေတဝတ္ထဿ ဥပရိ ကာဠိမိဂစမ္မံ ပတ္ထရိတွာ သိဗ္ဗိတွာ ကရောန္တိ။

''စမ္မ ဗ္ဗန္ဓက, သီလက္ခန်,အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ် အဋ္ဌကထာ''။

[ကြွင်းသောဋီကာများ၌ အထူးမရှိလှပြီ။]

ကာဠိမိဂပဝရပစ္စတ္ထရဏန္တိ၊ ကာဠိမိဂပဝရပစ္စတ္ထရဏ ဟူသည် ကား။ ကာဠိမိဂစမ္မံနာမ၊ ဝံပိုင့်မည်သော သား၏ အရေမည်သည်။ အတ္ထိ၊ ၏။ တေန၊ ထိုဝံပိုင့်ရေဖြင့်။ ကတံ၊ ပြုအပ်သော။ ပဝရပစ္စတ္ထရဏံ၊ မြတ်သောအခင်းတည်း။ ဥတ္တမပစ္စတ္ထရဏံ၊ မြတ်သောအခင်း တည်း။ ဣတိ၊ ဤကား။ အတ္ထော၊ အနက်တည်း။ ကိရ၊ ကြားဘူးသည် ကား။ တံ၊ ထိုအခင်းကို။ သေတဝတ္ထဿ၊ အဝတ်ဖြူ၏။ ဥပရိ၊အထက် ၌။ ကာဠိမိဂစမ္မံ၊ ဝံပိုင့်မည်သော သား၏အရေကို။ ပတ္ထရိတွာ၊ ခင်း ၍။ သိဗ္ဗိတွာ၊ ချုပ်၍။ ကရောန္တိ၊ ပြုကြကုန်သတတ်။

[အဋ္ဌကထာအနက်။]

ကာဠိမိဂေါတိ မဟ္ဂါရောကာရဂေါ။ တဿ စမ္မေန ကတံ ပဝရပစ္စတ္ထရဏံ။ပ။တသ္မာ သုဒ္ဓမေဝ ကာဠိမိဂစမ္မံ ဝဋ္ဋတီတိ ဝဒန္တိ။

[သီလက္ခန် ဋီကာသစ်။]

မဟ္ဂါရောကာရမိဂေါ၊ အိမ်ကြောင်နှင့် တူသော သဏ္ဍာန်ရှိသော သားတည်း။ပေ။

ဝံပိုင့်ရေသည် အကျယ်မပြဲ ပြုလေရကား-သုဒ္ဓမေဝကာဠိမိဂစမ္မံ ဝဋ္ဋတိ-ဟူသည်ကိုဆင်ခြင်။ ။ကာဠိမိဂပဝရပစ္စတ္ထရဏပြီး၏။

## သဥတ္တရစ္ဆဒ

၁၉။ သဥတ္တရစ္ဆဒ်—

၁။ သဥတ္တရစ္ဆဒန္တိ သဟ ဥတ္တရစ္ဆဒေန၊ ဥပရိဗဒ္ဓေန ရတ္တဝိတာ နေန သဒ္ဓိန္တိ အတ္ထော။''စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်း သင်္ဂြိုဟ်အဋ္ဌကထာ''

www.dhammaransi.com



၂။ ဥတ္တရံ ဥပရိဘာဂံ ဆာဒေတီတိ ဥတ္တရစ္ဆဒေါ။ "သာရတ္တ,
သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနယာလင်္ကာရဋီကာ"။
သဟဥတ္တရစ္ဆဒေနာတိ သဥတ္တရစ္ဆဒံ-ပြု။

ယံအာသနံ၊ အကြင်နေရာသည်။ ဥတ္တရစ္ဆဒေန၊ အထက်၌မိုးအပ်သော ဗိတာန်နီ မျက်နှာကြက်နီနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ တံအာသနံ၊ ထိုနေရာသည်။ သဥတ္တရစ္ဆဒံ၊သဥတ္တရစ္ဆဒမည်၏။

[အထက်၌ ဗိတာန်နီကြက်၍ မိုး၍ ထားအပ်သော ညောင်စောင်းအင်းပျဉ်ရ၏။]

ထို့ကြောင့် ဝိနိစ္ဆယဋီကာ၌—

ဟေဋ္ဌာရတ္တဝိတာနဿာတိ ကုသုမ္ဘာဒိရတ္တဿ လောဟိတဝိတာနဿ ဟေဋ္ဌာ ကပ္ပိယပစ္စတ္ထရဏေဟိ အတ္ထတံ အာသနဉ္စ နဝဋ္ဋတိ။

ဟုအာသနသဒ္ဒါနှင့်လာပေ၏၊ အာသနဆိုသည်လည်း ညောင်စောင်းအင်းပျဉ်တည်း။

ထို့ကြောင့် တိကနိပါတ်၌—

တတြဿ ပလ္လင်္ကော ဂေါနကတ္ထတော ပဋိကတ္ထတော ပဋလိကတ္ထတော ကဒလိမိဂပဝရပစ္စတ္ထရဏတ္ထတော သဥတ္တရစ္ဆဒေါ ဥဘတောလောဟိတကူပဓာနော။

ဟူ၍ဟောတော်မူ၏။

တတြ၊ ထိုပြာသာဒ်၌။ ဂေါနကတ္ထတော၊ ဂေါနကအခင်းဖြင့် ခင်းအပ်ထသော။ ပဋိကတ္ထတော၊ ပဋိကာအခင်းဖြင့် ခင်းအပ်ထသော။ ပဋလိကတ္ထတော၊ ပဋလိကာအခင်းဖြင့် ခင်းအပ်ထသော။ကဒလိမိဂပဝရပစ္စတ္ထရဏတ္ထတော၊ ဝံပိုင့်ရေအုပ်သော မြတ်သောအခင်းဖြင့်လွှမ်းအပ်ထသော။ သဥတ္တရစ္ဆဒေါ၊ အထက်၌ ဖြန့်ကြက်အုပ်မိုးသော ဗိတာန်နီမျက်နှာကြက်နီလည်းရှိထသော။ ဥဘတော လောဟိတကူပဓာနော၊ခြေရင်း ခေါင်းရင်း၂-ဌာန၌ ထားအပ်သော ခြေအုံးနီ,ခေါင်းအုံးနီလည်းရှိထသော။ ပလ္လင်္ကော၊ ပလ္လင်သည်။ အဿ၊ရှိရာ၏။

[ပါဠိတော်အနက်။]

www.dhammaransi.com



ဤပါဠိတော်၌ သဥတ္တရစ္ဆဒေါ, ဥဘတော လောဟိတကူပဓာနော- ဟူသော ဩကာရန္တပုလ္လိင် ၂- ပုဒ်၏အရသည် ပလ္လင်္ကော ပေတည်း၊ ထို့ကြောင့် ၂- ပုဒ်လုံးကို အညပဒတ္ထသမာသ်ဝိဂြိုဟ်ဆို၍ ပလ္လင်ကို အညပုဒ်အရယူ။

ထို့အတူ သဥတ္တရစ္ဆဒံ, ဥဘတောလောဟိတကူပဓာနံ- ဟူသော ဝိနည်းပုဒ်တို့၌လည်း ညောင်စောင်းအခင်းပျဉ်ကို အညပုဒ်အရယူ၊ နောက် ဥဘတောလောဟိတကူပဓာန- ပုဒ်အဘွင့်၌လည်း မဉ္စဿ- ဟူ၍ဘွင့်ဆိုလတ္တံ့။

ခုဒ္ဒသိက္ခာဋီကာသစ်၌ကား—

သလောဟိတ ဝိတာနန္တိ တံ ဥဘတောရတ္တူပဓာနကန္တိ ဣမဿ ဝိသေသနံ။

ဟုဆို၏။

ဤအလို-ရှေးပုဒ်ကို သဟ ဥတ္တရစ္ဆဒေနာတိ သဥတ္တရစ္ဆဒံ-ပြု၍ အုံးနှိ ၂-ခုကို အညပုဒ် အရယူလို၏၊ ဥဘတောလောဟိတကူပဓာန- ပုဒ်ကိုလည်း ဥတ္တရပဒတ္ထသမာသ်ပြုလို၏၊ အထက်၌ ကြက်မိုးသော ဗိတာန်နီ ရှိသောအုံးနီ ၂-ခုဆိုလို၏၊ အောက်ကပြခဲ့ပြီးသော ပါဠိ တော်စသည်နှင့်မျိုးအဋ္ဌကထာ၌လည်း ဗိတာန်နီကိုအကပ္ပိယ အခင်း နှင့် ဘက်တွဲ၍သာမိစ်ဆံ၏၊ အုံးနီနှင့် ဘက်တွဲ၍ မစိစ်၊ ဗိတာန်နီသာရှိ ၍ အုံးနီ ၂-ခုမရှိသော် ဘယ်သို့၊ အုံးနီ ၂-ခုသာရှိ၍ ဗိတာန်နီမရှိခဲ့ သော် ဘယ်သို့-ဟုအဆိုမရှိ၊ ထို့ကြောင့် ထိုဋီကာကိုဆင်ခြင်။ ။ သဥတ္တရစ္ဆဒပြီး၏။

ဥဘတောလောဟိတကူပဓာန

၂၀။ ဥဘတောလောဟိတကူပဓာန၌—

ဥဘတောလောဟိတကူပဓာနန္တိ သီသုပဓာနဉ္စ ပါဒုပဓာ နဉ္စာတိ မဉ္စဿ ဥဘတော လောဟိတကံ ဥပဓာနံ။

[စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ။]

ဋီကာတို့၌လည်း ဤနည်းတူပင် ဘွင့်ကြကုန်၏။

www.dhammaransi.com



ဥဘတောလောဟိတကူပဓာနန္တိ၊ ဥဘတောလောဟိတကူပဓာနံ-ဟူသည်ကား။သီသုပဓာနဥ္စ၊ခေါင်းအုံးငှင်း။ပါဒုပဓာနဥ္စ၊ ခြေအုံးငှင်း။ ဣတိ၊ ဤသို့။ မဥ္စသ၊ ညောင်စောင်း၏။ ဥဘတော၊ ခေါင်းရင်း,ခြေရင်း ၂-ဌာနၥ္၌။ လောဟိတကံ၊ နီသော။ ဥပဓာနံ၊ အုံးတည်း။
[အဋ္ဌကထာအနက်။]

သရုပ်မျှကိုသာ ထုတ်ပြတော်မူသည်၊ ဝိဂြိုဟ်မှာမူကား—
ဥဘောသု ဌာနေသု ထပိတာနိ လောဟိတာနိ ဒွေ ဥပဓာနာနိ တေဿတိ-ဟုပြုလေ၊ဆရာတော် ဦးဗုဓ်လည်း ဗဟုဗ္ဗိဟိအနက်ဆိုပေ၏။ ။ဥဘတောလောဟိတကူပဓာနပြီး၏။
သရုပ်အားဖြင့်ခြားနား၍ပြခြင်းပြီး၏။

### ၅-ဋီကာတို့၌စိစစ်ချက်

ယခုအခါဋီကာတို့၌ စိစစ်ဘွယ်ကို အတန်ငယ်ပြဆိုဦးအံ့။
ဒီဃနိကာယအဋ္ဌကထာယံ ပန ထပေတွာ တူလိကံ သဗ္ဗာ-နေဝဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ ဝဋ္ဋန္တီတိ ဝုတ္တံ။
[သီလက္ခန်အဋ္ဌကထာ။]

ဒီဃနိကာယအဋ္ဌကထာယံ ပန၊ ဒီဃနိကာယ်မဟာ အဋ္ဌကထာရင်း၌ကား။ ပေး။

ဤဝါကျမှာ အချို့စာ၌ နဝဋ္ဋန္တိ-ရှိ၏၊ အချို့စာ၌ ဝဋ္ဋန္တိ-ရှိ၏။ ဋီကာတို့ ဘွင့်ချက်အလို န-မရှိသောဝဋ္ဋန္တိသာရှိလို၏၊ ပဋိက္ခိတ္တပါဠိတော်ကြီးကို ဘွင့်သော မဟာအဋ္ဌကထာဆရာသည် ရတနာချုပ်လျက်ပင် အပ်၏ဟုမဆိုတန်ရာ၊ ထို့ကြောင့်—
ကင္စိဿဥ္စ ကောသေယျဥ္စ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋန္တိ၊ သုဒ္ဓါနိ ဝဋ္ဋန္တိ။
ဟူသောခုဒ္ဒသိက္ခာ ဋီကာဟောင်းမှာ ရှိသောပါဌ်ကဲ့သို့—
သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋန္တိ၊ သုဒ္ဓါနိ ဝဋ္ဋန္တိ။
ဟုရှိရင်းဖြစ်ရာသည်။

www.dhammaransi.com



ဋီကာကြီး၌ကား—

ထပေတွာတူလိကန္တိ စေတေန ရတနပရိသိဗ္ဗနရဟိတာပိ တူလိကာ နာဋ္ဌတိတိ ဒီပေတိ။ ရတနပရိသိဗ္ဗိတာနိတိဣမိနာ ယာနိရတနပရိသိဗ္ဗိတာနိ၊တာနိ ဘူမတ္ထရဏာဝသေန ယထာ-နုရူပံ မဉ္စပီဌာဒီသုစ ဥပနေတုံ ဝဋ္ဋန္တီတိ ဒီပိတံ ဟောတိ။

ဟုပါဠိရှိ၏၊ ဋီကာအရပ်ရပ်တို့၌လည်း ဤပါဠိအတိုင်းရှိကြ၏။

ဤပါဠိအလိုသော်ရတနာ ခြယ်လယ်လျက်ပင် ညောင်စောင်းအင်းပျဉ်၌ ခင်းရ၏-ဆိုလိုသည်၊ ထိုသို့ဖြစ်ခဲ့မူ ဤဂေါနက စသည်တို့ကို အကပ္ပိယမဟာသယန၌ဟောတော်မူခြင်းသည် မသင့်သောဟောခြင်း, ချွတ်ယွင်းသောဟောခြင်းသာ ဖြစ်ခဲ့ရာ၏၊ ပါဠိတော်ကို ထိုသို့ဆိုခြင်းငှါလည်းမသင့်၊ အကပ္ပိယအချက်သည် ကေန္တရှိသင့်၏၊ အဘွင့်ဆရာတို့လည်းကေန္တပြုဆိုသင့်၏။

ထို့ကြောင့်—

ရတနပရိသိဗ္ဗိတာနိပိတိဣမိနာ ယာနိရတနပရိသိဗ္ဗိတာနိ၊ ဟာနိ ဘူမတ္ထရဏာ ဝသေန။ ယာနိ ရတနပရိသိဗ္ဗနရဟိတာ-နိ၊တာနိ ယထာနုရူပံ မဉ္စပီဌာဒီသု စ ဥပနေတုံ ဝဋ္ဋန္တီတိ ဒီပိ-တံ ဟောတိ။

ဟူ၍သာလျှင် မူရင်းပါဠိမှန်ဖြစ်ပေရာသည်၊ ယာနိ-ဟု ချိသည်ကို မြင်၍လည်း ၂-ဝါကျဝေဘန်လိုမူ ထင်ရှားပါ၏၊ အဋ္ဌကထာ၌ပိသဒ္ဒါရှိရင်းကိုလည်း သိသာ၏၊ ယာနိတာနိ-ဟုသုတိတူသဒ္ဒါချင်းကွေးယှက်သောကြောင့်ဝါကျတခု ကျပျောက်၍နေသည်ဟုသိသင့်၏။

ဝဇိရဗုဒ္ဓိ, သာရတ္ထ, ဝိမတိ, ဝိနိစ္ဆယ, သီလက္ခန်ဋီကာသစ်-စသော ဋီကာအရပ်ရပ်တို့၌ ဒီဃနိကာယ် မဟာအဋ္ဌကထာ မှာသုတ္တန်ဒေသနာဖြစ်သည်နှင့်အညီ လူတို့ကိုသပြိပ်ခြင်းငှါ ရတနပရိသိဗ္ဗိတာနိဝဋ္ဋန္တိ-ဆိုသည်ဟုဖြေဆိုကြကုန်၏။

လူဥပုသ်သည်တို့အား ရတနာခြယ်လယ်သောဂေါနကစသည်တို့ကို ညောင်စောင်း အင်းပျဉ်၌ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှါအပ်၏၊ ဥစ္စာသယနသိက္ခာပုဒ်မပျက်-ဟူသောအနက်သည် သက်သက်မလျော် လေရကား-ယို့ဋီကာတို့စကားကိုလည်းဆင်ခြင်အပ်၏။

www.dhammaransi.com



ဤသို့လျှင်--

ယာနိ ရတနပရိသိဗ္ဗိတာနိ၊ တာနိဘူမတ္ထရဏဝသေန ယ-
ထာနုရူပံ မဇ္ဈပိဋ္ဌာဒိသု စ ဥပနေတုံ ဝဋ္ဋန္တီတိ ဒီပိတံ ဟောတိ။

ဟုရှိသော ဋီကာပါဌ်အတိုင်း ယူခဲ့သည်ရှိသော် အလွန် မသင့်
မလျော်သော ဝိရောဓိအပြစ်နှင့် ယှဉ်ခြင်းကြောင့် ထိုပါဌ်အတိုင်းကို
မယူမူ၍--

ယာနိ ရတနပရိသိဗ္ဗိတာနိ၊တာနိ ဘူမတ္ထရဏဝသေန၊ယာနိ
ရတနပရိသိဗ္ဗနရဟိတာနိ၊ တာနိ ယထာနုရူပံ မဇ္ဈပိဋ္ဌာဒိသု စ
ဥပနေတုံ ဝဋ္ဋန္တီတိ ဒီပိတံ ဟောတိ။

ဟူသော ပါဌ်ကိုသာ ယုံကြည်အပ်သတည်း။

ဤပါဌ်အတိုင်းပင် ယူသော်လည်း ရတနာချုပ်ခြင်းမှ ကင်းသော
ဝေါနကစသည်တို့ကို ညောင်စောင်း စသည်တို့၌ ဆောင်ခြင်းငှါအပ်
ကုန်၏-ဟူသောအနက်ကို အရှင်မဟာဗုဒ္ဓဃောသ ဆရာမနှစ်သက်
သောကြောင့် ဒီဃနိကာယဋ္ဌကထာယံ ပန ဝုတ္တံ- ဆိုပြီးလျှင်အဆုံး၌
ဝိနည်းပါဠိတော်ရှိတိုင်း မိမိအလိုကိုပြဆိုတော်မူသတည်း။

[ပညာရှိအများတို့စဉ်းစားကြရန်အချက်။]

ဝိနိစ္ဆယဋီကာ၌--

အာသန္ဒိံ ပနပလ္လင်္ကံ၊ ထပေတွာ တူလိကံပိစ။
သေသကံ ပန သဗ္ဗမ္ပိ၊လဗ္ဘတေ ဂိဟိသန္တကေ။
ဓမ္မာသနေ အနာပတ္တိ၊ဘတ္တဂ္ဂေပိ နိသီဒိတုံ။
ဘူမတ္ထရဏကေ တတ္ထ၊ သယိတုံပါပိ ဝဋ္ဋတိ။

ဟူသောဂါထာအဖွင့်၌--

ဓမ္မာသနာဒိပဒေသနိယမေန တတော အညတ္ထ ဂိဟိဟိ
ပညတ္တေပိ တတ္ထ နိသီဒိတုံ န ဝဋ္ဋတီတိ ဇ္ဈာပိတိရေကတော ဝိ-
ညာယတိ။

ဟုဆို၏။

၁။ ဓမ္မာသန,

၂။ ဘတ္တဂ္ဂ,

၃။ အန္တရဃရ,

www.dhammaransi.com



၍၃-ဌာနကိုသာ ပြဆိုသောကြောင့် ၍၃-ဌာနမှတပါး တခြားသောဌာန၌ လူတို့ဥစ္စာကို လူတို့အလိုအလျောက် ခင်း၍ပေးသော်လည်း ထိုင်ခြင်းငှါမအပ်ဟု ဗျတိရေကနည်းအားဖြင့် သိအပ်၏-ဟူလိုသည်။

ထိုစကားမသင့် ပါဠိတော်၌ အရပ်ဒေသကိုမှတ်၍ ပညတ်တော်မူသည်မဟုတ်၊ ဂိဟိဝိကဋံ ပရိဘုဉ္ဇိတုံ-ဟူ၍ ဂိဟိဝိကဋဖြစ်ခဲ့လျှင် သုံးဆောင်စေ-ဟူ၍သာဟောတော်မူသည်၊ အဋ္ဌကထာတို့၌လည်းအကြင်အရပ်ဌာန၌ ရဟန်းတို့သည် ဂိဟိဝိကဋကို တွေ့ကြုံတတ်ကုန်၏၊ ထိုအရပ်တို့ကို ဥပလက္ခဏနည်းအားဖြင့်မှတ်၍ ပြခြင်းငှါသာလျှင်ဓမ္မာသန, ဘတ္တဂ္ဂ, အန္တရဃရ ၃-ဌာနကိုပြကြကုန်သည်၊ ထို၃- ဌာနမှ တပါးသောကျောင်းတွင်း ကျောင်းပ တောအရပ်,တောင်အရပ်,မြေအရပ်, ရေအရပ်, လှေအရပ်, သင်္ဘောအရပ် စသည်တို့၌ ဂိဟိဝိကဋမအပ်၍ ပြကြကုန်သည်မဟုတ်၊ ထို့ကြောင့် လူတို့ဥစ္စာကို လူတို့အလိုအလျောက်ခင်း၍ပေးခဲ့မူ ဘယ်နေရာမှာမဆို ထိုင်ရှုံမူကား-ထိုင်ရ၏မှတ်၊ တရပ်။

ဘူမတ္ထရဏကေ တတ္ထ၊ သယိတုံစာပိ ဝဋ္ဋတိ။

၍ပါဒ၏အဘွင့်၌—

ဘူမတ္ထရဏကေတိတ္ထေ ကတေတိ သေသော။ တတ္ထာတိသံယိကေဝါ ဂိဟိသန္တကေဝါ ဝေါနကာဒိမှိ သဟဓမ္မိကေဟိ အနာဏတ္တေဟိ ဂိဟီဟိ ဘူမတ္ထရဏေ ကတေ။ သယိတုံစာပိ ဝဋ္ဋတီတိ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ကတွာ နိပဇ္ဇိတုံ ဝဋ္ဋတိ။ အပိသဒ္ဒေန နိသီဒိတုံစာပီတိ သမုစ္စိနောတိ။ ဘူမတ္ထရဏေ ကတေတိဣမိနာ ဂိဟီဟိဝေ မဥ္စပီဌာဒီသု သယနတ္ထံ အတ္ထတေ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ဒတွာ သယိတုံဝါ နိပဇ္ဇိတုံဝါ နဝဋ္ဋတီတိ ဒီပေတိ။

[ဝိနိစ္ဆယဋီကာ။]

၍ဋီကာ၌—

သဟဓမ္မိကေဟိ အနာဏတ္တေဟိ ဂိဟီဟိ ဘူမတ္ထရဏေကတေ-ဟူသောစကားသည်မသင့်၊ အနုဇာနာမိ ဘိက္ခဝေ အဝသေသံ ဘူမတ္ထ-

www.dhammaransi.com



ရဏံကာတုံ-ဟူသောပါဠိတော်သည် ဘုမ္မတ္ထရဏကိစ္စ၌ကား-လူတို့ကို အခင်းစေခိုင်းအပ်ရုံမျှမကသေး၊ သံဃိက, ပုဂ္ဂလိကတို့ကို ရဟန်း, သာမဏေတို့ကိုယ်တိုင်ပင် ခင်း၍ အိပ်ခြင်း ထိုင်ခြင်းကို ခွင့်ပြုတော်မူသော ပါဠိတော်ပေတည်း၊ ထို့ကြောင့် ဘုမ္မတ္ထရဏကိစ္စအရာ၌ ရဟန်းတို့ဥစ္စာ, လူတို့ဥစ္စာမရွေး၊ ရဟန်းတို့ကိုယ်တိုင် ခင်း၍ အိပ်လိုအိပ်, ထိုင်လိုထိုင်၊ လူတို့ကို အခင်းစေခိုင်း၍ အိပ်လိုအိပ်,ထိုင်လိုထိုင်၊ အပြစ်မရှိသာမှတ်၊ သံဃိကဖြစ်ခဲ့မူ-ပုဂ္ဂလိကအပေါ် လွှမ်းခင်း၍ အိပ်ခြင်း ထိုင်ခြင်းကို ပြုရသည်။ ။တရပ်။

သယိတုံ စာပိ ဝဋ္ဋတီတိ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ကတွာ နိပဇ္ဇိတုံ ဝဋ္ဋတိ။

ဟူသောစကားသည်လည်း သံဃိက ဘုမ္မတ္ထရဏ၌ သင့်၏၊ပုဂ္ဂလိက ဂိဟိသန္တကဘုမ္မတ္ထရဏတို့၌ကား-ထိုအပေါ်၌ ပုဂ္ဂလိက အခင်းခင်းဘွယ်ကိစ္စ မရှိ။

အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတွာ နိပဇ္ဇိတုံ။
ဟူသောပါဠိသည် သံဃိကအရာ၌ ပညတ်သောပါဠိပေတည်း။

၍အရာ၌ ခုဒ္ဒသိက္ခာတွင် အုဌ်ကျောင်းဆရာတော် ဆုံးဖြတ်ချက် အလွန်ကောင်းလှပေ၏။

သယိတုံ စာပီတိ အတ္တနော ကပ္ပိယပစ္စတ္ထရဏံ အတ္ထရိတွာ သယိတုမ္ပိ နိသီဒိတုမ္ပိ။
[ခုဒ္ဒသိက္ခာဋီကာသစ်။]

၍ဋီကာလည်း သံဃိက၌သင့်၏၊ ပုဂ္ဂလိကဂိဟိသန္တကတို့၌ မသင့်။

တနည်း။ ။ပုဂ္ဂလိကပင်ဖြစ်သော်လည်း သံဃိကအနေနှင့် သုံးဆောင်ရသောကြောင့် သံဃိကနည်းကို ဘွင့်ဆိုကြသည်-ဟုယူ။

ဋီကာတို့၌စိစစ်ချက်ပြီး၏။

ပဌမခဏ်းပြီး၏။

www.dhammaransi.com



## (ခ) ဒုတိယခဏ်း

### ၁-အပ်မှုမအပ်မှု၌ ပါဠိတော်များ

ယခုအခါကပ္ပိယ, အကပ္ပိယအစီအရင်ကို ပြဆိုပေအံ့။

ဤအရာ၌ အကပ္ပိယဆိုသည်ကား–
အလှူခံခြင်းငှါ မအပ်သည်ကိုဆိုသည်လည်း မဟုတ်၊ ကိုင်တွယ်ထိပါးခြင်းငှါ မအပ်သည်ကို ဆိုသည်လည်းမဟုတ်၊ စင်စစ်မူကား- ပုဂ္ဂလိကလှူဒါန်း၍ရသော်လည်း ပုဂ္ဂလိကအနေနှင့် ဆောင်ခြင်းငှါ မအပ်သည်ကိုဇင်း, ခွင့်ပြုတော်မူသော ဂိဟိဝိကဋနီဟာရကို လွှတ်၍ ညောင်စောင်း, အင်းပျဉ်ပေါ်၌ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှါ မအပ်သည်ကိုဇင်း အကပ္ပိယဆိုသတည်း။

၁။ န ဘိက္ခဝေ ဥစ္စာသယန မဟာသယနာနိ ဓာရေတဗ္ဗာနိ။ သေယျထိဒံ၊အာသန္ဒိပလ္လင်္ကော။ လ။ ဥဘတောလောဟိတကူပဓာနံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ ''မဟာဝါ စမ္မက္ခန္ဓက၊ ဧချပ်''။

၂။ တေန ခေါပန သမယေန ရညော ပသေနဒိကောသလဿ အယျိကာ ကာလင်္ကတာ ဟောတိ။ တဿာ ကာလင်္ကတာယ သံဃဿ ဗဟုံ အကပ္ပိယဘဏ္ဍံ ဥပ္ပန္နံ ဟောတိ။သေယျထိဒံ၊ အာသန္ဒိ ပလ္လင်္ကော။ လ။ ဥဘတောလောဟိတကူပဓာနန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပရိဘုဉ္ဇိတုံ။ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတုံ။တူလိကံ ဝိဇဋေတွာ ဗိမ္ဗောဟနံ ကာတုံ။ အဝသေသံ ဘူမတ္ထရဏံ ကာတုံ။ ''စူဠဝါ၊သေနာသနက္ခန္ဓက၊ ပေချပ်''။

၃။ တေန ခေါပန သမယေန မနုဿာ ဘတ္တဂ္ဂေ အန္တရဃရေ ဥစ္စာသယန မဟာသယနာနိ ပညပေန္တိ။ သေယျထိဒံ၊ အာသန္ဒိံ ပလ္လင်္ကံ။ လ။ ဥဘတောလောဟိတကူပဓာနံ။ ဘိက္ခူ ကုက္ကုစ္စာယန္တာ န နိသီဒန္တိ။ဘဂဝတော ဧတမတ္ထံ အာရော-

www.dhammaransi.com



စေသုံ။ အနုဇာနာမိ ဘိက္ခဝေ ထပေတွာ ဟီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဋ္ဋံ အဘိနိသီဒိတုံ။ နတွေဝ အဘိနိပဇ္ဇိတုံ။ "စူဠဝါသေနာသနက္ခန္ဓက၊ ဗိချပ်"။

၄။ တေန ခေါ ပန သမယေန ဘိက္ခူ ခေါတပါဒကာ နိပဇ္ဇိတုံ ကုက္ကုစ္စာယန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတွာ နိပဇ္ဇိတုံ။ "စူဠဝါသေ-နာသနက္ခန္ဓက၊ ဖော်ချပ်"။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥစ္စာသယနမဟာသယနာနိ၊ ဥစ္စာသန, မဟာသယနအခင်းတို့ကို။နဓာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ သေယျ-ထိဒံ၊ အဘယ်တို့ကို မဆောင်အပ်ကုန်သနည်း ဟူမူကား။ အာသန္ဒိ၊ အာသန္ဒိကိုရင်း။ ပလ္လင်္ကော၊ ပလ္လင်္ကကိုရင်း။ လ။ ဥဘတောလောဟိ-တကူပဓာနံ၊ ဥဘတောလောဟိတကူပဓာနကိုရင်း။ ဣမာနိ၊ ဤသည်တို့ကို။ နဓာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ ယော၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ တဿ၊ ထိုရဟန်းအား။ဒုက္ကဋဿ၊ ဒုက္ကဋ်အပြစ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်၊ ဟောတိ။ဖြစ်၏။

[မဟာဝါစမ္မက္ခန္ဓကအနက်။]

ဤပါဠိ၌ အဆောင်ကို ပယ်မြစ်တော်မူသည်၊ အဆောင်ဆိုသည်ကို လည်း ဤဋီကာပါဌ်ဖြင့်သိအပ်၏။

ယထာ အနုဇာနာမိ ဘိက္ခဝေ သင်္ဃံ ပါသာဒ ပရိဘော-ဂန္တိဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသန ပရိ-ဘောဂဝသေန နိယမိတံ သုဝဏ္ဏာယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋ-မာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ဝေမိဒံ ဘူမတ္ထရဏဝသေန ပရိဘုဉ္ဇိယမာနမ္ပိ အတ္တနော သန္တကံ ကတွာ တံတံ ဝိဟာရံ ဟရိတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတီတိ ဒဿနတ္ထံ ပရိဟရဏေယေဝ ပဋိက္ခေပေါဝေဒိတဗ္ဗောတိ ဝုတ္တံ။

[ပဌမသေနာသနသိက္ခာပုဒ်-သာရတ္ထ။]

ပုဂ္ဂလိကအနေနှင့် ကပ္ပိယသားရေကို သွားရာ လာရာ ဆောင်၍ ခင်း၍ သုံးဆောင်သကဲ့သို့ ပုဂ္ဂလိက လျှေဒါန်း၍ ရသော်လည်း သွားရာ

www.dhammaransi.com



လာရာ ယူဆောင်၍ ခင်း၍ မသုံးဆောင်အပ်၊ ကျောင်းမှာသင့်တင့်သောနေရာ၌ အမြဲခင်းထား၍ ဝိဟာရ ပရိဘောဂ သညာနှင့်သာ သုံးဆောင်ရမည်ဟုလိုသည်၊ ဤပါဠိတော်မှာ သုံးဆောင်ရသော အစီအရင်မလာသေး၊ နောက်ပါဠိတော်မှာမှ လာလတ္တံ့။

၂။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ပသေနဒိ ကောသလဿ၊ ပသေနဒိကောသလအမည်ရှိသော။ ရညော၊ မင်း၏။ အယျိကာ၊ ဘွားတော်သည်။ ကာလင်္ကတာ၊ သေလွန်သည်။ ဟောတိ၊ ဖြစ်၏။ တဿာ၊ ထိုဘွားတော်သည်။ ကာလင်္ကတာယ၊ သေလွန်သည်ရှိသော်။ သံဃဿ၊ သံဃာအား။ ဗဟုံ၊ များစွာသော။ အကပ္ပိယဘဏ္ဍံ၊ အကပ္ပိယဘဏ္ဍာသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

[ဤနိဒါန်းဖြင့် အလှူခံခြင်းငှါအပ်သည်ကို သိအပ်၏။]

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ လျှောက်ကြားကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာသန္ဒိယာ၊ အာသန္ဒိ၏။ ပါဒေ၊ ပိုမို၍ရှည်သောခြေတို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ပလ္လင်္ကဿ၊ ပလ္လင်၏။ ဝါဠေ၊ သားရဲရုပ်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ပရိဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ တူလိကံ၊ လဲသွတ်သောအခင်းကို။ ဝိဇဋေတွာ၊ ဖြေဖျက်၍။ ဗိမ္ဗောဟနံ၊ ခေါင်းအုံးကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အဝသေသံ၊ ကြွင်းသော ဂေါနကစသော်ဇော်စသည်ကို။ ဘုမ္မတ္ထရဏံ၊ မြေအခင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

[စူဠဝါသေနာသနက္ခန္ဓကအနက်။]

အဋ္ဌကထာ၌—

ဂေါနကာဒီနိ သံဃိကဝိဟာရေဝါ ပုဂ္ဂလိကဝိဟာရေ ဝါ
မဉ္စပီဌေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋန္တိ။ ဓမ္မာသနေ
ဂိဟိဝိကဋနီဟာရေန လဗ္ဘန္တိ။ တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋန္တိ။

ဟုဘွင့်၏။

ဂေါနကစသောဝတ္ထုတို့သည် သံဃိကကျောင်း၌သော်၎င်း,ပုဂ္ဂလိကကျောင်း၌သော်၎င်း ညောင်စောင်းအင်းပျဉ်တို့၌ခင်း၍ သုံးဆောင်ခြင်း

www.dhammaransi.com



ငှါ မအပ်ကုန်၊ တရားဟောနေရာဖြစ်သော ညောင်စောင်း အင်းပျဉ် ပလ္လင်၌မူကား-ခင်း၍ ဂိဟိဝိကဋ အနေအားဖြင့် သုံးဆောင်ခြင်းငှါ ရအပ်ကုန်၏၊ ထို၌လည်း ထိုင်ခြင်းငှါသာ ရအပ်ကုန်၏၊အိပ်ခြင်းငှါ မရအပ်ကုန်-ဟုလိုသည်။

ဂိဟိ ဝိကဋနီဟာရ ဆိုသည်ကား-ရဟန်း,သာမဏေတို့၏ စေခိုင်းခြင်းနှင့်ကင်း၍ကျောင်းရှိ ဝေါနက စသည်တို့ကို အရံစောင့်ကျောင်းသား, ရပ်သား, ရွာသားတို့အလိုအလျောက် ခင်းထားသည်ကို ဆိုလိုသည်၊ ကျောင်းရှိဝေါနကစသည်တို့ကို လူတို့ငှါးရမ်း၍ ပရိတ်ရွတ်, ဆွမ်းစဉ်, သံဃာစဉ်, ခဋင်ညောင်စောင်းတို့၌ ခင်းထားသည်ကိုလည်း သင်္ဂြိုဟ်လေ၊ ဤပါဠိတော်မှာ လူတို့ဥစ္စာမလာသေး၊ နောက်ပါဠိ-တော်မှာမှလာလတ္တံ့။

၃။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ မနုဿာ၊ လူတို့သည်။ ဘတ္တဂ္ဂေ၊ ဆွမ်းကျွေးရာဌာန၌၎င်း။ အန္တရဃရေ၊ မိမိတို့နေရာ ရွာတွင်း အိမ်တွင်း၌၎င်း။ ဥစ္စာသယန မဟာသယနာနိ၊ ဥစ္စာသယန, မဟာသယနအခင်းတို့ကို။ ပညပေန္တိ၊ ခင်းကြကုန်၏။လ။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကုက္ကုစ္စာယန္တာ၊ အလို့လို့ရှိကြကုန်၍။ နနိသီဒန္တိ၊ မထိုင်ကြကုန်။

[ဤ၌ ကုက္ကုစ္စာယန္တာ-ဟူသော ပါဌ်ဖြင့် ညောင်စောင်းအင်းပျဉ်ထက် ခင်းကြကုန်သည်ကို သိအပ်သည်။]

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊လျှောက်ကြားကြကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့။အာသန္ဒိံ၊ အာသန္ဒိကိုဝ၎င်း။ ပလ္လင်္ကံ၊ ပလ္လင်္ကကို၎င်း၊ တူလိကံ၊ လဲသွတ်သောအခင်းကို၎င်း။ တီဏိ၊ ၃-ပါးတို့ကို။ ထပေတွာ၊ ချန်ထား၍။ ဂိဟိဝိကဋံ၊ လူတို့ဥစ္စာနေရာ အထူးစု၌။ အဘိနိသီဒိတုံ၊ထိုင်ရုံ ထိုင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အဘိနိပဇ္ဇိတုံ၊လျောင်းခြင်းငှါမူကား။ နတွေဝအနုဇာနာမိ၊ခွင့်မပြုသည်သာတည်း။

[စူဠဝါဒေ သေနာသနက္ခန္ဓကအနက်။]

ဘတ္တဂ္ဂဆိုသည်ကား-ကျောင်းမှာဖြစ်စေ,ရွာတွင်းမှာဖြစ်စေ၊လူတို့၏ ရဟန်းသံဃာကို ဆွမ်းကျွေးသောဌာနကိုဆိုသည်၊ ထိုဌာန၌လူတို့ဥစ္စာ

www.dhammaransi.com



ကိုပင်ဖြစ်စေ, ကျောင်းဥစ္စာကိုပင် ဖြစ်စေ၊ လှူတို့အလိုအလျောက် ညောင်စောင်းအင်းပျဉ်၌ခင်း၍ ဆွမ်းကပ်ကြကုန်မူ-ထိုအပေါ်၌ထိုင်၍ စားအပ်၏၊ ရွာတွင်းသို့ဝင်သော ရဟန်းအားညောင်စောင်းအင်းပျဉ်၌ လှူတို့ခင်း၍ထားရာ၌လည်း ထိုင်ခြင်းငှါမျှ အပ်၏၊ ဘတ္တဂ္ဂ, အန္တရ-ဃရတို့၌သာမက ဂိဟိဝိကဋကို လှူတို့အလိုအလျောက်ခင်း၍ ပေးခဲ့မူ ဘယ်နေရာ၌မဆို ထိုင်ခြင်းငှါအပ်သည်သာမှတ်၊ ဤပါဠိတော်မှာ ပုဂ္ဂလိကပစ္စတ္ထရဏခင်းမှုမလာသေး၊နောက်ပါဠိတော်မှာမှလာလတ္တံ့။

၄။ တေနခေါပနသမယေန၊ ထိုအခါ၌။ ဓောတပါဒကာ၊ ဆေးသောခြေရှိကြကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိပ္ပဇ္ဇိတုံ၊ လျောင်းခြင်းငှါ။ ကုက္ကုစ္စာယန္တိ၊ အလိုလိုရှိကြကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ဤအကြောင်းကို။ အာရောစေသုံ၊လျှောက်ကြားကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စတ္ထရိတွာ၊ အပေါ်၌တထပ်ခင်း၍။ နိပ္ပဇ္ဇိတုံ၊ လျောင်းခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

[စူဠဝါသေနာသနက္ခန္ဓကအနက်၊]

ပစ္စတ္ထရိတွာတိ ပရိဘဏ္ဍကတံ ဘူမိံ ဝါ ဘူမတ္ထရဏ သေနာသနံ ဝါ သံဃိက မဉ္စပီဌံ ဝါ အတ္တနော သန္တကေန ပစ္စတ္ထရဏေန ပစ္စတ္ထရိတွာဝ နိပ္ပဇ္ဇိတဗ္ဗံ။

[အဋ္ဌကထာ။]

ပစ္စတ္ထရိတွာသိုသည်ကား-အပြေအပြစ်ပြုအပ်သော မြေကိုဇင်း, ဝေါနကစသော ဘူမတ္ထရဏအခင်းစုကိုဇင်း, သံဃိကညောင်စောင်း အင်းပျဉ်ကိုဇင်း, မိမိ၏ဥစ္စာဖြစ်သော အပေါ်လွှမ်း အခင်းဖြင့် ခင်း၍ သာအိပ်အပ်၏-ဟူလိုသည်၊ ဤ၌ အတ္တနော သန္တကေန ပစ္စတ္ထရဏေန-ဟူသောပါဠ်ဖြင့် သံဃိကအရာ၌ာနဖြစ်ကြောင်းကို သိ အပ်၏၊ ထို့ကြောင့် ဘူမတ္ထရဏအရာ၌ သံဃိက၌သာ ပုဂ္ဂလိကအခင်း လို၏၊ ပုဂ္ဂလိကဂိဟိသန္တကတို့၌ မလို-ဟုသိလေ၊ ဤအရာ၌ ဝုဒ္ဓသိက္ခာ တွင် အုပ်ကျောင်းဆရာတော် စီစစ်ပြီးရှိလေ၏။

အပ်မှု,မအပ်မှု၌ ပါဠိတော်ရင်းစုကို ရှင်းလင်းစွာသိနိုင်ရန်
ထုတ်ပြသောအခန်းပြီး၏။

www.dhammaransi.com



## ၂—အဋ္ဌကထာတို့၏နာနာဝါဒ

အာသန္ဒီ, ပလ္လင်,တူလိက၊ ဤ၃-ပါးတို့၏ ကပ္ပိယ, အကပ္ပိယ-အရာ၌ ဝါဒအကွဲအပြားမရှိကြ၊ ထိုမှကြွင်းသော ဂေါနကစသော အခင်းတို့၌ကား—

ဒီဃနိကာယ် မဟာအဋ္ဌကထာအလိုအားဖြင့် ထိုဂေါနကစသော အခင်းတို့သည် ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှု ရှိကုန်မှသာလျှင် အကပ္ပိယဖြစ်ကုန်သည်၊ ညောင်စောင်း, အင်းပျဉ်၌ ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှါမအပ်ကုန်သည်၊ ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှုမရှိ ပကတိသက်သက်ဖြစ်ကုန်မူကား-ညောင်စောင်း,အင်းပျဉ်၌ခင်း၍ အိပ်ခြင်း,ထိုင်ခြင်းကိုပြုခြင်းငှါ အပ်ကုန်၏။

> ဒီဃနိကာယအဋ္ဌကထာယံ ပန ထပေတွာ တူလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ နဝဋ္ဋန္တိ။ သုဒ္ဓါနိ ဝဋ္ဋန္တီတိ ဝုတ္တံ။
>
> [သီလက္ခန်အဋ္ဌကထာ။]

ဋီကာကြီးအလို-ရတနပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိ-ရှိလို၏။ ဘူမတ္ထရဏ-ကိစ္စ၌အပ်သည်ကို ဝဋ္ဋန္တိဆိုသည်၊ ရှေ့ပါဠိ၌ မဉ္စ,ပီဌတို့၌ မအပ်သည်ကို နဝဋ္ဋန္တိ-ဆိုသည်၊ အဓိပ္ပါယ်မှာမကွဲကြပြီ။

> ရတနပရိသိဗ္ဗိတာနိ ပိ တိ ဣမိနာ ယာနိ ရတနပရိသိဗ္ဗိတာ-နိ၊တာနိ ဘူမတ္ထရဏဝသေန။ယာနိ ရတနပရိသိဗ္ဗနရဟိတာနိ၊ တာနိ ယထာနုရူပံ မဉ္စပီဌာဒီသု စ ဥပနေတုံ ဝဋ္ဋန္တီတိ ဒီပိတံ ဟောတိ။
>
> [ဋီကာကြီး။]

အရှင်မဟာဗုဒ္ဓဃောသထေရ်အလိုအားဖြင့်ကား—

ကောသေယျအခင်း တခုသည်သာလျှင် ရတနာနှင့် မရောလျှင် အပ်သည်၊ ထိုမှကြွင်းသမျှသည့် ရတနာနှင့် မရောမဘက် သက်သက် ပင်ဖြစ်ငြားသော်လည်း အကပ္ပိယချည်းသာတည်း၊ မဉ္စ,ပီဌတို့၌ ခင်း၍ သုံးဆောင်ခြင်းငှါမအပ်။

www.dhammaransi.com



အာသန္ဒိအာဒီသု ပန ဝုတ္တနယေနေဝ ပဋိပတ္တိတဗ္ဗံ။ ဝုတ္တဉှေတံ အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပရိဘုဉ္ဇိတုံ၊ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတုံ၊ တူလိကံ ဝိဇဋေတွာ ဗိမ္ဗောဟနံ ကာတုံ၊ အဝသေသံ ဘူမတ္ထရဏံ ကာတုန္တိ။

[သီလက္ခန်အဋ္ဌကထာ။]

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား-ဘူမတ္ထရဏာဟိစ္စနှင့် အပ်သည်ကိုပင် ကပ္ပိယဆို၏။

လဒ္ဓါ စ ပန နကပ္ပန္တိ တိ ဧတ္တ ကိဉ္စိ ကပ္ပတိ။သုဒ္ဓကောသေယျဉ္စ မဉ္စေပိ အတ္ထရိတုံ ဝဋ္ဋတိ။ဂေါနကာဒယော ဘူမတ္ထရဏပရိဘောဂေန၊ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ တူလိကံ ဝိဇဋေတွာ ဗိမ္ဗောဟနံ ကာတုန္တိ ဝစနတော ဧတ္ထမာနိပိ ဧတေန ဝိဓာနေန ကပ္ပန္တိ။ အကပ္ပိယံ ပန ဥပါဒါယ သဗ္ဗာနေဝ အကပ္ပိယာနီတိ ဝုတ္တာနိ။

ဧတ္ထမာနိပိ၊ ဤအာသန္ဒိ, ပလ္လင်, တူလိက တို့သည်လည်း။ ဧတေနဝိဓာနေန၊ ဤအခြေကို ဖြတ်ခြင်း, သားရဲရုပ်ကို ဖျက်ခြင်း, လဲအခင်းကို ဖြေ၍ ခေါင်းအုံးပြုလုပ်ခြင်းအစီအရင်ဖြင့်။ ကပ္ပန္တိ၊အပ်ကုန်၏။ အကပ္ပိယံပန၊ မအပ်သော အစီအရင်ကိုကား။ ဥပါဒါယ၊ အစွဲပြု၍။ သဗ္ဗာနေဝ၊ အလုံးစုံတို့ကိုသာလျှင်။ အကပ္ပိယာနီတိ၊ မအပ်ကုန်ဟူ၍။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

[အင်္ဂုတ္တိုရ်အဋ္ဌကထာ။]

မအပ်သော အစီအရင်နှင့် သုံးဆောင်ခဲ့လျှင် အကုန်လုံးပင် အကပ္ပိယချည်းဖြစ်ကုန်၏၊ အပ်သော အစီအရင်နှင့် သုံးဆောင်ခဲ့လျှင် အကုန်လုံးပင် ကပ္ပိယချည်းဖြစ်ကုန်၏၊မြတ်စွာဘုရားသည်ကား- မအပ်သော အစီအရင်နှင့် သုံးဆောင်သည်ကို ရည်၍ လဒ္ဓါစပန နကပ္ပန္တိ-ဟု ဟောတော်မူသည်ဟူလိုသည်။

ဤအင်္ဂုတ္တိုရ်အဋ္ဌကထာမှာလည်း—

ကောသေယျ အခင်းတခုသည်သာလျှင် ရတနာနှင့် မရောခဲ့လျှင် ကပ္ပိယဖြစ်၏၊ ဂေါနကစသည်မှာမူကား-ရတနာနှင့်မရောသော်လည်း

www.dhammaransi.com



အကပ္ပိယချည်းသာတည်း၊ မစ္ဆ,ပိဋ္ဌတို့၌ခင်း၍ အိပ်ခြင်း, ထိုင်ခြင်းငှါ မအပ်ဟု ပြတော်မူ၏။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသထေရ် အလိုအားဖြင့် သုဒ္ဓကောသေယျတခုသည်သာ ကပ္ပိယရှိသည်၊ ကြွင်းသောဂေါနက စသည်တို့သည်မူကား-ရတနာနှင့်မရောကုန်သော်လည်း အကပ္ပိယတို့ချည်းသာ-ဟူသော အဆုံးအဖြတ်ကို သိအပ်သတည်း၊ အလုံးစုံသောဋီကာဆရာတို့လည်း ဤအဆုံးအဖြတ်အတိုင်းပင် တည်ကြကုန်သည်။

ဥဘတောလောဟိတကူပဓာနှ၌လည်း သီလက္ခန်အဋ္ဌကထာ၌—

အလောဟိတကာနိ ဒ္ဓေပိ ဝဋ္ဋန္တိယေဝ။ တတော ဥတ္တရိ လဘိတွာ အညေသံ ဒါတဗ္ဗာနိ။ ဒါတုံ အသက္ကောန္တော မဥ္စေ တိရိယံ အတ္ထရိတွာ ဥပရိ ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုမ္ပိ လဗ္ဘတိ။

ဟူ၍လာ၏။

အနီမဟုတ်သောခေါင်းအုံးတို့ကို များစွာရခဲ့လျှင် ညောင်စောင်းအပေါ်၌ ဘီလာခင်း၍ အထက်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းငှါ ရအပ်၏-ဟူလိုသည်၊ ဤ၌ ဂိလာနဟူ၍ အဆိုမပါ၊ ဝိနည်းအဋ္ဌကထာ၌ကား-ဂိလာနပုဂ္ဂိုလ်သည်သာ ထိုသို့ခင်း၍ အိပ်ခြင်းငှါရအပ်သည် ဟုဆို၏။

> အဂိလာနဿ သီသုပဓာနဉ္စ ပါဒုပဓာနဉ္စာတိ ဒွယမေဝ ဝဋ္ဋတိ။ ဂိလာနဿ ဗိမ္ဗောဟနာနိ ပတ္ထရိတွာ ဥပရိ ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုမ္ပိ ဝဋ္ဋတိ။
> [သေနာသနက္ခန္ဓကအဋ္ဌကထာ။]

အဋ္ဌကထာတို့၌ ကပ္ပိယ,အကပ္ပိယ အဆိုစကားကွဲပြားလျက်ရှိသည်ကို ပြဆိုသောအခန်းပြီး၏။

---

## ၃-ဝါဒညှိ၍ရှင်းလင်းချက်

ယခုအခါ အာသန္ဒိမှစ၍ ကပ္ပိယ, အကပ္ပိယ အစီအရင်ကို အစဉ်အတိုင်းပြဆိုပေအံ့။

www.dhammaransi.com



**အာသန္ဒီ**

၁။ အာသန္ဒီ-ပမာဏထက်လွန်၍ မြင့်သော အခြေရှိသောညောင်စောင်း,အင်းပျဉ်,ခုံ,ဘဒိုင်မျိုး။

ဤ၌ အလျားရှည်သော ညောင်စောင်း အင်းပျဉ်သည် သာလျှင် ပြဆိုခဲ့ပြီးသော ပမာဏကိုလွန်မှု အကပ္ပိယဖြစ်၏။

၁။ အလျား၏ထက်ဝက်အနံရှိမှု ညောင်စောင်းခေါ်၏။

၂။ အလျား၏ ထက်ဝက်ထက်လွန်သော အနံရှိမှု အင်းပျဉ်ခေါ်၏။

၃။ အလျား အနံညီမျှသော လေးထောင့်စတုရန်းဖြစ်မှု အာသန္ဒိ-ကအင်းပျဉ်ခေါ်၏။

ထိုအာသန္ဒိက အင်းပျဉ်မျိုးဖြစ်ပေမူကား-ပမာဏကို လွန်သော်လည်း ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ အာသန္ဒိကံ။
[ပါဠိ။]

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ အာသန္ဒိကန္တိ ဝစနတော အဋ္ဌင်္ဂုလတော ဥစ္စပါဒကောပိ အာသန္ဒိကော ဝဋ္ဋတိ။ ကေ-တော ဘာဂေန ဒီဃပီဌမေဝ ဟိ အဋ္ဌင်္ဂုလတော ဥစ္စပါဒကံ န ဝဋ္ဋတိ၊ တသ္မာ စတုရဿပီဌံ ပမာဏာတိက္ကန္တမ္ပိ ဝဋ္ဋတိ။
[ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာတော်ချပ်။]

အလျားရှည်သော ညောင်စောင်း အင်းပျဉ်ပင် ဖြစ်သော်လည်း ခေါင်းရင်း၌ အုံးတားတပ်သော ပဉ္စင်္ဂညောင်စောင်း အင်းပျဉ်မျိုးသည်၎င်း, ခေါင်းရင်း၌ အုံးတား, ဝဲယာ၌လက်တင်တပ်သောသတ္တင်္ဂညောင်စောင်း အင်းပျဉ်မျိုးသည်၎င်း ပမာဏထက်လွန်၍ မြင့်သော်လည်း ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ ပဉ္စင်္ဂံ။
အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္ပိ သတ္တင်္ဂံ။

www.dhammaransi.com



ပါဠိအဋ္ဌကထာတို့၌ တိုက်ရိုက်လာရှိသော အရာတို့၌ ပါဠိပါဌ်သား များစွာမထုတ်ပြီ၊ ဝိနည်းသင်္ဂြိုဟ် အဋ္ဌကထာ နောက်ဆုံးအပိုင်းမှာ တလုံးတစုတည်းလာသည်ဖြစ်၍ ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာပါဌ်ကိုသာ စိုးစဉ်းထုတ်ပြပါအံ့။

အနံ့ထက် အလျားရှည်လျက် အုံးတား လက်တင်မရှိသော ညောင်စောင်း အင်းပျဉ်မျိုးသည်သာလျှင် ပမာဏကိုလွန်မှု အကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပရိဘုဉ္ဇိတုံ။

ဟူ၍ဟောတော်မူသောကြောင့် အခြေ၌ ပမာဏထက် လွန်သော အဘို့ကို ဖြတ်၍ပစ်ခဲ့လျှင် ကပ္ပိယဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ထပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဋံ အဘိနိသီဒိတုံ။ နတွေဝ အဘိနိပဇ္ဇိတုံ။

ဟူ၍ ဟောတော်မူသောကြောင့် ပမာဏကို လွန်သော ညောင်စောင်း, အင်းပျဉ်, ခရင်,ဘဒိုင်ဖြစ်ခဲ့မူကား-လူတို့ဥစ္စာပင် ဖြစ်သော်လည်း အကပ္ပိယသာတည်း၊ ဓမ္မာသန, ဘတ္တဂ္ဂ, အန္တရဃရစသော တစုံတခုသော နေရာ၌ပင် ကပ္ပိယပရိယာယ်မရှိ၊ ညောင်စောင်း အင်းပျဉ်နှင့်စပ်သော ပါဠိတော်အရပ်ရပ်သည်—

အနုဇာနာမိ ဘိက္ခဝေ ဒုဝင်္ဂုလ မဉ္စံ ဒုဝင်္ဂုလ ပီဌံ။

ဟူသော ပါဠိတော်မှာကဲ့သို့ အလျား ၄-တောင်ထွာရှိသော ပမာဏယုတ္တတယောက်အိပ် ညောင်စောင်း, အင်းပျဉ်မျိုးကို ပမာဏပြု၍ဖြစ်သတည်း၊ ထို့ကြောင့် သံဃာစိကကုဋိ၌ ယင်းကုဋိ၏ အနံ့ပမာဏကို ပမာဏယုတ္တညောင်စောင်းဖြင့် ပိုင်းခြားပေ၏၊ထို့ကြောင့် အလျား ၄-တောင်ထွာထက်လွန်၍ ရှည်သော သံဃာစင် ခရင်ရှည်မျိုး, ကျောင်းတွင်း, ကျောင်းပ, ရွာတွင်း, ရွာပ, စရပ်တန်ဆောင်း, ရေအိုးစင်, သစ်ပင်ရင်းတို့၌ ခင်းထားသော ခရင်ကြီးမျိုးသည်ကား- ပမာဏကိုပင် လွန်၍မြင့်သော်လည်း အိပ်ခြင်း,ထိုင်ခြင်း၄ါ အပ်၏ဟု ယူသင့်သည်။ ။အာသန္ဒီပြီး၏။

www.dhammaransi.com

## ပလ္လက်

၂။ ပလ္လင်္ကော-အခြေ၌ အသေထုလုပ်အပ်သောသားရဲရုပ်ရှိသော ညောင်စောင်း,အင်းပျဉ်,ပလ္လင်,ဘဒိုင်အထူး။

ဤ၌ သိကြားမင်း၏ တယူဇနာရှိသော မဏိပလ္လင်ထက်၌ အရှင်မဟာမောဂ္ဂလာန် ထိုင်နေကြောင်း တဏှာသင်္ခယသုတ်၌ လာသည်၊ သုမနသာမဏေသည် ဘိုးတော်ဓမ္မာသောကမင်းကြီး၏ ရာဇပလ္လင်ထက်၌ထိုင်နေကြောင်း ဓမ္မာသောကဝတ္ထု၌လာသည်၊ဤသို့လာသည်များကိုထောက်၍ ဤ၌ပလ္လင်အရကို ညောင်စောင်း အင်းပျဉ်မျိုးဖြစ်သော အခြေ ၄-ခု, အခြေ ၆-ခု, အခြေ ၈-ခုစသည်ဖြင့် အခြေတပ်၍ပြုအပ်သော ကော့ပလ္လင်မျိုးကိုသာ လိုအပ်၏။

၁။ ဘုရားစေတီအတွင်း၌ ရုပ်ပွားဆင်းတု တည်ထားသော အခြေဟူ၍ အသီးအခြားမရှိ၊ မြေမှာစိုက်၍ လုပ်အပ်သော အုတ်ပလ္လင်, ကျောက်ပလ္လင်မျိုး။

၂။ မြေနန်းရာဇပလ္လင်, မြတိုက်ရာဇပလ္လင်များကဲ့သို့ သစ်သားကို ခွေ၍ လုပ်အပ်သောရာဇပလ္လင်မျိုး။

၃။ ပကတိမြေအပြင်ထက် အမြင့် ၁၄-တောင်, အလျားအနံ ၈-မင်းပယ်ရှိသော ဗောဓိပလ္လင်တော်။

၄။ ထို ၁၄-တောင်မြင့်သော ဗောဓိပလ္လင် မြေအပြင်၌ ဖြစ်ပေါ်လာသည်ဖြစ်၍ ၁၄-တောင်မြင့်သည် ဟူ၍ပင်ဆိုရသော အပရာဇိတ ရွှေပလ္လင်တော်။

အစရှိသော ပလ္လင်မျိုးတို့၌ကား-သားရဲရုပ်ပင်ရှိသော်လည်း ကပ္ပိယသာဟု ယူသင့်သည်။

ဤပလ္လင်၌လည်း–

အနုဇာနာမိ ဘိက္ခဝေ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတုံ။

ဟူ၍ဟောတော်မူသောကြောင့် သားရဲရုပ်ကိုဖျက်၍ပစ်လျှင် ကပ္ပိယဖြစ်၏။ ။ပလ္လက်ပြီး၏။

www.dhammaransi.com



## တူလိကာ

၃။ တူလိကာ—အတွင်း၌ သစ်သီး, သစ်ပွင့်, နွယ်သီး, နွယ်ပွင့်, မြက်သီး, မြက်ပွင့်တို့မှဖြစ်သော လဲမှို့သွတ်၍ပြုသော မွေ့ရာအခင်း။

မန္တလေးမြို့တော် အချုပ်တန်းမှဖြစ်သော မွေ့ရာဟူ၍၎င်း, ဖုံဟူ၍၎င်း, အိပ်ရာလိပ်ဟူ၍၎င်း, နေရာထိုင်ဟူ၍၎င်း အမျိုးမျိုးခေါ်ကြသော အလိပ်,ခေါက်ပြား ၂-မျိုးရှိသော အခင်းကိုဆိုသည်။

တူလိကာအခင်းသည်လည်း—

အနုဇာနာမိ ဘိက္ခဝေ ထပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ
တူလိကံ ဂိဟိဝိကဋံ ပရိဘုဉ္ဇိတုံ။

ဟူ၍ ဟောတော်မူသောကြောင့် လူတို့ဥစ္စာပင် ဖြစ်သော်လည်း အကပ္ပိယသာတည်း၊ဂိလာနပုဂ္ဂိုလ်အား ခေါင်းအုံးများစွာကိုညောင်စောင်းပေါ်မှာ ဘီလာခင်း၍ အထက်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းငှါအပ်၏ဟူသော အဋ္ဌကထာ၌ အပေါ်လွှမ်းခင်းမှုကို စီရင်ပေသည်ကား-ခေါင်းအုံး၌လဲရှိသည့်အတွက် ၍တူလိကာအခင်းလျှဉ်းပါးခြင်းကြောင့်ပေတည်း၊ ထို့ကြောင့် ဂိလာနပုဂ္ဂိုလ်အား ထိုလဲမွေ့ရာပေါ်၌ အပေါ်လွှမ်းခင်း၍ အိပ်ခြင်းငှါအပ်သည်—ဟုယူရန်ရှိ၏၊ ဆင်ခြင်။ ။
တူလိကာပြီး၏။

## ဂေါနက

သုတ္တဝိဘင်္ဂသိက္ခာပုဒ် သုတ္တကန္ဒက သိက္ခာပုဒ်တို့၏ ဝိဘင်း၌ ချည်မျိုး ၆—ပါးလာ၏။

ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယျံ၊ ကမ္ဗလံ၊ သာဏံ၊ ဘင်္ဂံ။

၁။ ခေါမံ၊ ခေါမမည်သောလျှော်ချည်၊ ဝါ၊ ခုံချည်။ ယင်းကိုမြန်မာ၌ဂုံချည်ခေါ်သည်။
၂။ ကပ္ပါသိကံ၊ ဝါချည်။
၃။ ကောသေယျံ၊ ပိုးချည်။
၄။ ကမ္ဗလံ၊ သိုးမွေးချည်။
၅။ သာဏံ၊ ပိုက်ဆံလျှော်ချည်၊ ယင်းကိုမြန်မာ၌ သျှဏ်ချည်ခေါ်သည်။

www.dhammaransi.com



၆။ ဘင်္ဂ၊ ဘင်္ဂမည်သောလျှော်ချည်၊ ယင်းကိုမြန်မာ၌ ဘန်ချည် ခေါ်သည်။ ဝါ၊ ခေါမ-စသော ဝွမ်းမျိုး ၅-ပါးကိုရော၍ လုပ်သောမိဿကချည်။

ဘုံဘိုင်မြို့ ရက်ကန်းစက်ရုံကြီးများ၌ ကော်ဇောရက်မှု, သကလပ် ရက်မှုပညာများကို သင်ကြားလုပ်ကိုင် တတ်မြောက်၍ လာသောသူ များကိုခေါ်၍ မေးမြန်းရာ-အသီးအသီး ချည်လုပ်နည်း ၂-မျိုးရော,၃- မျိုးရော-စသော မိဿက ချည်လုပ်နည်းများကို ပြောဆိုသောကြောင့် ၅-ပါးကိုရော၍ လုပ်သောချည်ဟု အဋ္ဌကထာဘွင့်သည်ကို ဥက္ကဋ္ဌနည်း ယူ။

အကျဉ်းအားဖြင့်။ ။သိုးမွေးချည်, ဝါချည်, ပိုးချည်, လျှော်ချည် ချည် ၄-မျိုးရှိ၏။

ဂေါနက-စသည်တို့မှာ ကပ္ပိယ, အကပ္ပိယ၌ ဝါဒကွဲပြားလျက်ရှိ သည်ကို ရှေးဦးစွာပြဆိုအပ်၏။

ဂေါနက၌ လက် ၄-သစ်ထက်လွန်သော အမွေးရှိသည်ဟု အဋ္ဌ- ကထာတို့၌ ဆိုသောကြောင့် လက်၄-သစ်အောက်ယုတ်သော အမွေး ရှိမူ-ကပ္ပိယဖြစ်၏- ဟူသောဝါဒသည် ဝဇိရဗုဒ္ဓိ, သာရတ္ထ,ဝိနိစ္ဆယဋီ ကာတို့မှာလာ၏။

၁။ စတုရင်္ဂုလာဓိကာနီတိ ဝုတ္တတ္တာ စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတီတိ ဧကေ။ ''ဝဇိရဗုဒ္ဓိ''။

၂။ စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနီတိ ဝစနတော စတုရင်္ဂုလတော ဟေဋ္ဌာ ဝဋ္ဋတီတိ ဝဒန္တိ။''သာရတ္ထ''။

၃။ စတုရင်္ဂုလတော ဦနလောမကကောဇဝေါ ဝဋ္ဋတီတိ ဝဒန္တိ။ ''ဝိနိစ္ဆယဋီကာ''။

ဤဋီကာတို့၌ အာစရိယဝါဒ အနေနှင့်လာ၏၊ ခုဒ္ဒသိက္ခာဋီကာ ဟောင်း၌ကား-အကြောင်းနှင့်တကွ သကဝါဒအဖြစ်ဖြင့်ဆို၏။

အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ စိဝရက္ခန္ဓကေ ဝုတ္တတ္တာ စတုရင်္ဂုလလောမကံ ပကတိကောဇဝံ ဝဋ္ဋတိ။ [ဂှင်းဋီကာ။]

www.dhammaransi.com



အမွေးလက် ၄-သစ်တိတိရှိသော ဂေါနက ကော်ဇောသည်ကား-အနုညာတကပ္ပိယကော်ဇောဖြစ်၍ အပ်၏-ဟူလိုသည်။

[ဤကား-တဝါဒတည်း။]

ဝိမတိဆရာကား-ဤဝါဒကိုမယူလို။ ။ဤဂေါနက အခင်း၌အမွေးလက် ၄-သစ်ထက် ရှည်သည်ဟူ၍ အဋ္ဌကထာတို့၌ ဆိုခြင်းသည် ထိုမျှလောက်ရှည်မှသာ အကပ္ပိယ, ထိုမျှလောက်မရှည်လျှင် ကပ္ပိယဟု ပိုင်းခြားလို၍ ဆိုသောစကားမဟုတ်၊ အထက်မှာ လာလတ္တံ့သော ဥဒ္ဒလောမိ, ဧကန္တလောမိတို့နှင့် ခြားနားခြင်းငှါ ဆိုသောစကားသာတည်း၊ ထို့ကြောင့် အမွေးလက် ၄-သစ်အောက် ယုတ်ခဲ့လျှင် ဥဒ္ဒလောမိ, ဧကန္တလောမိတို့၌ ပါဝင်လေ၏။

[ဝိမတိ။]

စတုရင်္ဂုလာဓိကာနီတိ ဥဒ္ဒလောမိဧကန္တလောမိဟိ ဝိသေသ-ဒဿနံ။ စတုရင်္ဂုလတော ဟိ ဦနာနိ ကိရ ဥဒ္ဒလောမိအာဒီသု ပဝိသန္တိ။

[ငင်းပါဠိ]

တဘက်အမွေးရှိသည်, ၂-ဘက်အမွေးရှိသည်ကို ဥဒ္ဒလောမိ, ဧကန္တလောမိဆိုသည်၊ အမွေးရှိသော ကော်ဇောမှန်လျှင် တဘက်မွေး, ၂-ဘက်မွေး ၂-ပါးတွင် တပါးပါးဖြစ်ရမည်၊ ထို ၂-ပါးမှ မလွတ်နိုင်ရာ ဆိုလိုသည်၊ သီလက္ခန်ဋီကာသစ်လည်း ဝိမတိကို လိုက်ရှိ၏။

[ဤကား-ဝိမတိဝါဒတည်း။]

ဂေါနကအခင်းမှာ ဥဏ္ဏာမယသဒ္ဒါနှင့် မဘွင့်ကြ၊ မည်းနက်သော အဆင်းရှိသော ကော်ဇောကြီးဟူ၍သာ ဘွင့်ကြသည်၊ ဥဒ္ဒလောမိ, ဧကန္တလောမိတို့မှာ ဥဏ္ဏာမယသဒ္ဒါနှင့်ဘွင့်ကြသည်၊ ကော်ဇောဟူ၍ မဘွင့်ကြ၊ အခင်းဟူ၍သာဘွင့်ကြသည်၊ ထို့ကြောင့် ဂေါနကကား-ချည်မျိုး ၆-ပါးနှင့်ဆက်ဆံသော ကော်ဇောမျိုးပေတည်း၊ ဥဒ္ဒလောမိ,ဧကန္တလောမိတို့ကား- သိုးမွေးဖြင့်ပြီးသော အခင်းတို့ပေတည်း၊ ကော်ဇောအခင်း, ကော်ဇောမဟုတ်သော အခင်း ၂-မျိုးတို့နှင့် ဆက်ဆံကုန်သည်။

www.dhammaransi.com



ထို့ကြောင့် သားမွေးဖြင့်ပြီးသော ဝေါနကကော်ဇောမျိုး၌ ဝိမတိ အယူသင့်ရာ၏၊သားမွေးမှတပါးသော ချည် ၅-မျိုးဖြင့်ပြီးသော ဝေါ-နကကော်ဇောမျိုး၌ ပဋမဝါဒသင့်ရာ၏။

**ဝိမတိသင့်ပုံ။** "သားမွေးဖြင့်ရက်သော ကော်ဇောသည် အမွေး လက် ၄-သစ်ထက်လွန်သည်ဖြစ်အံ့၊ ဝေါနကမည်၏၊ အမွေးလက် ၄-သစ်တိတိရှိခဲ့သော်ငင်း, ယုတ်ခဲ့သော်ငင်း ဥဒ္ဒလောမိ,ဧကန္တလောမိ ၂-ပါးတွင် တပါးပါးဖြစ်၏။

**ပဋမဝါဒသင့်ပုံ။** "သိုးမွေးချည်မှ တပါးသော ချည် ၅-ပါးတို့ဖြင့် ရက်သောကော်ဇောသည် လက် ၄-သစ်ထက် ရှည်သောအမွေးရှိ သည်ဖြစ်ခဲ့အံ့၊ အကပ္ပိယ ဝေါနကဖြစ်၏၊ လက် ၄-သစ်အောက်ယုတ် သောအမွေးရှိခဲ့သော် ကပ္ပိယဖြစ်၏။

ခုဒ္ဒသိက္ခာဋီကာဟောင်း၌ အမွေးလက် ၄-သစ်တိတိရှိလျှင် ပကတိ ကော်ဇောမျိုးဖြစ်၍အပ်၏-ဟူသောစကားသည်အင်္ဂုတ္တိုရ်အဋ္ဌကထာ နှင့်ဆန့်ကျင်၏၊ ဤအခင်းကြီးတို့၌ အကပ္ပိယအချက်မှာ အမွေး၏ ဝိကတိမှုသည် ပမာဏ၊ စိတ္တကစသော အခင်းတို့၌ကား- ဆိုးရည်မှု ဝိကတိ, ခြယ်လယ်မှုဝိကတိသည် ပမာဏ။

**ဆိုဘွယ်အထူးကား**—ဝေါနက၌ ကာဠဝဏ္ဏောမဟာကောဇဝေါ-ဟု မဟာဋီကာ၌ မဟာသဒ္ဒါနှင့်တကွ စတုရင်္ဂုလပုပ္ဖံ-ဟုပါရှိသည်၊ မဟာ အရမှာ ပကတိ ၉-ထွာရှိသော ပမာဏယုတ္တည္ဆောင်စောင်းထက် လွန်သည်ကို ယူသင့်သည်၊ ဝေါနက၌ အမွေး လက်၄-သစ်ရှိသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ဘွင့်သည်၊ မဟာဋီကာကော်ဇောလည်း အမွေး လက်၄-သစ်ရှိသည်ဟု ဋီကာတို့၌ ဘွင့်သည်၊ထို့ကြောင့် အမွေးလက် ၄-သစ်ရှိအောင် ရှည်မှုသည်သာလျှင် အမွေးအတွက်၌အကပ္ပိယအင်္ဂါ, မဟာသယနအင်္ဂါဖြစ်သင့်သည်၊ အမွေးလက် ၄-သစ်အောက် ယုတ် ခဲ့လျှင် ပကတိကော်ဇောမျိုးပင်ယူသင့်သည်။

အဘိဓာန်မှာ-ဥဒ္ဒလောမိ,ဧကန္တလောမိသည်ပင်လျှင် ကချေသည် တကျိပ်ခြောက်ယောက်,က-စလောက်အောင်ကြီးခဲ့လျှင် ကုတ္တကမည်

www.dhammaransi.com



၏-ဟု လာသောကြောင့် ဥဒ္ဒလောမိ, ကေန္တလောမိ ၂- ပါးသည် လည်း ကော်ဇောယ်မျိုး, ကော်ဇောလတ်မျိုးမဟုတ်၊မဟာကော်ဇော ကြီးမျိုးပေဟုသိအပ်သည်၊ထို့ကြောင့် အလျား ၉-ထွာ အနံ ၂-တောင် ၆-သစ်ထက် မလွန်သောကော်ဇောငယ်, ကော်ဇောလတ်တို့၌တဘက် အမွေးတက်, ၂- ဘက်အမွေးတက်ဟူသော လက္ခဏာကို မလိုအပ်၊ အမွေးလည်းရှည်, အလျားအနံလည်းကြီးသော မဟာပိဋ္ဌိယကော် ဇောကြီးမျိုး၌သာ ထိုလက္ခဏာကိုလိုအပ်သည်။

၄။ ဂေါနကော-အမွေးလက်၄- သစ်ရှည်သော အလျား အနံ ညောင်စောင်း ပမာဏထက်လွန်သော သက်သက်မည်းနက်သော အဆင်းရှိသော ဂေါနကမည်သောကော်ဇောကြီး။

ဝါ၊ဂေါနကော-အမွေးလက်၄-သစ်ထက်လွန်၍ရှည်သောအလျား အနံညောင်စောင်း ပမာဏထက်လွန်သော သက်သက် မည်းနက် သော အဆင်းရှိသော ဂေါနကမည်သောကော်ဇောကြီး။

၁။ ပဌမအနက်ကား-ဂေါနကတ္တတောတိ စတုရင်္ဂုလလောမေန ကာဠကောဇဝေန အတ္ထတော-ဟူသောအဂ္ဂတ္တိုရ်အဋ္ဌကထာ နှင့်ညီစေသည်။

၂။ ဒုတိယအနက်ကား-ကျမ်းဂန်အများနှင့် ညီစေသည်။

၃။ အလျားအနံ ညောင်စောင်းပမာဏထက် လွန်သည်ဟူသော အနက်မှာ- မဟာကောဇဝေါ-ဟူသော ဘွင့်ပါဠ် အာယတ ဝိတ္ထတံ အကပ္ပိယဘဏ္ဍံ မဟာသယနံ နာမ-ဟူသော ဝိသာခု ပေါ်သထသုတ် အဂ္ဂတ္တိုရ်အဋ္ဌကထာများနှင့်ညီစေသည်။

ဤဂေါနကအခင်း၌ ဥဏ္ဏာမယသဒ္ဒါနှင့် ဘွင့်ချက်မလာသောကြောင့် ချည်မျိုး၆-ပါးယူသင့်၏၊ အတ္ထရဏနှင့်မဆို၊ကောဇဝနှင့်ဆိုသောကြောင့် ကော်ဇောမျိုးဝိသေသကိုယူ။ ။ဂေါနကအခင်းပြီး၏။

## စိတ္တက

၅။ စိတ္တကော- အထူးထူးသော အဆင်းရှိသော သားမွေးချည် တို့ဖြင့် နံရံပေါက်သဏ္ဌာန် စသည်၏ အစွမ်းဖြင့် ရက်မှုဆန်းကြယ် သော စိတ္တကမည်သောသားမွေးအခင်း။

[သာရတ္ထ,ဝိမတိ,ဝိနိစ္ဆယ,ခုဒ္ဒသိက္ခာဋီကာကြီးငယ်။]

www.dhammaransi.com



ဝါ၊စိတ္တကော-အထူးထူးသော အဆင်းရှိသော သားမွေးချည်တို့ဖြင့် နံရံပေါက်သဏ္ဍာန်စသည်၏ အစွမ်းဖြင့်ချုပ်မှု,ခြယ်လယ်မှု,ဆန်းကြယ်သော စိတ္တကမည်သောသားမွေးအခင်း။

[သီလက္ခန်ဋီကာ။]

ဝါ၊ ရွှေချည်,ငွေချည်တို့ဖြင့် ရက်မှု, ချုပ်မှု, ခြယ်လယ်မှု ဆန်းကြယ်သော စိတ္တကမည်သော သားမွေးအခင်း။

[အင်္ဂုတ္တိုရ်,ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ။]

ဤ၌ အဆင်းတပ်စွန်း တောက်ပစေခြင်းငှါ အကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်သော အထူးထူးသော အဆင်းတို့ကိုယူ၊ သက်နှစ်၌အပ်သော ဆိုးရည်မျိုးဖြင့် ဆိုးအပ်သောအဆင်းစု, ပကတိဇာတိအဆင်းစုကား-တပ်စွန်းတောက်ပခြင်းရှိသော ဝိကတိအဆင်းမျိုး မဟုတ်သည်ဖြစ်၍ ကပ္ပိယသာ၊ ထို့ကြောင့် ပကတိဇာတိအဆင်းဖြင့် အထူးထူးသော အဆင်းရှိသော သိုးမွေးတို့ကို အပြောက်အကျား ဖြစ်အောင် ရက်၍ ပြုအပ်သော ကော်ဇောကို စိတ္တကဟူ၍မဆိုအပ်၊ ပကတိကော်ဇောဟူ၍သာဆိုအပ်သတည်း။

[နောက်နောက် အခင်းတို့၌လည်း ဤနည်းတူ။]

ဤအခင်း၌ ဥဏ္ဏာမယသဒ္ဒါနှင့်ဘွင့်သောကြောင့်ခေါမ- စသောချည် ၆-မျိုးတွင် သိုးမွေးချည်ကိုသာလိုအပ်ရကား-ငင်းချည်နှင့်မရောမယှက် သက်သက်သော ချော်ချည်, ဝါချည်, ပိုးချည်တို့ဖြင့် နံရံပေါက် သဏ္ဍာန်စသည်၏ အစွမ်းဖြင့် ရက်မှု, ချုပ်မှု,ခြယ်လယ်မှု ဆန်းကြယ်သော စိတ္တကအခင်းသည် ကပ္ပိယဖြစ်၏-ဟုယူ။

အတ္တရဏာသဒ္ဒါနှင့် ဘွင့်ကြသောကြောင့် ထိုအခြင်းအရာအားဖြင့် ဆန်းကြယ်သော သားမွေးကော်ဇောမျိုးကိုငင်း, သားမွေးဖြင့်ပြီးသော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်,ကမ္ဗလာထည်တို့ကို ပြုလုပ်သော အခင်းမျိုးကိုငင်း အကပ္ပိယ၌ ယူအပ်၏။

ထိုအထည်တို့ကိုပင်လျှင် ဘုံလျှိုပြုလုပ်ပြန်လျှင် ဥဏ္ဏာဘိသိဖြစ်ပြန်၍ ကပ္ပိယဖြစ်ပြန်၏၊ နောက်နောက်အခင်းတို့၌လည်း ဤနည်းအတိုင်းသိ

www.dhammaransi.com



လေ၊ရတနာနှင့်ရောရာ၌ကား-ချည်၅-ပါးတို့ဖြင့်ပြီးသော်လည်း ကော-သေယျမှာကဲ့သို့အကပ္ပိယသာတည်း၊ ငိုကာတို့၌ကား-ကပ္ပိယ,အကပ္ပိ-ယပြဆိုခြင်းမရှိပြီ။ ။စိတ္တကပြီး၏။

## ပဋိကာ

၆။ ပဋိကာ- သားမွေးဖြင့် ပြီးသောဖြူသောအခင်း။

ဤ၌လည်း ဥဏ္ဏာမယသဒ္ဒါနှင့် ဘွင့်သောကြောင့် သိုးမွေးချည်ဖြင့်ပြီးသည်ကိုယူ၊ ဝါချည်, ပိုးချည်, လျှော်ချည်ဖြင့်ပြီးသော ပုတီးစုလျှားအခင်းဖြူများကား-ကပ္ပိယ၊ အတ္ထရဏသဒ္ဒါနှင့် ဘွင့်သောကြောင့် သားမွေးကော်ဇော ဖြူနှင့်တကွ သားမွေးဖြင့်ပြီးသော သကလပ်ဖြူ, ဖဲဖြူ, ကတ္တီပါဖြူ, ကမ္ဗလာဖြူများကိုလည်း ဤပဋိကာ၌ သင်္ဂြိုဟ်အပ်၏၊ ဤ၌ အဖြူဆိုသော်လည်း အဆင်းတပ်စွန်းခြင်းငှါ ဆိုးအပ်သောအဖြူကိုသာယူ၊ ပကတိအဖြူကား-ကပ္ပိယသာ။ ။ပဋိကာပြီး၏။

## ပဋလိကာ

၇။ ပဋလိကာ-အနီခံ၍ ပန်းပြောက်တခဲနက် ခြယ်လယ်သော သားမွေးအခင်းနီ။

ဤ၌လည်း ဥဏ္ဏာမယ သဒ္ဒါနှင့် ဘွင့်သောကြောင့် သားမွေးချည်ဖြင့် ပြီးသော အခင်းနီမျိုးသည်သာ အကပ္ပိယ၊ ဝါချည်, ပိုးချည်,လျှော်ချည်ဖြင့်ပြီးသော အခင်းနီမျိုးဖြစ်မူ ကပ္ပိယ၊ အတ္ထရဏသဒ္ဒါဖြင့် ဘွင့်ခြင်းကြောင့် ပန်းပြောက် ပန်းရွက် ထုထပ်သော သားမွေးကော်ဇောနီမျိုး, သားမွေးဖြင့် ပြီးသော ပန်းပြောက် ပန်းရွက် ထုထပ်သောအထည်မျိုးကို ပြုလုပ်သော အခင်းနီမျိုးကိုလည်းယူလေ၊ ယခုကာလသုံးစွဲကြသော အနီခံကော်ဇောများကား- လျှော်ချည်ကောဇောသာများ၏၊ သားမွေးကော်ဇောအနည်းငယ်မျှသာရှိ၏၊ အနီခံ၍ ပန်းပြောက်ပင် ခြယ်သော်လည်း လျှော်ချည် ဖြစ်ခဲ့လျှင် ကပ္ပိယ၊ သားမွေးချည်မှ အကပ္ပိယ။

ဤ၌ အနီဆိုသော်လည်း အကပ္ပိယ ဆိုးရည်မျိုးဖြင့် ဆိုးအပ်သောအနီကိုယူ၊သက်နိးဆိုးသော ကပ္ပိယဆိုးရည်ဖြင့် ဆိုးသောအနီ,ပကတိဇာတိ သိုးမွေးနီမျိုးကား-ကပ္ပိယသာ။ ။ပဋလိကာပြီး၏။

www.dhammaransi.com



### ကင္ဒိသ

၇။ ကင္ဒိသံ-ရွှေချည်,ငွေချည်ဖြင့် ချုပ်လုပ် ခြယ်လယ်သော ရှုန့်ရင်းသော ပိုးချည်အခင်း။ "သီလက္ခန်ဋီကာကြီး"။

၀ါ၊ ကင္ဒိသံ-ရွှေချည်, ပိုးချည် ၂-ပါးရောစပ်၍ ရက်အပ်သော ပိုးချည်အခင်း။ "ဝိမတိ"။

၀ါ၊ ကင္ဒိသံ- ပိုးချည်နှင့် ကင္ဒိသ မည်သော လျှော်ချည် ၂-ပါးရောစပ်၍ ရက်အပ်သောပိုးချည်အခင်း။ "အဘိဓာန်ဋီကာ"။

ယင်းကို သီလက္ခန်ဋီကာသစ်၌ ကေစိဆိုသည်၊ ဤအခင်း၌ကား-ရတနာနှင့်ရောလျှင် အကပ္ပိယ၊ မရောလျှင်ကပ္ပိယ။ ။ကင္ဒိသပြီး၏။

### ကောသေယျ

၉။ ကောသေယျံ- ရွှေချည်,ငွေချည် ရက်မှု, ချုပ်မှု,ခြယ်လယ်မှုရှိသော ပိုးချည်အခင်း၊ ချောမွေ့သော ပိုးချည်ကိုယူ။

ဤ၌လည်း ရတနာနှင့်ရောလျှင် အကပ္ပိယ၊ မရောလျှင် ကပ္ပိယ။

သုဒ္ဓကောသေယျံ ပန ဝဋ္ဋတိ။

[အဋ္ဌကထာ။]

ရတနာနှင့်ရောခဲ့လျှင် ဝါချည်,လျှော်ချည်ပင်ဖြစ်သော်လည်း အကပ္ပိယသာ၊ ကင္ဒိသသည်လည်း ကောသေယျမျိုးပင်ဖြစ်၏၊ ပိုးကြမ်း, ပိုးချောမျှသာ ကွဲကြ၏၊ ထို့ကြောင့် ထိုအဋ္ဌကထာပါဌ်၌ ကောသေယျသဒ္ဒါဖြင့် ကင္ဒိသကိုလည်း သင်္ဂြိုဟ်သင့်ပေရကား-

ကင္ဒိသဉ္စ ကောသေယျဉ္စ ရတနပရိသိဗ္ဗိတာနိ န ဝဋ္ဋန္တိ။
သုဒ္ဓါနိ ဝဋ္ဋန္တိ။

ဟူသော ခုဒ္ဒသိက္ခာဋီကာဟောင်းသည် ကောင်းမြတ်လှပေ၏။ ကောသေယျပြီး၏။

### ဝိကတိကာ

၁၀။ ဝိကတိကာ-ခြင်္သေ့ သစ်ကျား သားရဲရုပ်တို့ဖြင့် ချုပ်မှု, ရက်မှု, ခြယ်လယ်မှု ထူးဆန်းစွာပြုအပ်သော ဝိကတိကာမည်သော သားမွေးအခင်း။ "ကျမ်းဂန်များ"။

www.dhammaransi.com



ဝါ-ခြင်္သေ့ သစ်ကျား သားရဲရုပ်တို့ဖြင့်၎င်း, ရတနာတို့ဖြင့်၎င်း ထူးဆန်းစွာပြုအပ်သော ဝိကတိကာမည်သော သားမွေးအခင်း။ "ဝိမတိ"။

ဤ၌လည်း ဥဏ္ဏာမယသဒ္ဒါ, အတ္တရဏာသဒ္ဒါတို့နှင့်ဘွင့်၏၊ သားရဲရုပ်၏လည်း အကပ္ပိယရုပ်မျိုးဖြစ်ပေရကား- ဝါချည်, ပိုးချည်, လျှော်ချည်ပင်ဖြစ်သော်လည်း သားရဲရုပ်ခြယ်လယ်သည်ဖြစ်အံ့၊ ရတနာနှင့်ရောသော ဝါချည်,လျှော်ချည်အခင်းကဲ့သို့ အကပ္ပိယသာ။ ။ဝိကတိကာပြီး၏။

## ဥဒ္ဒလောမိ, ဧကန္တလောမိ

၁၁။ ဥဒ္ဒလောမိ-၂-ဘက်အမွေးထသော သားမွေးအခင်း။

၁၂။ ဧကန္တလောမိ- တဘက်အမွေးထသော သားမွေးအခင်း၊

[ဝိနည်းအဋ္ဌကထာ။]

ဝါ၊ ဥဒ္ဒလောမိ- တဘက်အမွေးထသော အမွေးအခင်း။ ဧကန္တလောမိ-၂-ဘက်အမွေးထသော အမွေးအခင်း။

[သုတ္တန်အဋ္ဌကထာ။]

အဃတ္ထိ-ဤသည် လွန်ကဲသောအနက်ကိုပြတတ်၏၊ ထို့ကြောင့် ဂေါနကအခင်းမျှနီးနီး လက်၄-သစ်ရှိအောင် ရှည်သောအမွေးကိုယူ၊ အမွေးရှိသော အထည်ဟူသမျှ တဘက်မွေး,၂- ဘက်မွေးမှ မလွတ်နိုင်ရာ။

မြတ်စွာဘုရားသည်လည်း—

အနုဇာနာမိ ဘိက္ခဝေ ပါဝါရံ၊ အနုဇာနာမိ ဘိက္ခဝေ ကောဇဝံ၊ အနုဇာနာမိ ဘိက္ခဝေ ကမ္ဗလံ။

ဟူ၍ အမွေးရှိသောအထည်မျိုးကိုလည်း ခွင့်ပြုတော်မူ၏၊ထို့ကြောင့် ဥဂ္ဂတသဒ္ဒါ, ပုပ္ဖသဒ္ဒါ, ဒသာသဒ္ဒါတို့နှင့် ဘွင့်ကြသည်အား လျော်စွာ အဆာ အမြိတ် အထူးရှည်သော အခင်းမျိုးကို ဤ၌ယူအပ်၏၊ ယခုကာလ၌ကား - ကော်ဇောမျိုးမှာ တဘက်မွေးကိုသာ မြင်ဘူး၏၊ ခြုံထည်မျိုးမှာသာ၂-ဘက်မွေးကိုမြင်ရသည်။

ဤ၌လည်း ဥဏ္ဏာမယသဒ္ဒါနှင့် ဘွင့်ကြသောကြောင့် ဝါချည်, ပိုးချည်, လျှော်ချည်ဖြစ်ခဲ့မူ ကပ္ပိယ၊ အတ္တရဏာသဒ္ဒါနှင့် ဘွင့်သောကြောင့်

www.dhammaransi.com



သားမွေးဖြင့်ပြီးသော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ဖြင့် ပြုလုပ်သော ရှည်သောအမွေးရှိသော အခင်းစုကိုလည်း အကပ္ပိယ၌ သင်္ဂြိုဟ်။ ။ဥဒ္ဒလောမိ,ဧကန္တလောမိ၂-ပါးပြီး၏။

ကုတ္တက

၁၃။ ကုတ္တကံ-ထိုင်၍တည်၍ ကချေသည်မ တကျိပ်ခြောက်ယောက် ကစလောက်အောင်ကျယ်သော သားမွေးအခင်း။

လက်၂- ဘက်ကို ဆန့်၍ကလျှင် တယောက်တွက်တလံရ၏၊ ၄-ယောက်စီ ၄-တန်းပြုသော် အလျား၄-လံခန့်, အနံ၄-လံခန့်ရှိရာ၏၊ တကျိပ်ခြောက်ယောက် က-စလောက်သည်မှစ၍ ထိုထက် ကျယ်သမျှ ကုတ္တကချည်း၊ ထိုမှအောက်ကို ပမာဏယုတ္တ ဩဇောင်စောင်းထက်ကျယ်သမျှသည် ဂေါနက၊ ဥဒ္ဒလောမိ,ဧကန္တလောမိ,ဟတ္ထတ္ထရ,မဟာပိဋ္ဌိယ တို့၌ဝင်၏။

၍မှာလည်း ဥဏ္ဏာမယသဒ္ဒါ, အတ္ထရဏသဒ္ဒါတို့နှင့် ဘွင့်သည်ကို ပြဆိုခဲ့ပြီးသောအတိုင်းသိလေ။ ။ကုတ္တကပြီး၏။

ဟတ္ထတ္ထရ, အဿတ္ထရ,ရထတ္ထရ

၁၄။ ဟတ္ထတ္ထရံ-ဆင်ကျောက်ကုန်းမှာခင်းသောအခင်း။

၁၅။ အဿတ္ထရံ-မြင်းကျောက်ကုန်းမှာခင်းသောအခင်း။

၁၆။ ရထတ္ထရံ-ရထားပေါ်မှာခင်းသောအခင်း။

[အဂ္ဂိတ္တိုရ်အဋ္ဌကထာ၌ကား-ဆင်ရုပ်, မြင်းရုပ်,ရထားရုပ်ပါရှိသော အခင်းကိုလည်း ယူသေး၏။]

၍ ၃-ပါး၌ကား- ဥဏ္ဏာမယ သဒ္ဒါမလာသောကြောင့် ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရထားခွင်နှင့် တိုင်း၍ အသီးပြုလုပ်သော အခင်းမှန်ခဲ့လျှင် ဘယ်ချည်မဆို အကပ္ပိယချည်းယူ၊ ဋီကာ-တို့၌ အမွေးလက် ၄-သစ်ရှိသော မဟာပိဋ္ဌိယ ကော်ဇောကိုပင်လျှင် ဟတ္ထတ္ထရဆိုလိုရိပ်ရှိ၏။

မဟာပိဋ္ဌိယကောဇဝ န္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိ-ယန္တိ လဒ္ဓသမညံ စတုရင်္ဂုလပုပ္ဖံ မဟာကောဇဝံ။

[စိဝရက္ခန္ဓကဋီကာ၍။]

www.dhammaransi.com



ပါဠိလိစ္ဆာမင်းကွန်း၌ ဘုရားအမှူးရှိသော သံဃာတို့ နေထိုင်ရန် ဝဿကာရအမတ်တို့ခင်းကြသော အစီအရင်ကိုပြဆိုရာ၌ကား-မဟာ-ပဒ္ဒိယ ကော်ဇောတခြား၊ဟတ္ထတ္ထရတခြား လာ၏၊မြန်မာတို့ မြင်းကုန်းနီးကား-လဲသွတ်၏၊ မြင်းရထားအခင်း၌လည်း လဲသွတ်၏၊ မိုးသဘော်မိုးရထားပဌမခန်း,ဒုတိယခန်းတို့၌ရှိသော အခင်းစုလည်း လဲအခင်းစုပင် ထင်၏။

ကောသလမင်းကြီးသည် အစိရဝတီ မြစ်ကမ်းမှာ အရှင်အာနန္ဒာအား ဟတ္ထတ္ထရကိုခင်း၍ ဤမှာထိုင်ပါဟု လျှောက်၏၊ အရှင်အာနန္ဒာ မထိုင်ဟု လာ၏၊ထို့ကြောင့် ဟတ္ထတ္ထရမှာလည်း လဲသွတ်သောအခင်း တမျိုးရှိရာ၏၊ လဲသွတ်သောအခင်းဟူသမျှသည် ဂိဟိဝိကဋပင်ဖြစ်သော်လည်း အကပ္ပိယသာ။ ။ဟတ္ထတ္ထရ၊ အဿတ္ထရ၊ ရထတ္ထရ ၃-ပါးပြီး၏။

အဇိနပဝေဏီ

၁၇။ အဇိနပဝေဏီ-သစ်နက်ရေကို ၂-ထပ် ၃-ထပ်ပြု၍ ညောင်စောင်းပမာဏ ချုပ်အပ်သော သစ်နက်ရေအခင်း။

ဤအခင်းကား-အကပ္ပိယ သားရေမျိုးတည်း၊ အကပ္ပိယသားရေဟူသမျှသည် ဘူမတ္ထရဏကိစ္စ၌သာ အပ်သည်။ ။အဇိနပဝေဏီပြီး၏။

ကဒလိမိဂပဝရပစ္စတ္ထရဏ

၁၈။ ကဒလိမိဂပဝရပစ္စတ္ထရဏံ- အဝတ်ဖြူပေါ်၌ ဝံပိုင့်ရေကို ခင်း၍ချုပ်၍ ပြုအပ်သော မြတ်သောအပေါ်လွှမ်းအခင်း။

ဤအခင်းလည်း အကပ္ပိယသာ၊ သီလက္ခန်ဋီကာသစ်၌ကား-သက်သက်သော ဝံပိုင့်ရေသည် ကပ္ပိယဟူ၏။

သုဒ္ဓမေဝကဒလိမိဂစမ္မံ ဝဋ္ဋတီတိ ဝဒန္တိ။

[ငုင်းဋီကာ]

ကဒလိမိဂသားရေသည် အကပ္ပိယသားရေမျိုးဖြစ်ရကား- ထိုစကားကိုဆင်ခြင်။ ။ကဒလိမိဂပဝရပစ္စတ္ထရဏပြီး၏။

သဥတ္တရစ္ဆဒ

၁၉။ သဥတ္တရစ္ဆဒံ-အထက်၌ ဖြန့်ကြက်အုပ်မိုးသော ပိတာန်မျက်နှာကြက်နှီးရှိသော ညောင်စောင်း, အင်းပျဉ်, ပလ္လင်, ဘိုင်မျိုး။

www.dhammaransi.com



ကပ္ပိယ ညောင်စောင်း အင်းပျဉ်ပင် ဖြစ်သော်လည်း ဗိတာန်နီမိုးလျက်ရှိခဲ့လျှင် အကပ္ပိယဖြစ်၏၊ ကပ္ပိယပစ္စတ္ထရဏသည်လည်း ဗိတာန်နီမိုးလျက် ရှိခဲ့လျှင် အကပ္ပိယဖြစ်၏- ဟုလိုသည်၊ ဗိတာန်နီပင်ဖြစ်သော်လည်း ကပ္ပိယဖန်ရည်ဆိုးသော အနီဖြစ်ခဲ့မူ အပ်ပါ၏၊ဝတ်ပန်းစသော အကပ္ပိယအရည်ဖြင့် ဆိုးလျှင်သာ မအပ်သည်။

ရတ္တဝိတာနေသု စ ကာသာဝံ ဝဋ္ဋတိ၊ ကုသုမ္ဘာဒိရတ္တမေဝ န ဝဋ္ဋတီတိ ဂဏ္ဌိပဒေသု ဝုတ္တံ။

[ဝဇိရ, သာရတ္ထ။]

ဗိတာန်နီဆိုသည်ကား-အလုံးစုံနီမှ အကပ္ပိယ- အထူးထူးသော အဆင်းရှိသော ဗိတာန်, ပန်းချီဆေးရေးမှုဖြင့် ဆန်းကြယ်သော ဗိတာန်များကား-ကပ္ပိယ။ ''ဝိမတိ''။

ရတ္တဝိတာနေနာ တိ သဗ္ဗရတ္တဝိတာနေန၊ ယံ ပန နာနာ-ဝဏ္ဏံ ဝါ လေပစိတ္တံ ဝါ၊ တံ ဝဋ္ဋတိ။

[ဋီကာဟောင်း။]

ဝိနိစ္ဆယဋီကာ၌ကား-နီသောအဆင်းများလျှင်မအပ်-ဟူ၏။

ယေဘုယျေနရတ္တဝိတာနမ္ပိ န ဝဋ္ဋတိ။

[ဋီကာဟောင်း။]

အဋ္ဌကထာ၌ကား-ဗိတာန်ဖြူ, မျက်နှာကြက်ဖြူကိုသာ ကပ္ပိယဆို၏၊ ထိုဗိတာန်ဖြူသည်လည်း အောက်မှာ အကပ္ပိယ အခင်းရှိခဲ့မူ အကပ္ပိယဖြစ်ပြန်၏၊ကပ္ပိယအခင်းရှိခဲ့မူ ကပ္ပိယဖြစ်၏-ဟုဆို၏။

သေတဝိတာနမ္ပိ ဟေဋ္ဌာ အကပ္ပိယ ပစ္စတ္ထရဏေ သတိ န ဝဋ္ဋတိ၊ အသတိ ပန ဝဋ္ဋတိ။

[အဋ္ဌကထာ။]

အောက်၌ ကပ္ပိယအခင်းပင် ဖြစ်သော်လည်း ဗိတာန်နီဖြစ်ခဲ့လျှင် အကပ္ပိယသာ။

ရတ္တဝိတာနဿ ဟေဋ္ဌာ ကပ္ပိယပစ္စတ္ထရဏေ သတိပိ န ဝဋ္ဋတိ ယေဝ။

[ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း။]

www.dhammaransi.com



ဤအဆိုများကို ထောက်မြော်သော်-သဥတ္တရစ္ဆဒံ၊ ဗိတာန်နီအမိုး ရှိသော ပစ္စတ္ထရဏာအခင်း-ဟု အနက်ဆိုသင့်၏၊ ပစ္စတ္ထရဏာသဒ္ဒါနှင့် ဆိုသောကြောင့် ညောင်စောင်း,အင်းပျဉ်ပေါ်မှာ ဆိုလိုရင်း-ဟုသိအပ် ၏။

မေးမြန်းဘွယ်

မေး။ "အထက်၌ ဗိတာန်မျက်နှာကြက်နီ ကြက်မိုး၍ အောက် ကြမ်းပြင်ဖျာသင်ဖြူးပေါ်၌ ဂေါနကစသည်ကို ဘူမတ္ထရ- ဏာကိစ္စနှင့် ခင်းထားရာ၌ အိပ်ခြင်း,ထိုင်ခြင်းငှါ အပ်မည် လော၊ မအပ်မည်လော၊မေးရန်–

ဖြေ။ "အနုဇာနာမိ ဘိက္ခဝေ ဘူမတ္ထရဏံ ကာတုံ-ဟူသော အနု- ညာတအတိုင်းပင်ကျ၏၊ အပ်ပါ၏-ဖြေ။

သေတဝိတာနမ္ပိ ဟေဋ္ဌာ အကပ္ပိယပစ္စတ္ထရဏေ သတိ နဝဋ္ဋတိ။ အသတိ ပန ဝဋ္ဋတိ-ဟူသောအဋ္ဌကထာပါဠိဖြင့် အနုဇာနာမိ ဘိက္ခဝေ ဝိတာနံ-ဟူသော အနုညာတဗိတာန်သည် အဖြူသက်သက်တည်းဟု သိအပ်၏၊ ထိုဗိတာန်ဖြူကြက်မိုးသော ညောင်စောင်း, အင်းပျဉ်, ပလ္လင်,ဘဒိုင်မူကား-ကပ္ပိယ။

မေး။ "ကပ္ပိယပစ္စတ္ထရဏာလည်းမရှိ၊ အကပ္ပိယပစ္စတ္ထရဏာလည်း မရှိ၊ ဗိတာန်နီသက်သက် ကြက်မိုး၍ထားသော ညောင် စောင်းသည် အပ်မည်လော-မအပ်မည်လော၊မေးရန်–

ဖြေ။ "ညောင်စောင်း၌ ကြက်မိုး၍ ထားအပ်သော ဗိတာန်နီ- သည် ပစ္စတ္ထရဏာသို့လိုက်၍ ကပ္ပိယ, အကပ္ပိယဖြစ်သည် မဟုတ်၊ အသီးသော အကပ္ပိယမူတခုပေတည်း။

မေး။ "သို့မှန်ခဲ့သော် အဋ္ဌကထာဋီကာတို့မှာ ပစ္စတ္ထရဏာနှင့် ဘက်တွဲ၍မဆိုသင့်-ဟူငြားအံ့။

ဖြေ။ "ဗိတာန်ဖြူ၏လည်း သဥတ္တရစ္ဆဒပုဒ်တွင် ပါဝင်ခွင့်ရှိသည် ကို ပြလို၍ဆိုပေရကား-ဆိုသင့်ပါ၏-ဟူပေ။

ဆင်ခြင်၍ယူ။ ။သဥတ္တရစ္ဆဒပြီး၏။

www.dhammaransi.com



## ဥဘတောလောဟိတကူပဓာန

၂၀။ ဥဘတော လောဟိတကူပဓာန်-ခေါင်းရင်း,ခြေရင်း၂-ဌာ-နှ၌ အုံးနှီ၂-လုံးရှိသောညောင်စောင်း, အင်းပျဉ်, ခရင်, ဘဒိုင်။

ကပ္ပိယ ညောင်စောင်း အင်းပျဉ်,ကပ္ပိယပစ္စတ္ထရဏာပင် ဖြစ်သော်လည်း အထက်၌အုံးနှီ၂-လုံးရှိခဲ့လျှင် အကပ္ပိယဖြစ်၏-ဟူလိုသည်။

ဤပုဒ်မှာ အဋ္ဌကထာ၌ပင် မဋ္ဌသ ဥဘတော လောဟိတကူပဓာ-နံ-ဟူ၍ဆိုသောကြောင့် ညောင်စောင်း,အင်းပျဉ်ပေါ်မှာ ဆိုလိုသည်၊ ဘူမတ္ထရဏာကိစ္စ၌ ကပ္ပိယဖြစ်သော မဟာသယနစုသည် ညောင်စောင်း, အင်းပျဉ်ပေါ်၌ အကပ္ပိယဖြစ်၏၊ ကပ္ပိယဖြစ်သောညောင်စောင်း,အင်းပျဉ်သည် မဟာသယနအခင်းစု ခင်းအပ်သည်ရှိသော် အကပ္ပိယဖြစ်၏၊ ကပ္ပိယ ညောင်စောင်းအင်းပျဉ်, ကပ္ပိယ ပစ္စတ္ထရဏာစုသည် အထက်၌ ဗိတာန်နီရှိခဲ့သော်ငှင်း,အုံးနီ၂-ခုရှိခဲ့သော်ငှင်း အက-ပ္ပိယဖြစ်၏၊ ဤသို့ ယှဉ်တွဲဘက်စပ်၍ဖြစ်သော ဒေသနာအရာ ဖြစ်ပေသောကြောင့် အကပ္ပိယစစ်မှု၌ ဌာန,ဌာနီဘက်တွဲမှုကို အလိုရှိအပ်၏။

ကပ္ပိယညောင်စောင်းပေါ်မှာ အကပ္ပိယအခင်း ခင်း၍ အိပ်ရာ၌ အခင်းအတွက်သာ အပြစ်ရှိသည်၊အခင်းသာ အကပ္ပိယ၊ညောင်စောင်း အတွက်အပြစ်မရှိ၊ညောင်စောင်းကား-ကပ္ပိယ၊ဤသို့စစ်မှုကိုမလိုအပ်၊ ညောင်စောင်းအတွက်ကြောင့် အခင်းလည်း အကပ္ပိယ ဖြစ်ရသည်၊ အခင်းအတွက်ကြောင့် ညောင်စောင်းလည်း အကပ္ပိယဖြစ်ရသည်၊ ဤသို့ အကပ္ပိယမှု၌ တပါးသည် တပါး၏အင်္ဂါ ဖြစ်ကြသည်ကို လိုအပ်သတည်း။

အုံးနှီပင်ဖြစ်သော်လည်း တလုံးသာရှိမူ ထိပ်၂- ဘက်၌ အနီပိတ်သော်ငှင်း, ပဒုမာ ကြာအဆင်းရှိသော အထည်ပိတ်သော်ငှင်း, ပန်းပြောက် ပန်းနွယ် ဆန်းကြယ်သော အထည်ပိတ်သော်ငှင်း ပမာဏယုတ္တဖြစ်ခဲ့မူ အပ်ပေ၏။

> ယံ ပန ကေမေဝ ဥပဓာနံ ဥဘောသု ပဿေသု ရတ္တံ ဝါ ဟောတိ ပဒုမဝဏ္ဏံ ဝါ ဝိစိတြံ ဝါ၊သစေ ပမာဏယုတ္တံ ဟော-တိ၊ဝဋ္ဋတိ၊ မဟာဥပဓာနံ ပန ပဋိက္ခိတ္တံ။
> [အဋ္ဌကထာ။]

www.dhammaransi.com



နီသောအဆင်းများလျှင်ပင် ၂-လုံးမအပ်ပြီ။''ဂဏ္ဍိပုဒ်စု''။

ယေဘုယျရတ္တာနိပိ ဒွေပိဗွေဟနာ နိ န ဝဋ္ဋန္တိတိ ဂဏ္ဍိ-
ပဒေသု ဝုတ္တံ။

[ဝိနိစ္ဆယဋီကာ။]

ဝိမတိအလိုကား-အနီသက်သက်သာမအပ်သည်၊အဆင်းတပါးရောလျှင်ပင် အပ်သည်ဟူ၏။

အနီမဟုတ်ခဲ့မူ၂-လုံးပင်အပ်၏၊၂-လုံးထက်လွန်၍ကား-မထားရ။

အလောဟိတကာနိ ဒွေပိ ဝဋ္ဋန္တိ၊တတော ဥတ္တရိ လဘိတွာ
အညေသံ ဒါတဗ္ဗာနိ-စသည်။

[အဋ္ဌကထာ-ရှေး၌လည်းဆိုခဲ့ပြီ။]

ဤ၌လည်း အနီဆိုသည်ကား-ဝတ်ပန်းစသည်ဖြင့် ဆိုးသောအနီကိုယူ၊ သက်နီးဆိုးသော ဖန်ရည်သည်ကား-ရတ္တ-ဟူသော ဝေါဟာရသို့မရောက်၊ ထို့ကြောင့် ဗိတာန်၌ဝင်း, ဤအုံး၌ဝင်း သက်နီးအဆင်းမျိုးသည် အပ်၏၊''ဝိမတိ''။

ကသာဝံ ပန လောဟိတကဝေါဟာရံ န ဂစ္ဆတိ၊ တသ္မာ
ဝိတာနေပိ ဥဘတောလောဟိတကူပဓာနေပိ ဝဋ္ဋတိ။

[ဝင်းပါဠ်။]

ဤအတူ အကြွင်ဆိုးရည်မျိုးတို့သည် သက်နီး၌အပ်ကုန်၏၊ ထိုဆိုးရည်မျိုးတို့ဖြင့် ဆိုးအပ်ကုန်သော သားမွေးဖြင့်ပြီးကုန်သော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ဖြင့် ပြုလုပ်သောအခင်းဟူသမျှတို့သည်လည်း ကပ္ပိယတို့သာတည်း၊သက်နီး၌ အပ်သမျှတို့သည် အခင်း၌မအပ်သည် မရှိကုန်ပြီ။

ထို့အတူ အမြိတ်အဆာဖြစ်အောင် စိုက်၍ရက်သဖြင့် အလွန်ရှည်ခြင်းတည်းဟူသော အမွေး၏ ဘောက်ပြန်ခြင်းလည်းမရှိ၊ အဆင်းတောက်ပအောင် အကပ္ပိယဆိုးရည်ဖြင့် ဆိုးခြင်းလည်းမရှိ၊ပကတိ သိုးမွေးအတိုင်း ရက်အပ်သော ကော်ဇောဖြူ, ကော်ဇောနီ, ကော်ဇောဝါ, ကော်ဇောပြောက်, ကော်ဇောကျားစုသည်လည်း ကပ္ပိယချည်းသာ။ ။ဥဘတောလောဟိတကူပဓာနပြီး၏။

ဝါဒညွှိ၍ရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



### ၄-အခင်း၂-မျိုးတို့၏အထူး

မေး။ ။ပြဆိုခဲ့ပြီးသော အခင်းတို့တွင်-ဂေါနက, စိတ္တက, ပဋိကာ, ပဋလိကာ, ဝိကတိကာ, ဥဒ္ဒလောမီ, ဧကန္တလောမီ, ကုတ္တက, ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ, ဤ ၁၁-ခု တို့သည် ကောသေယျဝဂ်မှာလာသော သန္ထတ အခင်းတို့နှင့် အဘယ်သို့ ထူးခြားကြကုန်သနည်း။

ဖြေ။ ။ဤ၁၁-ခု တို့ကား-ရက်ထည်တို့ပေတည်း၊ ခင်း၍လုပ်သော အထည်မျိုးမဟုတ်ကုန်၊ ကောသေယျဝဂ်၌ လာသော အထည်တို့ကား-ခင်းထည်မျိုးတို့တည်း၊ ရက်၍လုပ်သော အထည်မျိုးမဟုတ်ကုန်၊ မဟာသယနအရာတွင် ပါဝင်သော အခင်းတို့လည်းမဟုတ်ကုန်၊ သိက္ခာပုဒ်ရင်း၌ မြစ်ပယ်တော်မူသောအမှုကို လွတ်အောင်ပြု၍ ညောင်စောင်း,အင်းပျဉ်ပေါ်၌ပင် ခင်း၍သုံးဆောင်အပ်ကုန်၏၊ ညောင်စောင်း, အင်းပျဉ်ပေါ်၌ ခင်းရန်မဟုတ်၊ဘူမတ္ထရဏ အကျိုးငှါပြု၍ ဘူမတ္ထရဏကိစ္စနှင့် သုံးဆောင်ခဲ့လျှင် မြစ်ပယ်မှုပင်မရှိကုန်၊ ထို့ကြောင့် ထိုသိက္ခာပုဒ်တို့၏ အနာပတ္တိဝါရတို့၌-

အနာပတ္တိ ဝိတာနံဝါ ဘူမတ္ထရဏံဝါ သာဏိပါကာရံ ဝါ ဘိသိံ ဝါ ဗိမ္ဗောဟနံ ဝါ ကရောတိ။

ဟူ၍သိက္ခာပုဒ်တိုင်းမှာပင်လာသည်။

ထိုအခင်းတို့၌ ပိုးချည်ရောမှု, မည်းနက်သော သိုးမွေးဒွေဘာဂ ထက်လွန်မှု၊ ဤ၂- ချက်သာ အဆင်းအတွက်, ချည်အတွက်မြစ်ပယ်ချက်ရှိသည်၊ ထို၂-ချက်မှ လွတ်လျှင် အဆင်းအတွက်လည်း အပြစ်မရှိ၊ ချည်အတွက်လည်း အပြစ်မရှိ၊ရတနာခြယ်လယ်ခဲ့သော်ငြားလည်း,သားရဲရုပ်ခြယ်လယ်ခဲ့သော်ငြား မဟာသယန၌ အလျော်အားဖြင့်သွင်း၍ ညောင်စောင်း, အင်းပျဉ်၌ခင်းမှုကို ရှောင်ကြဉ်ရာ၏၊ အဘိုးများစွာထိုက်တန်သော အခင်းမျိုးမဟုတ်၊ ရက်ထည်ကို မသုံးနိုင်ကြကုန်သောသူတို့၏ အသုံးအဆောင်မျိုးပေတည်း၊ ရဟန်းတို့ကိုယ်တိုင်ပင် ပြုလုပ်ခြင်းငှါ တတ်ကောင်းကုန်၏။

အခင်း ၂-မျိုးတို့၏အထူးပြီး၏။

www.dhammaransi.com



## ၅–လောကဥ္စခင်းကြပုံအစီအရင်

ယခုအခါ ဂေါနက အစရှိသောအခင်းတို့ကို လောကဥ္စ ခင်းကြပုံ အစီအရင်ကိုပြဆိုပေအံ့။

သုနိခ, ဝဿကာရအမတ်ကြီးတို့သည် ပါဋလိရွာ မင်းကွန်းရုံး တော်ကြီးမှာ သံဃာတော် ၅၀၀-နှင့်တကွ မြတ်စွာဘုရား နေထိုင်ရန် ခင်းကြပုံကိုပြဆိုအံ့။

၁။ ရှေးဦးစွာ မင်္ဂလာအကျိုးငှါ နွားချေးလိမ်းကျံသည်။

၂။ နွားချေးသွေ့ခြောက်လျှင် အနံ့ပျောက်ကင်းရန် နံ့သာမျိုး ၄-ပါးလိမ်းကျံသည်။

၃။ ၎င်းအပေါ်မှာ ဖျာကြမ်း,ဖျာချောခင်းသည်။

စတုဇာတိယဂန္ဓေဟိ လိမ္ပိတွာ ဥပရိ နာနာဝဏ္ဏေ ကဋ-သာရကေ သန္ထရိတွာ။

[အဋ္ဌကထာ။]

၄။ ဖျာကြမ်း,ဖျာချောအပေါ်မှာ မဟာပိဋ္ဌိယစသော ကော် ဇောကြမ်းကြီးခင်းသည်။

တေသံ ဥပရိ မဟာပိဋ္ဌိယကောဇဝါဒိကေ အာဒိံ ကတွာ ဟတ္ထတ္ထရကာဒိဟိ နာနာဝဏ္ဏေဟိ အတ္ထရဏေဟိ သန္ထရိ-တဗ္ဗ ယုတ္တဋ္ဌာနေသု သန္ထရာပေသုံ။

ဤအထပ်မှာ မဟာပိဋ္ဌိယစသော ကော်ဇောကြီးတို့နှင့် ဟတ္ထတ္ထရ စသော အခင်းကြီးတို့ကို အထက်, အောက် ခြားနား၍ မဆိုပြီ၊ အာဒိ သဒ္ဒါ ၂-ချက်ပါ၏၊ပဌမအာဒိသဒ္ဒါဖြင့်-ဂေါနက,ကုတ္တက,ဥဒ္ဒလောမီ, ဧကန္တလောမီ, ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ- ဟူသော ကော် ဇောကြမ်း, အခင်းကြမ်းကြီးတို့ကိုယူ၊ ဒုတိယအာဒိသဒ္ဒါဖြင့် စိတ္တက, ပဋိကာ, ပဋလိကာ, ဝိကတိကာ-ဟူသော အချောလတ်အခင်းတို့ကို ယူ။

၅။ ထိုအခင်းကြမ်း အခင်းလတ်တို့၏ အပေါ်မှာ- မဟာရဟ ဖြစ်သောဘုရားနေရာကိုခင်းသည်။

မဇ္ဈေဋ္ဌာနေ တာဝ မင်္ဂလထမ္ဘံ နိဿာယ မဟာရဟံ ဗုဒ္ဓါသနံ ပညပေတွာ။

www.dhammaransi.com



တာဝ၊ ရှေးဦးစွာ၊ မဇ္ဈေဠာနေ၊ အလယ်အရပ်၌။ မင်္ဂလထမ္ဘံ၊ မင်္ဂလာရှိသော သီတိုင်ကို။ နိဿာယ၊ မှီ၍။ မဟာရဟံ၊ မြင့်မြတ်သောသူတို့အားသာ ထိုက်တံသော။ ဗုဒ္ဓါသနံ၊ ဘုရားနေရာကို။ ပည-ပေတွာ၊ ခင်း၍။ပေး။

ဆင်စွယ်ညောင်စောင်း,ရွှေညောင်စောင်း,သဘော့ဖျာသင်ဖြူးနသင်ဖြူးချောတို့ကိုယူ။

၆။ ထိုအပေါ်မှာ နူးညံ့လှစွာသော နှစ်သက်ဘွယ်ရှုချင်ဘွယ်ကောင်းလှသော ပစ္စတ္ထရဏ အခင်းတို့ကိုခင်းသည်။

တတ္ထ ယံယံ မုဒုကဥ္စ မနောရမ္မဥ္စ ပစ္စတ္ထရဏံ၊ တံတံ ပစ္စတ္ထရိတွာ။

အလွန်ချောမွေ့သော ကော်ဇောမျိုး,အခင်းမျိုးနှင့်တကွ ကဋ္ဋိဿ, ကောသေယျ, အဇိနပဝေဏီ, ကဒလိမိဂပဝရ ပစ္စတ္ထရဏတို့ကိုယူ။

၇။ ထိုအပေါ်မှာ ခေါင်းရင်း, ခြေရင်း ၂-ဌာနတို့၌ အလွန်နီလှစွာသော နှစ်သက်ဘွယ် ရှုချင်ဘွယ်ကောင်းလှသော ဒုံးနီ ၂-ခုကိုထားသည်။

ဥဘတော လောဟိတကံ မနုညဒဿနံ ဥပဓာနံ ဥပ-ဒဟိတွာ။

ဥဘတော၊ ခေါင်းရင်း,ခြေရင်း ၂-ဘက်၌-အနက်ပေး။

၈။ ထိုညောင်စောင်း၏ အထက်၌ ရွှေကြယ်, ငွေကြယ်တို့ဖြင့် ဆန်းကြယ်လှစွာသော ဗိတာန်မျက်နှာကြက်ကြီးကို ဆွဲသည်။

ဥပရိ သုဝဏ္ဏရဇတတာရကဝိစိတ္တံ ဝိတာနံ ဗန္ဓိတွာ။

၉။ အနောက်နံရံကိုမှီ၍ သံဃာတော်တို့ နေထိုင်ရန်ပလ္လင်အင်းပျဉ်, အမှီအင်းပျဉ်,ညောင်စောင်း,အင်းပျဉ်-စသည်တို့ကိုခင်းသည်။

သံဃဿ ပလ္လင်္ကပီဌ အပဿယပီဌ မဉ္စပီဌာဒီနိ ပည-ပေတွာ။

ဤပါဠ်၌–သားရဲရုပ်မရှိသော ပလ္လင်ငယ်ကို ပလ္လင်္ကပီဌဆိုသည်။

www.dhammaransi.com



၁၀။ ထိုအပေါ်မှာ အဝတ်ဖြူအစရှိသော ပစ္စတ္ထရဏတို့ကိုခင်း သည်။

ဥပရိ သေတ ပစ္စတ္ထရဏေဟိ ပစ္စတ္ထရာပေတွာ။

ဤသို့ကျမ်းဂန်တို့၌ ခင်းပုံအစီအရင်လာသည်။

တိကအင်္ဂုတ္တိုရ်ပါဠိတော်၌ကား--

၁။ တခုသော ပလ္လင်ပေါ်၌ဂေါနက အခင်းကြမ်း၊ ပဋိကာ, ပဋလိကာ, အခင်းလတ်၊ ကဒလိမိဂ အခင်းချောတို့ကို ခင်း၍ ဗိတာန်နီ, အုံးနီတို့ကိုထားသည်ဟုလာ၏။

၂။ ပစ္စတ္ထရဏခေါ်သော အခင်းနု အခင်းချောတို့ကိုကား- အခင်းလတ်တို့၏ အပေါ်မှာ အိပ်မည့်နေရာ, ထိုင်မည့် နေရာတွင်သွေ့ ခင်းသည်၊ တပြင်လုံးခင်းသည်မဟုတ်။

၃။ အခင်းလတ်တို့ကိုကား- အဆင်းအရောင်တို့ဖြင့် အတင့် အတယ်ရှုဘွယ်မငြိးဖြစ်စေခြင်းငှါ အနှံ့အပြားခင်းသည်။

၄။ ထိုအခင်းလတ်တို့၏ အောက်၌ ဂေါနကစသောအခင်း ကြမ်းကြီးတို့ကို အနှံ့အပြားခင်းသည်၊ ထိုအောက်၌ ဖျာ ကြမ်း,ရိုင်ကြမ်းတို့ကိုခင်းသည်။

ပစ္စတ္ထရဏအခင်းတို့၏ ကိစ္စကား-အိပ်သောထိုင်သောသူ၏ ကိုယ်မှ ဖြစ်သော ချွေး အညစ်အကြေးတို့ကြောင့် အခင်းလတ်တို့၌ အသွေး အရောင်မပျက်စေခြင်းငှါ၎င်း, ကိုယ်၌ နူးညံ့ချောမွေ့သော အတွေ့ကို ရစေခြင်းငှါ၎င်း ဖြစ်၏။

လောကဥ္စခင်းကြပုံအစီအရင်ကိုပြဆိုခန်းပြီး၏။
ဒုတိယခဏ်းပြီး၏။

## (ဂ) တတိယခဏ်း

### ၁-ကပ္ပိယ, အကပ္ပိယစစ်တမ်း

ယခုအခါ အမိဋ္ဌာန်တင်မှုနှင့် စပ်၍ ကပ္ပိယ, အကပ္ပိယစစ်တမ်း ကိုဆိုပေအံ့။

၁။ သိုးမွေးဖြင့်ပြီးသော အမွေးရှည်သော ကော်ဇောကြီးမျိုး ဟူသမျှသည်လည်းကောင်း,

www.dhammaransi.com



၂။ သိုးမွေးဖြင့် ပြီးကုန်သော အကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ကို ပြုလုပ်သော အခင်းမျိုးတို့သည်လည်း ကောင်း,

၃။ အမွေးလက် ၄-သစ်ရှည်သော ဝါချည်, ပိုးချည်, လျှော်ချည် အခင်းစုသည်လည်းကောင်း,

၄။ လဲသွတ်သောအခင်းမျိုးသည်လည်းကောင်း,

၅။ အမှတ်မရှိသောချည်ဖြင့် ရက်သော ရတနာ ခြယ်လယ်သော အခင်းမျိုး, သားရဲရုပ် ခြယ်လယ်သော အခင်းမျိုး သည်လည်းကောင်း—

ဤအလုံးစုံသော ကော်ဇောမျိုး,အခင်းမျိုးသည် အကပ္ပိယအခင်းမျိုးဖြစ်၍၊ကျောင်းစောင်း, အင်းပျဉ်ပေါ်၌ ခင်း၍အိပ်ခြင်း ထိုင်ခြင်းကိုလည်းမပြုအပ်၊ ပုဂ္ဂလိကလှူ၍ရသော်လည်း အဓိဋ္ဌာန်ဝိကပ္ပနာလည်း မထိုက်၊ ဘူမတ္ထရဏ အနေနှင့်သာ သုံးဆောင်ရ၏။

အမွေးလက် ၄-သစ်အောက်ယုတ်သော ဝါချည်ဖြင့် ပြီးသော ကော်ဇောမျိုး,အခင်းမျိုး၊ပိုးချည်ဖြင့်ပြီးသောကော်ဇောမျိုး,အခင်းမျိုး၊ လျှော်ချည်ဖြင့် ပြီးသော ကော်ဇောမျိုး,အခင်းမျိုးတို့သည်ကား-ကပ္ပိယ အခင်းမျိုးတို့သာတည်း၊ ထိုကပ္ပိယအခင်းမျိုးတို့၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏၊ ကောသေယျဝင်၍လာသော ခင်း၍ လုပ်သောသိုးမွေးအခင်းတို့၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏။

ရက်၍ ပြုလုပ်သော သားမွေးထည်မျိုးပင်ဖြစ်သော်လည်း သက်နှ်း၌ အပ်သော ကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်သော ကော်ဇောမျိုး,အခင်းမျိုးသည်လည်းကောင်း, သိုးကောင်၌ရှိသော ပကတိအဆင်းအတိုင်း ပြုလုပ်သော ကော်ဇောမျိုး,အခင်းမျိုးသည်လည်းကောင်း ကပ္ပိယဖြစ်၏၊ ထိုကပ္ပိယအခင်းမျိုး၌လည်း အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုကို ရွေးချယ်ခွင့်ရှိ၏။

www.dhammaransi.com



ပကတိအဆင်းအတိုင်းပင် ဖြစ်သော်လည်း အမွေးလက် ၄-သစ် မျှရှည်၍ ပမာဏယုတ္တသြောင်စောင်းထက် အလျားအနံကျယ်ခဲ့ပြန်မူ မဟာပိဋ္ဌိယကော်ဇောမျိုးဖြစ်၍ အကပ္ပိယဖြစ်ပြန်၏။

၁။ အနုဇာနာမိဘိက္ခဝေကောဇဝံ၊ "စီဝရက္ခန္ဓကပါဠိတော်"။

၂။ အနုဇာနာမိ ဘိက္ခဝေ ကောဇဝ န္တိ ဧတ္ထ ပကတိကောဇ-ဝမေဝ ဝဋ္ဋတိ၊ မဟာပိဋ္ဌိယကောဇဝံ န ဝဋ္ဋတိ၊မဟာပိဋ္ဌိယကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသောကောဇဝေါ။ "အဋ္ဌကထာ"။

၃။ မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထိပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသမညံ စတုရင်္ဂုလပုပ္ဖံ ကောဇဝံ။ "ဋီကာ"။

ပကတိကောဇဝမေဝ ဝဋ္ဋတိ-၌ ပကတိကော်ဇော ဆိုသည်ကား-ဂေါနကအစရှိသော အကပ္ပိယဝိကတိမျိုးမှ ကင်းသော ကော်ဇော တည်း။

၁။ အလျားအနံကြီးမှု ဝိကတိတပါး။
၂။ အမွေးရှည်မှု ဝိကတိတပါး။
၃။ အဆင်းတပ်စွန်းတောက်ပအောင် ပြုမှု ဝိကတိတပါး။
၄။ ပန်းပြောက် ပန်းနွယ် ခြယ်လယ်မှု ဝိကတိတပါး။
၅။ သားရဲရုပ်ခြယ်လယ်မှု ဝိကတိတပါး။
၆။ ရတနာ ခြယ်လယ်မှု ဝိကတိတပါး။

ဤဝိကတိတို့ကို မဖြစ်စေဘဲ အလျားအနံသြောင်စောင်း ပမာဏ ထက် မကြီးစေမူ၍ အမွေးလက် ၄-သစ်ခန့်တိုင်အောင် မရှည်စေမူ၍ ဝတ်ပန်းစသော တောက်ပတပ်စွန်းသောအကပ္ပိယဆိုးရည်မျိုး မဆိုးမူ၍ ရတနာခြယ်မှု, သားရဲရုပ်ခြယ်မှုမှကင်း၍ သိုးကောင်၌ရှိသော ဇာတိအဆင်းအတိုင်း ပြုလုပ်သော သားမွေးကော်ဇောမျိုး, ကပ္ပိယ ဖန်ရည်ဆိုးသော သိုးမွေးချည်တို့ဖြင့်ရက်သော သားမွေးကော်ဇော မျိုးတို့ကို ပကတိကော်ဇောဆိုသည်။

www.dhammaransi.com



အဋ္ဌကထာ၌--

မဟာပိဋ္ဌိယသဒ္ဒါဖြင့် အလျားအနံကျယ်ခြင်း, အမွေးရှည်ခြင်း ဟူသော ဝိကတိ ၂-ပါးကိုသာ အကပ္ပိယဟု ပြဆိုခြင်းသည် ပကတိ ပသင်္ဂအားကြီးရာကို ပြဆိုခြင်းပေတည်း၊ ပကတိ သိုးမွေးအတိုင်းတွင် အလျားအနံကြီးရုံမျှ အမွေးရှည်ရုံမျှဖြစ်သော မဟာပိဋ္ဌိယ ကော်ဇောသည် ပကတိကောဇဝပင်ဟု မှတ်ထင်ဘွယ် အားကြီး၏၊ ထို့ကြောင့် ပကတိကောဇဝမေဝ ဝဋ္ဋတိ၌ ပကတိသဒ္ဒါမျှနှင့် မပြီး၍ အသီးထုတ် ပြရသည်။

ကြွင်းသော ဝိကတိမှုတို့၌ကား- ဝိကာရကိစ္စ ထင်ရှားလှ၍၊ ထို့ကြောင့် ပကတိသဒ္ဒါနှင့်ပင် နစ်စေရန်ကိစ္စ ထင်ရှားလှပြီဖြစ်၍ ပကတိကောဇဝမေဝ ဝဋ္ဋတိ၊ ဂေါနကာဒီနိ နဝဋ္ဋန္တိ-ဟုမဆိုပေသည်။

ကပ္ပိယ, အကပ္ပိယစစ်တမ်းပြီး၏။

## ၂--အဓိဋ္ဌာန်,ဝိကပ္ပနာမှု

အဓိဋ္ဌာန်မှု, ဝိကပ္ပနာမှုတို့၌--

မဇ္ဈိမဘိသိ ပိဋ္ဌဘိသိ ဗိမ္ဗောဟနံ ပါဝါရော ကောဇဝေါ တိ ဧတေ-သု ပန သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ အဓိဋ္ဌာနကိစ္စံ နတ္ထိ ယေဝ။

[ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ။]

ဤ၌ ဘိသိသည် မဇ္ဈိမဘိသိ,ပိဋ္ဌဘိသိ, ဘူမတ္ထရဏဘိသိ,စက်မဘိသိ, ပါဒပုဥ္ဆနဘိသိ အများရှိသော်လည်း ညောင်စောင်း, အင်းပျဉ်ထက် ခင်းသော ဘုံလျှိုရေအဝတ်၌သာလျှင် ပစ္စတ္ထရဏ သက်နိုးအဓိဋ္ဌာန် လျှဉ်းပါးရန်ရှိသောကြောင့် မဇ္ဈိမဘိသိ, ပိဋ္ဌဘိသိဟုဆိုပေသည်၊ ပစ္စတ္ထ-ရဏသက်နိုးအရာ၌သုံးရသော မဇ္ဈိမဘိသိ,ပိဋ္ဌဘိသိတို့၌ပင် အဓိဋ္ဌာန်တင်ဘွယ်ကိစ္စမရှိ၊ ကြွင်းသောဘိသိတို့၌ ဆိုဘွယ်မရှိ ဆိုလိုသည်။

ဗိမ္ဗောဟနမှာလည်း အပေါ်လွှမ်းအတွက် ပရိက္ခာရ စောဠ သက်နိုး, ပစ္စတ္ထရဏသက်နိုး အဓိဋ္ဌာန်လျှဉ်းပါးရန်ရှိ၍ အသီးထုတ် ဆိုသည်။

ပစ္စတ္ထရဏ န္တိ ပါဝါရော ကောဇဝေါ တိ ဧတ္တကမေဝ ဝုတ္တံ။

www.dhammaransi.com



ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ စုလျားပုတီး အခင်း, ကော်ဇောအခင်း၊ ဤအခင်း ၂-ပါးသည်လည်း ပစ္စတ္ထရဏမျိုးပင် ဖြစ်၍၊ သက်နိုး ၉-ထည်တွင် ပစ္စတ္ထရဏသက်နိုးအဖြစ် လျှဉ်းပါးဘွယ်ရှိ၍၊ ထို့ကြောင့် ထိုသို့သောလျှဉ်းပါးမှုကို ရှင်းလင်းစေခြင်းအကျိုးငှါ ပါဝါရောကောဇဝေါ-ဟု အသီးထုတ်ဆိုပေသည်။

ပါဝါရောဆိုသော်လည်း ဘိသိ ဗိမ္ဗောဟန ကောဇဝတို့နှင့် အတူလာသောကြောင့် သန္ထတသေနာသနတွင် ပါဝင်သော အခင်း ဝိသေသဖြစ်သော စုလျားပုတီးအခင်းမျိုးကိုယူ၊ အမြီအရုံဖြစ်သော စုလျားထည်မျိုးကို မယူလင့်၊ အမြီအရုံဖြစ်သော စုလျားထည်မျိုးသည်ကား-ပုဂ္ဂလိကဖြစ်ခဲ့သော် အဓိဋ္ဌာန်မလွတ်ရာ။

ကော်ဇောသည်လည်း မဟာသယနမျိုးဖြစ်သော ဘူမတ္ထရဏကော်ဇောမျိုး,ကပ္ပိယဖြစ်သော ပစ္စတ္ထရဏကော်ဇောမျိုး ၂-ပါးတွင် ဘူမတ္ထရဏမျိုး၌ အဓိဋ္ဌာန်ကိစ္စ လျှဉ်းပါးဘွယ်မရှိ၊ ပစ္စတ္ထရဏကော်ဇောမျိုး၌သာလျှင် လျှဉ်းပါးဘွယ်ရှိသည်။

သေနာသနသည် ၄-မျိုးရှိ၏။—

၁။ ဝိဟာရ သေနာသနမျိုး,

၂။ မဉ္စပီဌ သေနာသနမျိုး,

၃။ သန္ထတ သေနာသနမျိုး,

၄။ ရုက္ခမူလ သေနာသနမျိုး,

ထို ၄-မျိုးတို့တွင် ဤမဉ္စဘိသိ၊ ပီဌဘိသိ၊ ပါဝါရ၊ ကောဇဝတို့သည် သန္ထတသေနာသန အမျိုးအရိုးတို့ပေတည်း၊ ထို့ကြောင့် ပုဂ္ဂလိကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်တင်ဘွယ်ကိစ္စမရှိ၊ ဤအနက်ကိုပြလို၍ ဘိသိ ဗိမ္ဗောဟန, ပါဝါရ, ကောဇဝတို့ကို တလုံးတစုတည်း ပေါင်းစု၍ ဆိုတော်မူသည်။

ပါဝါရောတိ သလောမကော ကပ္ပါသာဒိဘေဒေါ။

ဟူသော စိဝရက္ခန္ဓက အဋ္ဌကထာပါဌ်နှင့်အညီ အမြိတ်အဆာဟုဆိုအပ်သော အမွေးရှိသော ဝါချည်စုလျား, ပိုးချည်စုလျား, သိုးမွေးချည်စုလျား, လျှော်ချည်စုလျား အလုံးစုံဟုဆိုအပ်သော ပစ္စတ္ထ-

www.dhammaransi.com



ရဏာစုသည်ငှင်း၊ အလုံးစုံသော ကော်ဇောဟူသော ပစ္စတ္ထရဏာစုသည် ငှင်း၊ပါဝါရော ကောဇဝေါ-ဟူသောပါဠ်၌ ပါဝင်ပြီးဖြစ်၍ သေနာ-သနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ-၌ ထို ၂-ပါးမှကြွင်းသော ပစ္စတ္ထ-ရဏာမျိုးကိုယူ။

ထို ၂-ပါးမှကြွင်းသော ပစ္စတ္ထရဏာမျိုးဆိုသည်ကား-အမြိတ်အဆာ ဟု ဆိုအပ်သော အမွေးမရှိသော ဝါချည်အိပ်ရာခင်းမျိုး, ပိုးချည်အိပ် ရာခင်းမျိုး, သိုးမွေးချည်အိပ်ရာခင်းမျိုး, လျှော်ချည် အိပ်ရာခင်းမျိုးပေ တည်း၊ ဤအိပ်ရာခင်းမျိုးသည်သာလျှင် သင်္ကန်းပစ္စတ္ထရဏာတွင် ပါ-ဝင်သည်၊ အမွေးရှိသော ပါဝါရ ပစ္စတ္ထရဏာ, ကောဇဝ ပစ္စတ္ထရ-ဏာတို့ကား-သင်္ကန်းပစ္စတ္ထရဏာတွင် ပါဝင်သောအခင်းမဟုတ်ကြကုန်။

သင်္ကန်းပစ္စတ္ထရဏာတွင် ပါဝင်သော အခင်းစုသည်လည်း ပုဂ္ဂလိက လည်းရှိသည်၊ သေနာသနပရိဘောဂလည်း ရှိသည်၊ ထိုတွင် ပုဂ္ဂလိက သည်သာ အဓိဋ္ဌာန်ထိုက်သည်၊သေနာသနပရိဘောဂမူကား-အဓိဋ္ဌာန် မထိုက်၊ ဤသို့သောအနက်ကို သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏောစ-ဟုပြဆိုတော်မူပေသည်။

[ဤကား-အဋ္ဌကထာပါဠ်ဖြင့် သိအပ်သောအဓိပ္ပါယ်တည်း။]

ဤ၌ သေနာသနအကျိုးငှါ လှူအပ်သော ပစ္စတ္ထရဏာဆိုသည်ကား-ကျောင်းမှာ ထာဝရထားရန် တည်ထောင်၍ထားသော အခင်းမျိုး တည်း၊ ပုဂ္ဂလိကကျောင်း၌ပင် ဖြစ်သော်လည်း ပုဂ္ဂလိကမဟုတ်၊ သေ-နာသနပရိဘောဂမျိုးပေတည်း၊ ဒါယကာတို့ ထူထောင်သော အခင်း မှသာ မဟုတ်၊ကျောင်းနေရဟန်း၏ ပုဂ္ဂလိကအထည်ကိုပင် ပုဂ္ဂလိက စိတ်ပြတ်၍ သေနာသနပရိဘောဂ ပြု၍ထားလျှင် သေနာသနပရိက္ခာ-ရပင်တည်း။

## မေးမြန်းဘွယ်

မေး။ "အမွေးရှိသော စုလျားအခင်းမျိုး ကော်ဇော မျိုးများ သည် သန္တတသေနာသန အမျိုးအရိုးဖြစ်ခဲ့၍ အဓိဋ္ဌာန် တင်မှု လျဉ်းပါးဘွယ်မရှိ၊ ယင်းသို့ဖြစ်ပါလျက် အဘယ် ကြောင့် အဋ္ဌကထာဆရာထုတ်ဘော်၍ဆိုရလေသနည်း။

www.dhammaransi.com



လျဉ်းပါးဘွယ်မရှိက ထုတ်ဘော်၍ ဆိုခွင့်မရှိတကား-ဟု လှုပ်ရှားဘွယ်ရှိသောကြောင့် ဝိမတိဋီကာ၌—

ပါဝါရေ ကောဇဝေါ တိ ဣမေသမ္ပိ ပစ္စတ္ထရဏန္တိ လောကေပိ ဝေါဟာရဏတော သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏတော ဝိသုံ ဂဟဏံ ကတံ။ဟူမိန့်၏။

[ဟိတ်ပါဌ်ကိုပဓာနပြု၍ဆိုသောစောဒနာတည်း။]

ဖြေ။ ။ပါဝါရ, ကောဇဝတို့ကိုလည်း ပစ္စတ္ထရဏဟူ၍ လောက၌ ခေါ်ကြလျက် ရှိသောကြောင့် အဓိဋ္ဌာန်တင်မှု လျဉ်းပါးဘွယ်ရှိသည်သာလျှင် ဖြစ်၏၊ထို့ကြောင့် အသီးထုတ်ဘော်၍ဆိုတော်မူပေသည်-ဟူလို။

[ပုဂ္ဂလိကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်ချက်ကို ဟိတ်ဆွက်၍ ပြဆိုသောဋီကာပါဌ်ပေတည်း။]

တနည်းကား—

မေး။ ။ပါဝါရ, ကောဇဝတို့ကို အဘယ်ကြောင့် အသီးဆိုရသနည်း၊ပစ္စတ္ထရဏစ-၌ ပါဝင်နိုင်ကြသည်မဟုတ်လော၊ ပါဝင်နိုင်ကလည်း အသီးမဆိုသင့်-စောဒနာရန်ရှိ၍ ဋီကာပါဌ်ကိုမိန့်။

ဖြေ။ ။ပါဝါရ,ကောဇဝတို့သည် လောက၌ ပစ္စတ္ထရဏ ခေါ်ကြလျက်ရှိကုန်၏၊ ထို့ကြောင့် အသီးမဆိုခဲ့လျှင် ထိုပစ္စတ္ထရဏ၌ ပါဝင်လေ၍ သေနာသနအကျိုးငှါ လှူမှသာ အဓိဋ္ဌာန်လွတ်သည်၊ပုဂ္ဂလိကဖြစ်ခဲ့မူ အဓိဋ္ဌာန်မလွတ်ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ထိုအနက်ကို ရှောင်လွှဲခြင်းငှါ အသီးဆိုရသည်-ဟူလို။

[ပုဂ္ဂလိကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်ကြောင်းကို ဟိတ်ဆောင်း၍ပြချက်ပင်တည်း။]

အဋ္ဌကထာ၌ အသီးခွဲ၍ပင်ဆိုသော်လည်း ပစ္စတ္ထရဏချင်းအတူတူဖြစ်သောကြောင့် ပါဝါရ,ကောဇဝတို့မှာလည်း သေနာသနပရိက္ခာရအကျိုးငှါ လှူရာ၌သာ အဓိဋ္ဌာန်လွတ်သင့်သည်၊ ပုဂ္ဂလိကအကျိုးငှါ

www.dhammaransi.com



လျှရာ၌ အမိဋ္ဌာန်မလွတ်သင့် ဟူသော ပရိကပ္ပလဒ္ဓိကို ဝိမတိဆရာ ပယ်ပေသည်၊ဝိမတိဆရာသာ ပယ်သည်မဟုတ်၊ ကင်္ခါဋီကာသစ်ဆရာလည်း ပယ်သည်သာတည်း။

> ဘိသိဗိဗ္ဗောဟန ပါဝါရကောဇဝါနမ္ပိ သေနာသနပရိက္ခာ-ရတောယေဝ အမိဋ္ဌာနကိစ္စံ နတ္ထိတိ ဝေဒိတဗ္ဗံ။
> [ဂုင်းဋီကာပါဠိ။]

> ဘိသိဗိဗ္ဗောဟန ပါဝါရကောဇဝါနမ္ပိ၊ ဘိသိ, ဗိဗ္ဗောဟန, ပါဝါရ, ကောဇဝတို့၏လည်း။ ဝါ၊ တို့၌လည်း။ သေနာသန-ပရိက္ခာရတောယေဝ၊ သေနာသန ၄-ပါးတို့တွင် သန္တတ သေနာသန ပရိက္ခရာမျိုး ဇာတိအစစ် ဖြစ်သောကြောင့်ပင် လျှင်။ အမိဋ္ဌာန ကိစ္စံ၊ အမိဋ္ဌာန်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ဝေဒိတဗ္ဗံ၊ သိအပ်၏။
> [ဂုင်းဋီကာအနက်။]

တခြားတပါးသော ပစ္စတ္ထရဏာတို့မှာ ခြံရံမှုနှင့်ဆက်ဆံသော အထည်မျိုးဖြစ်လေသောကြောင့် အခင်းမျိုးသက်သက် မဟုတ်လေရကား-သေနာသနပရိက္ခရာအကျိုးငှါ ဝိသေသရည်မှတ်၍ လှူမှသာလျှင် အမိဋ္ဌာန်လွတ်နိုင်သည်၊ အမျိုးအရိုးသက်သက်နှင့် အမိဋ္ဌာန်မလွတ်နိုင်၊ ခင်းဘို့သက်သက်တိုင်း၍ ရက်အပ်သော အမွေးစုတ်ဖွားစုလျားကော်ဇောတို့၌မူကား-သေနာသနပရိက္ခရာမျိုးသက်သက်ဖြစ်ပေသောကြောင့်ပင်လျှင် အမိဋ္ဌာန်ကိစ္စ မရှိရလေသည်-ဟူလို။

ဤဋီကာပါဠိဖြင့် ဘုံလျို, ခေါင်းအုံး, စုလျား, ကော်ဇော၊ ဤ ၄–မျိုးတို့မှာ အမိဋ္ဌာန်လွတ်ရန် အကြောင်းတပါး ရှာဘွယ်မရှိ၊ ပုဂ္ဂလိကပင်ဖြစ်သော်လည်း သန္တတသေနာသန ပရိက္ခရာမျိုးအစစ် ဖြစ်သည့်အတွက်နှင့်ပင် အမိဋ္ဌာန်လွတ်ရလေသည်ဟု ပြဆိုသောကြောင့် ယခင်က ပြဆိုခဲ့ပြီးသော ပရိကပ္ပလဒ္ဓိကို ပယ်သည်သာတည်း။

ကောဇဝါနမ္ပိ-၌ ပိသဒ္ဒါကို ဆိုသည်မှာကား-နောက်နား၌လာသော ပစ္စတ္ထရဏာမှာ သေနာသန ပရိက္ခရာအဖြစ်သို့ ရောက်မှသည့် အမိဋ္ဌာန် လွတ်ခြင်း၏အကြောင်းဟု သိရ၏၊ ဘုံလျိုစသည်တို့မှာ

www.dhammaransi.com



အကြောင်းမပါ။ အကြောင်းရှာဘွယ် ကိစ္စရှိချေ၏-ဟု လှုပ်ရှားရန်ရှိသောကြောင့် ဘိသိစသည်တို့မှာလည်း သေနာသနပရိက္ခာရာအဖြစ်သည်ပင် အကြောင်းတည်းဟု အကြောင်းတစိတ်တူမှုကို ငဲ့၍ ပိသဒ္ဒါကိုဆိုပေသည်။

တစိတ်တူမှုကိုမယူမူ၍ ပစ္စတ္ထရဏာနှင့် အလုံးစုံတူမှုကို ဆိုလိုသည်ဖြစ်ငြားအံ့။

> ဘိသိ ဗိမ္ဗောဟန ပါဝါရ ကောဇဝါနမ္ပိ သေနာသန-
> ပရိက္ခာရတ္ထာယ ဒိန္နတ္တာဝေ အဓိဋ္ဌာနကိစ္စံ နတ္ထိ။

ဟု ဆိုရမည်၊ ထိုသို့ကား-မဆိုသောကြောင့် တစိတ်တူမှုကိုငဲ့သော ပိ-ဟုသိအပ်သတည်း၊ ဤသို့သိပေမှ အဋ္ဌကထာရိပ်နှင့် ရောမိကြမည်၊ ဤသို့မသိမူ၍ ဋီကာနှင့်ထင်တိုင်းပေါက်လွှတ်ယူခဲ့လျှင် အဋ္ဌကထာနှင့် ကွာလှမ်း၍သွားတတ်သည်၊ဋီကာမှာ ထွေးယှက်လျက် ရှိခဲ့လျှင် အဋ္ဌ-ကထာရိပ်ကို နာနာကြည့်ရသည်၊ အဋ္ဌကထာမှာ ထွေးယှက်လျက်ရှိခဲ့လျှင် ပါဠိတော်ရိပ်ကို နာနာကြည့်ရသည်၊ဤအရာမှာ အဋ္ဌကထာရိပ် အလွန် ထင်ရှားလျက်ရှိသည်၊ ခြုံရုံသောပါဝါရမျိုး တိုင်အောင်ပင် အဓိဋ္ဌာန်တင်ဘွယ်မရှိဟု ဆိုသွားပါ၏။

စီဝရက္ခန္ဓကပါဠိတော်မှာလည်း–

၁။ ရှေးဦးစွာ ဂဟပတိစီဝရကို ခွင့်ပြုတော်မူ၏။
၂။ ၎င်းနောက် ပါဝါရကို ခွင့်ပြုတော်မူ၏။
၃။ ၎င်းနောက် ကောဇဝကို ခွင့်ပြုတော်မူ၏။
၄။ ၎င်းနောက် ကမ္ဗလကို ခွင့်ပြုတော်မူ၏။
၅။ ၎င်းနောက် ခေါမစသော သက်န်းမျိုး ၆-ပါးကို ခွင့်ပြုတော်မူ၏။
၆။ ၎င်းနောက် ဝိသာခါဝတ္ထုတွင် ဝဿိကသာဋိကကို ခွင့်ပြုတော်မူ၏။
၇။ ၎င်းနောက် အသုစိမုစ္စနဝတ္ထုတွင် နိသီဒနကို ခွင့်ပြုတော်မူ၏။
၈။ ၎င်းနောက် အာနန္ဒဝတ္ထုတွင် ပစ္စတ္ထရဏာကို ခွင့်ပြုတော်မူ၏။

www.dhammaransi.com



၉။ ၎င်းနောက် ဗေလဋ္ဌသီသဝတ္ထုတွင် ကဏ္ဍုပဋိစ္ဆာဒိကို ခွင့်ပြုတော်မူ၏။

၁၀။ ၎င်းနောက် ဝိသာခါဝတ္ထုတွင် မုခပုဉ္ဆနစောဠကကို ခွင့်ပြုတော်မူ၏။

၁၁။ ၎င်းနောက် ပရိက္ခာရစောဠကို ခွင့်ပြုတော်မူ၏။

၁၂။ ၎င်းနောက် အဓိဋ္ဌာန်, ဝိကပ္ပနာကို ခွင့်ပြုတော်မူ၏။

[ပရိက္ခာရစောဠ ဟူသည်လည်း ရေစစ်ပုဝါနှင့် သပိတ်အိတ်, ဘိနပ်အိတ်စသည်တည်း။]

ဤသို့လျှင်အမည်အသီးအသီးနှင့် ခွင့်ပြုပြီးရှိနေပါလျက် အဓိဋ္ဌာန်, ဝိကပ္ပနာအစီအရင်ကို ခွင့်ပြုတော်မူသောအခါ ပါဝါရ, ကောဇဝ, ကမ္ဗလ၊ ဤ ၃-ပါးသည်မပါ ကျန်ရှိ၍နေ၏၊ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည်လည်း အဓိဋ္ဌာန်အရာ၌ ပါဝါရ, ကောဇဝတို့ကို အသီးနုတ်ပယ်ကြကုန်၏၊ ကမ္ဗလကိုကား- ပါဝါရ၌သွင်းရိပ်ရှိ၏၊ အိပ်ရာ၌ အမြဲထား၍အိပ်သောအခါမှခင်းမှုခြုံမှု၌ အသုံးပြုရသော အထည်မျိုးဖြစ်ခဲ့၍ သေနာသနပရိက္ခာရဇာတိကဖြစ်သောကြောင့် ပါဝါရမျိုး, ကမ္ဗလမျိုး,ကောဇဝမျိုးတို့ကို အဓိဋ္ဌာန်မှ အလွတ်ထားတော်မူသည်။

တေန ခေါ ပန သမယေန အညတရာ ဣတ္ထီ ခရကမ္ဗလံ ပါရုတာ ဟောတိ။အညတရော ဘိက္ခု သာရတ္တော တံ ဣတ္ထိံ ဧတဒဝေါစ၊ ကက္ကသလောမံ ခေါ တေ ဘဂိနီတိ။ ။တေန ခေါ ပန။လ။အာကိဏ္ဏလောမံ ခေါ တေ ဘဂိနီ တိ။ ။တေနခေါ ပန။လ။ ခရလောမံ ခေါ တေ ဘဂိနီတိ။ ။တေနခေါ ပန။လ။ ပါဝါရံ ပါရုတာ ဟောတိ။လ။ ဒီဃလောမံ ခေါ တေ ဘဂိနီတိ။

ဟူ၍ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌လာသော ဝတ္ထုများကို ထောက်၍ အမွေးတိုမျိုးကား-ကမ္ဗလ,အမွေးရှည်မျိုးကား-ပါဝါရဟုသိအပ်၏။

အမွေးလက်၄-သစ်ရှည်သော မဟာပိဋ္ဌိယကော်ဇောကို ပြဆိုသော အဋ္ဌကထာ၌လည်း—

မဟာပိဋ္ဌိယကောဇဝန္တိ ဥဏ္ဏာမယော ပါဝါရသဒိသော ကောဇဝေါ။

ဟူ၍လာ၏။

www.dhammaransi.com



နိသီဒိုင်မှတပါး ကောသေယျဝင်္ဂ၌လာသော ခင်း၍လုပ်သောသန္ထ-တကော်ဇောမျိုးဟူသမျှသည်လည်းသန္ထတသေနာသနမျိုးစင်စစ်ဖြစ်၍၊ အဓိဋ္ဌာန်လွတ်၏။

> နမတကံ ဥပ္ပန္နံ ဟောတိ၊ဘိက္ခူနံ ဧတဒဟောသိ''နမတ-ကံ အဓိဋ္ဌာတဗ္ဗံ ဥဒါဟု ဝိကပ္ပေတဗ္ဗ''န္တိ၊ဘဂဝတော ဧတ-မတ္ထံ အာရောစေသုံ၊ နဘိက္ခဝေ နမတကံ အဓိဋ္ဌာတဗ္ဗံ၊ နဝိက-ပ္ပေတဗ္ဗန္တိ။
>
> [ခုဒ္ဒကဝတ္ထုပါဠိတော်။]

> နမတကံ နာမ ဧဠကလောမေဟိ ကတံ အဝါယိမံ စမ္မက္ခဏ္ဍပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗံ။
>
> [အဋ္ဌကထာ။]

ယခုကာလတရုပ်ကော်ဇောခေါ်သော ခင်း၍လုပ်သော သားမွေး အခင်းငယ်မျိုးကို နမတကအခင်းခေါ်ရိပ်ရှိ၏၊ ဤနမတကအခင်း၌ အလျားအနံအဓိဋ္ဌာန်ဝိကပ္ပနာလောက်ပါလျက် ခင်း၍လုပ်သောသန္ထ-တမျိုး, သေနာသနမျိုးဖြစ်သည့်အတွက် အဓိဋ္ဌာန်,ဝိကပ္ပနာကို ပယ် တော်မူသည်ကို မြင်သဖြင့်လည်း နိသီဒိုင်မှတပါး ခင်း၍လုပ်အပ်သော သန္ထတအခင်းမျိုးတို့၌ အဓိဋ္ဌာန်, ဝိကပ္ပနာ မရှိကြောင်းကို သိအပ် သတည်း။

ကောသေယျဝင်္ဂမှာလာသော သန္ထတနိသီဒိုင်နှင့် ရတနဝဂ်မှာလာ သော စီဝရနိသီဒိုင် ၂-ပါးတို့၏ အခြင်းအရာသည်ကား-ဋီကာတို့မှာ အကျဉ်းလာ၏၊ ဝဇိရမှာ အကျယ်လာ၏။

ဤမျှသောစကားရပ်ဖြင့် ဘုံလျို, ခေါင်းအုံး, စုလျား, ကော်ဇော, ကမ္ဗလာဟူသောဝတ္ထုတို့၌ အဓိဋ္ဌာန်မရှိကြောင်းသည် ပါဠိတော်နှင့် ပင် ထင်ရှား၏၊ အဋ္ဌကထာနှင့်ကား-တိုက်ရိုက်ပြီး၏-ဟု သိစေအပ်သ တည်း၊ ဤသို့သိသဖြင့် ဝိမတိ,ကင်္ခါဋီကာ ၂-ရပ်၊ ယခင်ပါဌ်တို့၌လည်း ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်ကိုသာ ယူအပ်၏၊ ထိုဋီကာပါဌ်တို့မှ ပါဠိ အဋ္ဌကထာနှင့် ကွာလှမ်း၍သွားသော အနက်အဓိပ္ပါယ်များကို မယူ အပ်။ ။တရပ်။

www.dhammaransi.com



သေနာသနတ္ထာယဒိန္နပစ္စတ္ထရဏော တိ တွေ့ အနိဝါသေတွာ အပါရုပေတွာ စ ကေဝလံ မဥ္စပီဌေသုယေဝ အတ္တရိတွာ ပရိဘုဥ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္တကံပိ အနဓိဋ္ဌာတုံ ဝဋ္ဋတီ တိ ဝဒန္တိ။ ဟေဋ္ဌာ ပန ပစ္စတ္ထရဏမ္ပိ အဓိဋ္ဌာတဗ္ဗမေဝါ တိ အဝိသေသေန ဝုတ္တတ္တာ အတ္တနော သန္တကံ အဓိဋ္ဌာတဗ္ဗမေဝါတိ အမှာကံ ခန္တိ၊ ဝီမံသိတွာ ဂဟေတဗ္ဗံ။

[သာရတ္ထ။]

၄၂၂။ အတ္တနောသန္တကံ အဓိဋ္ဌာတဗ္ဗမေဝါတိ အမှာကံခန္တိ-ဟူသော ပါဌ်ဖြင့် ပစ္စတ္ထရဏအမည်ရသော ပါဝါရ, ကောဇဝတို့၌လည်း မိမိ၏ ပုဂ္ဂလိက ဖြစ်ခဲ့သော် အဓိဋ္ဌာန်တင်မှု ရှိသင့်သည်ကို ပြဆိုသောကြောင့် သာရတ္ထဒီပနီအလိုအားဖြင့် ဘုံလျှို, ခေါင်းအုံးတို့နှင့်တကွ ပါဝါရ, ကောဇဝတို့ကိုလည်း ပုဂ္ဂလိကဖြစ်ခဲ့လျှင် အဓိဋ္ဌာန်တင်ရမည်ဟု ယူကြကုန်၏။

အဋ္ဌကထာ၌—

ပစ္စတ္ထရဏမ္ပိအဓိဋ္ဌာတဗ္ဗမေဝ-ဟု အောက်၌ဆိုခဲ့သော သာမညစကား၌ ဝေဘန်၍ သိထိုက်သော ဝိသေသတ္ထကို ပြတော်မူခြင်းငှါ—

မဉ္စဘိသိ,ပီဌဘိသိ, ဗိမ္ဗောဟနံ,ပါဝါရော, ကောဇဝေါ-တိ ဧတေသု ပန သေနာသနတ္ထာယ ဒိန္နပစ္စတ္ထရဏော စ အဓိဋ္ဌာတဗ္ဗကိစ္စံ နတ္ထိယေဝ။

ဟုနောက်မှာဆိုပေရကား-ရှေ့သာမည စကားသည် ဝိသေသအရာ၌တည်သည်သာဖြစ်၏၊ သာမညဖြစ်သော ရှေ့စကားနှင့် ဝိသေသဖြစ်သော နောက်စကားကို မတားမြစ်သင့်၊ ဝိသေသဖြစ်သော နောက်စကားဖြင့် သာမညဖြစ်သောရှေ့စကားသည် ဝိသေသအရာ၌တည်မြဲဖြစ်၏။

ထို့ကြောင့် ဋီကာ၌လာသော အာစရိယဝါဒကို ဖယ်လိုသည် ရှိသော် သေနာသနပရိက္ခာရတ္ထာယဒိန္န-ဟူသော ဝိသေသနပုဒ်ဖြင့်သာ ပယ်အပ်၏၊ သေနာသနပရိက္ခာရအကျိုးငှါ လှူအပ်သော ပစ္စတ္ထရဏံသည်သာ အဓိဋ္ဌာန်လွတ်သည်ဟု အဋ္ဌကထာဆိုသောကြောင့် အတ္တ-

www.dhammaransi.com



နောသန္တကဖြစ်ခဲ့လျှင် မဝတ်မရုံမူ၍ သောင်စောင်း,အင်းပျဉ်၌ခင်း၍ သုံးဆောင်ရုံမျှ ဖြစ်သော်လည်း အဓိဋ္ဌာန်မလွတ်ထိုက်ဟု ပယ်သင့်သတည်း။

**ဆိုဘွယ်အထူးကား။** ။ပါဝါရမျိုး, ကောဇဝမျိုး, ကမ္ဗလာမျိုးဖြစ်ခဲ့လျှင် အတ္တနောသန္တကပင်ဖြစ်သော်လည်း အဓိဋ္ဌာန်လွတ်၏၊အမွေးမရှိသော အခင်းချောမျိုးဖြစ်ခဲ့လျှင် အတ္တနောသန္တက မဟုတ်မှသာ အဓိဋ္ဌာန်လွတ်ခွင့်ရှိသည်၊ အတ္တနောသန္တကဖြစ်ခဲ့လျှင် အဓိဋ္ဌာန်လွတ်ခွင့်မရှိ၊ ဤဋီကာပါဌ်သည်ကား-ဘုံလျှို,ခေါင်းအုံး, စုလျား, ကော်ဇော-ဟူသော အဋ္ဌကထာ၌ အသီးထုတ်ဆိုသော ပစ္စတ္ထရဏမျိုးတို့၌ဆိုသောပါဌ်မဟုတ်၊ ထိုပစ္စတ္ထရဏ၄-မျိုးတို့မှ အလွတ်ဖြစ်သော ပစ္စတ္ထရဏမျိုး၌သာ ဆိုကြသော အာစရိယဝါဒ ဋီကာဝါဒ ပါဌ်ပေတည်း။

ထို့ကြောင့် သာရတ္ထဒီပနီဆရာအလို ပုဂ္ဂလိကဖြစ်သော ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇောများကို အဓိဋ္ဌာန်တင်ရမည်-ဟုဆိုကြသောသူတို့၏ စကားသည် ပယ်အပ်သောစကားသာတည်း။

ဤမျှသော စကားရပ်တို့ဖြင့် ဘုံလျှိုအခင်းမျိုး, ခေါင်းအုံးမျိုး, အမွေးရှိသော စုလျားဝတ်လုံခြုံထည် ကမ္ဗလာမျိုး, ဘူမတ္ထရဏကော်ဇောကြီးမျိုး, ဥတ္တရတ္ထရဏကော်ဇောလတ်မျိုး, ပစ္စတ္ထရဏကော်ဇောချောမျိုး, ကောသေယျဝင်၍လာသော သန္ထတ ကော်ဇောမျိုး ဤအလုံးစုံသည် ပုဂ္ဂလိကလူ၍ပင်ရသော်လည်း အဓိဋ္ဌာန်, ဝိကပ္ပနာလွတ်သော အထည်မျိုးဖြစ်သည်ကို ပါဠိတော်နှင့်လည်း သိသာသည်၊ အဋ္ဌကထာနှင့်လည်း ထင်ရှားသည်ကို ပြဆိုသောအခန်းတည်း။

ဥစ္စာမဟာသယနာနံ၊ ဝိနိစ္ဆယော မယာ ကတော။
ယုတ္တိံ ဥ_တွာန ဂဏှန္တု၊ ပဏ္ဍိတာ ယုတ္တဒဿိနော။

မယာ၊မုံရွာမြို့မှီ လယ်တီတောကျောင်း ဆရာငါသည်။ဥစ္စာမဟာ-သယနာနံ၊ ဥစ္စာသယန မဟာသယနတို့၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ကတော၊ သက္ကရာဇ် ၁၂၆၁-ခု၊ တန်ခူးလဆန်း၁-ရက်တွင် စီရင်ဆုံးဖြတ်ရေးသားအပ်ပြီ။ ယုတ္တဒဿိနော၊ သင့်မြတ်သော သဘော

www.dhammaransi.com



ယုတ္တိကို သိစွမ်း, မြင်စွမ်းရှိကြကုန်သော။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ ယုတ္တံ၊ အသင့်အမြတ်ကို။ ဥတွာန၊ သိကြကုန်၍။ ဂဏှန္တု၊ မှတ်ယူစွဲမြဲ ကြစေကုန်သတည်း။

အဓိဋ္ဌာန်,ဝိကပ္ပနာမှုပြီး၏။

ဤတွင်ရွှေကား-ဥစ္စာသယနမဟာသယနဝိနိစ္ဆယပြီး၏။

www.dhammaransi.com

# ဒီဃာသနဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒီဃာသနဒ္ဓိ ယံ တော် ပညတ္တံ ဒီဃဒဿိနာ။
တဿ ဝိနိစ္ဆယံ ဒါနိ၊ ပဝက္ခာမိ ယထာဗလံ။

**အနက်။** ။* ဒီဃဒဿိနာ၊ အရှည်ကို မြင်တော်မူသော မြတ်စွာဘုရားသည်။ယံတော် အာသနံ၊ အကြင်အခင်းကို။ ဒီဃာသနန္တိ၊ ဒီဃာ-သန-ဟူ၍။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ ဒါနိ-ဣဒါနိ၊ယခုအခါ၌။ တဿအာသနဿ၊ ထိုဒီဃာသနအခင်း၏။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ယထာဗလံ၊ အစွမ်းရှိသလောက်။ အဟံ၊ လယ်တီတောကျောင်းဆရာငါသည်။ ပဝက္ခာမိ၊ မိန့်ဆိုစီရင်ပေအံ့။

### ၁—ဓမ္မဂါရဝမူလသိက္ခာပုဒ်

ယေ စ ဗဟု ဘိက္ခူ ထေရာ စ နဝါ စ မဇ္ဈိမာ စ အာ-ယသ္မတော ဥပါလိဿ သန္တိကေ ဝိနယံ ပရိယာပုဏန္တိ။ အာ-ယသ္မာဥပါလိ ဌိတကော ဥဒ္ဒိသတိ ထေရာနံ ဘိက္ခူနံ ဂါရဝေန။ ထေရာပိ ဘိက္ခူ ဌိတကာ ဥဒ္ဒိသာပေန္တိ ဓမ္မဂါရဝေန။ တတ္ထ ထေရာစေဝ ဘိက္ခူ ကိလမန္တိ၊ အာယသ္မာ စ ဥပါလိ ဘဂဝ-

မှတ်ချက်။ ။* ဤအမှတ်ပြပဒ်ညာ၌--ဂါထာ၏အနက်မှာ စာမူရင်း၌ မပါသော်လည်း အနက်ကိုလိုလားသူတို့အကျိုးငှါထည့်သွင်းဘော်ပြရပေသည်။

www.dhammaransi.com

တော ဧကမန္တံ့ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ နဝ-ကေန ဘိက္ခုနာ ဥဒ္ဒိသန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ ဥစ္စတရေ ဝါ ဓမ္မဂါရဝေန။ ထေရေန ဘိက္ခုနာ ဥဒ္ဒိသာပေန္တေ-န သမကေ ဝါ အာသနေ နိသီဒိတုံ နီစတရေ ဝါ ဓမ္မဂါရ ဝေန။

အရှင်ဥပါလိထေရ်သည် အရိယာသူမြတ်ဖြစ်၍ ဓမ္မဂါရဝအရာ၌ လည်းပါရမီပတ္တဖြစ်သင့်ရကား "သောရာနံဘိက္ခုနံ ဂါရဝေန" ဟူသော ပါဠိဖြင့် ဓမ္မဂါရဝကိုလည်းယူပါ၊ ထိုသို့ယူသည်ရှိသော် အရှင်ဥပါလိ ထေရ်သည် ဓမ္မဂါရဝအကြောင်းကြောင့် မိမိထက်သီတင်းကြီးဖြစ် သောဓမ္မန္တေဝါသိကထေရ ဘိက္ခုတို့နှင့် နေရာတူ၌ရင်း, မြင့်သော နေရာ၌ရင်း နေ၍ ဝိနည်းပိဋကတ်ကို ပို့ချကြောင်းကိုသိအပ်၏၊ ထိုသို့ ဓမ္မဂါရဝအကြောင်းကြောင့် နေရာတူ, မြင့်သောနေရာ၌ နေငြားသော် လည်း "ထေရဂါရဝ" ဟူသောအကြောင်းကြောင့် မတ်တတ်ရပ်ခြင်း ဣရိယာပုထ်ဖြင့်သာ နေ၍ချပို့လေသည်။

"အနုဇာနာမိ ဘိက္ခဝေ" အစရှိသော ပါဠိတော်မြတ်ဖြင့်ကား-ထိုသို့ သဘောရှိသော တရားကျမ်းဂန် ပို့ချသင်ကြားခြင်း, တရားဓမ္မ ဟော ပြောဆုံးမနာခံခြင်း-စသောအရာများ၌ အာစရိယပုဂ္ဂိုလ် သုတန္တ ပုဂ္ဂိုလ် ၂-ဦးတို့သည်သင်ချင် ထေရဘာဝကို ပမာဏမပြုအပ်၊ ဓမ္မ-မဟတ္တဂုဏ်ကိုသာ ပမာဏပြုအပ်၏၊ ဓမ္မမဟတ္တဂုဏ်ကိုအာရုံပြုသော ဓမ္မဂါရဝအကြောင်း တပါးတည်းဖြင့်ပင်လျှင်—

၁။ သုတန္တထေရတို့နှင့် နေရာတူ၌ရင်း, နေရာမြင့်၌ရင်း, နေခြင်း ငှါအပ်၏။

၂။ သုတန္တထေရတို့က မတ်တတ်ရပ်လျက် နာကုန်စဉ်လည်း ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်ဖြင့် ချပို့ဟောပြောခြင်း ငှါအပ်၏။

၃။ သုတန္တထေရတို့ကလည်း တူသောနေရာ, နိမ့်သောနေရာ၌ တူသောဣရိယာပုထ်, ယုတ်သော ဣရိယာပုထ်ဖြင့်နေ၍ သီ တင်းငယ် အာစရိယပုဂ္ဂိုလ်ကို အရိုအသေပြု၍နာအပ်၏-ဟု သိအပ်၏။

www.dhammaransi.com



ရပ်ခြင်း ဣရိယာပုထ်သည် အရှည်မခံသော ဣရိယာပုထ်ဖြစ်၍ ပုဂ္ဂိုလ် ၂-ဦးတို့အားပင် ထိုင်ခြင်းဣရိယာပုထ်ကို ခွင့်ပြုတော်မူသည်။

[ဤပါဠိတော်၌။ ''သမကေဝါအာသနေ'' ဟူသောပါဠိ၌အနိမ့်,အမြင့် အရပ်ပမာဏတူသော အသီးအသီးသော ညောင်စောင်း,အင်းပျဉ်များကို ယူပါ၊ ဤသိက္ခာပုဒ်ကား-တရားကျမ်းဂန် ချပို့သင်ကြားရာ, တရားဓမ္မ ဟောပြောနာခံရာ ဤကဲ့သို့သောအရာများ၌သာ ဆက်ဆံသည်။]

ဓမ္မဂါရဝမူလသိက္ခာပုဒ်ပြီး၏။ တရပ်-

---

## ၂-ထေရဂါဝရ, အသာရုပ္ပမူလကသိက္ခာပုဒ် ၂-ပါး

တေန ခေါ ပန သမယေန ဗဟူ ဘိက္ခူ အာယသ္မတော ဥပါလိ-ဿ သန္တိကေ ဝိတကာ ဥဒ္ဒေသံ ပတိမာနေန္တာ ကိလမန္တိ။ ဘဂဝ-တော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ သမာနာသ-နိကေဟိ သဟ နိသီဒိတုံ။

ဤသိက္ခာပုဒ် နိဒါန်း၌ အရှင်ဥပါလိ စာချသော ကျောင်း၌ ညောင်စောင်း, အင်းပျဉ်မှတပါး ထိုင်၍ လျောင်း၍ နေစရာနေရာ တပါးမရှိ၊ ရှိသောညောင်စောင်း,အင်းပျဉ်စုမှာလည်း ထေရ ဂါရဝ တရား အားကြီးကြသောအခါဖြစ်၍တနာရီတခဏမဟုတ္တမျှပင်သီတင်း သိက္ခာကြီးသော ပုဂ္ဂိုလ်တို့နှင့် အတူတကွနေခြင်းငှါမဝံ့ကုန်သောနဝ, မဇ္ဈိမတို့သည် မတ်တတ်ရပ်လျက်နေကြကုန်သည်။

**တနည်း**-ညောင်စောင်း,အင်းပျဉ်မှ တပါး ဘူမတ္ထရဏ ဖြစ်သော ဖျာ,သင်ဖြူး-စသည်ရှိပါသော်လည်း မိမိတို့ထက် သီတင်းကြီးပုဂ္ဂိုလ် တို့ နေကြကုန်သည်ဖြစ်၍ငင်း, အခင်းမရှိရာ၌ ထိုင်နေခြင်းငှါ မတတ် ကောင်းသည်ဖြစ်၍ငင်း မတ်တတ်နေကြကုန်သည်။

သိက္ခာပုဒ်၌-

အညမည့် နာတိနဝ နာတိဝုဍ္ဎာဘာဝေန သမာနံ အာသနံ အရဟန္တီတိ သမာနာသနိကာ-ပြုပါ။

သမာန-အရကိုတခုတည်း အဖြစ်ဖြင့်တူသည်ကိုယူ၊ သမကေဝါ အာသနေ-ဟူသော ရှေ့သိက္ခာပုဒ်ကဲ့သို့ အနိမ့်, အမြင့်တူကာမျှကို မယူလင့်၊ သဟာသဒ္ဒါကိုမြော်ပါ။

www.dhammaransi.com



အာသနံ-အရကိုကား-ကျောင်းစောင်း,အင်းပျဉ်နှင့်တကွ ဘူမတ္ထရ-ဏာဖြစ်သော ဖျာ, သင်ဖြူး, ကော်ဇော-အစရှိသော နေရာဟူသမျှကိုပင်ယူ၊ ကျောင်းစောင်း,အင်းပျဉ်မျှကိုမယူလင့်။

သမာနာသနိကောပိ၊ တခုတည်းအဖြစ်ဖြင့် တူသောနေရာ၌နေခြင်း ၄ါ ထိုက်တန်သော ရဟန်းတို့ချင်းချင်း။ သဟ၊ အတူတကွ။ နိသီဒိတုံ၊ ထိုင်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ အနုက်ပေး။
[သမာနာသနိက အရသည် နောက်သိက္ခာပုဒ်၌ထင်ရှားလာလတ္တံ့။]

အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ- ဟူသော သိက္ခာပုဒ်၌—

တိဝဿာဝဿာနံ အန္တရေ ဌိတော ဥပသမ္ပဒါတိ တိဝဿန္တ-ရာ၊ တေနေဝ ပုဂ္ဂလ သာမညေန တိဝဿန္တရော-ဟုပြု။

တပါးနှင့်တပါးသည် ရက်ပေါင်း ၁၀၀၀-ဖြင့်ရေတွက်အပ်သော ၃-နှစ်ကို မလွန်မူ၍ ပဉ္စင်းအဖြစ်ကိုရကြသော ရဟန်းချင်းချင်းသည် တိဝဿန္တရသမာနာသနိကမည်၏၊ ထိုသမာနာသနိက ရဟန်းချင်းချင်းသည်သာလျှင် တခုတည်းသောကျောင်းစောင်း, တခုတည်းသော အင်းပျဉ်,တခုတည်းသော ဖျာ,သင်ဖြူး,ကော်ဇော ခင်းနှီးတို့၌ အတူတကွ ထိုင်နေခြင်းကို ခွင့်ပြုတော်မူ၏ ဟူလိုပါသည်။

အဋ္ဌကထာ၌ကား—

တိဝဿန္တရေနာတိဧတ္ထ တိဝဿန္တရောနာမ ယော ဒွီဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ယော ပန ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ၊ယော ဝါ သမာနဝဿော၊ တတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ဣမေ သဗ္ဗေ ဧကသ္မိံ မဉ္စေ ဝါ ပီဌေ ဝါ ဒွေဒွေ ဟုတွာ နိသီဒိတုံ လဘန္တိ။
ဟုဘွင့်တော်မူသည်။

ဤအဋ္ဌကထ၌—
ဒွီဟိဝဿေဟိ-ဟူ၍ဆိုခြင်း၌ တတိယဝဿကို နှစ်စေလို၍ ဆိုခြင်း မျှသာဖြစ်သည်။ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဒွတ္တိံသာကာရ

www.dhammaransi.com



သဋ္ဌာယဝိမိတွင် ဆဟိမာသေဟိ-ဟူသောပုဒ်ကဲ့သို့ မှတ်ပါ၊ ထို့ကြောင့် တပါးနှင့်တပါး ၂-နှစ်နှင့်၁၀လ, ၁၁-လသာ ကြီးကြ,ငယ်ကြသော်လည်း တိဝဿန္တရ သမာနာသနိကပင်-ဟုမှတ်ယူသင့်ပါသည်။

ကေသိံ မဉ္စေဝ ပီဌေဝ ဒွေဒွေ ဟုတွာ-ဟူသော စကားကိုကား-နောက်၌ဟောတော်မူလတ္တံ့သော အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿပီဌံ-ဟူသော သိက္ခာပုဒ်တော်အရကို အတွင်းဝင်ပြု၍ တချက်တည်းပြီး သိမ်းခြုံ၍ ဆိုလိုက်သော စကားသာဖြစ်သည်၊ ယခုဘွင့်ဆဲဖြစ်သော သမာနာသနိက သိက္ခာပုဒ်တို့၌ အာသန-အရကို ညောင်စောင်း,အင်းပျဉ်ကိုသာ ယူစေလို၍ ဘွင့်ဆိုသည်ဟု မယူသင့်။ ဒွေဒွေဟုတွာ-ဟု ဆိုခွင့်မရောက်သေးဘဲလျက် ဒွေဒွေဟုတွာ-ဟု ဤနေရာ၌ဆိုသည်ကိုထောက်ပါ။

ထို့ကြောင့် ဤသမာနာသနိက,တိဝဿန္တရသိက္ခာပုဒ် ၂-ပါးတို့ဖြင့် တပါးနှင့်တပါး ရဟန်းသိက္ခာရခြင်း ၃-နှစ်ကိုမလွန်ကြပါမူ တခုတည်းသော ညောင်စောင်း, အင်းပျဉ်, ဖျာ, သင်ဖြူး-စသည်၌ အတူတကွထိုင်နေသော်လည်းအဂါရဝ,အသာရုပ္ပအရာနှင့်စပ်၍အပြစ်မရှိ၊ တပါးနှင့်တပါး ၃-နှစ်ကိုလွန်၍ ကြီးကြ,ငယ်ကြမူ တခုတည်းသော ညောင်စောင်း, အင်းပျဉ်, ဖျာ,သင်ဖြူးစသည်၌အတူတကွ ထိုင်နေခဲ့သည်ရှိသော် သီတင်းငယ်များမှာ အဂါရဝအပြစ်, သီတင်းကြီးများမှာ အသာရုပ္ပအပြစ်ဖြင့် ဟုံးဖြတ်ထိုက်ကြောင်းကိုသိအပ်၏။

ထေရဂါရဝ, အသာရုပ္ပမူလကသိက္ခာပုဒ် ၂-ပါးပြီး၏။

---

## ၃-ဘေဒမူလက ဒုဝဂ္ဂမဉ္စသိက္ခာပုဒ်၌ စိစစ်ခြင်း

တေန ခေါ ပန သမယေန သမ္ဗဟုလာ သမာနာသနိကာ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု၊ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဉ္စံ တိဝဂ္ဂဿ ပီဌန္တိ၊တိဝဂ္ဂေပိ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု၊ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု၊ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌန္တိ။

www.dhammaransi.com



ဤသိက္ခာပုဒ် ၂-ပါးကား- သမာနာသနိကချင်းဖြစ်၍ အချင်းချင်း အဂါရဝ, အသာရုပ္ပအပြစ်မရှိသော်လည်း ဒါယကာတို့ သဒ္ဓါဒေယျ လှူဒါန်း၍ရသော ပရိက္ခရာဘဏ္ဍာများ၌ ပမာဏကိုမသိဘဲ သုံးဆောင် ခြင်းတည်းဟူသော ဒုပ္ပရိဘောဂကို မြစ်ခြင်းငှါ မဉ္စ,ပီဌတို့၌သာ ဒုဝဂ္ဂ-ပရိစ္ဆေဒပမာဏအပိုင်း အခြားကို ထားတော်မူသော သိက္ခာပုဒ်များ ပေတည်း၊ ပုဂ္ဂလအဂါရဝ, အသာရုပ္ပအပြစ်များကို အကြောင်းပြု၍ ပညတ်သည်ဟုမမှတ်လင့်၊ ထိုပုဂ္ဂလအဂါရဝ, အသာရုပ္ပအပြစ်များ ကိုကား-ရှေ့သမာနာသနိက တိဝဿန္တရသိက္ခာပုဒ်တို့ဖြင့်ပင် အန္တယ ဗျတိရေကအားဖြင့် ပယ်ပြီး ပိုင်းခြားပြီး ဖြစ်သည်။

သမာနာသနိက ရဟန်းတို့ချင်းဖြစ်မှုကား-တခုသောညောင်စောင်း, အင်းပျဉ်စသည်၌ ၅-ယောက်, တကျိပ်စသည်ဖြင့် ဆံ့သရွေ့တိုးဝှေ့၍ ထိုင်နေကြသော်လည်း အဂါရဝ အတွက်နှင့် အပြစ်မဆိုသာ၊ဂရုဘဏ် အရာမြောက်ထိုက်သော ညောင်စောင်း, အင်းပျဉ်များ ပျက်စီးရန် အခွင့်ကို မမြော်မြင်ဘဲ အတိုင်းအရှည်ကို မသိမူ၍ သုံးဆောင်ကြခြင်း တည်းဟူသော ဒုပ္ပရိဘောဂ အတွက်ကြောင့်သာ အပြစ်ဖြစ်ရလေ သည်၊ မြတ်စွာဘုရားသည်လည်း ထိုအပြစ်ကို တားမြစ်ခြင်းငှါ တခု သော ညောင်စောင်း, အင်းပျဉ်၌ ၂-ပါးသော သမာနာသနိက ရဟန်းတို့အားသာ ထိုင်စေဟု အပိုင်းအခြားကို ထားတော်မူသည်ဟု နိသံသယမုချစင်စစ်မှတ်ပါ၊ ထိုအနက်သည်လည်း ညောင်စောင်း, အင်းပျဉ်ပြိုပျက်ခြင်းကို အရင်းပြု၍ ဖြစ်လာသော ဤသိက္ခာပုဒ်ဝတ္ထု၊ နိဒါန်းဖြင့်ပင် ထင်လင်းလှပါ၏။

ဆိုဘွယ်အထူးကား--

တိဝဂ္ဂေါပိ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု၊ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု။

ဟူ၍ တခုသော ညောင်စောင်း, အင်းပျဉ်၌ ၃-ပါးသော သမာ-နာသနိကရဟန်းတို့ တပြိုင်နက် တပေါင်းတစုတည်း ထိုင်ရုံမျှနှင့် ညောင်စောင်း, အင်းပျဉ်ကျိုးပျက်ခြင်းကို အကြောင်းပြု၍ ဟော တော်မူသော သိက္ခာပုဒ်တော် ဖြစ်လေသောကြောင့် ဤဒုဝဂ္ဂဿပီဌ-

www.dhammaransi.com



ဟူသောသိက္ခာပုဒ်၌ မဋ္ဌအရ, ပိဋ္ဌအရများကိုလည်း ၂-ပါးသောရဟန်းတို့အားသာ ထိုင်နေခြင်းငှါ အရှည်ခန့်စကောင်းလောက်သော အလျား ၄-တောင့်ထွာ ရှိသော လုပ်ဆောင်သုံးစွဲမြဲ အရိုးအစဉ်ဖြစ်သောတယောက်အိပ်လောက်ရုံ တပါးနေလောက်ရုံဖြစ်သော ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်ကိုသာ ယူရန်အကြောင်းလည်း အလွန်ပင် ထင်ရှားလှပါသတည်း။

ပမာဏ ယုတ္တဖြစ်သော ညောင်စောင်း,အင်းပျဉ် ထင်ရှားရှိကြောင်းကိုလည်း—

ယတ္ထ ပမာဏယုတ္တော မဉ္စော ဝုတောစိတော စ ပရိဝတ္တေတုံ သက္ကာ ဟောတိ။

ဟူသောကင်္ခါကာရ သိက္ခာပုဒ်အဋ္ဌကထာ, ပမာဏယုတ္တ မဉ္စအရကို အဋ္ဌဝိဒတ္ထိနဝဝိဒတ္ထိ-ဟုဘွင့်ကြသောဋီကာများကို ရှု၍သိပါ။

ဤစူဠဝါပါဠိတော် သေနာသနက္ခန္ဓက၌ပင်လျှင်။

ဝါဆိုရဟန်းတို့ကို ကျောင်းနေရာချထားရာ၌ တပါးတပါးလျှင် ကျောင်း တကျောင်း တကျောင်းစီ ရလောက်လျှင် တကျောင်း တကျောင်းစီချစေ၊ တကျောင်းစီ မလောက်လျှင် ပရိဝုဏ် အပိုင်းအခြားဖြင့်ချစေ၊ ပရိဝုဏ်တခုစီ မလောက်လျှင် တိုက်ခန်းအပိုင်းအခြားဖြင့်ချစေ၊ တိုက်ခန်းတခုစီ မလောက်လျှင် သေယျဂ္ဂ-ဟုဆိုအပ်သော ညောင်စောင်း, အင်းပျဉ်ရာ အပိုင်းအခြားဖြင့် ချစေ-ဟုဟောတော်မူရာများကို မြော်၍လည်း သိသင့်လှပါတော့သည်။

ထိုစကားမှန်ပါ၏၊ အကယ်၍ ညောင်စောင်း,အင်းပျဉ်ဟုဆိုသော အရာတိုင်းမှာ ဂရုဘဏ္ဍာဝိနိစ္ဆယ အရာများ၌ကဲ့သို့ အကြီးအငယ် အတိုင်းအရှည် ပမာဏ အမှန်းအတားကို လုံးလုံးယူတ်၍ အနည်းငယ်ရုံမျှသာ အထူးဖြစ်လာသော ဟတ္ထ တတောင်ခန့် ရှိသော ညောင်စောင်းငယ်၊ ၁၀-တောင်, ၁၅-တောင်, အတောင် ၂၀-ခန့် ရှည်သော ညောင်စောင်းကြီးများ ရှိနေသည်ကို အစွဲအလမ်းတခုပြု၍ ငယ်ချင်သလောက်ငယ်, ကြီးချင်သလောက်ကြီးကို ကြံယူထည့်သွင်း၍ ဆုံးဖြတ်ပိုင်းခြားရမည်ချည်းမှန်လျှင် အပုတ်ဆုံး ကျောင်းပါပ်ရာနေ

www.dhammaransi.com



ရာကိုပိုင်းခြားရာ၌၎င်း,သိမ်နုတ်ရာအခဏ်းတွင် စတုဝဂ္ဂသံဃာဘွဲ့ တွဲ၍ နေထိုင်ရာ အပိုင်းအခြားများ၌၎င်း ညောင်စောင်း ပမာဏကို အတိုင်းအရှည် အမှတ်ပြု၍ဆိုခြင်းငှါ တတ်ကောင်းတော့မည်လော။

ထို့ကြောင့် ဤဒုဝဂ္ဂဿမဉ္စ ဒုဝဂ္ဂဿပီဌံ-ဟူသောသိက္ခာပုဒ်၌လည်း အကြီးအငယ်ကြိဘန်၍ ရတိုင်းသောညောင်စောင်း, အင်းပျဉ်များကို ကြိယူထည့်သွင်း၍ယူခြင်းငှါ မတတ်ကောင်း၊ ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်ကိုသာ နိသံသယ မုချစင်စစ် မှတ်ယူခြင်း ငှါ သင့်မြတ်ပါသတည်း။

ဤသိက္ခာပုဒ်ကိုလည်း ဒါယကာတို့ သဒ္ဓါဒေယျ လှူဒါန်း၍ထား အပ်သောသံဃိက, ဂဏိက, ပုဂ္ဂလိက, ဘိက္ခုသန္တက ထာဝရအသုံး အဆောင်ဖြစ်သော ညောင်စောင်း, အင်းပျဉ်တို့၌သာ ယူအပ်၏၊ ဤကဲ့သို့သော ညောင်စောင်း, အင်းပျဉ်တို့မှာသာ ကျိုးပျက်မည်ကို အထူးစောင့်ရှောက်ထိုက်သည်၊ ဤဒုဝဂ္ဂ သိက္ခာပုဒ်တော်သည်လည်း ကျိုးပျက်ခြင်းကိုစောင့်ရှောက်ခြင်းငှါ ပညတ်သောသိက္ခာပုဒ်ပေတည်း။

မြို့တွင်းရွာတွင်း ပရိတ်ရွတ်, ဘွမ်းစဉ်, ဆွမ်းစား-စသောဒုမင်္ဂလ, သုမင်္ဂလကိစ္စကြီးငယ်နှင့် ဒါယကာတို့တတ်နိုင်ပါသမျှ ခဏခေတ္တခင်း ထားအပ်သော ဂိဟိပိကပ္ပညောင်စောင်း, အင်းပျဉ်များကိုကား-ဤ သိက္ခာပုဒ်၌ မလိုအပ်၊ ထိုသို့သော ဂိဟိပိကပ္ပ ညောင်စောင်း, အင်း ပျဉ်များကိုကား-သမာနာသနိက ရဟန်းတို့ချင်းဖြစ်ပေမူ ဒါယကာ တို့ရေတွက်မှန်းထား၍ ခင်းထားတိုင်း ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်တခုလျှင် ၃-ပါးဖြစ်စေ, ၄-ပါး, ၅-ပါးပင်ဖြစ်စေ၊ ဆံ့တတ် သရွေ့ တိုးဝှေ့သိပ်သည်း၍ပင် ထိုင်နေခြင်းငှါ အပ်ပါ၏၊ မအပ်ဟူ၍ မယူသင့်။

ထိုစကားသင့်၏၊ လူတို့သန္တကဖြစ်သော ဝတ္ထုတို့၌ လူတို့သဒ္ဓါ တရားရှိသည်အတိုင်းသုံးဆောင်၍ ကျိုးသော် ပျက်သော်လည်း ဒုပ္ပရိ- ဘောဂ ဖြစ်သည်မဆိုသာ၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် အရာသို့ကျလျှင် လည်း မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဒါယကာတို့အား ရဟန်း တော်တို့အတွက် တာဝန်နှင့်စပ်၍ ပလိဗောဓကိစ္စ ပိုမိုရှိမည်အရာ,

www.dhammaransi.com



ကုသိုလ်ယုတ်လျော့မည့်အရာများကို အလွန်တရာညှာတာစောင့်ရှောက်တော်မူခြင်းအလေ့ ရှိတော်မူပါသည်၊ ထို့ကြောင့် ဤဒုဝဂ္ဂသိက္ခာပုဒ်အတွက်နှင့် လူဘို့အပေါ်တွင် ပလိဗောဓကိစ္စ ပိုမိုစေခြင်းငှါမသင့်ပေ၊ ဂိဟိဝိကဋံ အဘိနိသီဒိတုံ၊နစ္စေဝအဘိနိပဇ္ဇိတုံ-စသည်များကိုမြော်ပါ။

လောကဝဇ္ဇ သိက္ခာပုဒ်အရာများ၌ကား-လူ့ဘို့မျက်နှာကို ညှာတာစောင့်ရှောက်၍ သိက္ခာပုဒ်တော်ကို လျော့ခြင်းမည်သည် မရှိကောင်း၊ ထို့ကြောင့်ပင်လျှင် ပုဂ္ဂလအဂါရဝ, အသာရုပ္ပဓမ္မ တည်းဟူသော လောကဝဇ္ဇအရာစင်စစ်ဖြစ်ချေ၍ ထိုသို့သောဂိဟိဝိကဋ တာဝကာလိ-က လူတို့ခင်းထားသော ညောင်စောင်း,အင်းပျဉ်တို့၌ပင် သော်လည်း အသမာနာသနိက ရဟန်းတို့ချင်းဖြစ်ခဲ့မူ မထေရ်ကြီးက ခွင့်မပြုဘဲသော်ငင်း, မထေရ်ငယ်က ခွင့်မပန်ဘဲသော်ငင်း ပမာဏယုတ္တ ဖြစ်သော ညောင်စောင်း,အင်းပျဉ်ငယ်များ၌ ၂-ပါးအတူတကွ ထိုင်နေခြင်းငှါ အပ်ကြောင်းကို ရှေ့သိက္ခာပုဒ်ဖြင့် တင်းတင်းကျပ်ကျပ် ဆုံးဖြတ်အပ်၏။

သံဃိက, ဂဏိက, ပုဂ္ဂလိက, ဘိက္ခုသန္တကများ၌ကား-ဆိုဘွယ်ပင်မရှိပြီ၊ ထိုသို့သဘောရှိရသော ဘိက္ခုသန္တကများ၌ အသမာနာသနိ-ကရဟန်းတို့ချင်းဖြစ်မူ ညောင်စောင်း, အင်းပျဉ်တခု၌ ၂-ပါးသော ရဟန်းတို့ အတူတကွနေထိုင်ခြင်းငှါကေန္တမအပ်တော့သည်သာတည်း၊ ထိုသို့သော ပမာဏယုတ္တညောင်စောင်း, အင်းပျဉ်ပေါ်မှာမှ မဟုတ်သေး၊ အလျား၄-တောင့်ထွာအောက် ယုတ်သော ပမာဏရှိသည် ဖြစ်၍ ဒီဃာသနမဆိုလောက်သော ဖျာငယ်,သင်ဖြူးငယ်, ကော်ဇောငယ်စသည်များ၌လည်းသင့်လျော်ရသောအကြောင်းတပါးနှင့်ကင်း၍ အသမာနာသနိကရဟန်းတို့အတူတကွ တပေါင်းတည်း နေထိုင်ခြင်းငှါ မအပ်လေသည်သာတည်း။

မအပ်ကြောင်းကိုလည်း—

အနုဇာနာမိ ဘိက္ခဝေ ဒွါမာနာသနိကေဟိ သဟ နိသီဒိတုံ။

ဟူသော ရှေးသိက္ခာပုဒ်ဖြင့်ပြီးသတည်း။

သင့်လျော်ရသော အကြောင်းတပါးဟူသည်ကား- မမာမကျန်းရှိ၍ နင်းနှိပ်ဆုပ်နယ် ထူလှည်းပွတ်တိုက်ခြင်း-စသော ဝေယျာဝစ္စကိစ္စ,

www.dhammaransi.com



လူ့ရှင်ပရိသတ် ကျဉ်းမြောင်းခြင်း, ရေ, မီး, မင်း, ခိုးသူ, ခြင်္သေ့ သစ်ကျား သားရဲ ဘီလူးစသော အန္တရာယ်တွေ့ခြင်း စသည်များကိုယူပါ၊ ထိုသို့သော အကြောင်းထူးပင် မရှိငြားသော်လည်း ဘတ္တဂ္ဂဝတ် အဋ္ဌကထာများကို ထောက်ပြန်သော် ထေရ်ကြီးက ခွင့်ပေးသော်၎င်း, ထေရ်ငယ်ကခွင့်ပန်၍သော်၎င်း ထိုင်နေကြသည်ဖြစ်ပါမူ ဂိဟိသန္တကဘိက္ခုသန္တက မရွေးမချယ် ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ် အောက်ယုတ်သော ပမာဏရှိသော ဒီဃာသန မဆိုလောက်သော ဖျာငယ်, သင်ဖြူးငယ်, ကော်ဇောငယ်-စသည်များ၌ ပင်သော်လည်း အသမာနာသနိကတို့ချင်း တပေါင်းတည်း ထိုင်နေသည်ကို အပြစ်မဆိုသင့်ပေ။

ညောင်စောင်း, အင်းပျဉ်၌ကား-ပြိုပျက်ခြင်းဘေးအကြောင်းကို ငဲ့ရန်ရှိပြီးသောကြောင့် ခွင့်တောင်းခွင့်ပေး၍ပင် ဖြစ်သော်လည်း ပမာဏယုတ္တ ညောင်စောင်းတခု အင်းပျဉ်တခု၌ ၂- ပါးထက် အလွန်နေခြင်းငှါ မလျော်လွန်းပါ။

ထောက်မြော်ရန် စူဠဝါဝတ္တက္ခန္ဓကဘတ္တဂ္ဂဝတ်၌လာသော ပါဠိ အဋ္ဌကထာပါဌ်ကား—

နထေရေဘိက္ခူ အနုပခဇ္ဇ နိသီဒိတဗ္ဗံ နနဝါဘိက္ခူ အာသနေန ပဋိဗာဟေတဗ္ဗာ။

[ပါဠိတော်။]

နထေရေဘိက္ခူ အနုပခဇ္ဇာတိ ထေရေ ဘိက္ခူ အတိအလ္လီယိတွာ န နိသီဒိတဗ္ဗံ၊ သစေ မဟာထေရဿ နိသဇ္ဇာသနေန သမကံ အာသနံ ဟောတိ၊ ဗဟူသု အာသနေသု သတိ ဧကံ ဒွေ အာသနာနိ ထပေတွာ နိသီဒိတဗ္ဗံ၊ ဘိက္ခူ ဂဏေတွာ ပညတ္တာသနေသု အနိသီဒိတွာ မဟာထေရေန နိသီဒါတိ ဝုတ္တေ န နိသီဒိတဗ္ဗံ၊ နော စေ မဟာထေရော ဝဒတိ ဣဒံ ဘန္တေ အာသနံ ဥစ္စန္တိ ဝတ္တဗ္ဗံ၊ နိသီဒါတိ ဝုတ္တေ နိသီဒိတဗ္ဗံ၊ သစေ ပန ဧဝံ ပုစ္ဆိတေ န ဝဒတိ၊ နိသီဒန္တဿ အနာပတ္တိ၊ မဟာထေရဿဝ အာပတ္တိ၊ နဝကော ဟိ ဝေရူပေ အာသနေ အနာပုစ္ဆာ

www.dhammaransi.com



နိသီဒန္တော အာပဇ္ဇတိ၊ ထေရော အာပုစ္ဆိတော အနနုဇာ-
နန္တော။

[အဋ္ဌကထာ။]

ဘတ္တဂ္ဂဟူသည်ကား—

ဘတ္တံ့ဂဏှန္တိတ္ထေ့ာတိဘတ္တဂ္ဂံ-ဟုဝစနတ္ထပြု၍ စရပ်, တန်ဆောင်း, ကျောင်းတွင်း,ကျောင်းပ၊ ရွာတွင်း၊ ရွာပ၊ အိမ်တွင်း၊ အိမ်ပ ဌာန အမှတ်မရှိလူတို့က ပင့်ဘိတ်၍ ဆွမ်းခဲဘွယ်ဘောဇဉ်ကို လုပ်ကျွေးရာ ဌာနသည် မုချအားဖြင့်ငင်း, လက္ခဏာဟာရနည်းအားဖြင့်ငင်း ဘတ္တဂ္ဂ မည်၏၊ကျောင်းတွင်း ဆွမ်းစားကျောင်းသာ မုချ၊အကြွင်းမှာလက္ခဏာ ဟာရ ဘတ္တဂ္ဂမည်၏။

ဘတ္တဂ္ဂံဝတ္တေ အန္တောဂါမေ ဝါ ဟောတု ဝိဟာရေ ဝါ မနုဿာနံ ပရိဝေသနဋ္ဌာနံ ဂစ္ဆန္တေန စီဝရံ ပါရုပိတွာ ကာယ-ဗန္ဓနံ ဗန္ဓနမေဝ ဝဋ္ဋတီတိ အဋ္ဌကထာသု ဝုတ္တံ။

ဟူသော အဋ္ဌကထာကိုထောက်ပါ။

ဤအဋ္ဌကထာပါဠ်ဖြင့်ပင်—

ကျောင်းတွင်း, ကျောင်းပ၊ ရွာတွင်း,ရွာပ ဒေသမရွေး လူတို့က ပင့်ဘိတ်၍ ပရိတ်ရွတ်ရာ, ဆွမ်းစဉ်ရာ, တရားနာရာ မပင့်မဘိတ်သော်လည်း ကိစ္စကြီးငယ် ပြောဆိုဘွယ်နှင့် လူပရိသတ်သို့ ကပ်ရာဝင်ရာ များ၌လည်း သက်နံးရုံခြင်းစသော အကျင့်ဝတ်ကို ပြု၍သာ ကပ်အပ် ဝင်အပ်သည်-ဟု ယူသင့်သည်။

ဤအရာ၌—

အနုပခဇ္ဇ-ဟူသောပါဠိပဒ၊ယင်းပါဠိပဒကို ဖွင့်သော အတိအလ္လီ-ယိတွာ-ဟူသောအဋ္ဌကထာပဒတို့၏ အနက်ကို သေနာသနဝင်ရှုလာ သော ဇရိယာပုထ် ၄-ပါးဖြင့် နေ့နှညည ထာဝရနေရာကိုသာ လိုအပ် သော အနုပခဇ္ဇသိက္ခာပုဒ်ကဲ့သို့ မယူပါလင့်၊ဤအရာ၌ကား-ထိုင်ခြင်း ဇရိယာပုထ်ဖြင့် ခဏတမုဟုတ်မျှသာ နေကြရာဖြစ်၍ အနုပခဇ္ဇအတိ အလ္လီယိတွာ- ဘရကို ထိစပ်ခိုက်တိုက်၍ ထိုင်နေသည်ကိုသာ ယူပါ။

www.dhammaransi.com



သမကံအာသနံ-အရကို တခုတည်းသောညောင်စောင်း, တခု တည်းသော အင်းပျဉ်,တခုတည်းသောဖျာရှိင်,သင်ဖြူး,ကော်ဇောခင်း နှီးများကို အမြင့်အနိမ့်အထူးမရှိ တညီတပြင်တည်း ခင်းထားသည်ကို ပင် ယူသင့်၏။

ဟူသု အာသနေသု သတိ ကေ ဒွေ အာသနာနိ ထပေ- တွာ နိသီဒိတဗ္ဗံ။

ဟူသောစကား၌ တတောင့်ထွာပမာဏကို နေရာတခုဟုပိုင်းခြား၍ ရဟန်းကနည်း၍ နေရာကအပိုအမိုများသေးပါလျှင် ထက်ဝယ်ဘွဲခွေ၍ ထိုင်နေသော မထေရ်ကြီးဒူးစွန်းမှ စပ်ကြား၌ တတောင့်ထွာ ပမာ- ဏာနို့ ချန်ထား၍နေသည်ကို ကေံအာသနံထပေတွာ-ဟု ယူပါ၊ ၃-တောင်ပမာဏာနို့ ချန်ထား၍နေသည်ကို ဒွေအာသနာနိထပေ- တွာ-ဟု ယူပါ၊ ခင်းထားအပ်သောဖျာတချပ် ၂-ချပ်, ကော်ဇော တချပ် ၂-ချပ်ကို ချန်ထား၍ နေသည်ကို ဆိုလိုရင်းမမှတ်ပါလင့်။

ဘိက္ခု ဂဏောတွာ ပညတ္တာသနေသု၌—

ရဟန်း ၂-ပါးဖြစ်၍ ၃-တောင်ခန့်သာ၊ ၃-ပါးဖြစ်၍ ၄-တောင့် ထွာခန့်သာ၊ ၄-ပါးဖြစ်၍ ၆-တောင့်ထွာခန့်သာ ခင်းထားသည်ကို ယူပါ၊ ဤအရာမျိုး၌ တပါးတပါး၏နေရာ တတောင့်ထွာ, တတောင့် ထွာခန့်သာ ယူသင့်ကြောင်း ယုတ္တိသည် နောက်၌လည်း ထင်ရှားလာ လတ္တံ့။

ဠဒံ ဘဂဝတော အာသနံ ဥစ္စန္တိ ဝတ္တဗ္ဗံ၌—

ဥစ္စံ-ဟူသည်ကား-မထေရ်ကြီးနေရာနှင့် တညီတပြင်တည်းနေသည် ကိုပင် ဥစ္စာဟူသည်ဟု ဝိမတိဝိနောဒနီဘွင့်တိုင်း သင့်မြတ်တော့သည်၊ အကျဉ်းမှာ ပါဠိလျောက်အဓိပ္ပါယ်အတိုင်း ဉာဏ်နှင့် စဉ်းစား၍ ကြည့်လျှင် သိသာသင့်ပါပြီ။

**လိုရင်းကိုဆိုပါအံ့။** ။ဤဘတ္တဂ္ဂဝတ္တအဋ္ဌကထာ၌ နိတတ္တ,နေယျတ္တ အားဖြင့် ကျောင်းတွင်း ရွာတွင်းမရွေးမချယ်၊ ဆွမ်းစား, ဆွမ်းစဉ်, ပင့်ဖိတ်ချွတ်စသော ကိစ္စနှင့်ပင့်ဘိတ်၍ လူတို့ခင်းထားသော နေရာထိုင်ရာ

www.dhammaransi.com



များ၌ တဝါသာရသေးသော ရဟန်းငယ်နှင့် အဝါ ဖော-ရပြီးသော ထေရ်ကြီးပင်ဖြစ်သော်လည်း ပန်ကြားခြင်း, ခွင့်ပြုခြင်းကိုပြု၍ နေသည် ရှိသော် တတောင်ခန့်သာ အသျှားရှည်သော တခုတည်းသော ညောင်စောင်း, အင်းပျဉ်ပေါ်၌ပင် အတူတကွထိုင်နေသင့်ကြောင်းကို သိသာထင်လင်းရှိပါသောကြောင့် တတ်နိုင်ပါသမျှ ခဏခေတ္တကိစ္စနှင့် လူတို့ခင်းထားအပ်သော ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်၊ ထိုညောင်စောင်း, အင်းပျဉ်အောက် ယုတ်သောပမာဏရှိသည်ဖြစ်၍ ဒီဃာသနမည်လောက်သော ဖျာငယ်,သင်ဖြူးငယ်,ကော်ဇောငယ်-စသည်များ၌ အသမာနာသနိကဖြစ်သော ရဟန်းတို့ ချင်းချင်းပင်သော်လည်း ပန်ကြားခြင်း, ခွင့်ပြုခြင်းကို ပြု၍နေကြခြင်းငှါ သင့်မြတ်ကြောင်းကို သိသာထင်လင်းပါတော့သည်။

ဘိက္ခုသင်္ဃကပင်ဖြစ်ငြားသော်လည်း ဟတ္ထပါသ်ကိုစောင့်၍ ကံကြီး, ကံငယ်ဆောင်ရွက်ရာ သိမ်အပြင်၌ ခင်းထားသော ညောင်စောင်း, အင်းပျဉ်,ဖျာရိုင်, သင်ဖြူး, ကော်ဇောများ၌ကား-ကမ္မသမ္ပတ္တိကိုသာ အလေးဂရု ရှေးရှုပြု၍ နေကြရသော အရာဖြစ်၍ ဤသမာနာသ-နိက, တိသဿန္တရသိက္ခာပုဒ်များကို စောင့်ရှောက်ရမည် ဟူသော ကျမ်းဂန်အရိပ်အမြွက်မျှမထင်၊ ဘုရားပုထိုးရှိခိုးဝတ်တက်ရာ, တရားနာရာ,စာပေကျမ်းဂန်တက်နာရာများ၌လည်း အာရမ္မဏသမ္ပတ္တိ,ဓမ္မ-သဝနသမ္ပတ္တိများကိုသာ အလေးဂရု ရှေးရှုပြု၍ နေကြရသောအရာပင် ဖြစ်ပြန်၍ ဤကံကြီး, ကံငယ်ဆောင်ရာနှင့် တူသင့် မတူသင့်ကို ချင့်ချိန်ကြပါ။

ဘေဒမူလကာဒုဝဂ္ဂမဇ္ဈသိက္ခာပုဒ်၌
စိစစ်ခွင့်ရှိသမျှ အသားကုန်စိစစ်ထုတ်ပြသော
စကားစုပြီး၏။

---

## ၄-ဒီဃာသနအဆုံးအဖြတ်

တေန ခေါ ပန သမယေန ဘိက္ခူ အသမာနာသနိကေဟိ
သဟ ဒီဃာသနေ နိသီဒိတုံ ကုက္ကုစ္စာယန္တိ ဘဂဝတော
ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ ထပေတွာ

www.dhammaransi.com



ပဏ္ဍကံ မာတုဂါမံ ဥဘတောဗျဥ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုန္တိ။

အထခေါ ဘိက္ခူနံ ဧတဒဟောသိ၊ ကိတ္တကံ ပစ္ဆိမံ နုခေါ ဒီဃာသနံ ဟောတီတိ။ အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊ ဧတ္တကံ ပစ္ဆိမံ ဒီဃာသနန္တိ။

၍ဒီဃာသနသိက္ခာပုဒ်များ၌—

အသမာနေသုယေဝ အာသနေသု နိသီဒိတုံ အရဟန္တိ သမာနေ အာသနေ နိသီဒိတုံ န အရဟန္တီတိ အသမာနာသနိကာ။

ဟု ဝိဂြိုဟ်ပြု၍ တိဝဿန္တရ ရဟန်းချင်းချင်းမှတပါး ၃-နှစ်လုံးလုံး ၃-နှစ်ထက်အလွန်ကြီးကြ, ငယ်ကြသော ရဟန်းချင်းချင်းသည်ငင်း, ပဏ္ဍုက်, မိန်းမ,ဥဘတောဗျည်းဖြစ်သော သူများကိုချန်လှပ်၍ ကြွင်းသောသာမဏေ,လူယောက်ျား, အထီးဖြစ်သော ခွေး,ဝက်,ကြက်,ငှက်စသော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်, မျက်မြင်ထင်ရှားအောင် ဆောင်ပြ၍တည်သော ဘီလူး, ပြိတ္တာ, ဗြဟ္မာ, နတ်များသည်ငင်း ရဟန်းတို့နှင့်ဒီဃာသနမဟုတ်သော ညောင်စောင်း, အင်းပျဉ်, ဖျာရှိင်,သင်ဖြူး, ကော်ဇောငယ်-စသည်များ၌ အတူတကွထိုင်နေခြင်းငှါ မထိုက်သောကြောင့် အသမာနာသနိကမည်၏-ဟုယူသင့်သည်။

ပဏ္ဍုက်, လူမိန်းမ, ဥဘတောဗျည်းဖြစ်သော လူ, တိရစ္ဆာန်, ဘီလူး, ပြိတ္တာမများနှင့်ဖြစ်မူကား- ဒီဃာသနဖြစ်သော နေရာ၌ပင်သော်လည်း နေရာတူတပြင်တည်း၌ အတူတကွထိုင်နေခြင်းငှါ မအပ်တော့သည်သာတည်း၊ အိပ်ခြင်းဣရိယာပုထ်၌ကား-ဆိုဖွယ်ပင်မရှိ။

အနုဇာနာမိ ဘိက္ခဝေ သမာနာသနိကေဟိ သဟ နိသီဒိတုံ၊အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ။

ဟူသော ရှေ့သိက္ခာပုဒ်တို့၌ ဗျတိရေက အဝုတ္တသိဒ္ဓိ နည်းအားဖြင့် အသမာနာသနိကပုဂ္ဂိုလ်တို့နှင့်ကား- တခုတည်းသောနေရာ၌ အတူတကွထိုင်နေခြင်းငှါမအပ်ဟူ၍ သာမညအားဖြင့်သာ သိရသေးသည်၊

www.dhammaransi.com



ထိုပုဂ္ဂိုလ်တို့နှင့် အတူတကွထိုင်နေခြင်းငှါ မအပ်သောအရာသည် ဒီဃာသနနေရာ၌ပင် မအပ်သည်ဖြစ်မည်၊ ဒီဃာသန မဟုတ်သော နေရာ၌ မအပ်သည်ပင် ဖြစ်မည်၊ ၂-ပါးစုံ၌ပင် မအပ်သည်ဖြစ်မည်ဟူ၍ ဝိသေသအားဖြင့် မသိမသာ မထင်မလင်း ရှိနေသည်ဖြစ်၍ ဘုရားလက်ထက်၌ ရဟန်းတော်တို့သည် အသမာနာသနိကတို့နှင့် တကွ ဒီဃာသန၌ပင် တကွအတူ ထိုင်နေခြင်းငှါ အပ်မည်, မအပ်မည်ဟု ကုက္ကုစ္စရှိကြကုန်သည်။

[နိဒါန်းဝတ္ထုအဓိပ္ပါယ်။]

ဤသို့ သိက္ခာပုဒ် နိဒါန်းဝတ္ထု, အနုသန္ဓေကို သမာနာသနိက, တိဝဿန္တရသိက္ခာပုဒ်တို့နှင့်သာ စပ်ဆက်၍ယူရမည်၊ ရှေ့နောက်တစပ်တည်းဆက်၍ နေသော ဒုဝဂ္ဂမဉ္စသိက္ခာပုဒ်နှင့် စပ်ဆက်၍မယူပါလင့်။

ထိုသို့ ဒုဝဂ္ဂမဉ္စသိက္ခာပုဒ်နှင့် ဒီဃာသနသိက္ခာပုဒ်တို့ကို အချင်းချင်းစပ်နွယ် ဆက်ကူးခြင်းငှါ အကြောင်းအခွင့် မသင့်လေသောကြောင့်သာလျှင် "ဒီဃာသနံနာမ မဉ္စ ပီဌ ဝိနိမုတ္တံ"အစရှိသည်ဖြင့် ရှေ့မဉ္စပီဌသိက္ခာပုဒ်၌လာပြီးသော ညောင်စောင်း, အင်းပျဉ်မှ တပါးသော နေရာများကိုသာ နောက်ဒီဃာသနသိက္ခာပုဒ်၌ ဒီဃာသနယူသင့်သည်ဟု နှလုံးပိုက်၍ ဘွင့်ကြသော ဋီကာဆရာတို့စကားကို အနှစ်သာရအားဖြင့် မမှတ်မယူသာ။

> • အဘယ့်ကြောင့် နည်းဟူ၍-ပါဠိတော်၌လည်း အကြောင်းထူးမထင်၊ အဋ္ဌကထာ၌လည်း-ယံ တိ ... ပဟောတိ-ဟူ၍ ပဟောနကဘာဝကိုသာ ဒီဃာသနလက္ခဏာပြု၍ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ-ဟူ၍ ဝတ္ထုသာမညကိုသာ ပြလေသောကြောင့်တည်း။

ရှေးဖြစ်သော သမာနာသနိက သာမညသိက္ခာပုဒ်နှင့်သာ စပ်ဆက်နွှီးနွယ်ပြီးလျှင် ညောင်စောင်း, အင်းပျဉ်ပင်... ... ... ...၊ ... , သင်ဖြူး,ကမ္ဗလာ,ကော်ဇောပင်ဖြစ်စေ—

www.dhammaransi.com



၁။ ရှည်လျားကျယ်ပြန့်သော နေရာထိုင်ရာသည် ဒီဃာသနမည်၏။

၂။ မရှည်လွန်း မကျယ်မပြန့်လွန်းသော နေရာထိုင်ရာသည် အဒီဃာသနမည်၏။—

ဟူ၍ သာမညအားဖြင့်သာ ပိုင်းခြားပြောဆိုခွင့်ရှိသည်။

ဒီဃာသနံ-ဟူသောပုဒ်၌—

ဒီဃသဒ္ဒါသည် ဥပနိဓာပညတ်ဖြစ်၍ ရဿရှိမှဒီဃရှိရသည်၊ ဝါ-ခုဒ္ဒက,မဇ္ဈိမရှိမှ ဒီဃရှိရသည်ဖြစ်၍ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, ခုဒ္ဒကနိကာယ်ဟူရာတို့၌ကဲ့သို့ ဤအရာ၌လည်း ဒီဃာသန,မဇ္ဈိမာသန, ခုဒ္ဒကာသနဟူ၍ ၃-ထွေ ၃-ရပ် ခွဲ၍ထုတ်ဝေဘန်သင့်ကြောင်းကို သတိပညာဖြစ်သင့်သည်။

ဝေဘန်၍ပြပေအံ့

**အမေးကား။** ။၁။ အဘယ်သည် မဇ္ဈိမာသနမည်ပါသနည်း။

၂။ အဘယ်သည် ခုဒ္ဒကာသနမည်ပါသနည်း။

၃။ အဘယ်သည် ဒီဃာသန မည်ပါသနည်း။

[အပေးသုံးချက်။]

**အဖြေကား။** ။၁။ ဤအရာ၌အာသနသည် ခဏတမုဟုတ်မျှ ထိုင်နေခြင်း ဣရိယာပုထ်တခုနှင့်သာ ဆိုင်စပ်လျင်းသော အာသနဖြစ်ပါ၍ အရာအားလျော်စွာ ဝေဘန်သင့်လေရကား- တပါးထိုင်နေရာကို အလျားအနံ တတောင့်ထွာပမာဏ အမှတ်ထား၍ အလျား ၃- တောင်, အနံ တတောင့်ထွာ ပမာဏရှိသော ညောင်စောင်း, အင်းပျဉ်စသော အမှတ်မရှိသော နေရာသည် မဇ္ဈိမာသနမည်၏။

၂။ ထိုအောက် အလျားအနံ ပမာဏကို လွန်လျှင် ခုဒ္ဒကာသနမည်၏။

၃။ ထိုထက် အလျားအနံ ပမာဏ ရှည်လျားပြန့်ကျယ်လျှင်ဒီဃာသနမည်၏-ဟု ဝေဘန်ပိုင်းခြားရပါမည်။

www.dhammaransi.com



ခဏာတမုဟုတ်ထိုင်နေခြင်း ဇူရိယာပုထ်အရာမျှသာဖြစ်၍ အရာအားလျော်စွာ အလျားအနံတတောင့်ထွာ ပမာဏကို တပါးသောရဟန်း၏ နေရာဟု ပိုင်းခြားဆုံးဖြတ် မှတ်ယူနိုင်သင့်ကြောင်း ယုတ္တိကို ဆိုပါမည်။

တေန ခေါ ပန သမယေန သမ္ဗဟုလာ သမာနာသနိကာ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု။ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဉ္စံ တိဝဂ္ဂဿ ပီဌံ။

ဟူ၍လာသော နိဒါန်းဝတ္ထုသိက္ခာပုဒ်တို့၌ အလျား ၄- တောင့်ထွာ အနံထိုနှင့် သင့်မြတ်လောက်သော ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်တခုပေါ်တွင် ၄-ပါး, ၅-ပါး, ၆-ပါး, ၇-ပါး စသည်ဖြင့် သမ္ဗဟုလသမာနာသနိကရဟန်းတို့သည် မဆံ့မပျည်း တိုးဝှေ့ သိပ်ညှပ်၍ နေကြသဖြင့် ထိုညောင်စောင်း,အင်းပျဉ်တို့သည် မတည်မတံ့နိုင်၊ ကျိုးပျက် ပြိုကွဲ တိမ်းလဲပျက်စီးရှိခဲ့သောကြောင့် "အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿမဉ္စံ တိဝဂ္ဂဿပီဌံ"ဟူ၍ ဟောတော်မူသည်မှာ အကြောင်း ၂-ပါးကိုငဲ့၍ဟောတော်မူသည်။

အကြောင်း ၂-ပါးဟူသည်ကား—

၁။ တခုတည်းသော ပမာဏယုတ္တ ညောင်စောင်း, အင်းပျဉ်ပေါ်၌ ၃-ပါးထက်အလွန် ၄-ပါး, ၅-ပါးစသည်ဖြင့် တိုးဝှေ့ သိပ်ညှပ်၍ ထိုင်နေခြင်းသည် သုခနိသိန္နသမဏသာရုပ္ပမဖြစ်၊ ဤသည်လည်းတကြောင်း။

၂။ ညောင်စောင်း အင်းပျဉ်မခံမရပ်နိုင် ပြိုပျက်လွယ်သည်လည်း တကြောင်း၊ ဤအကြောင်း ၂-ပါးကိုငဲ့၍ တိဝဂ္ဂသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ထိုအကြောင်း ၂-ပါးတွင်လည်း သုခနိသိန္နသမဏသာရုပ္ပ မဖြစ်သောအကြောင်းသည်သာ ဤသိက္ခာပုဒ်၌ ပမာဏအားဖြင့် ငဲ့တော်မူရင်းဖြစ်သည်၊ ပြိုပျက်ခြင်းအကြောင်းနှင့်ထပ်မံ၍ ဒုဝဂ္ဂသိက္ခာပုဒ် ဆင့်တော်မူရပြန်သည်ကိုထောက်ပါ။

www.dhammaransi.com



ထို့ကြောင့် ပမာဏယုတ္တ ညောင်စောင်း အင်းပျဉ်တခုပေါ်တွင် ၃-ပါးသော ရဟန်းများသာထိုင်နေလျှင် တပါးတပါးလျှင် တတောင့်ထွာစီ ဝေပုံကျသဖြင့် သုခနိသိန္နလည်းဖြစ်၊ သမဏသာရုပ္ပလည်းဖြစ်သင့်ပြီဟု-နှလုံးပိုက်တော်မူ၍ ဤတိဝဂ္ဂသိက္ခာပုဒ်ကို ဟောတော်မူသည်ဟု မှတ်ယူယုံကြည်ကောင်းတော့သည်။

ထိုသို့သော အကြောင်းကြောင့် "ယံ တိဏ္ဏံ ပဟောတိ၊ ဧတ္တကံ ပစ္ဆိမံ ဒီဃာသနံ" ဟူ၍ အယုတ်ဆုံး ဒီဃာသနကို ပြတော်မူသော စကား၌လည်း သုံးယောက်သောသူတို့အား ထိုင်နေခြင်းငှါလောက်သော ပစ္ဆိမဒီဃာသနနေရာဟူသည်လည်း အလျား ၄-တောင့်ထွာ ပမာဏရှိသော နေရာအခင်းပင်တည်းဟု နိသံသယမုချစင်စစ် မှတ်ယူဆုံးဖြတ်သင့်လှတော့သည်သာ ဖြစ်သတည်း။

**စောဒနာချက်။** ။ထိုသို့ဖြစ်ခဲ့သော် ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်များသည်လည်း ပစ္ဆိမဒီဃာသန၌ပင် ပါဝင်လေသည်ဖြစ်၍၊ ထိုသို့ ဖြစ်ပြန်လျှင်လည်း ပမာဏယုတ္တဖြစ်သော ညောင်စောင်း,အင်းပျဉ်ပေါ်၌ ဝဇ္ဇနီယ ပုဂ္ဂိုလ် ၃-ယောက်မှ ကြွင်းသော ပုဂ္ဂိုလ်သာမညတို့နှင့်အတူတကွ ထိုင်နေအပ်၏-ဟူသောအနိဋ္ဌဒေါသ ရောက်ခဲ့၏-ဟူငြားအံ့။

**အဖြေ။** ။မရောက်ပါ၊ ထိုပမာဏယုတ္တညောင်စောင်း,အင်းပျဉ်များသည် ဒီဃာသနလက္ခဏာသို့ပါဝင်ပေသည်ကား-မှန်၏၊ ထိုသို့ပင်ပါဝင်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်ဖြင့် ထိုသို့သော ညောင်စောင်း,အင်းပျဉ်များ၌ သမာနာသနိကရဟန်း ၂-ပါးသာ အတူတကွထိုင်နေစေဟူ၍ အထူး ထုတ်နုတ် ပိုင်းခြားထားတော်မူပြီးဖြစ်သောကြောင့် ထိုအနိဋ္ဌဒေါသသည် စင်စစ်မရောက်သည်သာတည်း။

ဤအလုံးစုံသော စကားရပ်ဖြင့် ဒီဃာသနသည် ညောင်စောင်း, အင်းပျဉ်ဟူသောဒီဃာသန, ဖျာရိုင်, သင်ဖြူး, ကမ္ဗလာ, ကော်ဇောစသော အခင်းမျိုးဟူသော ဒီဃာသနဟူ၍ ၂-ထွေပြား၏။

ထိုတွင် ညောင်စောင်း အင်းပျဉ်တည်းဟူသော ဒီဃာသနမှာ အလျား ၄-တောင့်ထွာ အနံထိုနှင့် သင့်လျော်ရုံရှိသော ညောင်စောင်း

www.dhammaransi.com



အင်းပျဉ်ဖြစ်မူ ပစ္ဆိမဒီဃာသနပင် ဖြစ်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်၌ ပါဝင်ပြီးဖြစ်သောကြောင့် ဒီဃာသနသိက္ခာပုဒ်၌ မသွင်းအပ်၊ အလျား ၄-တောင့်ထွာထက် တတောင့်ထွာတက်၍ အလျား ၆-တောင်၊ ၆-တောင်ထက် အလွန်ရှိမှ ဒီဃာသနသိက္ခာပုဒ်၌ သွင်းရပါမည်။

ဖျာရိုင်, သင်ဖြူး, ကမ္ဗလာ,ကော်ဇောစသော ဒီဃာသနမျိုးမှာ ကား-အလျား ၄-တောင့်ထွာအနံတတောင့်ထွာရှိမူအယုတ်ဆုံး ပစ္ဆိမ-ဒီဃာသနမည်၏။ထိုထက် တယောက်ထိုင်လောက်သော တတောင့်ထွာ ပမာဏဖြင့် အလျားအဆင့်ဆင့်တိုးပွား၍ အနံတတောင့်ထွာ အလျား အလံတရာ,တထောင်-စသည်ရှည်သည်ရှိသော်မဟာဒီဃာသနမည်၏။
[ဤကား-အလျားသက်သက် တိုးနည်းတည်း။]

အလျား ၃-တောင်၊အနံ ၃-တောင်စတုရန်းရှိပြန်ပါမူ၊တယောက် ထိုင်နေလောက်သော တတောင့်ထွာပမာဏဖြင့် ပိုင်းခြားဝေဘန်လျှင် ၄-ယောက်ပင်ထိုင်နေလောက်ပြန်ရကား-ဒီဃာသနပင် မည်၏။

ထိုနည်းအတူ—

၁။ အလျား ၄-တောင့်ထွာ၊ အနံ ၃-တောင်ရှိပါမူ ၆-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၂။ အလျား ၄-တောင့်ထွာ၊အနံလည်း ၄-တောင့်ထွာ ရှိပါမူ ၉-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၃။ အလျား ၆-တောင်၊ အနံ ၃-တောင်ရှိပါမူ ၈-ယောက်ထိုင်လောက်သော ဒီဃာသနမည်၏။

၄။ အလျား ၆-တောင်၊ အနံ ၄-တောင့်ထွာရှိပါမူ တကျိပ်နှစ်ယောက် ထိုင်လောက်သော ဒီဃာသနမည်၏။

၅။ အလျား ၆-တောင်၊ အနံလည်း ၆-တောင်ရှိပါမူ တကျိပ်ခြောက်ယောက်ထိုင်နေလောက်သော ဒီဃာသနမည်၏။

ဤသို့စသည်ဖြင့် အလျားအနံ တိုးပွားနည်းကို ဉာဏ်ရှိအောင် ဝေဘန်ပါလေ၊ ညောင်စောင်း, အင်းပျဉ်များမှာလည်း အလျားအနံ တိုးပွားနည်းကို ဤအတူ သိပါလေဦး။

www.dhammaransi.com



အလျား ၄-တောင့်ထွာ အနံ ၂-တောင် ၆-သစ်ခန့်မျှရှိသော ပမာဏယုတ္တ ညောင်စောင်း,အင်းပျဉ်သည် ဒီဃာသနပင်ဖြစ်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်က ပိုင်ဆိုင်ပေသည် ဖြစ်၍ မဇ္ဈိမာသန ဟူ၍ပင် ဆိုအပ်တော့သည်၊ထိုအောက်အလျားအနံ ၂-ပါးတိုသော,ကျဉ်းသော ညောင်စောင်း, အင်းပျဉ်ကို ခုဒ္ဒကာသနဟူ၍ဆိုအပ်၏၊ အလျားပင် တိုသော်လည်း အနံကျယ်ပြန့်၍ စတုရန်းတတောင့်ထွာ ၄- ၅ာန၊ ၄-၅ာနထက်အလွန်ရပြန်ပေမူ ဒီဃာသနပင်မည်၏။

ခုဒ္ဒကာသန ဖြစ်သော ညောင်စောင်း, အင်းပျဉ်၌ကား-အလျော်အားဖြင့်သိုသည်ရှိသော် သမာနာသနိက ရဟန်းချင်းပင် ဖြစ်သော်လည်း ၂-ပါးအတူ ထိုင်နေခြင်းငှါ မအပ်ဟုဆိုခွင့်ရှိ၏၊ ဖျာရိုင်, သင်ဖြူး,ကမ္ဗလာ,ကော်ဇော စသော သံဟာရိမ, အသံဟာရိမအခင်းမျိုး၌ကား-အလျား၃-တောင်ဝှင်း၊ ၄-တောင့်ထွာအောက် အယုတ်ဝှင်း ရှိ၍ အနံတတောင့်ထွာရှိပါမူ မဇ္ဈိမာသနဆိုအပ်၏၊ အလျော်အားဖြင့် ၂-ပါးသာ ထိုင်နေသင့်၏၊ ဤသို့မဟာပဒေသနည်းအားဖြင့် ပိုင်းခြားဝေဘန်၍ဆုံးဖြတ်အပ်၏။

အဌကထာ၌–

"သံဟာရိမေဝါ အသံဟာရိမေဝါ"ဟူသောပါဠ်၌ သံဟာရိမေ-အရကို ဖျာ,သင်ဖြူး စသည်၊ အသံဟာရိမေ-အရကို ကျောက်စသည် ဟု ဘွင့်ကြသော ဝိမတိဝိနောဒနီဋီကာ, ဝိနယာလင်္ကာရဋီကာများ၌ ဆိုဘွယ်အထူးကား-ပြောင်းရွှေ့ချီကြွ၍ ရစကောင်းသော ဖျာ,သင်ဖြူး စသော သံဟာရိမဝတ္ထုများမှာ သိသာပြီ။

ပြောင်းရွှေ့ချီကြွ၍မရစကောင်းသော အသေစိုက်နှက် ချည်တုပ် ဘွဲ့နှောင်၍ထားအပ်သော အသံဟာရိမ ဝတ္ထုများ၌ကား-အသံဟာရိမေ-အရကို ပကတိသောဘူမိ၊ ထိုဘူမိနှင့်အလားတူ ဘူမိဂတိကဖြစ်သင့်သော ကျောင်းကြမ်းပြင်,စရပ်ကြမ်းပြင်, အိမ်ကြမ်းပြင်စသည်ကို ချန်လှပ်၍ ဘူမိဂတိကမရစကောင်းသော ဝတ္ထုများကိုသာ ယူသင့်ပါသည်၊ ထိုသို့ယူသင့်လေသောကြောင့် ထိုဆိုခဲ့ပြီးသော ပကတိဘူမိ၊ ထိုဘူမိနှင့် အလားတူဖြစ်သော ကျောင်း, စရပ်, အိမ်ကြမ်းပြင်များ၌

www.dhammaransi.com



အခင်းတပါး မရှိဘဲနှင့်ပင် ပဏ္ဏာကဋ္ဌဗ္ဗူဂဘတောဇုဥ္စနကဟု ဆိုအပ်သော ဝဇ္ဇနီယ ဖြစ်သော လူ,တိရစ္ဆာန်,ဘီလူး,ပြိတ္တာများနှင့် တပြင်တည်း ထိုင်နေသော်လည်း အပြစ်မရှိဟု မှတ်ယူအပ်၏။

ထို့အဘူ ဒီယာသနထိုက်သော အခင်းနေရာပေါ်၌ပင်သော်လည်း အခင်းငယ်အသီးအသီး ဆင့်ထပ်ခင်း၍ ဝဇ္ဇနီယ ပုဂ္ဂိုလ်များနှင့်ပင် ထိုင်နေသော်လည်း အပြစ်အထူးမဆိုသာပေ။

ဤကား-ပါဠိတော်ရင်းအဘွင့် အဋ္ဌကထာတို့ကို အစဉ်အတိုင်း အဓိပ္ပါယ်ကို အသားကုန်ထွက်အောင် ဉာဏ်စွမ်းရှိသမျှ ထုတ်ဘော်ဝေဘန်၍ဆုံးဖြတ်အပ်သောအချက်တည်း။

ဒီဃာသန အဆုံးအဖြတ်ပြီး၏၊

## နာနာဂန္ထဝိစာရဏာအခဏ်း

ယခုအခါ ရှေးစကားရပ်စု၌ ရှုပ်ထွေး ကျယ်ပွားအံ့စိုး၍ မထည့်မသွင်းဘဲ ရှောင်လွှဲချန်လှပ်ခဲ့သော လက်သန်းအဋ္ဌကထာများနှင့်တကွ ဋီကာကြီးငယ်တို့ အထူးထူး အထွေထွေ ရေးသားဘွင့်ဆိုကြသော စကားရပ်များကို စီစဉ်ပေါင်းစု၍ စိစစ်ရာဖြစ်သော နာနာဂန္ထဝိစာရဏာအခဏ်းကိုဆိုပေအံ့။

(က) အနုဇာနာမိ ဘိက္ခဝေ နဝကေန ဘိက္ခုနာ ဥဒ္ဒိသန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ၊ ဥစ္စတရေ ဝါ ဓမ္မဂါရဝေန၊ ထေရေန ဘိက္ခုနာ ဥဒ္ဒိသာပေန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ၊ နီစတရေ ဝါ ဓမ္မဂါရဝေနာ တိ။

(ခ) အနုဇာနာမိ ဘိက္ခဝေ သမာနာသနိကေဟိ သဟ နိသီဒိတုံ။

(ဂ) အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ။

(ဃ) အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဉ္စံ တိဝဂ္ဂဿ ပီဌံ။

(င) အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌံ။

(စ) အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ ပဏ္ဍကံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုံ။

(ဆ) အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ။ ဧတ္တကံ ပစ္ဆိမံ ဒီဃာသနန္တိ။

[စူဠဝါ သေနာသနက္ခန္ဓကပါဠိတော်။]

တိဝဿန္တရေနာ တိ ဧတ္ထ တိဝဿန္တရော နာမ ယော ဒွီဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ။ ယော ပန ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ ယော ဝါ သမာနဝဿော၊ တတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ။ ဣမေ သဗ္ဗေ ဧကသ္မိံ မဉ္စေ ဝါ ပီဌေ ဝါ ဒွေ ဒွေ ဟုတွာ နိသီဒိတုံ လဘန္တိ။

ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ၊ တထာရူပေ အပိ ဖလကခဏ္ဍေ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

[ဝင်းအဋ္ဌကထာပါဠိ။]

တိဝဿန္တရေနာ တိ တိဏ္ဏံ ဝဿာနံ အဗ္ဘန္တရေန။

[ဝဇိရဗုဒ္ဓိ။]

ဒီဃာသနံ နာမ မဉ္စပီဌ ဝိမုတ္တံ ယံကိဉ္စိ ဧကတော သုခံ နိသီဒိတုံ ပဟောတိ။

[ဘောရသကာဏ်။]

ယံ တိဏ္ဏံ ပဟောတီ တိ မဉ္စပီဌ ဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ၊ ဧတံ ပစ္ဆိမံ ဒီဃာသနံ။

ဧတ္ထ မဉ္စပီဌရဟိတေသု အသမာနာသနိကာပိ ဧကတော နိသီဒိတုံ လဘန္တိ။ မဉ္စပီဌေသု ပန ဒွေ။ အဒီဃာသနေသု မဉ္စပီဌေသု သမာနာသနိကာဝ ဒွေ နိသီဒိတုံ လဘန္တိ ဒုဝဂ္ဂဿေဝ အနုညာတတ္တာ။

[ဝိမတိ။]

www.dhammaransi.com



မဇ္ဈေဝါ ပိဋ္ဌေဝါ တိ ဧတ္ထ ဝါသဒ္ဒေါ သမုစ္စယတ္ထော။ တေန တဏ္ဍိကာ စမ္မက္ခဏ္ဍာဒီသု ဒီဃာသနေသုပိ နိသီဒိတုံ န ဝဋ္ဋတီ တိ ဒီပိတံ ဟောတိ။

[ပါရိဝါသိကက္ခန္ဓကအဋ္ဌကထာဝိမတိဋီကာ။]

ယော ပန ဘိက္ခု မဟန္တတရေဝါ ဒဟရတရေ ဝါ တိ အတ္တနော မဟန္တတရေ ဝါ ဒဟရတရေ ဝါ ဟောတိ၊ သော ဘိက္ခု တိဝဿန္တရော နာမ တိ ယောဇနာ။ ကေဿ ဘိက္ခုနော တိဏ္ဏံ ဝဿာနမန္တရေ ဋ္ဌိတော တိဝဿန္တရော။ အညော ဘိက္ခု။

တတ္ထာ တိ ဘိက္ခူသု။ ဣမေ သဗ္ဗေ တိ သဗ္ဗေ တိဝဿန္တရ ဒွိဝဿန္တရ သမာနာသနိကာ။ ဣမေ ဘိက္ခူ လဘန္တိ တိ သမ္ဗန္ဓော။ ယံ တိဏ္ဏံ ပဟောတိ တိ မဇ္ဈေ ပိဋ္ဌေ ဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ၊ တထာရူပေ အာသနေပိ ဒွေဒွေ ဟုတွာ နိသီဒိတုံ လဘန္တိ တိ ယောဇနာ။ အပိသဒ္ဒေန မဇ္ဈပိဋ္ဌာနိ အပေက္ခတိ၊ ဣဒံ ပန္တိမံ ဒီဃာသနံ။ အနုပသမ္ပန္နေန ပိ တိ ပိသဒ္ဒေါ ပဂေဝ ဥပသမ္ပန္နေနာတိ ဒဿေတိ။

အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုန္တိ ဝစနတော တိဝဿန္တရေန ဘိက္ခုနာ သဒ္ဓိံ ဧကာသနေ နိသီဒိတုံ ဝဋ္ဋတိ။ တိဝဿန္တရော နာမ ယော ဒွီဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ။ ယော ပန ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ ယော ဝါ သမာနဝဿော။ တတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ။ ဣမေ သဗ္ဗေ ဧကေကာသနေ မဇ္ဈေ ဝါ ပိဋ္ဌေ ဝါ ဒွေဒွေ ဟုတွာ နိသီဒိတုံ လဘန္တိ။

အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌန္တိ ဟိ ဝုတ္တံ၊

ယံ ပန တိဏ္ဏံ ပဟောတိ။ တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ၊ တထာရူပေ အပိ လကဏ္ဍကေ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

www.dhammaransi.com



အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊တွေကံ ပဋိမံ ဒီဃာသနန္တိ ဟိ ဝုတ္တံ။

အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ ပဏ္ဍကံ မာတုဂါမံ ဥဘတောဗျဉ္ဇနကံ အသမာနာသနိကေဟိ သဟ ဒီဃာသနေ နိသီဒိတုန္တိ ဝစနတော ပန ဒီဃာသနေပိ ပဏ္ဍကာဒီဟိ သဟ နိသီဒိတုံ န ဝဋ္ဋတိ။

[ဝိနယသင်္ဂဟ။]

သံဟာရိမံ ဝါ တိ သံဟာရိတုံ ယုတ္တံ ကဋသာရကာဒိ။ အသံဟာရိမံ ဝါ တိ သံဟာရိတုံ အသက္ကုဏေယျံ ပါသာဏာဒိ အာသနံ။ တေနာဟ သာရတ္ထဒီပနိယံ ဒီဃာသနံ နာမ မဉ္စ ပီဌ ဝိနိမုတ္တံ ယံကိဉ္စိ တိဏ္ဏန္နံ ကေတော သုခံ နိသီဒိတုံ ပဟောတီ တိ။

ကသ္မာ ပန တိဏ္ဏန္နံ ကေတော သုခံ နိသီဒိတုံ ပဟောတီတိ ဝုတ္တံ။ နနု ဒွိန္နံ ပဟောနကာသနမ္ပိ ဒီဃမေဝါ တိ စောဒနံ သန္ဓာယာဟ အနုဇာနာမိ။လ။ဒီဃာသနန္တိ ဟိ ဝုတ္တန္တိ။

ဒွိန္နံ ပဟောနကေဟိ အဒီဃာသနေတွ သမာနာသနိကေ-ဟေဝ သဟ နိသီဒိတုံ ဝဋ္ဋတိ၊ တိဏ္ဏံ ပဟောနကတော ပဋ္ဌာယ ဂဟိတေ ဒီဃာသနေ ပန အသမာနာသနိကေဟိ သဟ နိသီ-ဒိတုံ ဝဋ္ဋတိ၊ ယဒိ ဧဝံ ပဏ္ဍကာဒီဟိပိ သဟ နိသီဒိတုံ ဝဋ္ဋေ-ယျာတိ စောဒနံ မနသိကတွာ အာဟ အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ ပဏ္ဍကန္တိအာဒိ။ တတ္ထ အတ္ထော သုဝိညေယျောဝ။

[ဂဏ်းအဘွင့်ဝိနယာလင်္ကာရဋီကာ။]

သမာနာသနိကော နာမ၊ ဒွိဟိ ဝဿေဟိ ယော ပန။
ဝုဍ္ဎော ဝါ ဒဟရော ဝါပိ၊ ဝဿေနေကေန ဝါ ပန။
သမာနဝဿော ဝတ္တဗ္ဗော၊ ကိဉ္စိနာမ န ဝိဇ္ဇတိ။
သတ္တဝဿဆဝဿေဟိ၊ ပဉ္စဝဿော နိသီဒတိ။
ဟေဋ္ဌာဒီဃာသနံ တိဏ္ဏံ၊ ယံ ပဟောတိ နိသီဒိတုံ။
ဧကမဉ္စေပိ ပီဌေဝါ၊ ဒွေ နိသီဒန္တိ ဝဋ္ဋတိ။

ဥဘတောဗျဉ္ဇနံဋတ္ထိံ၊ ဥပေတွာ ပဏ္ဍကံ ပန။
ဒီယာသနေ အနုညာသိ၊ သမ္ဗုဒ္ဓော နိသီဒိတုံ။
[ဝိနယဝိနိစ္ဆယပါဠိ။]

ယော ပန ဘိက္ခု ဒွိဟိ ဝဿေဟိ ဝါ ဧကေန ဝါ ဝဿေန ယဿ ဘိက္ခုနော ဝုဍ္ဎတရော ဝါ ဟောတိ ဒဟရော ဝါ၊ သော တေန ဘိက္ခုနာ သမာနာသနိကော နာမ ဟောတိ တိ ယောဇနာ။ သတ္တဝဿေန ပဉ္စဝဿောတိ ဋဒံ ဒွိဟိ ဝဿေဟိ ဝုဍ္ဎနဝကာနံ သမာနာသနိကတ္တေ ဥဒါဟရဏံ ဆဝဿေန ပဉ္စဝဿောတိ ဋဒံ ဧကဝဿေန ဝုဍ္ဎနဝကာနံ သမာနာသနိကတ္တေ ဥဒါဟရဏံ ယံ တိဏ္ဏံ နိသီဒိတုံ ပဟောတိ၊တံ ဟေဋ္ဌာ-ဒီယာသနံ နာမာ တိ ယောဇနာ။ သမာနာသနိကာ ဧဝ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု။ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု တိ အာရောစိတေ ဝတ္ထုမှိ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌန္တိ အနုညာတတ္တာ ဒွေ တိ သမာနာသနိကေ ဒွေ သန္ဓာယ ဝုတ္တံ။ဥဘတောဗျဉ္ဇန ဋတ္ထပဏ္ဍကံ ဥပေတွာ သဗ္ဗေ-ဟိ ဂဟဋ္ဌေဟိ ပဗ္ဗဇိတေဟိ ပုရိသေဟိ ဝါ သဟ ဒီယာသနေ နိသီဒိတုံ အနုညာတန္တိ ယောဇနာ။

ပေါတ္ထကေသု ပန ကတ္ထစိ သဗ္ဗေသန္တိ သာဓိဝစနန္တော ပါဌော ဒိဿတိ။ တတော သ ဗ္ဗေဟိ ပိတိ ကရဏဝစနန္တောဝ ပါဌော ယုတ္တတရော။ ကရဏဝစနပသင်္ဂေ ဝါ သာဓိဝစန-နိဒ္ဒေသော တိ ဝေဒိတဗ္ဗံ။ယထာဟ—

ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံဝါ ဟောတု အသံဟာ-ရိမံဝါ၊ တထာရူပေ အပိ ဖလကက္ခဏ္ဍေ အနုပသမ္ပန္နေနာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတီ တိ။ ။[ဋ္ဌင်းဋီကာပါဠိ။]

သမာနာသနိကောပိစာတိ။

တိဝဿန္တရမနုညာတံ၊ ဘိက္ခူနမေကမာသနံ။
သတ္တဝဿတိဝဿေဟိ၊ ပဉ္စဝဿော နိသီဒိတုံ။
ဥပေတွာ ပဏ္ဍကံ ဋတ္ထိံ၊ ဥဘတောဗျဉ္ဇနံ မုနိ။
ဒီယာသနေ အနုညာသိ၊ သဗ္ဗေဟေဝ နိသီဒိတုံ။

www.dhammaransi.com



# ဒီဃာသနဝိနိစ္ဆယကျမ်း

အန္တံ ဒီဃာသနံ တိဏ္ဏံ၊ ယံ ပဟောတိ နိသီဒိတုံ။
မဉ္စကေဝါပိ ပီဌေဝါ၊ ဒွိန္နံ လဒ္ဓံ နိသီဒိတုန္တိ။
[ခုဒ္ဒသိက္ခာ။]

တိဏ္ဏံ ဝဿာနံ အန္တရံ တိဝဿန္တရံ။ အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုန္တိ ဟိ ဝုတ္တံ။ ယော ဒွီဟိ ဝဿေဟိ ဝုဍ္ဎော ဝါ နဝေါ ဝါ။ သော တိဝဿန္တရော နာမ။ မုနိတိ ဗုဒ္ဓမုနိ။ သဗ္ဗေဟေဝါ တိ အနုပသမ္ပန္နေဟိပိ။ အန္တန္တိ ပစ္ဆိမံ။ အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊ တတ္တကံ ပစ္ဆိမံ ဒီဃာသနန္တိ ဝုတ္တတ္တာ ယံ တိဏ္ဏံ ပဟောတိ။ တံ သံဟာရိမံ ဝါ ဟောတု အသံဟာရိမံ ဝါ။ တထာရူပေ ဖလကက္ခဏ္ဍေပိ နိသီဒိတုံ ဝဋ္ဋတိ။ ဒွိန္နန္တိ ဒွိန္နံ သမာနာသနိကာနံ။ အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌန္တိ ဝုတ္တတ္တာ ဒွေ သမာနာသနိကာ သဟ နိသီဒိတုံ လဘန္တိ။ အညေဟိ အသမာနာသနိကေဟိ အနုပသမ္ပန္နာဒီဟိ ဝါ ဒွေ ဟုတွာပိ နိသီဒိတုံ န လဘန္တိ။

[ခုဒ္ဒသိက္ခာဋီကာဟောင်း။]

တိဝဿန္တရမေကမာသနံ ဘိက္ခူနံ အနုညာတန္တိ သမ္ဗန္ဓော။ တတ္ထ ကေသ္မိံ အာသနေ မဉ္စာဒိကေ ဒွိန္နံ အာသနံ နိသီဒနံ ကေမာသနံ။ မကာရော သန္ဓိဇော။ ကီဒိသန္တိ အာဟ တိဝဿန္တရန္တိ။ တိဏ္ဏံ ဝဿာနမန္တရ မေတဿာတိ တိဝဿန္တရော။ ဒွီဟိဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဘိက္ခု။ သော တဿ အတ္ထီတိ တိဝဿန္တရံ။ တိဝဿန္တရဝန္တန္တိ အတ္ထော။ ယော ပန ကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ကေဝဿော ယေဝ ဝါ။ တဗ္ဗန္တတာယ ဝတ္တဗ္ဗမေဝ နတ္ထိ။ အထဝါ။ တိဝဿန္တရန္တိ ကရဏတ္တေ ဥပယောဂဝစနံ။ တိဝဿန္တရေန သဒ္ဓိန္တိ အတ္ထော။ တမေဝ သမတ္ထေတိ သတ္တဝဿ တိဝဿေဟိစ္စာဒိနာ။ မုနိ အနုညာသီ တိ သမ္ဗန္ဓော။ သဗ္ဗေဟေဝါ တိ သမာနာသနိက အသမာနာသနိကေဟိ သဗ္ဗေဟေဝ သဒ္ဓိံ။ ဒီဃာသနံ ဒဿေတိ အန္တန္တိ အာဒိနာ။

www.dhammaransi.com



ယံ တိဏ္ဏံ နိသီဒိတုံ ပဟောတိ၊ တံ အန္တံ ဒီဃာသနန္တိ သမ္ဗန္ဓော။ အန္တန္တိ ပစ္ဆိမံ။ အဒီဃာသနေ ပန သမာနာသနိကာ နိသီဒိတုံ လဘန္တီတိ ဒဿေန္တော မဉ္စကေတိအာဒိ မာဟ။ သဗ္ဗတ္ထ အယာထာဝကရဏတော ဒုက္ကဋန္တိ။

[ဂဏ်းဋီကာသစ်။]

ဧကတော ပဏ္ဍကိတ္ထီဟိ၊ ဥဘတောဗျဉ္ဇနေန ဝါ။
ဒီဃာသနေ နိသီဒေယျ၊ အဒီဃေ အာသနေ ပန။
အသမာနာသနိကေန၊ မဉ္စပီဌေ သယေယျ ဝါ။

[မူလသိက္ခာ။]

ယော ဒီဃာသနေ ပဏ္ဍကိတ္ထီဟိ ပဏ္ဍကေန ဝါ ဣတ္ထိယာ ဝါ ဥဘတောဗျဉ္ဇနေန ဝါ ဧကတော နိသီဒေယျ၊ တဿ ဒုက္ကဋံ သိယာ၊ အဒီဃာသနေတိ ရဿေ အာသနေ၊ ယော ဘိက္ခု ရဿာသနေ မဉ္စေ ဝါ ပီဌေ ဝါ အသမာနာသနိကေန ဧကတော သယေယျ၊ တဿ ဒုက္ကဋံ သိယာ တိ အတ္ထော။

[မူလသိက္ခာဋီကာဟောင်း။]

ပဏ္ဍကိတ္ထီဟိ ဝါ ဥဘတောဗျဉ္ဇနေန ဝါ ဧကတော သဒ္ဓိံယေဝ ဒီဃာသနေ နိသီဒေယျ၊ တဿ ဒုက္ကဋန္တိ ယောဇနာ။ တတ္ထ ပဏ္ဍကော စ ဣတ္ထီ စာ တိ ဝိဂ္ဂဟော၊ တာဟိ။ ဥဘတော ဗျဉ္ဇနံ အဿာတိ ဥဘတောဗျဉ္ဇနံ၊ တေန။ ဥဘယမ္ပိ သဟာဒိယောဂေ တတိယာ၊ နသမာနာသနိကော အသမာနာသနိကော တိ ဥဘောတပ္ပုရိသော၊ တေန။ သဟာဒိယောဂေ တတိယာ။ မဉ္စော စ ပီဌဉ္စာတိ သမာဟာရဒွန္ဒော၊ တသ္မိံ။ တတ္ထ စ သမာနာသနိကံ နာမ ဒွိဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ တတော ပရံ အသမာနာသနိကာ နာမ၊ တေဟိ သဒ္ဓိံ အဒီဃာသနေ နိသိန္နဿ ဝါ နိပန္နဿ ဝါ ဒုက္ကဋံ၊ ဝါ သဒ္ဒေါ အဝုတ္တသမုစ္စယော။

[မူလသိက္ခာဋီကာသစ်။]

www.dhammaransi.com



ဤထုတ်ပြန်အပ်သော ကျမ်းအပေါင်းတို့တွင် ပါဠိတော်ဝင်အဘွင့် အဋ္ဌကထာကြီးများ၌ စိစစ်ရန်ရှိသမျှကို ရှေး၌စိစစ်အပ်ပြီ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာတို့၌လည်း၊ "မဇ္ဈ ပိဌ ဝိနိမုတ္တံ" ဟူသော ပါဌ်၏အနက်ကို ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်မှ အလွတ်ဖြစ်သောဟူ၍ ရှေး၌ဆိုခဲ့ပြီးသောအတိုင်းသာမှတ်ပါ။

> တတ္ထ မဇ္ဈပိဌရဟိတေသု အသမာနာသနိကာပိ တယော နိသီဒိတုံ လဘန္တိ၊ မဇ္ဈပိဌေသု ပန ဒွေ၊ အဒီဃာသနေသု မဇ္ဈပိဌေသု သမာနာသနိကာဝေ ဒွေ နိသီဒိတုံ လဘန္တိ၊ ဒုဝဂ္ဂဿေဝ အနုညာတတ္တာ။

ဟူသော ဝိမတိဝိနောဒနီဋီကာပါဌ်၌ စိစစ်၍ထုတ်သော်လည်း ပါဠိ အဋ္ဌကထာနှင့် ဆန့်ကျင်သောအနက်သာ ထွက်ရှိရှိသည်၊ မဆန့်ကျင်အောင် နှီးနှော၍ဆိုပြန်လျှင်လည်း အကျယ်အပွားစကားများ၍ မှတ်သားဘွယ်အထူးပေါ်တော့မည်မဟုတ်ရကား- မစိစစ်လိုပြီ။

ပါရိဝါသိကက္ခန္ဓက၌လာသော ဝိမတိဝိနောဒနီဋီကာပါဌ်၌"တဋ္ဌ-ကာစမ္မက္ခဏ္ဍာဒိသု ဒီဃာသနေသုပိ" ဟူသောပါဌ်၌ အလျား ၄-တောင့်ထွာ အနံတတောင့်ထွာ စသည်ရှိသောသပေါ့ဖျာ,သားရေပိုင်းတို့ကိုသာ ယူပါ။

ယောဇနာပါဌ်၌—

"တထာရူပေ အာသနေပိ ဒွေဒွေဟုတွာ နိသီဒိတုံ လဘန္တီတိ-ယောဇနာ"ဟူသော ပါဌ်သည်ပမာဒလေခပါဌ်သည်သာ စင်စစ်ဖြစ်၏၊ "အပိသဒ္ဒေန မဇ္ဈပိဌာနိအပေက္ခတိ"၊ ဟူသောစကား၌ "ဣဒံ ပစ္ဆိမံ ဒီဃာသနံ" ဟူသော ပါဌသေသကို ပြသော စကားစုသည်လည်း ပမာဒ လေခသာဖြစ်သည်။

ထိုစကားမှန်၏။

> ယံ တိဏ္ဏံ ပဟောတိ၊ တံ သံဟာရိမံ ဝါ ဟောတု အသံ-ဟာရိမံ ဝါ၊ တထာရူပေ အပိဖလကက္ခဏ္ဍေ အနုပသမ္ပန္နေ-နာပိ သဒ္ဓိံ နိသီဒိတုံ ဝဋ္ဋတိ။

www.dhammaransi.com



ဟူသော အဋ္ဌကထာပါဌ်သည် ယထာရုတ ဥဇုကပရိပုဏ္ဏဖြစ်သော အဋ္ဌကထာ ပေတည်း၊ စကားတပါးဆောင်၍လည်း ယောဇနာဘွယ် မရှိ၊ ထည့်သွင်း၍လည်းယောဇနာဘွယ်မရှိ။

ဝိနယာလင်္ကာရဋီကာ၌—

ယံ တိဏ္ဏံ ပဟောတိ၊ တွေကံ ပဋိမံ ဒီဃာသနံ၊ ဟူသော ပါဠိ တော်၏ ပြန်ဘက်ကိုပြသော "ဒွိန္နံ ပဟောနကေဟိ အဒီဃာသနေ သမာနာသနိကေဟေဝ သဟ နိသီဒိတုံ ဝဋ္ဋတိ"။

ဟူသောစကားသည် အလွန်သင့်မြတ်ပေ၏၊ ၃- ယောက်ထိုင်နေ လောက်သော ဖျာ,သင်ဖြူး စသည်အောက် ငယ်သော ဖျာ,သင်ဖြူး စသည်သည် ဒီဃာသန မဟုတ်သည်ဖြစ်၍ ခုဒ္ဒကာသနဟူ၍ဂင်း၊ရဿာ သန ဟူ၍ဂင်း ဆိုသင့်လေရကား -ထိုခုဒ္ဒကာသန,ရဿာသနဖြစ်သော ဖျာ,သင်ဖြူး စသည်များ၌ သမာနာသနိကချင်းသာ အတူတကွထိုင် နေသင့်သော သဘောယုတ္တိသည် ပါဠိတော်နှင့်လျော်လှပေသည်။

ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌—

"သတ္တဝဿဆဝဿေဟိ၊ ပဉ္စဝဿောနိသီဒတိ၊ ခုဒ္ဒသိက္ခာ၌ သတ္တ ဝဿတိဝဿေဟိ၊ ပဉ္စဝဿောနိသီဒိတုံ။" ဟူသော စကားနှစ်ရပ်သည် မညီကြ၊ ခုဒ္ဒသိက္ခာအတိုင်း တထပ်ထည်းရှိကြလျှင် အတိယုတ္တ။

ဝိနိစ္ဆယဋီကာ၌ ဆဝဿေဟိကို ပြလျက်ရှိသောကြောင့် ထပ်မိ အောင်ပြင်ရမည်လည်း မခက်တောင်း၊ ရဟန်းခံသည့်နေ့မှစ၍ ၅-ဝါ လည်၍ ၅-နှစ်ရှိပြီးသော ရဟန်းသည် ၇-နှစ်ရှိပြီးသော သီတင်းကြီး နှင့်ဂင်း, ၃-နှစ်သာရှိသေးသော သီတင်းငယ်နှင့်ဂင်း၊ ဤသို့ မိမိကို အလယ်ထား၍ အထက်ကို ၂-နှစ်၊ ၂-ဝါကြီးနှင့် အောက်ကို ၂-နှစ်၊ ၂-ဝါငယ်နှင့် သမာနာသနိကဖြစ်သည်ကို ခုဒ္ဒသိက္ခာ၌ နိဒဿနနည်း ပြတော်မူခဲ့သည်၊ ၂-နှစ် ၂-ဝါကြီး၊ ၂-နှစ် ၂-ဝါငယ်ဟူရာ၌လည်း ၃ နှစ်မပြည့်သမျှကို ၂-နှစ် ၂-ဝါ၌ အတွင်းဝင်ပြု၍ယူပါ၊ ခုဒ္ဒသိက္ခာ မူလသိက္ခာ ဋီကာဟောင်း ဋီကာသစ်တို့၌ စိစစ်ဘွယ်များစွာမရှိပြီ၊

www.dhammaransi.com



စိုးစဉ်းရှိသည်ကို စိစစ်ပြန်လျှင် စကားသာကျယ်၍ အဓိပ္ပါယ်ထူးလှ တော့မည်မဟုတ်၊ ထို့ကြောင့် မစိစစ်လိုပြီ။

နာနာဂန္ထဝိစာရဏာအခန်းပြီး၏။

ဤတွင်ရွှေကား-ဒီဃာသနဝိနိစ္ဆယကျမ်းပြီး၏။

www.dhammaransi.com



# ဥပသမ္ပဒဝိနိစ္ဆယကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ရှေးဦးအမှာစကား

ဥပသမ္ပဒကံကိုဆောင်ရွက်လိုသောဆရာသည် ဥပေါသထကံ၌ကဲ့သို့ သံဃာမစည်းဝေးမီ ရှေးအဘို့ဝယ် သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ ညဉ့်အခါဖြစ်မူ ဆီမီးထွန်းခြင်း၊ သောက်ရေ သုံးဆောင်ရေတည်ခြင်း၊ နေရာခင်းခြင်းဟူသော ပုဗ္ဗကရဏ ၄-ပါးတို့ကို ကိုယ်တိုင်သော်လည်း ပြုရာ၏၊သူတပါးကိုသော်လည်း ပြုစေရာ၏။

ထိုနောက်မှ ရဟန်းအဖြစ် ၁၀-နှစ်ပြည့်ပြီးသော ဒသဝဿဂုဏ်၊ ဥဘတော ဝိဘင်းကို လေ့လာခြင်းဟူသော ဗဟုဿုတဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဥပဇ္ဈာယ်လုပ်ထိုက်သော မထေရ် ရဟန်းကိုရင်း၊ ၅ာန် ၅-ပါး,ဌာန် ၆-ပါး,ဌာန် ၇-ပါး,ကရိုဏ်း ၄ ပါး, ပယတ် ၄ ပါး အစီအရင်နှင့်တကွ ဗျဉ္ဇနဗုဒ္ဓိ၁၀-ပါးတို့ကို ပိုင်းပိုင်းခြားခြား ကျမ်းကျင်၍ ပြီပြင် ပြတ်သားအောင် ဘတ်ရွတ်နိုင်သော ကမ္မဝါစာပါ႑က ရဟန်းတို့ကိုရင်း၊ ဂဏပူရဏဖြစ်ထိုက်သော ၃-ပါး, ၃-ပါးထက် အလွန်ဖြစ်သော ကာရကရဟန်းတို့ကိုရင်း သိမ်တွင်းသို့ ပင့်ဆောင် စည်းဝေးစေရာ၏။

www.dhammaransi.com



က—၁။ ထိုနောက်မှ ပဗ္ဗဇ္ဇဒေါသ ကင်းရှင်းစင်ကြယ်သော ရဟန်းလောင်းကို သံဃာ့အလယ်သို့သွင်း၍ ဥပဇ္ဈာယ်ယူခြင်း။

၂။ ဥပဇ္ဈာယ်ပေးခြင်း။

၃။ သပိတ်သင်္ကန်းကြားခြင်း။

၄။ သံဃာ့ဘောင်မှထုတ်ခြင်း။

၅။ အနုသာသကရဟန်းကို သမုတ်ခြင်း။

၆။ သမုတ်ရသော ရဟန်းသွား၍ ရဟန်းလောင်းကို သင်ကြား ဆုံးမခြင်း။

၇။ သင်ကြားဆုံးမပြီးသောရဟန်းလောင်းကို ဉတ်ဖြင့်သံဃာ့ဘောင်သို့ သွင်းခြင်း။

၈။ ရဟန်းအဖြစ်ကိုတောင်းခြင်း။

၉။ အန္တရာယိကဓမ္မပုစ္ဆကရဟန်းကို သမုတ်ခြင်း။

၁၀။ အန္တရာယိကဓမ္မကို မေးမြန်းခြင်းဟူသော ပုဗ္ဗကိစ္စ ၁၀-ပါးကို အစဉ်အတိုင်းပြုရာ၏။

ခ။ ထိုနောက်မှ''သုဏာတု မေ ဘန္တေ သံဃော''အစရှိသော ဉတ္တိစတုတ္ထ ကမ္မဝါစာကို အကြိမ်များစွာဘတ်ရွတ်၍ ပဉ္စင်းဖြစ်အောင် ပြုလုပ်ခြင်းဟူသော ပဓာနကိစ္စကိုပြုရာ၏။

ဂ။ ထိုနောက်မှ ပဉ္စင်းဖြစ်ရာအခါသမယကိုကြားခြင်း, နိဿယ၄-ပါးကို ကြားခြင်း, အကရဏီယ ၄-ပါးကိုကြားခြင်းဟူသော အပရကိစ္စ၃-ပါးကိုပြုရာ၏။

ရှေးဦးအမှာစကားပြီး၏။

---

**ပုဗ္ဗကိစ္စစီရင်ခဏ်း**

ပ-ဒု-ပုဗ္ဗကိစ္စ။ ။ထိုပုဗ္ဗကိစ္စ, ပဓာနကိစ္စ, အပရကိစ္စဟု ဆိုအပ်သော ကိစ္စ၃-ပါးတို့တွင် ပုဗ္ဗကိစ္စ ၁၀-ပါး၌အကျုံးဝင်သောဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စ ၂-ပါးကို ပြည့်စုံစေခြင်း၄ါ—

www.dhammaransi.com



ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။

ဟူသော ဝါကျစကားကို ရှေးဦးစွာဟောတော်မူသည်။

**အနက်ကား။** ။ပဌမံ၊ သပိတ်,သင်္ကန်းကို ကြားခြင်းကိစ္စစသည်တို့မှ။ဝါ၊ တို့၏ရှေးဦးစွာ။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းလောင်းကို။ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတဗ္ဗော။ ယူစေအပ်၏။

[ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ။ဟု ၃-ခေါက်ဆိုစေ၍ ဥပဇ္ဈာယ်ယူစေရမည်။]

ဥပဇ္ဈာယ်ပြုလုပ်မည့်မထေရ်ရဟန်းတော်ကလည်း—

သာဓုဟူ၍၎င်း၊ သာဟုဟူ၍၎င်း၊ လဟုဟူ၍၎င်း၊ ဩပါယိကံဟူ၍၎င်း၊ ပတိရူပံဟူ၍၎င်း၊ ပါသာဒိကေန သမ္ပာဒေဟိဟူ၍၎င်း နှုတ်တက်ရာ နှစ်သက်ရာတခုခုသောစကားကို ၃-ခေါက်ဆိုရမည်။ ။ ဟူလိုသည်။

ဤပုဗ္ဗကိစ္စ ၂-ပါးကိုပြုရသည်မှာ—

နဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသောမဟာဝါခန္ဓက ပါဠိတော်မြတ်နှင့်အညီ ဥပဇ္ဈာယ်မရှိသော ပဉ္စင်းလောင်းကို ပဉ္စင်းခံခဲ့သည်ရှိသော် ကမ္မဝါဆရာ ကာရကသံဃာတို့၌ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်း စင်ကြယ်စေခြင်းငှါ ဤပုဗ္ဗကိစ္စ၂-ပါးကိုပြုရသတည်း၊ ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသောပုဗ္ဗကိစ္စ၂-ပါး ပြီး၏။

**တတိယပုဗ္ဗကိစ္စ။** ။ဥပဇ္ဈာယ်ယူစေခြင်း,ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စကိုပြည့်စုံစေပြီး၍ သပိတ်, သင်္ကန်းကို ကြားခြင်းဟူသော ပုဗ္ဗကိစ္စကိုပြတော်မူခြင်းငှါ—

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။

အယံ တေ ပတ္တော၊ အာမ ဘန္တေ၊အယံ သံဃာဋိ၊အာမ-ဘန္တေ၊အယံ ဥတ္တရာသင်္ဂေါ၊ အာမ ဘန္တေ၊ အယံ အန္တရဝါသကော၊ အာမ ဘန္တေ။

ဟူသော ဒေသနာဝါကျကိုဟောတော်မူသည်။

www.dhammaransi.com



ဤဒေသနာ၀ါကျ၌“အာမဘန္တေ”ဟူသော ပဋိညာစကားသည် ပါဠိတော်ရင်း၌မရှိ၊နောက်မှ ထည့်သွင်းသောစကားသာဖြစ်၏၊ထိုသို့ ဖြစ်သော်လည်း လိုအပ်သောစကားပင်ဖြစ်၍ သင့်မြတ်သည်သာဖြစ်၏။

အနက်ကား။ ။ဥပဇ္ဈ၊ဥပဇ္ဈာယ်ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ကြား အပ်၏။

ကိံ အာစိက္ခိတဗ္ဗံ၊ အဘယ်သို့ ကြားအပ်သနည်းဟူမူကား။ အာဝုသော၊ အမောင်။ အယံ၊ အမိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန် ပမာဏနှင့်ပြည့်စုံသော ဤသပိတ်သည်။ တေ၊ အမောင် ပဉ္စင်းလောင်း၏။ ပတ္တော၊ မရမ်းမင်္ဂါးအများမ ပိုင် ကိုယ်ပိုင်သပိတ် ပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်း မှန်ပါ၏။

အယံ၊ အမိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာ-ဏနှင့် ပြည့်စုံသော ဤဒုဂုဋ်သင်္ကန်းသည်။ တေ၊ အမောင်ပဉ္စင်း လောင်း၏။ သံဃာဋိ၊ ဒုဂုဋ်သင်္ကန်းပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ၊ အမိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာ ဏနှင့်ပြည့်စုံသော ဤကိုယ်ရုံသည်။ တေ၊ အမောင်ပဉ္စင်းလောင်း၏။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ရုံပေတည်း။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင် မိန့်တိုင်းမှန်ပါ၏။

အယံ၊ အမိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန်ပမာဏ နှင့် ပြည့်စုံသော ဤသင်းပိုင်သည်။ တေ၊ အမောင်ပဉ္စင်းလောင်း၏။ အန္တရဝါသကော၊ သင်းပိုင်ပေတည်း။ ဘန္တေ၊အရှင်ဘုရား။ အာမ၊ အရှင်မိန့်တိုင်းမှန်ပါ၏။

ဤသပိတ်,သင်္ကန်းကို ကြားခြင်းဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ—

နဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊ ကောဓေတ္တင်္ဂါးရမ်း သော သပိတ်,သင်္ကန်းဖြင့် ပဉ္စင်းခံခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,

www.dhammaransi.com



ကမ္မဝါဆရာ,ကာရကသံဃာတို့၌ ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသော ကြောင့် ထိုဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်းစင်ကြယ်စေခြင်း ငှါ ဤပုဗ္ဗကိစ္စကိုပြုရသတည်း၊ထို့ကြောင့် သပိတ်,သင်္ကန်းသည် ပဉ္စင်း လောင်း၏ ပုဂ္ဂလိကသန္တက ဖြစ်သေမှု ဆိုဘွယ်မရှိပြီ။

သူတပါးတို့က ခြီးမြှင့်သော သပိတ်,သင်္ကန်း ဖြစ်ပေမူကား-ဤပုဗ္ဗ-ကိစ္စကိုမပြုမီ ရှေးအဘို့ကပင် ပဉ္စင်းလောင်း၏ ပုဂ္ဂလိက သန္တကပိုင် ဖြစ်မြောက်လေအောင် ပေးလှူ ခြီးမြှင့်၍ထားအပ်၏၊ သင်္ကန်း၃-ထည် ကိုလည်း ကပ္ပဗိန္ဒုထိုး၍ထားအပ်၏။

[သတိရှိပါစေ။]

ဤပုဗ္ဗကိစ္စတိုင်အောင် ဥပဇ္ဈာယ်ဆရာ၏အမည်, ပဉ္စင်းလောင်း၏ အမည်ကိုသုံးသပ်သောစကား မပါမရှိသေးသည်နှင့် တိဿ-ဟူသော, နာဂဟူသော အမည်များကို မမှည့်သော်လည်း သင့်မြတ်ပါသေး၏။

ဤမှနောက်၌မူကား-ဥပဇ္ဈာယ်ဆရာအား တိဿ-ဟူသောအမည်, ပဉ္စင်းလောင်းအား နာဂ-ဟူသောအမည်ကိုပေးရမည်။

[သတိရှိပါစေ။]

ထိုသူတို့၏ပကတိအမည်သည် နန္ဒ,သုမနစသော ဘတ်လွယ် ရွတ် လွယ်သောအမည်ဖြစ်ပေမူ ထိုအမည်ရင်းအတိုင်းနှင့်—

သုဏာတု မေ ဘန္တေ သံဃော၊ နန္ဒော အာယသ္မတော သုမနဿ ဥပသမ္ပဒါပေက္ခော။

စသည်ဖြင့် ဘတ်ရွတ်ခြင်းငှါ သင့်မြတ်လှပါ၏။ ။သပိတ်,သင်္ကန်း ကိုကြားခြင်းဟူသောတတိယပုဗ္ဗကိစ္စပြီး၏။

**စတုတ္ထပုဗ္ဗကိစ္စ**။ ။ယခုအခါစတုတ္ထပုဗ္ဗကိစ္စကို ပြည့်စုံစေခြင်းငှါ—

"ဂစ္ဆ-အမုမှိ ဩကာသေ တိဋ္ဌာဟိ" ဟူသော ဒေသနာပါဠိကို ဟောတော်မူသည်။

**အနက်ကား**။ ။အာဝုသော၊ အမောင်-ပဉ္စင်းလောင်း။ ဣတော၊ ဤသံဃာ့ဘောင်မှ။ဂစ္ဆ၊ သွားပါလေလော့၊ဂန္တွာ၊ သွားပြီး၍။ အမုမှိဩကာသေ၊ ဤအမည်ရှိသော အရပ်၌။ တိဋ္ဌာဟိ၊ ရပ်ဆိုင်းငံ့တွေနေလင့်ပါလော့။

www.dhammaransi.com



ဤပုဗ္ဗကိစ္စကို မပည တ်မီ ရှေးကာလ၌ ရဟန်းလောင်းကို သံဃာ့အလယ်၌ ဆုံးမကြသည်နှင့် သံဃာကို ရှိသဖြင့် ရဟန်းလောင်းသည် မဖြေမကြားဝံ့ရှိနေသောကြောင့်—

အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတ္វာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ။

ဟု ဤပုဗ္ဗကိစ္စကို ခွင့်ပြုတော်မူပေရကား- ''အမုမှိ ဩကာသေ တိဋ္ဌာဟိ''ဟုသာမညအားဖြင့် ဟောတော်မူပါသော်လည်း သံဃာ့ဥပစာမှလွတ်လေအောင်သံဃာမှ ၁၂-တောင်, ၁၂-တောင်ထက်အလွန်ကွာဝေးသောအရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း။

''ဂစ္ဆ''ဟူ၍ဆိုခြင်းကြောင့် သွားလိုရာ အရပ်တိုင်အောင် သွားမည်စိုး၍''အမုမှိ ဩကာသေ တိဋ္ဌာဟိ''ဟုနေလင့်ရန် အရပ်ဒေသကို ပြ၍ တန့်စားသောစကား ဖြစ်ပေရကား—

''တိဋ္ဌာဟိ၊ ဆိုင်းလင့်လော့''ဟူသောအနက်သည်သာ သင့်ပေသည်၊ မတ်တတ်ရပ်၍နေရမည် ဆိုလိုသည် မဟုတ်ပေ။

''ဌာ-ဂတိနိဝတ္တိယံ၊ဂတိနိဝတ္တိ-ဂမနဿုပစ္ဆေဒေါ''ဟူသော ဓာတ်ကျမ်းစကားနှင့်အညီ ''တိဋ္ဌာဟိ''ဖြင့် သွားခြင်းကြိယာကိုသာ မြစ်ပေသည်၊ ထိုင်ခြင်း,လျောင်းခြင်းကြိယာကိုမမြစ်ပေ၊ထို့ကြောင့် သင့်တင့်ရာအရပ်၌ ရဟန်းလောင်းနေရန်,ကမ္မဝါဆရာတို့နေရန် ခင်းကျင်းစီမံ၍ထားနှင့်ပြီးလျှင် ရဟန်းလောင်းက ကမ္မဝါဆရာတို့အား ဝပ်တွားရှိခိုး၍ ကမ္မဝါဆရာတို့က ဆောင့်ကြောင့်ထိုင်ခြင်း, ထက်ဝယ်ဘွဲ့ခွေခြင်းတို့ဖြင့် ချမ်းသာစွာနေထိုင်၍ ဆုံးမခြင်းသည်သာလျှင် နေရသူတို့လည်း ချမ်းသာသည်၊ မြင်ရသူတို့လည်း ကြည်ညိုဘွယ်ရှိသည်၊ ပါဠိတော်နှင့်လည်း သင့်လျော်သည်၊ သပိတ်ပရိက္ခရာကိုလွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန်အရိပ်မျှမထင်၊အကျိုးလည်းမထင်၊သံဃာ့ဘောင်မှ ထုတ်ခြင်းဟူသော စတုတ္ထပုဗ္ဗကိစ္စပြီး၏။

**ပဉ္စမပုဗ္ဗကိစ္စ။** ။ယခုအခါပဉ္စမပုဗ္ဗကိစ္စကို ပြည့်စုံစေခြင်းငှါ—

''သုဏာတု မေ။လ။ အဟံ နာဂံ အနုသာသေယျံ''ဟူသော သမ္မုတိဥ တ်ကိုထားတော်မူသည်။

www.dhammaransi.com



ဤသမ္မုတိဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ—

နဘိက္ခဝေ အသမ္မတေန အနုသာသိတဗ္ဗော၊ယောအနုသာသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါခန္ဓက ပါဠိတော်မြတ်နှင့်အညီ သမ္မုတိမရဘဲဆုံးမ မိချေလျှင် ဒုက္ကဋ်အာပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုအပြစ်မှလွတ်ကင်းစေခြင်းငှါ ပြုရသော ပုဗ္ဗကိစ္စပေတည်း။ ။သံဃာ့ဘောင်မှထုတ်ခြင်းဟူသော ပဉ္စမပုဗ္ဗကိစ္စပြီး၏။

**ဆဋ္ဌမပုဗ္ဗကိစ္စ။** ။ယခုအခါ သမ္မုတိရသောရဟန်းတို့၏ ရဟန်းလောင်းနေလင့်ရာ အရပ်သို့သွား၍ သင်ကြားဆုံးမခြင်းဟူသော ဆဋ္ဌမပုဗ္ဗကိစ္စကိုပြုခြင်းငှါ-"သုဏာသိ နာဂ" အစရှိသော ဒေသနာဝါကျကို ဟောတော်မူသည်။

**အနက်ကား။** ။နာဂ၊ နာဂအမည်ရှိသော အမောင်ပဉ္စင်းလောင်း။
သုဏာသိ၊ ငါတို့၂-ပါး မိန့်စကားကိုနားထောင်လော့။

အယံ၊ဤအခါသည်ကား။ တေ၊ သင်-အမောင် ပဉ္စင်းလောင်း၏။ သစ္စကာလော၊ မသွေမလွန်အမှန်ကိုသာ လျှောက်ထားရမည့်အခါပေတည်း။ ဘူတကာလော၊ မပိုမယုတ် အဟုတ်ကိုသာ လျှောက်ထားရမည့်အခါပေတည်း။

ယံ၊ အကြင်ကုဋ္ဌ, ဂဏ္ဍစသော အန္တရာယိကဓမ္မတို့၏ ရှိ, မရှိသော သဘောသည်။ဇာတံ၊သင့်ဝယ်ဖြစ်၏။တံ၊ ထိုကုဋ္ဌ,ဂဏ္ဍစသောအန္တရာယိကဓမ္မတို့၏ ရှိ,မရှိသော သဘောကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်သို့ ရောက်သောကာလ၌။ ပုစ္ဆန္တေ၊ပုစ္ဆကသမ္မုတိရသော မထေရ်ရဟန်းက မေးမြန်းစစ်ဆေးပေသည် ရှိသော်။ သန္တံ၊ ထင်ရှားရှိပေမူကား။ အတ္ထီတိ၊ ရှိပါပေသည်ဘုရားဟူ၍။ဝတ္တဗ္ဗံ၊ လျှောက်ထားအပ်ပေသည်။ အသန္တံ၊ ထင်ရှားမရှိပေမူကား။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားအပ်ပေသည်။

မာခေါဝိတ္ထာသိ၊ ကြောက်စိတ်ကွက်၍၊ ကိုယ်လက်အင်္ဂါ၊ ခိုင်မာမလှုပ်၊ သစ်သားရုပ်သို့၊ ငုတ်တုတ်မနေပါလင့်။ မံကု၊ ကြောက်စိတ်ဝင်၍၊မရွှင်ညှိုးချုံး၊ နှလုံးမသာ၊ မျက်နှာမလှရှိသည်။မာခေါ်အဟော-သိ၊မဖြစ်ပါလင့်။

www.dhammaransi.com



ဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။တံ၊ သင်-အမောင်ပဉ္စင်းလောင်းကို။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။ ကိံ ပုစ္ဆိဿန္တိ၊ အဘယ်သို့ မေးမြန်းကြကုန်လတ္တံ့နည်းဟူမူကား—

ကုဋ္ဌံ၊ နူနာမျိုးငုင်း။ ဂဏ္ဍော၊ အိုင်းနာမျိုးငုင်း။ ကိလာသော၊ ပွေး,ညှင်း, တင်းတိတ်အနာမျိုးငုင်း။ သောသော၊ ခယရုဂ်ချောင်းဆိုးအနာမျိုးငုင်း။ အပမာရော၊ ဝက်ရူး,ကြက်ရူး အနာမျိုးငုင်း။ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီး ၅-မျိုးတို့သည်။ တေ၊သင်-ပဉ္စင်းလောင်းအား။ သန္တိ၊ ရှိပါကုန်သလော။ ဧဝံ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တွံ၊ သင်ပဉ္စင်းလောင်းသည်။ မနုဿောအသိ၊ လူသားစင်စစ် မှန်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တွံ၊ သင်သည်။ ပုရိသောအသိ၊ ယောကျ်ားစင်စစ် မှန်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း၊ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ဘုဇိဿော၊သူ့ကျွန်မဖြစ်၊ မင်းစစ်တော်လှန်၊ သူကောင်းမှန်သည်၊ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

အဏဏော၊ သူ့မြီ သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်သည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ရာဇဘဋော၊ မင်းခယောကျ်ား၊ မင်းခစားသည်။ နအသိ၊ မဖြစ်ဘဲရှိပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

မာတာပိတူဟိ၊ အမိအဘတို့သည်။ အနုညာတော၊ အခွင့်ပြုအပ်ပြီးသောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

ပရိပုဏ္ဏဝီသတိဝဿော၊ ပဋိသန္ဓေ၊တည်နေသည်မှ၊ စ၍ရေတွက်၊ အသက် ၂၀-ပြည့်ဖြိုးကြွယ်သည်။အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

www.dhammaransi.com



တေ၊ သင်-ပဥ္စင်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်,သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ပြည့်စုံပါ၏လော။ ဧဝံ၊ ဤသို့လည်း။ ပုစ္ဆိတဗ္ဗော၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တွံ၊ သင်သည်။ ကိံနာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်ပါသနည်း။ ဧဝံ၊ ဤသို့လည်း။ ပုစ္ဆိတဗ္ဗော၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

တေ၊ သင်-ပဥ္စင်းလောင်း၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည်ရှိပါသနည်း။ ဧဝံ၊ ဤသို့လည်း။ ပုစ္ဆိ-တဗ္ဗော၊ မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

အနုသာသန ကိစ္စဆိုသည်ကား- သံဃာ့ဘောင်သို့ တဘန်သွင်း၍ သံဃာ့အလယ်သို့ရောက်သောကာလ ပုစ္ဆကသမ္မုတိရသော မထေရ်ရဟန်းတော်တို့က မေးမြန်းစစ်ဆေးလတ္တံ့သော အကြောင်းအရာစုကို ပဥ္စင်းလောင်း သိနှင့်ရန် သင်ကြားခြင်းကိစ္စသာတည်း၊ မေးခန်း,ဖြေခန်းမဟုတ်ပေသေး။

မေးခန်း,ဖြေခန်းမှာ သံဃာ့အလယ်၌သာ ပြုထိုက်သည်၊အပ၌မပြုထိုက်၊"အဟံနာဂံအနုသာသေယျံ" ဟုအနုသာသနသမ္မုတိကို ခံယူ၍ သွားလေသော ထိုမထေရ်ရဟန်းတော်တို့သည်လည်း သင်ကြားဆုံးမခြင်းအနုသာသနအမှုကိုသာပြုထိုက်ပေကုန်သည်၊မေးမြန်းစစ်ဆေးခြင်း ပုစ္ဆနအမှုကို မပြုထိုက်ပေကုန်၊ ထိုပုစ္ဆနအမှုကိုကား-"အဟံနာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ" ဟု ပုစ္ဆနသမ္မုတိကို ခံယူပြီးမှ သမ္မုတိရသော ရဟန်းတို့သည်သာလျှင် ပြုထိုက်ကုန်သည်၊ ပုစ္ဆနသမ္မုတိမရသော ရဟန်းတို့ မပြုထိုက်ကုန်၊ ဤအကြောင်းကိုကား-"သံဃမဇ္ဈေ ပုစ္ဆန္တေ"ဟူသောစကားကိုင်၎င်း၊ "ဧဝံ တံ ပုစ္ဆိဿန္တိ"ဟူ၍ အနာဂတ်ဝိဘတ်နှင့် လာသည်ကိုင်၎င်း ထောက်၍ သိသာထင်ရှားလှပါ၏။

ယို့ကြောင့် ထိုအပသို့လိုက်သွားသော ရဟန်းတို့သည် မေးမြန်းခြင်း အမှုနှင့် အလျှင်းပင်မဆိုင်လေရကား-

[အာဗာဓာ၊ တို့သည်။ သန္တိ၊ ရှိကုန်သလော။ ကုဋ္ဌံ၊ သည်။အတ္ထိ၊ ရှိသလော။ ဂဏ္ဍော၊ သည်။ အတ္ထိ၊ ရှိသလော။လ။တေ၊ သင်-ပဥ္စင်း

www.dhammaransi.com



လောင်း၏။ ဥပဇ္ဈာယော၊ သည်။ ကောနာမော၊ အဘယ်အမည်ရှိ သနည်း။]

ဟု မေးမြန်းသော အနေနှင့်ပေးကြ ဆိုကြသော အနက်သည် လည်း မသင့်လွန်း၊ "ဝံပုစ္ဆိဿန္တိ"ကိုအသီးအသီးသော စကားဝါကျ တို့၌ ဖြစ်စေ, အဆုံးစွန်၌ဖြစ်စေ ယှဉ်၍ပေးမှသာ သင့်မြတ်သည်။

"သန္တိ တေ ဧဝရူပါ အာဗာဓာ"ဟူသောပုဒ်၌ဧဝရူပါအာဗာဓာ ၏သရုပ်ကို ကုဋ္ဌံ,ဂဏ္ဍော စသည်ဖြင့် ထုတ်ပြကာမျှသာ ဖြစ်ပေသော ကြောင့်။ ကုဋ္ဌံ,ကိုမေးခွန်းတခု၊ဂဏ္ဍော,ကိုမေးခွန်းတခု၊ ကိလာသော, သောသော, အပမာရောတို့ကိုလည်း မေးခွန်းတခု၊ တခုစီ ပြုခြင်းသည် လည်း မသင့်လွန်း၊၎င်းတို့ကို"ဧဝရူပါအာဗာဓာ"နှင့်ပေါင်း၍ မေးခွန်း တခုသာဖြစ်သင့်ပေသည်။

"ဧဝံ တံ ပုစ္ဆိဿန္တိ"၌ ဧဝံ-၏အရဖြစ်သော ပုစ္ဆနာကာရသရုပ်ကို "သန္တိ တေ ဧဝရူပါ အာဗာဓာ။ကုဋ္ဌံ။လ။ကောနာမော တေ ဥပဇ္ဈာ ယော-ဟု ထုတ်ပြခြင်းမျှသာ ဖြစ်ပေရကား-ဤစကားတို့၏ အတွင်း၌ ရှိ နေသော"နတ္ထိဘန္တေ"၅-ပုဒ်"အာမဘန္တေ"၈-ပုဒ်"အဟံဘန္တေနာ ဂေါနာမ"ပုဒ်၊"ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ"ပုဒ်၊ဤအဖြေပုဒ်များသည် အရာမဟုတ်သည် စင်စစ်ပေတည်း။

ထို့ကြောင့် ပဉ္စင်းလောင်းနေရာအပ၌ နာဂေါ ဟူသော အမည်၊ တိဿောဟူသောအမည်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့ချွဲချွဲထွင်ထွင်တန်းဆာဆင်၍ လူရှင်အများ ကြားစေသမှုပြုလုပ်ကြသောအမှုသည် အရာမဟုတ်ရာ၌ ပြုလုပ်ခြင်းသက်သက်သာ ဖြစ်သတည်း၊ လုပ်လိုလျှင် သံဃာ့အလယ် သို့ရောက်၍ ပုစ္ဆနသမ္မုတိကို ရပြီးမှ လုပ်သင့်သည်။

[ပညာရှိတို့သတိမူရန်။]

ဤသင်ကြားဆုံးမခြင်း ပုစ္ဆကိစ္စကို ပြုရသည်မှာ အချို့သော ရဟန်း လောင်းတို့သည် သံဃာ့အပြင်၌အလျင်မနှုးနှပ်နှင့်မူ၍သံဃာ့အလယ်၌ မေးမြန်းစစ်ဆေးလေရာမဖြေဝံ့ကြရှိသည်နှင့် သံဃာ့အလယ်၌ရဲရဲဖြေဆို လျှောက်ထားဝံ့စေခြင်းငှါနှုးနှပ် နှင့်ရသောကိစ္စပေတည်း။ ။အပ၌ သင်ကြားဆုံးမခြင်း ဟူသောဆဋ္ဌမပုစ္ဆကိစ္စပြီး၏။

www.dhammaransi.com



**သတ္တမပုဗ္ဗကိစ္စ**။ ။ယခုအခါ ဆုံးမသင်ကြား၍ နှုးနပ်လိမ်မာပြီးသော ရဟန်းလောင်းကို သံဃာ့ဘောင်သို့ တဘန် သွင်းခြင်းဟူသော သတ္တမပုဗ္ဗကိစ္စကိုပြခြင်းငှါ—

“သုဏာတု မေ ။လ။ အာဂစ္ဆေယျ” ဟူသော ဥတ်နှင့် တကွ “အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော”ဟူသော ဝိဓိကိုဟောတော်မူသည်။

ဤပုဗ္ဗကိစ္စကို ပြုရသည်မှာရှေးအခါသံဃာ့ဘောင်သို့ အနုသာသက ရဟန်းနှင့်တကွ ရဟန်းလောင်းလိုက်လာသည်နှင့် မလိုက်လာစေဘဲ သံဃာကိုဥတ်ဖြင့် သိစေပြီးမှ ခေါ်ခြင်းငှါပြုရသည်။

ထို့ကြောင့် “န ဘိက္ခဝေ ဧကတော အာဂန္တဗ္ဗံ၊အနုသာသကေန ပဌမတရံ အာဂန္တွာသံဃော ဉာပေတဗ္ဗော”ဟူ၍ဟောတော်မူသည်။ ။ သွင်းခြင်းဟူသောသတ္တမပုဗ္ဗကိစ္စပြီး၏။

**အဋ္ဌမပုဗ္ဗကိစ္စ**။ ။ယခုအခါသံဃာ့အလယ်သို့ရောက်၍ရဟန်းအဖြစ်ကို သံဃာအားတောင်းပန်ခြင်းဟူသော အဋ္ဌမပုဗ္ဗကိစ္စကို ပြခြင်းငှါ- “သံဃံ ဘန္တေ ။လ။ အနုကမ္ပံ ဥပါဒါယ” ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

**အနက်ကား**။ ။(က) ဘန္တေ။ အရှင်ဘုရားတို့။ အဟံ၊အကျွန်ုပ်သည်။ သံဃံ၊သံဃာတော်ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည် ။မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊သနားစောင့်ရှောက်ခြီးမြှောက်ကယ်ခြင်းကို။ဥပါဒါယ၊အစွဲပြု၍။ဥလ္လုမ္ပတု၊သီလသိက္ခာ၊ သေးငယ်စွာသော သမဏေအဖြစ်မှ(၂၂၇)နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သိက္ခာကြီးမြတ်စွာသော သာသနာထမ်း ရဟန်းတော်အဖြစ်သို့ ထုတ်ဆယ် ကယ်တင်တော်မူပါလော့။

www.dhammaransi.com



(ခ) ဘန္တေ၊ အရှင်ဘုရားတို့။ ဒုတိယမ္ပိ၊ ၂-ကြိမ်မြောက်လည်း။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပ-သမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊ အကျွန်ုပ်ကို။အနုကမ္ပံ။ သနားစောင့်ရှောက် ချီးမြှောက်ကယ်မခြင်းကို။ ဥပါဒါယ၊ အစွဲပြု၍။ ဥလ္လုမ္ပတု၊ ကိလေသာဟု၊ တဏှာမြေးရစ်၊ မြူအညစ်မှ၊ အသစ်စစ်၊ ပုလဲအသွင်၊ ဖြူစင်သန့်ရှင်းသောကုသိုလ်အဘို့သို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

(ဂ) ဘန္တေ၊ အရှင်ဘုရားတို့။ တတိယမ္ပိ၊ ၃-ကြိမ်မြောက်လည်း။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊အကျွန်ုပ်ကို။ အနုကမ္ပံ၊ သနားစောင့်ရှောက်ချီးမြှောက်ကယ်မခြင်းကို။ ဥပါဒါယ၊ အစွဲပြု၍။ ဥလ္လုမ္ပတု၊ သံသရာ-သမုဒ်၊ ဝဋ်လုပ်မှ၊ ဝိမုတ္တိခေါ်၊ သောင်ကျွန်းဘော်သို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

ဤတောင်းပန်ခြင်းဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ တောင်းပန်၍ ဖြစ်စေရသော အမှုမည်သည် အလေးအမြတ်ပြုသည်၊ ချီးမြှင့်ပေသော သံဃာတော်တို့၏ ကျေးဇူးကိုမြင်သည်၊ ဆိုလွယ်ဆုံးမလွယ်သည်၊ ထို့ကြောင့်ပြုရသည်။ ။တောင်းပန်ခြင်းဟူသော အဋ္ဌမပုဗ္ဗကိစ္စပြီး၏။

**နဝမပုဗ္ဗကိစ္စ။** ။ယခုအခါ အန္တရာယိကဓမ္မကို မေးမြန်းစစ်ဆေးရန်သမုတ်ခြင်း ဟူသောနဝမပုဗ္ဗကိစ္စကိုပြုခြင်းငှါ-''သုဏာတု မေ။လ။ ပုစ္ဆေယျံ''ဟူသော ဥတ္တိကံကို ဟောတော်မူသည်။

ဤသမုတ်ခြင်းဟူသော ပုဗ္ဗကိစ္စကိုပြုရသည်မှာ အမှတ်မရှိသော ပုဂ္ဂိုလ်တို့သည် ရဟန်းလောင်းတို့အား အန္တရာယိကဓမ္မကို မေးမြန်းခွင့်မရစေခြင်းငှါ ပြုရသည်၊ ထို့ကြောင့် ဤပုစ္ဆကသမ္မုတိကို ခံယူ

www.dhammaransi.com



ရသောပုဂ္ဂိုလ်သည် သာလျှင် မေးမြန်းထိုက်ပေသည်။ ။မေးမြန်းရန် သမုတ်ခြင်းဟူသော နဝမပုဗ္ဗကိစ္စပြီး၏။

**ဒသမပုဗ္ဗကိစ္စ။** ။ယခုအခါ မေးမြန်းစစ်ဆေးခြင်းဟူသော ဒသမ ပုဗ္ဗကိစ္စကို ပြခြင်းငှါ- ''သုဏာသိနာဂ'' အစရှိသော အစီအရင်ကို ဟောတော်မူသည်။

**အနက်ကား။** ။နာဂ၊ အာဂုံနကရောတိ အစရှိသော၊ ဗျုပ္ပတ္တိ- ဝေါဟာ၊ အလွန်သာ၍၊ မင်္ဂလာပညတ်၊ ဘွဲ့မည်တပ်သည်၊ သူမြတ်ပြီ လှ၊ မောင်နာဂ။ မေ-မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာသိ၊ စေ့စေ့နာ ပါလေ့။အယံ၊ ဤအခါသည်ကား။ တေ၊ အမောင်ပဉ္စင်းလောင်း၏။ သစ္စကာလော၊ မသွေမလှန်၊ အမှန်ကိုသာ၊ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်။ ဘူတကာလော၊ မပိုမယုတ်၊ အဟုတ်ကိုသာ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်။

ယံ၊ အကြင်ကုဋ္ဌ,ဂဏ္ဍစသောအန္တရာယိကဓမ္မတို့၏ ရှိ,မရှိဟူသော သဘောသည်။ဇာတံ၊သင့်ဝယ်ဖြစ်၏။တံ၊ထိုကုဋ္ဌ,ဂဏ္ဍစသော အန္တရာ- ယိက ဓမ္မတို့၏ ရှိ,မရှိဟူသော သဘောကို။ပုစ္ဆာမိ၊မေးမြန်းပါ၏။

သန္တံ၊ ထင်ရှားရှိပါမူကား-အတ္ထီတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ အမောင် လျှောက်ထားရချိမ့်မည်။ အသန္တံ၊ ထင်ရှားမရှိပါမူကား။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ အမောင်လျှောက်ထားရချိမ့်မည်။

**မေး။** ။တေ၊အမောင်ပဉ္စင်းလောင်းအား။ ဧဝရူပါ၊ဤသို့သဘော ရှိကုန်သော။အာဗာဓာ၊ အနာကြီး ၅-မျိုးတို့သည်။သန္တိ၊ ရှိပါကုန်သလော။ ကုဋ္ဌံ၊ အင်္ဂါကိုယ်လက်၊ အကုန်ပျက် သော သမင်လျက် နူနာချိုးသည်။ အတ္ထိ၊ရှိပါသလော။

**ဖြေ။** ။ဘန္တေ၊ အရှင်ဘုရား။နတ္ထိ၊မရှိပါ။

**မေး။** ။ဂဏ္ဍော၊ နှစ်ရှည်ကြာ၍၊ ဆေးမတွေ့ဘဲ၊ ယနေ့ထက်တိုင်၊ ပြည်အိုင်သွေးဖွက်၊ မစဲထွက်သော အိုင်းပျက်အနာမျိုး သည်။ အတ္ထိ၊ရှိပါသလော။

**ဖြေ။** ။ဘန္တေ၊အရှင်ဘုရား။ နတ္ထိ၊မရှိပါ။

www.dhammaransi.com



မေး။ ။ကိလာသော၊ နွားပြောက် နွားကျား၊ အလားတူလျက်၊ အရေပျက်၍၊ အကွက်အကွင်း၊ ထင်တုံလျှင်းသော၊ ပွေး, ညှင်း, တင်းတိတ်နာမျိုးသည်။ အတ္ထိ၊ရှိပါသလော။

ဖြေ။ ။ဘန္တေ၊အရှင်ဘုရား။နတ္ထိ၊မရှိပါ။

မေး။ ။သောသော၊တဖြေးတဖြေး၊အသွေးအသား၊ ကုန်ခန်းခြား၍၊ ခေါင်းပါးဆုတ်ယုတ်၊ ခယရုဂ်ချောင်းဆိုး၊ ပန်းနာမျိုးသည်။ အတ္ထိ၊ရှိပါသလော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ နတ္ထိ၊ မရှိပါ။

မေး။ ။အပမာရော၊ဝက်ရူး,ကြက်ရူး,သည်းခြေရူးနှင့်၊မေ့မူးချွတ်ယွင်း၊ သတိကင်းသော အနာမျိုးသည်။ အတ္ထိ၊ ရှိပါသလော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ နတ္ထိ၊ မရှိပါ။

"သန္တိတေ ဧဝရူပါ အာဗာဓာ"အစရှိသည်ဖြင့်အနာမျိုး ၅-ပါး ထင်ရှားရှိသည်,မရှိသည်ကို ငါတို့ ၂-ပါးက မေးမြန်းသည်ရှိသော် "နတ္ထိဘန္တေ" ဟူ၍ သင်-ပဥ္စင်းလောင်းက လျှောက်ထားပေသော ကြောင့်—

နဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊အာပတ္တိ ဒုက္ကဋဿ။

ဟူသောမဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊ အနာမျိုး ၅-ပါး ထင်ရှားရှိနေသော ပဥ္စင်းလောင်းကို ရဟန်းခံ၍ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ,ဂိုဏ်းသံဃာတို့အားစွန်းငြိရာသောဒုက္ကဋ် အပြစ်မှ စင်စစ်လွတ်ကြောင်း သူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဥ္စင်းလောင်းသည်။မနုဿော၊ ဗြဟ္မာ,သိကြား၊ နဂါး,ဂဠုန်၊ ကုမ္ဘဏ်မဖြစ်၊ လူစင်စစ်သည်။ အသိ၊မှန်ပါ၏လော။

ဖြေ။ ။ဘန္တေ၊အရှင်ဘုရား။အာမ၊လူသားစင်စစ်မှန်ပါ၏။

"မနုဿောသိ"ဟူသောပါဌ်ဖြင့် လူသားစင်စစ်၊ ဖြစ်သည်ကေန် မှန်ပါ၏လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမဘန္တေ"ဟု သင်ပဥ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

www.dhammaransi.com



> တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေ-
> တဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊တိရစ္ဆာန် အပါ အဝင်ဖြစ်သော ဖြူမှာ, နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်,ယက္ခ, ဂန္ဓဗ္ဗနတ်စသည်တို့ကို ပဋ္ဌင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ,ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင် စစ်လွတ်ကြောင်း လူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

**မေး။** ။တို့၊ သင်-ပဋ္ဌင်းလောင်းသည်။ ပုရိသော၊ ယောကျ်ား စင်စစ်သည်။ အသိ၊မှန်ပါ၏လော။

**ဖြေ။** ။ဘန္တေ၊ အရှင်ဘုရား။အာမ၊ ယောကျ်ားစင်စစ်မှန်ပါ၏။

''ပုရိသောသိ''ဟူသောပါဌ်ဖြင့် ဥဘတော ဗျည်း ၂-ပါး၊ ပဏ္ဍုက် ၆-ပါး၊ မဟုတ်ခြားဘဲ၊ ယောကျ်ားစင်စစ်၊ ဖြစ်သည်ကေန်၊ မှန်ပါ၏ လောဟု ငါတို့က မေးမြန်းသည်ရှိသော်''အာမဘန္တေ''ဟု သင်-ပဋ္ဌင်း လောင်းက လျှောက်ထားပေသောကြောင့်—

> ပဏ္ဍကော ဘိက္ခဝေ။လ။ဥဘတော ဗျဉ္ဇနကော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေ-
> တဗ္ဗော။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊ပဏ္ဍုက်,ဥဘတော ဗျည်းတို့ကို ပဋ္ဌင်းခံ၍ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ် ကြောင်း ယောကျ်ားကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

**မေး။** ။တို့၊ သင်-ပဋ္ဌင်းလောင်းသည်။ ဘုဇိဿော၊သူ့ကျွန်မဖြစ်၊ မင်းစစ်တော်လှန်၊ သူကောင်းမှန်သည်။ အသိ၊ဖြစ်ပါ၏-
လော။

**ဖြေ။** ။ဘန္တေ၊ အရှင်ဘုရား။ အာပ၊သူကောင်းမှန်ပါ၏။

''ဘုဇိဿောသိ''ဟူသောပါဌ်ဖြင့် သူ့ကျွန်မဖြစ်၊မင်းစစ်တော်လှန်၊ သူကောင်းမှန်ပါ၏လောဟု ငါတို့က မေးမြန်းသည်ရှိသော် ''အာမ-ဘန္တေ''ဟု သင်-ပဋ္ဌင်းလောင်းကလျှောက်ထားပေသောကြောင့်—

www.dhammaransi.com



နဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊ အန္တေဝါသိကဇာတကျွန်, ဓနက္ကီတကျွန်, ကရမရာနီတကျွန်, ဥပဂတကျွန် ဤသုံးကျွန်လေးယောက်တို့ကို ရဟန်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်းသူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဉ္စင်းလောင်းသည်။အဏဏောာ၊သူ့မြီ သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်သည်။ အသိ၊ ဖြစ်ပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သူ့မြီ သူ့ကြွေး၊ ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်သည်မှန်ပါ၏။

"အဏဏောသိ"ဟူသောပါဌ်ဖြင့် သူ့မြီ သူ့ကြွေး၊ချေးငှါးမတင်၊ သန့်ရှင်းစင်ကြယ်ပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော်"အာမဘန္တေ"ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထား ပေသောကြောင့်—

နဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော။ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသောမဟာဝါခန္ဓက ပါဠိတော်မြတ်နှင့်အညီ၊ သူ့မြီ သူ့ကြွေး၊ ချေးငှါးရှိတင်၊ မသန့်စင်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ရှင်း ကြွေးမြီကင်းသော သူအမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဉ္စင်းလောင်းသည်။ရာဇဘဋောာ၊မင်းခယောက်ျား၊ လစာစားသည်။ နအသိ၊ မဟုတ်ဘဲရှိပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မင်းခယောက်ျား၊ လစာစား မဟုတ်သည်မှန်ပါ၏။

www.dhammaransi.com



"နသိရာဇဘဋော"ဟူသောပါဌ်ဖြင့်၊ မင်းစိုးရာဇာတို့၏ လခရိက္ခာစားသော သူမဟုတ်ဘဲ ရှိပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမဘန္တေ" ဟု သင်-ပဥ္စင်းလောင်းက လျှောက်ထား ပေသောကြောင့်—

နဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့် အညီ၊မင်းစိုးရာဇာတို့၏ လခရိက္ခာနှင့် မကင်းသောသူကို ပဥ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ,ဂိုဏ်းသံဃာတို့အား စွန်းငြိရာသောဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်မှု သူ့ရိက္ခာစားမဟုတ်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဥ္စင်းလောင်းသည်။ မာတာပိတူဟိ၊ အမိအဘတို့သည်။ အနုညာတော၊အနုးအညွတ် အခွင့်လွှတ်အပ်သောသူသည်။အသိ၊ ဖြစ်ပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အမိအဘ၊ အခွင့်ရသောသူမှန်ပါ၏။

"အနုညာတောသိ မာတာပိတူဟိ"ဟူသောပါဌ်ဖြင့် အမိအဘတို့သည် အခွင့်ပြုပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော်"အာမ-ဘန္တေ"ဟု သင်-ပဥ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

နဘိက္ခဝေ အနနုညာတော မာတာပိတူဟိပုတ္တော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါခန္ဓကပါဠိတော်မြတ်နှင့်အညီ၊အမိအဘတို့ခွင့်မပြုသောသူကို ပဥ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသောဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း ကောင်းစွာ ခွင့်လွှတ်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊ သင်-ပဥ္စင်းလောင်းသည်။ ပရိပုဏ္ဏဝီသတိဝဿောသိ၊ပင်္ဂိုသန္တေ၊ တည်နေသည်မှ၊ စ၍ရေတွက်၊ နှစ်လရက်ဖြင့်၊ အသက်နှစ်ဆယ်၊ပြည့်ဖြိုးကြွယ်သည်။အသိ၊ဖြစ်ပါ၏-လော။

www.dhammaransi.com



ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။အာမ၊ အသက် နှစ်ဆယ်၊ ပြည့်ဖြိုး ကြွယ်သည်မှန်ပါ၏။

''ပရိပုဏ္ဏဝီသတိ ဝဿောသိ''ဟူသော ပါဠိဖြင့် အသက်၂၀- ပြည့်ပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော်''အာမဘန္တေ'' ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

နဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿောပုဂ္ဂလော ဥပသမ္ပာဒေ- တဗ္ဗော။ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော။

ဟူသောမဟာဝါဒန္တက ပါဠိတော်မြတ်နှင့်အညီ၊ အသက် ၂၀- မပြည့်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မ- ဝါဆရာ,ဂိုဏ်းသံဃာတို့အား ရွှန်းငြိရာသော ပါစိတ်အပြစ်, ဒုက္ကဋ် အပြစ်တို့မှ စင်စစ်လွတ်ချက် အသက် နှစ်ဆယ်ပြည့်သူ အမှန်ဖြစ်ပေ သည်ဟုမှတ်။

မေး။ ။တေ၊သင်-ပဉ္စင်းလောင်းအား။ ပတ္တစီဝရံ၊သပိတ်,သင်္ကန်း သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါ၏-လော။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား၊ အာမ၊ဪ-ပြည့်စုံပါ၏။

''ပရိပုဏ္ဏံ တေ ပတ္တစီဝရံ''ဟူသောပါဠိဖြင့် သင်ပဉ္စင်းလောင်းအား သပိတ်, သင်္ကန်းပြည့်စုံပါ၏-လောဟု ငါတို့က မေးမြန်းသည်ရှိသော် ''အာမဘန္တေ''ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသော ကြောင့်—

နဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသောမဟာဝါဒန္တက ပါဠိတော်မြတ်နှင့်အညီ၊ သပိတ်,သင်္ကန်းမရှိ သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါ- ဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ် လွတ်ကြောင်းကောင်းစွာပြည့်စုံသော သပိတ်,သင်္ကန်းရှိသောသူအမှန် ဖြစ်ပေသည်ဟုမှတ်။

မေး။ ။တွံ၊သင်-ပဉ္စင်းလောင်းသည်။ကိန္နာမောသိ၊ အဘယ်အမည် ရှိသည်။အသိ၊ဖြစ်ပါသနည်း။

www.dhammaransi.com



ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊တပည့်တော်သည်။ နာဂေါ-
နာမ၊နာဂ-ဟူသောအမည်ရှိပါ၏။

"ကိန္နာမောသိ"ဟူသောပါဠိဖြင့် သင်-ပဉ္စင်းလောင်းသည် အဘယ်အမည်ရှိပါသနည်းဟု ငါတို့က မေးမြန်းသည်ရှိသော်"အဟံဘန္တေနာဂေါနာမ"ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—
"အာဂုံ နကရောတီတိနာဂေါ"ဟူသော မဟာဝါနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ၊ သာသနာထမ်းရဟန်းတော်ဖြစ်သည်မှစ၍ အဝါ ဖဝ-ပြည့်ကြွယ်စွန်းမြောက် အရွယ်ရောက်သည်တိုင်အောင် သဗ္ဗညုမြတ်စွာဘုရားမြစ်တားကဲ့ရဲ့တော်မူအပ်သော ဒုက္ကဋ်,ဒုဗ္ဘာသိစသော အပြစ်ငယ်တို့ကိုပင် မြင်းမိုရ်မေရု၊နှိုင်းစံတု၍၊ မပြုမကျင့်၊ အသင့်ရှောင်ကြဉ်၊ ကင်းလွတ်စင်လျက်၊ လေးအင်သီလ၊ မြတ်ဓမ္မဖြင့်၊ နေလတဆူ၊ ဖြစ်ဘို့ဟူသော၊ ဗျုပ္ပတ္တိဝေါဟာ၊ မင်္ဂလာအတိတ်၊ နိမိတ်ကောင်းတခုဖြစ်စေခြင်းငှါ-နာဂဟူသောအမည်သည် သင်ပဉ္စင်းလောင်း၏ အမည်ဟူ၍မှတ်။

တနည်းကား။ "နာဂစ္ဆတီတိ နာဂေါ"ဟူသော မဟာဝါနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ၊ အနာဂါမိယ ပဋ္ဌာအမှ ရဟန်းပြုသော နေကျွမ္မတရားဖြင့် ပယ်ရှားပစ်စွန့်အပ်ပြီးသော ယရာဝါသ သမ္ဗာဓ အစု မကောင်းမှုတို့ကို အသစ်တဖန်ပြန်၍မကပ် ရှင်းရှင်းပြတ်ပေသောအနက်ကြောင့်ရင်း၊ အမြဲမပြတ် စောင့်ထိန်းအပ်သော ပါတိမောက္ခသံဝရ၊ ဣန္ဒြိယသံဝရ၊ ပစ္စယသန္နိဿိတ၊ အာဇီဝပါရိသုဒ္ဓိသီလတရားတို့ဖြင့် ပယ်ရှားပစ်ခွါအပ်ပြီးသော အာပတ်၇ -ပုံဟုဆိုအပ်သောအပြစ်၊ အက္ခန္တိ- သည်းမခံခြင်း၊ အညာဏ- မသိခြင်း၊ ကောသဇ္ဇ- ပျင်းရိခြင်း၊ မုဋ္ဌဿတိ- သတိလွတ်ကင်းခြင်း ဟူသော အပြစ်၊ ပစ္စည်း ၄- ပါးတို့၌ မက်မောတွေဝေခြင်းဟူသော အပြစ်၊ ပစ္စည်း ၄-ပါးတို့ကို ရှာမှီးခြင်း၌ မစင်ကြယ်ခြင်းဟူသော အပြစ်၊ ဤသို့သော အပြစ်အစု မကောင်းမှုတို့သို့ အသစ်တဖန်ပြန်၍ မကပ် ရှင်းရှင်းပြတ်ပေသောအနက်ကြောင့်ရင်း၊သင်-ပဉ္စင်းလောင်းကို နာဂဟူ၍မှတ်။

www.dhammaransi.com



တနည်းကား။ ။''နဂစ္ဆတီတိနာဂေါ''ဟူသော မဟာဝါ နိဒ္ဒေသ ပါဠိ၌တော်မြတ်နှင့်အညီ၊ ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိဟူသော အဂတိ၄-ပါးသို့ လိုက်စား စောင်းငဲ့ခြင်းမရှိဘဲ ပကတိနှလုံးသွင်း ဖြောင့်စင်းတည့်မတ်ပေသော အနက်ကြောင့် သင်-ပဉ္စင်းလောင်း၏အမည်ကို နာဂ-ဟူ၍မှတ်။

မေး။ ။တော၊ သင်-ပဉ္စင်းလောင်း၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာသည်။ကောနာမော၊အဘယ်အမည်ရှိပါသနည်း။

ဖြေ။ ။ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ တိဿတ္ထေရော နာမ၊ အရှင်တိဿမထေရ်အမည်ရှိပါ၏။

''ကောနာမော တေ ဥပဇ္ဈာယော'' ဟူသော ပါဌ်ဖြင့် သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်းဟု ငါတို့က မေးမြန်း သည်ရှိသော် ''ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ''ဟု သင်-ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်—

ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဥပဇ္ဈာယော။

ဟူသော ဝစနတ္ထနှင့်အညီ တပည့်သားတို့ သန္တာန်ဝယ် ငြိတွယ် ရောက်တတ် ကဲ့ရဲ့အပ်သော ဒုက္ကဋ်,ဒုဗ္ဘာသီစသော အပြစ်ကြီးငယ် တို့ကို ပညာစက္ခုဖြင့် ကြည့်ရှုကြပ်မတ်၊ ဆုံးမတတ်ပေသောကြောင့် ၎င်း၊

ဒ္ဒိဟိ အနုဂ္ဂဟေဟိ အနုဂ္ဂဟေတွာ အတ္တနော နိဿိတကေ တောသေတီတိ တိဿော။

ဟူသော ဝစနတ္ထနှင့်အညီ ပစ္စယဓမ္မာ နှစ်ဖြာသော ချီးမြှောက် ခြင်းတို့ဖြင့် ထောက်ပင့်ချီးမြှင့်လျက် မိမိကိုမှီကုန်သော တပည့်သား အပေါင်းတို့ကို ကောင်းစွာ နှစ်သက်ရွှင်လန်းစေတတ်သော သတ္တိ ကြောင့်၎င်း၊ သင်-ပဉ္စင်းလောင်း၏ ဥပဇ္ဈာယ်ဆရာကို တိဿ-အမည်ရှိ သော မည်သည့်ဆရာတော်ဟူ၍မှတ်။

www.dhammaransi.com



ဤမေးမြန်းခြင်းဟူသော ပုစ္ဆာကိစ္စကို ပြုရသည်မှာ အန္တရာယိကဓမ္မတို့မှ မစင်ကြယ်သော ပဉ္စင်းလောင်းကို ရဟန်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့၌ စွန်းငြိရာသော အပြစ်တို့သည် ထင်ရှားရှိကုန်သည်ဖြစ်၍ ထိုအပြစ်တို့မှ ကင်းလွတ်စင်ကြယ်စေခြင်းငှါ ပြုရသော ပုစ္ဆာကိစ္စပေတည်း၊ အန္တရာယိကဓမ္မကို မေးမြန်းသော စကားအစဉ်၌ "နတ္ထိ ဘန္တေ၊ အာမ ဘန္တေ" အစရှိသောအဖြေစကားစုသည် ပါဠိတော်ရင်း၌မရှိ၊ နောက်စကားပင်ဖြစ်သော်လည်း သင့်မြတ်ပေ၏။ ။အန္တရာယိကဓမ္မတို့ကို မေးမြန်းစစ်ဆေးခြင်းဟူသော ဒသမပုစ္ဆာကိစ္စပြီး၏။

ပုစ္ဆာကိစ္စစီရင်ခဏ်းပြီး၏။

---

## ပဓာနကိစ္စစီရင်ခဏ်း

ဤသို့လျှင် ပုဗ္ဗကရဏ ၄-ပါး၊ ပုဗ္ဗကိစ္စ ၁၁-ပါးတို့ကို အစဉ်အတိုင်း ပြည့်စုံစေပြီး၍ ယခုအခါပဉ္စင်းအဖြစ်ကို ပြုခြင်းဟူသော ပဓာနကိစ္စကိုပြီးစေခြင်းငှါ -

၁။ သုဏာတု မေ။ လ။ သော ဥ ဉတ္တိ။ ။ဟူသောဉတ်အစီအရင်။

၂။ သုဏာတု မေ။ လ။ သော ဘာ သေယျ။ ။ဟူသောဒုတိယကမ္မဝါစာအစီအရင်။

၃။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ။ လ။ သော ဘာသေယျ။ ။ဟူသောတတိယကမ္မဝါစာအစီအရင်။

၄။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ။ လ။ သော ဘာသေယျ။ ။ဟူသော စတုတ္ထကမ္မဝါစာအစီအရင်။

၅။ ဥပသမ္ပန္နော သံဃေန။ လ။ ဧဝမေတံ ဓာရယာမိ။ ။ဟူသော ကမ္မနိဋ္ဌာနအချုပ်စကား။

ဤသို့လျှင် ၅-ရပ်၊၅-ချက်သော အစီအရင်တို့ကို ဆောင်တော်မူသည်။

www.dhammaransi.com



ဤ ၅-ရပ် ၅-ချက်သော အစီအရင်တို့ကို ဘတ်ရွတ်မည်ပြုသော အခါ သိမ်အပြင်၌ရှိသမျှသော သံဃာတို့ကို တပါးနှင့်တပါး နီးသည် ထက် နီးအောင် ချဉ်းကပ်စေရာ၏၊ အဘယ့်ကြောင့်နည်းဟူမူ၊ ထိုသံ-ဃာတို့၏ အတွင်း၌ ရဟန်းမဖြစ်ခဲ့သောသူ၊ ရဟန်းအဖြစ်မှ လျောကျသောသူပါခဲ့သော် ထိုသူအတွက်နှင့် ဟတ္ထပါသ်ကွာခြင်း ဖြစ်ရာသော ကြောင့်တည်း။

ဘတ်ရွတ်ရာ၌လည်း ပုဂ္ဂိုလ်သာမန်ကို ဘတ်ရွတ်စေခြင်းငှါ မအပ်၊ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူ၍ဟော တော်မူသောကြောင့် မာဂဓဘာသာအက္ခရပဒကို တစ်ဘစ် ခွဲခွ ပြီသ အောင်မြင်အောင် ရွတ်စွမ်း,ဆိုစွမ်းရှိသော ပုဂ္ဂိုလ်ကိုသာ ဘတ်ရွတ် စေရာ၏။

ထိုပုဂ္ဂိုလ်သည်လည်း—
(က) ဌာန်အထူးအပြား,
(ခ) ကရိုဏ်းအထူးအပြား,
(ဂ) ပယတ်အထူးအပြား—
၁။ သိထိလ,
၂။ ဓနိတ,
၃။ ဒီဃ,
၄။ ရဿ,
၅။ ဂရု,
၆။ လဟု,
၇။ နိဂ္ဂဟိတ,
၈။ ဝိမုတ္တ,
၉။ သမ္ဗန္ဓ,
၁၀။ ဝဝတ္ထိတ—

ဟူသောဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးတို့၏ အထူးအပြားတို့ကိုသိ၍ တလုံး တလုံးသော အက္ခရာကို ရွတ်မည်ရှိသောအခါ တခုတခုသောမြင်းမိုရ် တောင်ကို ချီကြွအံ့သောအခါကဲ့သို့ လွန်စွာအားထုတ်၍ ရွတ်ဘတ်ရ မည်။

www.dhammaransi.com



**အားထုတ်ပုံကား။** ။''သုဏာတု''ကို ရွတ်မည်ရှိရာ သု-အက္ခရာ၏ ဌာန်ကိုင်း၊ ကရိုဏ်းကိုင်း၊ ပယတ်ကိုင်း၊ ဗျဥ္ဇနဗုဒ္ဓိအပိုင်းအခြားကိုင်း သိ၍ရွတ်ရမည်။

**အဓိပ္ပါယ်။** ။သု-အက္ခရာ၏ဌာန်ကား- ဒန္တဌာန်တည်း၊ ဒန္တဌာန်ဟူသည်ကား-အထက်သွားအစဉ်၏ အတွင်းအရပ်တည်း၊သု-အက္ခရာ၏ ကရိုဏ်း ဟူသည်ကား-ဇိဝှဂ္ဂကရိုဏ်းဘည်း၊ ဇိဝှဂ္ဂကရိုဏ်းဟူသည်ကား- လျှာဖျားအရပ်တည်း၊ သု-အက္ခရာ၏ ပယတ်ဟူသည်ကား-ဝိဝဋပယတ်တည်း၊ ဝိဝဋပယတ်ဟူသည်ကား- ၎င်းသု-အက္ခရာ၏ဌာန်, ကရိုဏ်းတို့၏ ဘွင့်ခြင်းတည်း၊ သု-အက္ခရာ၏ ဗျဥ္ဇနဗုဒ္ဓိအပိုင်းအခြားဟူသည်ကား-သု-အက္ခရာသည်သိထိလ, ဓနိတ ၂-ပါးတို့တွင်အလျော်အားဖြင့် သိထိလ၌ သွင်းရသည်၊ဂရု,လဟု ၂-ပါးတွင် လဟုပေတည်း၊ နိဂ္ဂဟီတ, ဝိမုတ္တ ၂-ပါးတွင် အလျော်အားဖြင့် ဝိမုတ္တ၌ဝင်သတည်း၊ သမ္ဗန္ဓ,ဝဝတ္ထိတ ၂-ပါးတွင် အလျော်အားဖြင့် ဝဝတ္ထိတ၌ဝင်သတည်း။

ထို့ကြောင့် ထိုသု-အက္ခရာကို သေးသေးသိမ်သိမ်ပိန်ပိန်ညပ်ညပ်မရှိစေမူ၍ စကြာမင်းတို့အသုံးအဆောင်ဖြစ်သော ပြည်တန်ပတ္တမြားတလုံးကဲ့သို့ လုံးဝန်းမဏ္ဍလပြည့်ဝအောင်မြင်သဖြင့် ''ပရိမဏ္ဍလပဒဗျဥ္ဇန'' ဖြစ်စေခြင်းငှါ-ဌာန်ကိုလည်းအတတ်သိ၍ ဌာန်စွန်း,ဌာန်ဖျား၌မဖြစ်စေဘဲ ဌာန်လယ်,ဝမ်းလိုင်၌ဖြစ်အောင် အားထုတ်ရမည်၊ ဌာန်စွန်း,ဌာန်ဖျား၌ဖြစ်ခဲ့သော် တောင်သူလူရိုင်းတို့ရွတ်သောသု-အက္ခရာကဲ့သို့ သေးသေး သိမ်သိမ် ပိန်ပိန် ညပ်ညပ်သာဖြစ်သည်၊ လုံးဝန်းမဏ္ဍလပြည့်ဝအောင်မြင်စွာ မဖြစ်။

ကရိုဏ်းကိုလည်း အတတ်သိ၍၊ ပယတ်ကိုလည်းအတတ်သိ၍၊ဗျဥ္ဇနဗုဒ္ဓိ အပိုင်း အခြား ကိုလည်း အတတ်သိ၍ လုံးဝန်းမဏ္ဍလ ပြည့်ဝ-အောင်မြင်စွာ ရွတ်ရမည်။

ဏာ-အက္ခရာသည် မုဒ္ဓဌာန်၌ဖြစ်၏၊ မုဒ္ဓဌာန်ဟူသည်ကား-အာခေါင်အရပ်ကိုဆိုသတည်း၊ ၎င်းဏာ-အက္ခရာသည် ဇိဝှေါပဂ္ဂကရိုဏ်းဖြင့်ဖြစ်၏၊ ဇိဝှေါပဂ္ဂကရိုဏ်းဟူသည်ကား- လျှာဖျား၏ အနီးအပါးဖြစ်သော လျှာအရပ်ကိုဆိုသတည်း၊ ဏာ-အက္ခရာကိုရွတ်မည်ရှိသော

www.dhammaransi.com



အခါ ဌာန်,ကရိုဏ်းကိုသိ၍ ရွတ်ရမည်၊ဌာန်,ကရိုဏ်းကိုမသိမူ၍ ရွတ်ခဲ့သော် ဒန္တဌာန်,ဇိဝှဂ္ဂကရိုဏ်းများနှင့် ရွတ်မိလျှင် နှ-ငယ်နာ- အက္ခရာသာဖြစ်မည်၊ ဏ-ကြီးဏာ-အက္ခရာမဖြစ်၊ နှ-ငယ်နာ-အက္ခရာနှင့် "သုနာတု"ဟုဖြစ်လျှင် သဘာဝနိရုတ္တိလက္ခဏာပျက်သောကြောင့် ကံပျက်မည်။

တု-အက္ခရာသည်လည်း သု-အက္ခရာနှင့် ဌာန်,ကရိုဏ်း, ဗျဉ္ဇနဗုဒ္ဓိတူ၏၊ ပယတ်သာကွဲ၏၊ တု-အက္ခရာမူကား-ဖုဋ္ဌပယတ်ပေတည်း၊ ထို့ကြောင့် ဇိဝှဂ္ဂကရိုဏ်းကို ဒန္တဌာန်၌ နာနာခိုက်အောင် အားထုတ်၍ ရွတ်၊ ထို့ကြောင့် ထိုတု-အက္ခရာကိုရွတ်မည် ရှိသောအခါ ဌာန်,ကရိုဏ်းကိုသိ၍ရွတ်ရမည်၊ဌာန်,ကရိုဏ်းကိုမသိမူ၍ရွတ်ခဲ့သော် မုဒ္ဓဌာန်, ဇိဝှောပဂ္ဂကရိုဏ်းများနှင့် ရွတ်မိလျှင်ငှသ်လျင်းချိတ်ဋ-အက္ခရာသာဖြစ်မည်၊ တဝမ်းပူ-တ အက္ခရာမဖြစ်၊ ငှသံလျင်းချိတ်ဋ-အက္ခရာနှင့်"သု-ဏာဋု"ဟု ဖြစ်လျှင်လည်း သဘာဝနိရုတ္တိလက္ခဏာပျက်သောကြောင့် ကံပျက်မည်။

ထိုသို့ရွတ်မိလျှင် ကံပျက်ကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌ ဝဂ်တပါး၌ သိထိလကိုရွတ်သင့်လျက် ဝဂ်တပါး၌သိထိလကို ရွတ်ခြင်းသည်လည်း"အညသ္မိံ ဝတ္တဗ္ဗေ အညံ ဝဒတိ"ပင်ဖြစ်သည်ဟုဆိုသည်၊နောက်တပြင်လုံး၌လည်း ဤအတူ အလုံးတိုင်း အလုံးတိုင်း သတိပညာကြီးစေရမည်။

ဗုဒ္ဓုပ္ပါဒသမယမည်သည် ကမ္ဘာအသင်္ချေကြာမှ တခါ တခဏာသာဖြစ်နိုင်သည်၊ ထိုခဏနှင့် ကြုံကြိုက်ကြသူ တသောင်း,တသိန်းတွင် တယောက်တလေမျှသာ ပဗ္ဗဇိတသမယကိုရနိုင်သည်၊ သို့ဖြစ်၍ သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးကောင်းသားတယောက်သည် ရပြီး, ရဆဲ, ရလတ္တံ့သော မနုဿသမ္ပတ္တိတို့ကို အကုန်လုံးစွန့်၍ ပဗ္ဗဇိတဒုလ္လဘကိုရခြင်းငှါ ရဟန်းပြုပါသည်ကို ကမ္မဝါစာဘတ်ရွတ်သောဆရာက အထည်အဝါသာ ကြီး၍ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဗျဉ္ဇနဗုဒ္ဓိအခြင်းအရာများကို မသိလေသောကြောင့်, တဝမ်းပူနှင့် ငှသံလျင်းချိတ်၊ ထဆင်ထူးနှင့် ဌ-ဝမ်းဘဲ၊ ဒထွေးနှင့် ဍသံကောက်၊ ဓအောက်ချိုက်နှင့် ပရေမှုတ်၊ နငယ်နှင့်ဏကြီး၊ ယငယ်နှင့် ရကြီး၊ လငယ်နှင့် ဠကြီးတို့ကို

www.dhammaransi.com



ဌာန်,ကရိုဏ်းကွဲပြား ကြသည့်အတိုင်း အသံကွဲအောင် ဘတ်နည်း, ရွတ်နည်းကို မသိမလိမ်မာသောကြောင့် ရတနာအပြည့် တင်သော သုံးပင်တိုင်သင်္ဘောကြီးကို မှောက်စေဘိသကဲ့သို့“သုဏာတု”တခွန်းနှင့် ပင်“ပဗ္ဗဇိတဒုလ္လဘ”အချက်ကြီးကို ပျက်သီး၍ပစ်တတ်သည်။

[သတိမူပါကုန်။]

ဂ, ဃ,ဉ,ပ,ဏ, ရ,ဠ ဤ ၇-လုံးတို့သည် အာခေါင်အရပ်၌ ဖြစ်ကုန်၏၊ ဇိဝှါပဂ္ဂကရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျား၏ အနီးဖြစ်သောလျှာအရပ်နှင့် စေ့ဆော်၍ လိုင်သံပါအောင် ရွတ်ရမည်၊တ,ထ, ဒ,ဓ,န,လ,သ ဤ၇-လုံးတို့သည် သွားအရပ်၌ ဖြစ်ကုန်၏၊ ဇိဝှဂ္ဂကရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျားအရပ်နှင့် စေ့ဆော်၍သွားသံပါအောင် ရွတ်ရမည်။

သဒ္ဒါကျမ်းဂန်,အဋ္ဌကထာဋီကာကျမ်းဂန်တို့၌လည်းကျွမ်းကျင်ပါမှ ဆရာကောင်း,ဆရာမြတ်တို့၏ နည်းဥပဒေသကိုလည်း လက်ထပ်လက်ငင်းရဘူးပါမှ ကမ္မဝါစာကို ဘတ်ခြင်းငှါထိုက်သည်၊ သို့မဟုတ်မူ၍ သိထိလ၊ ဓနိတ၊ နိဂ္ဂဟီတမျှကို မှတ်ဖီရုံနှင့် ကမ္မဝါဆရာလုပ်ပေလျှင် “သုဏာတု”တခွန်းနှင့်ပင်ဥပသမ္ပဒကံ,ပဗ္ဗဇ္ဇ ကံ,မာနတ်ကံ,အဗ္ဘာန ကံတို့သည် ပျက်စီး၍ ကုန်ရှာတော့မည်။

[သတိမူပါကုန်။]

ဥတ်,ကမ္မဝါစာဘတ်ရွတ်စဉ်အခါ၌လည်း အမှားအတိမ်းမရှိစေမူ၍ ဖြည်းညှင်းသာယာစွာ ဘတ်ရွတ်ရမည်၊ အဆောတလျှင် မဘတ်မရွတ်ရ၊ မိမိဘတ်ရွတ်လိုက်သောအက္ခရာကို အဖြီအသ နည်းအံ့ထင်၍ အားမရရှိလျှင် ထပ်၍ဆိုရမည်၊ သူတပါးကိုအားမလိုက်ရ။

ဘတ်ရွတ်စဉ်အခါ၌လည်း ဘတ်ရွတ်ပြီး ပုဒ်ပါဒ်အက္ခရာနှင့်စပ်လျဉ်း၍ အပျက်တချော်စကားကိုမျှ မပြောမဆိုအပ်၊ ယုတ်စွအဆုံး ဘတ်ရွတ်သောသူ မကြားရာ ပရိသတ်အစွန်အဖျား၌နေသောရဟန်းတို့ ချင်းချင်း နားရင်းအပ်၍ တိုးတိုးစကားကိုမျှမပြောမဆိုအပ်၊ ပြောဆိုမိလျှင် ဘတ်ရွတ်ပြီးသော ကမ္မဝါစာသည် အချည်းနှီးဖြစ်လေတော့သည်၊ အရင်းက ပြန်၍ဘတ်ပြန်ရသည်။

www.dhammaransi.com



ဤကား-ဥတ်၌ရင်း, ကမ္မဝါစာ ၃-ချက်၌ရင်း, ကမ္မနိဋ္ဌာန်နိဂုံး၌ရင်း ဤ ၅-ချက်သော ဌာနသည် လိုရင်းပဓာနဖြစ်၍ သတိထားရန် ဆိုလိုက်သော စကားရပ်ပေတည်း။

အချို့သောဆရာတို့သည်ကား- စတုတ္ထကမ္မဝါစာ၌"သော ဘာသေယျ"တွင်ရွှေ့ရဟန်းဖြစ်ခြင်းကိစ္စပြီးပြီဖြစ်၍"ဥပသမ္ပန္နော သံဃေန။လ။ ဝေမေတံ ဓာရယာမိ"ဟူသော ကမ္မနိဋ္ဌာန်နိဂုံးစကားကို မဘတ်မရွတ်သော်လည်း ကံပျက်ရန် အခွင့်မရှိလေသောကြောင့် ထိုနိဂုံးစကားကို တခေါက်တကြိမ်မျှ ဘတ်လျှင်ပင် ပြီးတော့သည်၊ ၃-ခေါက် ၃-ကြိမ် ဘတ်ဘွယ်ကိစ္စမရှိ၊တခေါက်တကြိမ်ဘတ်ရွတ်သောအခါ၌လည်းသိထိ-လ,ဓနိတစသောအပူကို ဥတ်,ကမ္မဝါစာတို့၌ကဲ့သို့ လွန်စွာအားထုတ်ခွင့်မရှိ၊ ပကတိဘတ်ရိုးဘတ်စဉ် ရွတ်ရိုးရွတ်စဉ်နှင့်ပင် သင့်မြတ်တော့သည်။ ဝုဋ္ဌာနကံ ကမ္မဝါစာတွင်"ဒိန္နော သံဃေန၊ ဒိန္နံ သံဃေန၊ အဗ္ဘိတော သံဃေန"ဟူသော နိဂုံးတို့၌လည်း ထိုအတူပင်တည်းဟု ပြောဆိုလေ့ရှိကြကုန်၏။

ပရိဝါပါဠိတော်၌ အတိတကတ ကမ္မသင်္ဂဟိတ အဖြစ်ဖြင့် ဟောတော်မူသောကြောင့်"သော ဘာသေယျ"တွင်ရွှေ့ ရဟန်းဖြစ်ခြင်းကိစ္စပြီးပေသည် မှန်ငြားသော်လည်း ထိုနိဂုံးကိုလည်း အရိုအသေပြု၍ ဘတ်ခြင်းသည်သာ သင့်မြတ်ပါသတည်း။ ။ဤဥတ်,ကမ္မဝါစာ,နိဂုံးစကားတို့၏ အနက်အဓိပ္ပါယ်ကို မဆိုပြီ။

ရဟန်းအဖြစ်ကို ပြုခြင်းဟူသော<br>ပဓာနကိစ္စစီရင်ခန်းပြီး၏။

---

### အပရကိစ္စစီရင်ခန်း

**ပဌမအပရကိစ္စ။** ။ယခုအခါ ရဟန်းဖြစ်သော သက္ကရာဇ် လ,ရက်, အချိန်ကာလကို ကြားခြင်းဟူသော အပရကိစ္စကိုပြခြင်းငှါ—

တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊<br>ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။ ။<br>ဟူသော စကားကို ဟောတော်မူသည်။

www.dhammaransi.com



**အနက်ကား။** ။တာဝဒေဝ၊ ထိုပဥ္စင်းအဖြစ်သို့ ရောက်ပြီးဟူ၍ဆို ထိုက်သော ဥ တ္တိစတုတ္ထကမ္မဝါစာပြီးဆုံးသော ခဏာ၌သာလျှင်။ ဆာ ယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်တိုင်းတာအပ်၏။ ဥတုပ္ပမာဏံ၊ ဥတုအတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ ဒိဝသဘာဂေါ၊ ပုဗ္ဗဏှ, မဇ္ဈန္ဓစသောနေ့အဘို့ကို။ အာစိက္ခိတဗ္ဗော၊ ကြားအပ်၏။ သင်္ဂီတိ၊ ပေါင်းရုံးသိမ်းအုပ်၊ အချုပ်စာတမ်းကို။ အာစိက္ခိတဗ္ဗာ၊ကြား အပ်၏။

''သင်္ဂီတိ''သဒ္ဒါသည်,သံ-ရှေးရှိသော ဂေ-ဓာတ်,တိ-ပစ္စည်းဖြင့်ပြီး သောပေါင်းဘွဲ့သီကုံးခြင်းအနက်ကို ဟောသောသဒ္ဒါပေတည်း၊ ထို့ ကြောင့်ရှေး၌ကြားခဲ့ပြီးသော အရိပ်,ဥတု,နေ့ရက်စုနှင့်တကွ ကြွင်းသမျှ သော ကောဇာခုနှစ်, သာသနာခုနှစ်, ဥတု,ရာသီ, မာသ,ပက္ခ,ဒိဝသ, ပဟာရ, နာရီ, ဘဝါး, ပါဒ်, ဗီဇနာ, ပြန်,ခရာ, လဂ်, နက္ခတ်, ပါဒ်, နဝင်းတို့ကိုရင်း၊သိမ်,ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ,ဂိုဏ်းသံဃာအရေ အတွက်တို့ကိုရင်း ''သင်္ဂီတိ''ဟူသော ဤပုဒ်ဖြင့် အကုန်သိမ်းကျုံး၍ ယူတော်မူသည်။

ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၅၃-ခု၊ သာသနာသက္ကရာဇ် ၂၄၃၅-ခု၊ ဂိမှန္တဥတု၊မေထုန်ရာသီ၊ ပဌမဝါဆိုလ၊ လဆန်း ၁-ရက် နံနက်တချက်တီး၊ အရိပ်ဘဝါးမည်မျှအချိန်၊ မည်သည့်မြို့ရွာ၊ မည်သည့် ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဥပဇ္ဈာယ်ဆရာမည်သူ၊ ပဌမ ကမ္မဝါဆရာ မည်သူ,မည်သူ၊ဒုတိယကမ္မဝါဆရာမည်သူ,မည်သူ၊တတိယကမ္မဝါဆရာ မည်သူ,မည်သူ ကြွင်းဂဏပူရဏကာရကသံဃာ မည်မျှတို့နှင့် မြင့်မြတ် သော ရဟန်းတော်အဖြစ်သို့ရောက်သည် ဟူ၍ အပြည့်အစုံ ပေါင်းဘွဲ့ သီကုံး၍ကြားရမည်ဆိုလိုသည်။

ဤ''သင်္ဂီတိအာစိက္ခဏာ''ဟူသော အပရကိစ္စကို ပြုရသည်မှာ အခါ ကာလကို မှတ်မိမှု၊ထေရ်ကြီး,ထေရ်ငယ် ဧသည်စစ်ဆေး၍ ပြုရသော အခွင့်၌ အကြီးအငယ်ကိုသိနိုင်သည်၊ ပဌ္ဌဝဿ၊ ဒသဝဿ၊ဝီသတိဝဿ- အပိုင်းအခြားနှင့်စပ်သော နိဿယမုစ္စက,ပရိသုပဋ္ဌာပက,ဘိက္ခုနောဝါဒကအရာတို့၌ရင်း၊ဥပဇ္ဈာယမတ္တ, အာစရိယမတ္တနှင့်စပ်သော အ

www.dhammaransi.com



ထူးရှိသေရသော အရာတို့၌၎င်း၊ သမာနာသနိက,အသမာနာသနိက နှင့်စပ်သော နေရာတူနေသင့် မနေသင့်ဟူရာတို့၌၎င်း၊ ပိုင်းခြားနိုင်သည်။ ။သင်္ဂီတိအာစိက္ခဏာဟူသောပဌမအပရကိစ္စပြီး၏။

**ဒုတိယအပရကိစ္စ။** ။ယခုအခါ မှီရာ၄-ပါး၊ အကရဏီယ ၄-ပါး တို့ကို ကြားခြင်းဟူသော အပရကိစ္စ ၂- ပါးကို အစဉ်အတိုင်း ပြတော်မူခြင်း၄ါ—"စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ"အစရှိသော ဒေသနာတော်မြတ်ကိုဟောတော်မူသည်။

**အနက်ကား။** ။စတ္တာရော၊ ၄-ပါးကုန်သော။ နိဿယာ၊သာသနာ ထမ်း ရဟန်းပြုလုပ်သောသူတို့ အားကိုးအားထား ကိုးစားမှီတင်းရာတို့ကို။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်ကုန်၏။ စတ္တာရိ၊ ၄- ပါးကုန်သော။ အကရဏီယာနိ၊ မပြုမကျင့်အပ်သော အမှုတို့ကို။ အာစိက္ခိတဗ္ဗာနိ၊ပြောကြားအပ်ကုန်၏။

**ပဌမနိဿယ။** ။ယခုအခါ မှီရာ၄-ပါးကို ကြားသောအစီအရင်ကို အကျယ်ပြတော်မူလိုသည်ဖြစ်၍ "ပိဏ္ဍိယာလောပဘောဇနံ" အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**အနက်ကား။** ။အာဝုသော၊ ငါ့ရှင် ပဥ္စင်းသစ်။ တေ၊ သင်-ပဥ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းဘဝသို့ ကပ်ခြင်း,ရောက်ခြင်း အမှုသည်။ ပိဏ္ဍိယာလောပဘောဇနံ၊ သလုံးသားဖြင့် အားထုတ်၍ရအပ်သော တလုပ်စာ၊ ကလုပ်စာမျှသောဆွမ်းကို။ နိဿာယ၊ အားကိုးသမှုအမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုသပိတ်လက်စွဲ၍ ဆွမ်းခံခြင်းအမှု၌။ တေ-တယာ၊ သင်-ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ ကရဏီယော၊ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ ဆော်ဘန်ခြီးမြင့်သော အခွင့်အလမ်းနှင့်ကြုံသဖြင့်"ပိဏ္ဍိယာလောပ"ဆွမ်းထက်ဘုန်းတန်းပိုလျှံ လာဘ်များပြန်မှုကား—

www.dhammaransi.com



၁။ သံဃဘတ္တံ၊ တိုက်ရှိသံဃာ အကုန်ပါသော သံဃဘတ်မှရ အပ်သောဆွမ်းကိုဎင်း။

၂။ ဥဒ္ဒေသဘတ္တံ၊ တိုက်ရှိသံဃာ အချို့ပါသော ဥဒ္ဒေသဘတ်မှ ရအပ်သောဆွမ်းကိုဎင်း။

၃။ နိမန္တနံ၊ တတ်နိုင်သလောက် ပင့်ဘိတ်လျှောက်ထား၍ ကြွ ရောက်သံဃာ လှူဒါန်းပါသော နိမန္တနဘတ်မှရအပ်သော ဆွမ်းကိုဎင်း။

၄။ သလာကဘတ္တံ၊ စာရေးတံကျရာ လှူဒါန်းပါသော သလာက ဘတ်မှရအပ်သောဆွမ်းကိုဎင်း။

၅။ ပက္ခိကံ၊ဆန်း,ဆုတ်ပက္ခ နှစ်ကာလ၌ ကြည်ဆွသဒ္ဓါ လှူဒါန်း ပါသော ပက္ခိကဘတ်မှရအပ်သောဆွမ်းကိုဎင်း။

၆။ ဥပေါသထိကံ၊ လကွယ်,လပြည့် ဥပုသ်နေ့၌ ကြည်မွေ့သဒ္ဓါ လှူဒါန်းပါသော ဥပေါသထိကဘတ်မှ ရအပ်သော ဆွမ်းကို ဎင်း။

၇။ ပါဋိပဒိကံ၊ ဥပုသ်ကျော်တက် နောက်တရက်၌ ထက်ပြက် သဒ္ဓါ လှူဒါန်းပါသော ပါဋိပဒိကဘတ်မှ ရအပ်သော ဆွမ်း ကိုဎင်း။

ဣမေ၊ ဤ၆-ပါးသော သံဃိကဘတ် အပိုလာဘ်တို့ကို။ သာဒိ- တဗ္ဗာ၊ သာယာအပ်ကုန်သေး၏။

**အဓိပ္ပါယ်ကား။** ။အနမတဂ္ဂသံသရာ၌ ဂင်္ဂါသဲလုံးမျှမက ပွင့်တော် မူကြကုန်သော ဘုရားရှင်တို့သည်လည်းကောင်း၊ တဆူတဆူသော ဘုရားရှင့်လက်ထက်၌ ၂၄-သင်္ချေနှင့် ကုဋေပြောက်ဆယ် ဗိုလ်ခြေ တသိန်း ကျွတ်ကိန်းပါဝင်ကြကုန်သော ရဟန်းတော်တို့သည်လည်း ကောင်း၊ ရှေးဦးစွာ ရဟန်းပြုကြကုန်သောကာလ လေးကျွန်းကို အ စိုးရသော စကြာမင်းပင်ဖြစ်ပါသော်လည်း ရဟန်းတော်တသက်၌ အ သက်မွေးရန် ကြံဘန်ကြောင့်ကြ၍ ဓနဥစ္စာ အရင်းအနှီး အပြီးစီမံ၍ ရဟန်းပြုရိုးမရှိ၊ သလုံး မြင်းခေါင်းကိုသာ အရင်းအနှီးထား၍ ပြုမြ ပေတည်း။

www.dhammaransi.com



ထိုသို့ပြုရာ၌လည်း မည်သူမည်ဝါက တထပ်စာ, နှစ်ထပ်စာလှူပေ, လောင်းပေလိမ့်မည်ဟု အားကိုး၍လည်း ပြုကြသည်မဟုတ်၊ တအိမ်လျှင် တလုပ်စာ-တလုပ်စာ ရှာကြံခံယူ၍ အသက်မွေးမည်ဟု ပြုကြမြဲထုံးစံပေတည်း။

ထို့ကြောင့် ငါတို့ဘုရားလက်ထက်တော်၌လည်း မဟာကပ္ပိနမင်း, ဘဒ္ဒိယမင်းစသော တိုင်းရှင်,ပြည့်ရှင်တို့သည်လည်းကောင်း၊ ဇောတိကသူဌေး, ဇဋိလသူဌေး, သောဏသူဌေးစသော သူဌေးကြီးတို့သည်လည်းကောင်း၊ ဥပတိဿ, ကောလိတ စသော သူဌေးပုဏ္ဏားတို့သည်လည်းကောင်း၊ တိုင်းကြီး, ပြည်ကြီး, စည်းစိမ်ကြီးကို စွန့်ပစ်၍ရဟန်းပြုကြပြီးနောက် အသက်ထက်ဆုံး ဤ''ပိဏ္ဍိယာလောပ''ဆွမ်းဖြင့်သာ မျှတတော်မူကြကုန်သတည်း။

အဘယ့်ကြောင့်''ပိဏ္ဍိယာလောပ''ဆွမ်းသည်သာ အထူးအားပြုထိုက်ပါသနည်းဟူမူ ဤဆွမ်းသည် သုဘိက္ခကာလ,ဒုဗ္ဘိက္ခကာလမရွေး အခါခပ်သိမ်းလည်း ရလွယ်သည်၊ အရပ်ဒေသတိုင်း, အိမ်မြင်တိုင်းလည်း ရလွယ်သည်၊ဆွမ်းတလုပ်စာအတွက်ကြောင့် လောင်းသူဒါယကာတို့ကလည်းရဟန်းတော်အပေါ်၌ ကျေးဇူးဟူသောမြီမထား၊ရဟန်းတော်ကလည်း ဒါယကာတို့အပေါ်၌ ငဲ့ခြင်း,ညှာတာခြင်းကို မပြုရ၊ ဆွမ်းတလုပ်စာမျှအတွက်နှင့် ကုလဒူသန,အနေသနများကို ပြု၍လည်းကောင်း၊ သားငယ်,မြေးငယ်များကို ထိန်းကျောင်း၍လည်းကောင်း၊ ပင့်တိုင်း ခေါ်တိုင်း လိုက်ပါ၍လည်းကောင်း၊ လောကဝတ် ပျူငှါစကားကို အလိုက်အလျောပြောဟော၍လည်းကောင်း၊ ဒါယကာတို့စိတ်နှလုံးကို စောင့်ရှောက်ဘွယ်မရှိ၊ လူတို့နှင့်စပ်ယှဉ်သော တဏှာသံယောဇဉ်လည်းကင်း၏၊ကြောင့်ကြ စိုးရိမ်ခြင်းလည်း ကင်း၏၊ ကုလမစ္ဆေရ,လာဘမစ္ဆေရတို့မှလည်းကင်း၏၊ ကိုယ်ခန္ဓာကို မင်္ဂလာကြက်သရေကြီးထင်မှတ်သော ဝိပလ္လာသတရားကို နှိမ်နင်းရ၏၊ မာနနည်း၏၊ဥစ္စာပစ္စည်းနည်းပါးသောလူ, ဇရာဒုဗ္ဗလဖြစ်သောလူတို့ကို အပါယဒုက္ခမှစောင့်ရှောက်ရ၏။

နောက်နောက်ဘဝတို့၌ ချမ်းသာရန်အရင်းအနှီးတို့ကိုဋင်း၊သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်ကို ရရန်

www.dhammaransi.com



အရင်းအနှီးတို့ကိုရင်း လှည့်လည်ဝေငှခြင်းဖြစ်၏၊ သဒ္ဓါတရားနည်းပါးသောသူတို့ကို သဒ္ဓါအရင်းအနှီးကြီးပွားစေရခြင်းဖြစ်၏။

၁။ နောက်ဖြစ်ရဟန်းတို့အား''ဒိဋ္ဌာနုဂတိ''ကိုပေးရခြင်း,

၂။ ''ဋ္ဌတရိတရေန ပိဏ္ဍပါတေန သန္တုဋ္ဌော ဟောတိ'' ဟူသော ဘုရားအနန္တတို့ ချီးမွမ်းတော်မူသော ပဌမ အရိယဝံသဓမ္မ၌ တည်ရခြင်း,

၃။ မိဿကဘတ်ဖြင့် မျှတ၍ ဒုက္ကရစရိယာတရားကို အားထုတ်တော်မူသော မြတ်စွာဘုရားတို့၏ မဟာပဓာနအကျင့်တော်မြတ်ကို ပူဇော်ရခြင်း,

၄။ ''ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ'' ဟူသောစကားတော်ကို ပူဇော်ရခြင်း,

၅။ ပိဏ္ဍစာရိကဝတ်၌လာသော အရာမကသော သိက္ခာသီလတို့ကို နေ့စဉ်ဆည်းပူးရခြင်း,

၆။ အာဟာရေ ပဋိကူလအစီအရင်တို့ကို ပြည့်စုံစွာနှလုံးသွင်းရခြင်း,

၇။ ''အာဟာရ ပရိယေသန မူလ ဒုက္ခ''ဟူသော ဝိရိယာရမ္ဘဝတ္ထုကို ကိုယ်တိုင်မျက်မှောက်တွေ့မြင်ရခြင်း,

၈။ လူအများတို့နေရာ ရွာတွင်း မြို့တွင်းဖြစ်၍ ဝိပတ္တိအမျိုးမျိုးတို့ကို အမြင်အကြားများရသဖြင့် တေဘူမကသင်္ခါရဓမ္မတို့၏ အနိစ္စသဘော, ဒုက္ခသဘော, ဝိပရိဏာမသဘောတို့ကို အထူးနှလုံးမသွင်းဘဲပင် မပြတ်မစဲထင်မြင်ရခြင်း,

၉။ ထင်မြင်တိုင်း, ထင်မြင်တိုင်းလည်း ဘုရားကို အထူးကြည်ညိုအားကိုးသောစိတ်၊ တရားကိုအထူးကြည်ညို အားကိုးသောစိတ်တို့၏ မပြတ်မစဲဖြစ်ရခြင်း ,

၁၀။ အနာရောဂါကင်းခြင်းစသော စင်္ကြံသွားခြင်း၏ အကျိုး ၅-ပါးတို့ကိုရခြင်း,

၁၁။ လူနတ်တို့၏ စိတ်နှလုံးကို ကြည်စေရခြင်း,

www.dhammaransi.com



၁၂။ ဝီရိယတရားကို ပွားများစေရခြင်း၊ ဤသို့အစရှိသည်ဖြင့် ''ပိဏ္ဍိယာလောပ''ဆွမ်း၏အကျိုးတို့သည် အလွန်များစွာ ကုန်၏၊ထို့ကြောင့် ''ဤပိဏ္ဍိယာလောပ''ဆွမ်းသည်သာ လျှင် အထူးအားပြုထိုက်ပေသတည်း။

ကာယဗလ အားနည်းလှသည် ဖြစ်၍ငင်း၊ ခြေ၌ဖြစ်သော အနာ ရောဂါ, လက်၌ဖြစ်သောအနာရောဂါ ရှိသည်ဖြစ်၍ငင်း။

၁။ မျက်စိအားနည်းခြင်း,

၂။ နားအားနည်းခြင်း,

၃။ ကိုယ်တွင်းရောဂါရှိ၍ အချမ်းအပူမခံနိုင်ခြင်း,

၄။ အလွန်နူးညံ့သော ကိုယ်ရေ,ကိုယ်သားရှိသည်ဖြစ်၍ ဆွမ်း ခံခြင်း,

၅။ ကိစ္စကြောင့် ကာယိက ဒုက္ခများသဖြင့် စိတ္တသုခကို မရ ခြင်း,

၆။ ဒုဗ္ဘိက္ခသမယဖြစ်၍ ဆွမ်းခံလှည့်လည်၍ မပြည့်စုံသော အခါ တတ်နိုင်သသူလူတို့က သံဃဘတ်,ဥဒ္ဒေသဘတ် စသော သံဃိကဘတ်တို့ကို အားထုတ်ခြင်းစသော အ ကြောင်းနှင့်ယှဉ်သောအခါ ထိုသို့သော အကြောင်းထူး ရှိသော ပုဂ္ဂိုလ်တို့ကို ရည်တော်မူ၍၊ ''အတိရေကလာ- ဘော'' အစရှိသည်ဖြင့် သံဃိကဘတ်စသော ခြောက်ပါး ကိုခွင့်ပြုတော်မူသည်။

ဤအကြောင်းကိုကား- သံဃဘေဒက သိက္ခာပုဒ်၏ နိဒါန်းတွင် ဒေဝဒတ်ဝတ္ထုအဘွင့်အဋ္ဌကထာများကိုထောက်၍ မြတ်စွာဘုရား၏ အ လိုတော်နှင့်ကျနအောင် ဆိုလိုက်ပေသတည်း။ ။ပဌမနိဿယပြီး၏။

**ဒုတိယနိဿယ။** ။အာဝုသော၊ ငါ့ရှင် ပဉ္စင်းသစ်။တော၊သင်-ပဉ္စင်း သစ်၏။ ပဗ္ဗဇ္ဇာ၊ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းသည်။ ပံသုကူလ- စီဝရံ၊ လူတွင်လုံးလုံး၊ အသုံးမကျ၊ စွန့်ပစ်ရသော၊ ပံသုကူသင်္ကန်းကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊

www.dhammaransi.com



ထို့ကြောင့်။ တတ္ထ၊ ထိုပံသုကူကို ကောက်ယူဆည်းစု ဝတ်ရုံမှု၌။ တေ-တယာ၊ သင်-ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ ကရဏီယော၊ ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ၊ ဆော်ဘန်ခြီးမြင့်၊ အခွင့်ထောက်ကူ၍၊ပံသုကူသက်န်းထက်၊ ဘုန်းတန်းပိုလျှံ၊ လာဘ်များပြန်မူကား။

၁။ ခေါမံ၊ ခေါမနိုင်ငံ, ရောမနိုင်ငံ၌ဖြစ်သော သက်န်းကိုလည်းကောင်း။ဝါ။ ခေါမမည်သော လျှော်အထူးကို ရက်သော သက်န်းကိုလည်းကောင်း။
၂။ ကပ္ပါသိကံ၊ ဝါချည်ဖြင့် ရက်သော သက်န်းကိုလည်းကောင်း။
၃၊ ကောသေယ္ယံ၊ ပိုးချည်ဖြင့် ရက်သော သက်န်းကိုလည်းကောင်း။
၄။ ကမ္ဗလံ၊သားမွေးဖြင့်ပြီးသော ကမ္ဗလာသက်န်းကိုလည်းကောင်း။
၅။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့် ရက်သော သက်န်းကိုလည်းကောင်း။
၆။ ဘင်္ဂံ၊ဘန်ချည်ဖြင့် ရက်သော သက်န်းကိုလည်းကောင်း။ ဝါ၊ ခေါမစသောချည် ၅-မျိုးတို့ကို ရော၍ ရက်သော သက်န်းကိုလည်းကောင်း။

ဣမာနိ၊ ဤ၆-မျိုးသော သက်န်းတို့ကို။ သာဒိတဗ္ဗာနိ၊ သာယာအပ်ကုန်သေး၏။

ဤသက်န်းအရာ၌လည်း ဂင်္ဂါသဲလုံးမျှမက ပွင့်ကြကုန်သောဘုရား, ပစ္စေကဗုဒ္ဓါ,သာဝကတို့၏အမျိုးအစဉ်ကို "ပိဏ္ဍိယာလောပ" ခန်းအတိုင်းဆိုလေ။

ပံသုကူသက်န်းဖြင့် မျှတသော ရဟန်းမှာ လူတို့က တင်ထားသော ကျေးဇူးဟူသော မြီကင်းသည်၊ လူတို့ကို ငဲ့ခြင်း, ညာတာခြင်းလည်းကင်းသည်၊ ဒါယကာတို့ စိတ်နှလုံးကို စောင့်ရှောက်ရခြင်းလည်းကင်း

www.dhammaransi.com



သည်၊ လူတို့နှင့် စပ်သော တဏှာသံယောဇဉ် အစိုးအရိမ် အကြောင့်အကြကုလမစ္ဆေရ စသည်တို့မှလည်း ကင်းသည်၊ အသုဘဍ္ဌ သုဘဟူ၍ ဖြစ်သော ဝိပလ္လာသတရားကိုလည်း နှိမ်နင်းရသည်၊ အဝတ်တန်းဆာကိုအစွဲပြု၍ ဖြစ်သော တဏှာမာနတရား၊ ကိုယ်ခန္ဓာအင်္ဂါကြီးငယ်ကိုဎင်း၊ အဝတ်တန်းဆာ ပရိက္ခရာတို့ကိုဎင်း အပြောင်အလက် ကြိုက်သော စာပလျ တရားတို့မှလည်း ကင်းသည်။

၁။ နောက်ဖြစ်ရဟန်းတို့အား ''ဒိဋ္ဌာနုဂတိ''ကိုပေးရခြင်း,

၂။ ''ဣတရီတရေန စီဝရေန သန္တုဋ္ဌော ဟောတိ''ဟူသော ဒုတိယအရိယဝံသဓမ္မဒြတည်ရခြင်း,

၃။ မြတ်စွာဘုရား၏ မဟာပဓာန အကျင့်တော်မြတ်ကို ပူဇော်ရခြင်း,

၄။ ပံသုကူလစရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
ဟူသော စကားတော်ကို ပူဇော်ရခြင်း အစရှိသော များသော အကျိုး အာနိသံသရှိသည်။ ။အကြွင်းမှာ ရှေးနည်းကို မှီ၍ဆိုလေ။ ။ဒုတိယနိဿယပြီး၏။

တတိယနိဿယ။ ။အာဂုသော၊ ငါ့ရှင်ပဉ္စင်းသစ်။ တေ၊ သင်-ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်သို့ကပ်ရ ရောက်ရခြင်းသည်။ ရုက္ခမူလသေနာသနံ၊ သစ်ပင် တောချုံရင်းတည်းဟူသော အိပ်ရာ နေရာ အရိပ်အာဝါသကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုသစ်ပင်တောချုံရင်းတည်းဟူသော အိပ်ရာနေရာကို သုံးဆောင်ခြင်းအမှု၌။ တေ-တယာ၊ သင်-ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ ကရဏီယော၊ ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်း ရှေးကံ ဆော်ဘန်ထောက်ကူသဖြင့် ရုက္ခမူကျောင်းသင်ခမ်းထက် ဘုန်းတန်းပိုလျှံ လာဘ်များပြန်မှုကား—

www.dhammaransi.com



၁။ ဝိဟာရော၊ ၂-ဘက် အမိုးရှိသောကျောင်းကိုလည်းကောင်း။

၂။ အဍ္ဍယောဂေါ၊ တဘက်သာ အမိုး ရှိသော ကျောင်းကို လည်းကောင်း။

၃။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း။

၄။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းကို လည်းကောင်း။

၅။ ဂုဟာ၊ ဂူကိုလည်းကောင်း။ ။ဣမေ၊ဤအရိပ်အာဝါသတို့ကို။ သာဒိတဗ္ဗာ၊ သာယာအပ်ကုန်၏။

**အဓိပ္ပါယ်ကား။** ။အသိန်း,အသန်းမျှသော ရန်သူတို့ကို တယောက်အားနှင့် ဖြိုဖျက်လိုသောသူသည် ထိုရန်သူတို့၏ အလယ်၌ နေ၍လုပ်ကြံခြင်းငှါမတတ်ကောင်း၊ ထိုရန်သူတို့၏ အလယ်မှ ထွက်၍ လွတ်ရာအရပ်၌ နေမှသာ လက်နက်ကြိယာ ရိက္ခာစားနပ် ဗိုလ်ခြေ,တပ်ခြေတို့ကိုလုံလောက်အောင် စုရုံးခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ ဖြိုဖျက်ခြင်းငှါ ထမြောက်အောင် ကြံနိုင်သည်၊ ထိုအတူ အသိန်း,အသန်းမကသော ကိလေသာရန်သူတို့ကို လုပ်ကြံတော်မူကြကုန်သော အလုံးစုံသော ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကရဟန်းဟူသမျှတို့သည် ကိလေသာကာမဂုဏ်တို့၏ ပေါင်းရုံး စုဝေးရာ မြို့ရွာနိဂုံးအလယ်၌ နေ၍လုပ်ကြံခြင်းငှါ မတတ်ကောင်း၊ မြို့ရွာနိဂုံးမှ ခွါ၍တောတောင်သစ်ပင် ချုံနွယ်ပိတ်ပေါင်းတို့ကို ခိုမှီပြု၍ နေမှသာ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော လက်နက်ကြိယာ ရိက္ခာစားနပ် ဗိုလ်ခြေ,တပ်ခြေတို့ကို လုံလောက်အောင် ရုံးစုခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ ဖြိုဖျက်ခြင်းငှါ ထမြောက်အောင် ကြံနိုင်ကြကုန်သည်။

ထို့ကြောင့် သစ်ပင်တောချုံတို့သည် အလုံးစုံသောဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသူမြတ်တို့၏ အောင်တော်တည်ရာ မင်္ဂလာမြို့ကြီးတွေဖြစ်ကုန်၏၊ မြို့ရွာ နိဂုံးတို့သည် အသိန်း,အသန်းမက များလှစွာသော ကိလေသာရန်သူတို့၏ အောင်တော် တည်ရာ မဟာမြို့ကြီးတွေဖြစ်ကုန်၏။

www.dhammaransi.com



ထို့ကြောင့် ဗုဒ္ဓါယဗ္ဗဘုရားအမွေတော်ဖြစ်သော ရန်အောင်မင်္ဂလာ မဟာခံမြို့တော်ကြီးကို ပဥ္စင်းလောင်းအား နှင်းအပ်တော်မူလိုသည်ဖြစ်၍ ''ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ'' ဟူသောဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုသို့ နှင်းအပ်တော်မူသော ရုက္ခမူလသေနာသန ဟူသောရန်အောင်မင်္ဂလာ မဟာခံမြို့တော်ကြီးကို စွန့်ပစ်၍ မြို့ရွာနိဂုံးအနီး ဥပစာ၌ရွာသူတို့၏ အခက်အနက် စနုတ်စပေါက်ကို မြော်၍ ပျော်ရွှင်ချမ်းမြေ့ မွေ့ကြီးမွေ့လျက် နေကြကုန်သော ပုထုဇ္ဇဉ်ရဟန်းတို့သည် မြို့သူ, ရွာသူ လူဂဟဋ္ဌတို့နှင့် မခြားမနားအဖျားအရင်းမျှသာ ဖြစ်ကြ၍ ကိလေသာရန်သူတို့၏ လက်တွင်း၌ သေခြင်းမလှသေရကြကုန်၏။ ။ [သတိမူကြပါကုန်။] ။အကြွင်းမှာ ရှေးနည်းကိုမှီ၍ဆိုလေ။ ။တတိယနိဿယပြီး၏။

**စတုတ္ထနိဿယ**။ ။အာဝုသော၊ ငါ့ရှင်ပဥ္စင်းသစ်။ တေ၊ သင်-ပဥ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်သို့ ကပ်ခြင်း, ရောက်ခြင်းအမှုသည်။ ပူတိမုတ္တဘေသဇ္ဇံ၊ အနံ့မကောင်းသော ဂေါမုတ်ဖြင့်ထုံအပ်, စိမ်အပ်သောဆီးဖြူ, သျှိသျှား,သဖန်းခါးစသော ဆေးကို။ ဝါ၊ကာလကြာညောင်း ဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့သည် စွန့်ပစ်အပ်သော ဓာတ်စာဆေးဝါးကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပဝတ္တာ၊ ဖြစ်ရချေ၏။ တသ္မာ၊ ထို့ကြောင့်။တတ္ထ၊ ထိုအနံ့မကောင်းသော ဂေါမုတ်ဖြင့် ထုံအပ်,စိမ်အပ်သော ဆီးဖြူ,သျှိသျှား, သဖန်းခါးစသော ဆေးကိုသာ သုံးဆောင်ခြင်းအမှု၌။ ဝါ၊ ကာလကြာညောင်းဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့သည် စွန့်ပစ်အပ်သော ဓာတ်စာ ဆေးဝါးကိုသာ သုံးဆောင်ခြင်းအမှု၌။ တေ-တယာ၊ သင်-ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ အားထုတ်ခြင်းအမှုကို။ကရဏီယော၊ပြုအပ်၏။

အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ၊ဆော်ဘန်သမှု၊အကြောင်းပြု၍၊ ပူတိမုတ္တဆေးထက် လွန်ကဲပိုလျှံ လာဘ်များပြန်မူကား။

www.dhammaransi.com



သပ္ပိ၊ ထောပတ်ကိုလည်းကောင်း။နဝနီတံ၊ဆီဦးကိုလည်းကောင်း။ တေလံ၊ ဆီကိုလည်းကောင်း။ မဓု၊ ပျားကိုလည်းကောင်း။ ဖာဏိတံ၊ တင်လဲကိုလည်းကောင်း။ ဣမာနိ၊ ဤဆေး၅-ပါးတို့ကို။သာဒိတဗ္ဗာနိ၊ သာယာအပ်ကုန်သေး၏။

**အဓိပ္ပါယ်ကား။** ။လောကီဖြစ်သော လူတို့၌ အထွတ်အမြတ်ပြု၍ တောင့်တအားကိုးရိုးထုံးစံမှုကား-အဘိုးလည်းထိုက်မည်၊ ရှားလည်း ရှားပါးမည်၊ ဤသို့သော အသုံးအဆောင်မျိုးတို့ကို အထွတ်အမြတ် ထား၍ အားကိုးကြရကုန်သည်။

ရဟန်းတို့၌ကား-အပ္ပဿာနိ၊ တချင်ရွေးမျှ အဘိုးမထိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ အနဝဇ္ဇာနိ၊ လောကအပြစ်,ဓမ္မအပြစ် ကင်းရှင်း ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တာနိစ၊ ထိုသို့သဘော ရှိကုန်သော အသုံးအဆောင် တို့သည်လည်း။ သုလဘာရူပါနိ၊ အခါမရွေး, အရပ် ဒေသမရွေး ရလွယ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့-ဟူ၍။

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၌ဘုရားချီးမွမ်းတော်မူသောအဘိုးမထိုက်, အဘိုးမရှိသော ဂုဏ်တပါး,

၂။ လောကပြစ်,ဓမ္မပြစ်ကင်းသောဂုဏ်တပါး,

၃။ အခါမရွေး,အရပ်ဒေသမရွေး အလွယ်တကူ အလိုရှိတိုင်းရနိုင် သော ဂုဏ်တပါး,

ဤဂုဏ်၃-ပါးနှင့် ပြည့်စုံသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အစရှိသောအသုံးအဆောင်မျိုးတို့ကို အထွတ်အမြတ်ထား၍ အားပြုကြ ကုန်ဖြဲမွေတာဖြစ်သည်။

ထို့ကြောင့် ရှေး၌ဟောတော်မူခဲ့သော''ပိဏ္ဍိယာလောပ''ဆွမ်း, ပံသုကူသင်္ကန်း, ရုက္ခမူလကျောင်းတို့နှင့် ဤပူတိမုတ္တဆေးသည် ဂုဏ် ၃-ပါးနှင့် ပြည့်စုံပေသော အသုံးအဆောင်မျိုးစင်စစ်ဖြစ်ပေ၍''ပူတိ- မုတ္တ ဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ''ဟူသော ဒေသနာတော်မြတ်ကိုဟော တော်မူသည်။ ။အကြွင်းမှာ ရှေးနည်းကိုမှီ၍ဆိုလေ။ ။စတုတ္ထနိဿယ- ပြီး၏။

www.dhammaransi.com



**မှတ်ချက်။** "ဤနိဿယ၄-ပါးကို ရဟန်းဖြစ်စကာလ၌ ပြောကြားရသည်မှာ ဘုရားလက်ထက်တော်၌ ရဟန်းတပါးသည် လူအများကဲ့သို့ လုပ်ကိုင်၍ အသက်မွေးရမည်ကို ကြောက်သည်ဖြစ်၍ ရဟန်းပြုရမူ ကား-မလုပ်မကိုင်ဘဲနှင့် အကောင်းအမွန်ကို သုံးဆောင်၍အသက်မွေး ချမ်းသာမည်ဟု အကြံရ၍ ရဟန်းပြုလေ၏၊ ဆွမ်းခံဝင်ချိန်ကျ၍ ဆရာ ဥပဇ္ဈာယ်တို့က ဆွမ်းခံခေါ်ပေသောအခါ ဆွမ်းခံ၍ စားရမည်ဖြစ် လျှင် လူထွက်တော့မည်ဆို၍ ထွက်သွားလေ၏၊ ထိုအကြောင်းကို ဘုရားသိတော်မူ၍ ရဟန်းဖြစ်စကာလ၌ နိဿယ ၄ ပါးကို ပြောကြား စေဟု ဟောတော်မူသည်။

ထို့ကြောင့် မိမိတို့သည် သီလ ဝိသောဓန၊ စိတ္တ ဝိသောဓန၊ ဒိဋ္ဌိ-ဝိသောဓန၊ကင်္ခါ ဝိသောဓန၊မဂ္ဂါ မဂ္ဂ ဝိသောဓန၊ပဋိပဒါ ဝိသောဓန၊ ဉာဏဒဿန ဝိသောဓနတည်းဟူသော အဆင့်ဆင့် တက်ရသော ရဟန်းကိစ္စ ၇- ပါးတို့တွင် သီလဝိသောဓန ဟူသော ပဌမ ကိစ္စတခု တွင်ရှေ့မျှ မပြည့်မစုံ အကြောင်းအကျားတွေဖြစ်ကြကုန်သည်နှင့် မိမိတို့ ပုံပန်းမှာ ရဟန်းအမူ တခုလုံးလုံး ပြစရာပြောစရာ မရှိကြကုန်သည် ဖြစ်ပါလျက် မူလနိဿယကြီး ၄-ပါးကို ရှောင်ရှား၍ အတိရေက-လာဘဘက်၌ သက်ဝင်ကြကုန်ပြီးလျှင် သုံးပင်တိုင် သင်္ဘောကြီးတို့သာ ဆောင်နိုင်သောဝန်ကို လှေငယ်, လောင်းငယ်ရှင် တို့သည် ဥစ္စာခင်၍ တင်မှားကြသဖြင့် လူရောလှေပါ လာဘသမုဒ္ဒရာအလယ်၌ ဒိုးတည်နှစ် နစ်ကြလေကုန်ဘိသကဲ့သို့ မင်းဆရာ၊ စိုးဆရာ၊ မြို့ဆရာ၊ ရွာဆရာ အဖြစ်၌ တည်ကုန်၍ မင်း,စိုး,ရာဇာ,မြို့ရွာ,နိဂုံးသူတို့ပူဇာသက္ကာရတို့ကို တသောင်းတန်၊ တထောင်တန်၊ တရာတန်၊ တဆယ်တန် ရတိုင်း ခံပြီးလျှင် လေလုံ မိုးလုံ ကျောင်းဘုံဆောင်တွင်းဝယ်၊ မင်းစား၊ မင်း အိပ်၊ မင်းဟိတ်၊ မင်းဟန်၊ မင်းသဏ္ဌာန်အမူနှင့် လူတပိုင်း,ရှင်တပိုင်း ရှိုင်းပြည်စ်ညမ်းသော နီဝရဏတရားတို့၏ အလိုတူအလိုပါ ရွာစောင့်, မြို့စောင့်,အမှောင့်သမ္ဘက် လူပျက် ရှင်ယောင်ကြီးတွေ ဖြစ်ကြကုန်၍ ကိလေသာတုံး ဘုရားမုန်းလှသော လူသုံးလူသွန် မာရ်မင်းကျွန်တွေ မဖြစ်ပေရအောင် လေးထွေသောနိဿယ ဘုရားအမွေတော်မြတ်ကို အသက်ထက်ဆုံးနှလုံးသွင်းကြစေကုန်သတည်း။ ပဌမအပရကိစ္စပြီး၏။

www.dhammaransi.com



**ဒုတိယအပရကိစ္စ**။ ။နိဿယ ၄-ပါးကိုကြားခြင်းဟူသောအပရကိစ္စကိုပြပြီး၍ ယခုအခါ "အကရဏီယ" ၄-ပါးကို ကြားခြင်းဟူသောအပရကိစ္စကိုပြခြင်းငှါ- "ဥပသမ္ပန္နေန ဘိက္ခုနာ" အစရှိသောစကားကို ဟောတော်မူသည်။

၁။ ဥပသမ္ပန္နေန၊ မြင့်မြတ်သောအဖြစ်သို့ရောက်ပြီးသော။ ဘိက္ခုနာ၊ရဟန်းသည်။အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။တိရစ္ဆာနဂတာယပိ၊တိရစ္ဆာန်မ၌သော်လည်း။မေထုနော-ဓမ္မော၊ မိန်းမ, ယောကျာ်း၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သော အကျင့်ကို။ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနံဓမ္မံ၊ မိန်းမ,ယောကျာ်း၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သော အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲမိချေအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ ဝါ၊ ရဟန်းတု, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ၊ ဖြစ်၏။ အသကျ-ပုတ္တိယော၊သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏သားတော်မဟုတ်သည်။ ဝါ၊သားဆိုး,သားယုတ်,သားစုတ်, သားညစ်သည်။ဟောတိ၊ ဖြစ်၏။

သေယျထာပိနာမ၊ နှိုင်းခိုင်းစရာ ဥပမာမည်သည်ကား။ သီ-သစ္ဆိန္နော၊ ဦးခေါင်းပြတ်ပြီးသော။ ပုရိသော၊ ယောကျာ်းသည်။ တေန၊ ထိုပြတ်လေပြီးသော ဦးခေါင်းနှင့်တကွ။သရီရ-ဗန္ဓနေန၊ ကိုယ်ကိုစပ်ဆက်ပြန်သဖြင့်။ ဇီဝိတုံ၊ အသက်တဘန်ရှင်ပြန်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်လေသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ မေထုနံဓမ္မံ၊ မိန်းမ, ယောကျာ်း၊ ၂-ပါးအမှု၊ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သော အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲမိ၍။ ဝါ၊ မှီဝဲမိသည်ရှိသော်။ ဝါ၊ မှီဝဲမိသောကြောင့်။ အသမဏော၊ ရဟန်းမဟုတ်သည်။ ဝါ၊ ရဟန်းတု, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ၊ သားဆိုး, သားယုတ်,သားစုတ်,သားညစ်သည်။ဟောတိ၊ ဖြစ်၏။ တံ၊ ထို မေထုန်အကျင့်ကို။တေ-တယာ၊ သင်-ပဥ္စင်းသစ်သည်။ ယာဝ-ဇီဝံ၊ အသက်ထက်ဆုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ ဝါ၊ မပြုမကျင့်ထိုက်။ ဝါ၊ ပြုကျင့်ခြင်းငှါ မတတ်ကောင်း။ ဝါ၊ မပြု မကျင့်လင့်။ ဝါ၊ ပြုကျင့်ကောင်းသောအမှုမဟုတ်ပေ။ ဝါ၊မပြု မကျင့်ရမည့် ပဗ္ဗဇ္ဇာဒုလ္လဘအခါပေတည်း။

မေထုနဓမ္မ ၇-ပါးကို သတ္တနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟော တော်မူသည်။

ခုနစ်ပါးဟူသည်ကား—

၁။ ကိုယ်အင်္ဂါ ချင်းချင်း တွေ့ထိသည်ကို သာယာသော မေထုန် တပါး,

၂။ ၂-ယောက်ချင်းချင်းပြုံးပြုံးရယ်ရယ် ကျီစယ်စကားပြောဆို၍ နေရသည်ကို သာယာသော မေထုန်တပါး,

၃။ တဏှာပေမစိတ်ဖြင့် တဦးနှင့်တဦးမျက်နှာချင်းချင်းတစိမ်းစိမ်း တစိုက်စိုက် ကြည့်ရှုရသည်ကို သာယာသောမေထုန်တပါး,

၄။ အသံကြားသည်ကို သာယာသော မေထုန်တပါး,

၅။ ရှေး၌တွေ့ခဲ့ ကြုံခဲ့ဘူးသော အပြုအမူတို့ကို အမှတ်ရတိုင်း ရ တိုင်း သာယာသောမေထုန်တပါး,

၆။ တပါးသော သူတို့ခံစား၍ နေသည်ကို သိရ ကြားရ တွေ့မြင်ရ၍ ရာဂဖြစ်ပွားသည်ကို သာယာသော မေထုန်တပါး,

၇။ ယခုဘဝကျင့်ဆောင်ရသော ဒါနကုသိုလ်,သီလကုသိုလ်,ဘာ ဝနာကုသိုလ်နှင့် နောက်နောက်ဘဝ၌လူ့ချမ်းသာ, နတ်ချမ်း သာကို သာယာရည်မှတ်သော မေထုန်တပါး—

ဤသတ္တမမေထုန်၌ မေထုန်မည်ကြောင်းကား- နောက်ဘဝတို့ညွတ် ၍ ပြုအပ်သောရဟန်းအဖြစ်, ရဟန်းသိက္ခာသည် မေထုန်ကြီးပွားရန် ပြုသည်သာဖြစ်၏။

www.dhammaransi.com



လောဘအကြီ ကြီးမားသော ယောက်ျားဟာယောက်သည် ကြီး ထွားရင့်မာသော အုန်းသီးကို ခဲယဉ်းစွာရလေ၏၊ ဤအုန်းသီးသည် အလွန်ရခဲ၏၊ ယခုခွဲလေသော် တခါစားနှင့်ပြီးတော့မည်၊မစားသေးပြီ၊ အပင်ဖြစ်အောင် စိုက်ပျိုးပြုစုမည်၊ ကြီးသောအခါ တနှစ်တနှစ်လျှင် အသီးနှစ်ရာ,အသီးသုံးရာ နှစ်စဉ်သီးမည်၊ ထိုအခါမှ စိတ်ရှိတိုင်းလည်း ငါစားမည်၊ သားမယား စသည်ကိုလည်း ဝေခြမ်းမည်၊ ဥစ္စာစီးပွား လည်း ပြုမည်ဟုအကြံပြု၍၊ အစဉ်အုန်းအရသာကို ရှောင်၍ပေးလိုက် သကဲ့သို့ ထိုအတူ ယခုဘဝသည် အလွန်ခေါင်းပါးသည့် မေထုန်အမှု မဖြန့်ဖြူး မခံစားသေးပြီ၊ ရဟန်းပြု၍ ရဟန်းသိက္ခာနှင့် ရင်းဦးမည်၊ နောက်ဘဝ၌ လူဖြစ်လျှင်လည်း လူအလျောက်၊နတ်ဖြစ်လျှင်လည်း နတ် အလျောက် ငါးရာအခြံအရံ, တထောင်အခြံအရံနှင့် စိမ်ပြေနားပြေ ခံစားတော့မည်ဟု ပြုသည်ပင်မည်သတည်း။

ထို့ကြောင့် ပါဠိတော်၌—

အပိစ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ၊ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါတိ၊ သော တံ အဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒံပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍံပိ ဆိဒ္ဒံပိ သဗလံပိ ကမ္မာသံပိ၊ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ။

သညုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမီတိ။

**အနက်ကား။** "အပိစခေါ၊ ဝင်စစ်သော်ကား။ အဟံ၊ ငါသည်။ ဣမိနာသီလေန ဝါ၊ ဤယခုကျင့်ဆောင်သော သီလကြောင့်ရင်း။ ဣမိ-နာဝတေန ဝါ၊ ဤယခုကျင့်ဆောင်သော ဓုတင် ပဋိပတ်ကြောင့်ရင်း။ ဣမိနာတပေန ဝါ၊ ဤယခုအားထုတ်သော ဝီရိယကြောင့်ရင်း။ဣမိနာ-ဗြဟ္မစရိယေန ဝါ၊ ဤယခုစောင့်ရှောက်ကြဉ်ရှောင်သော မေထုနဝိရတိ ကုသိုလ်ကြောင့်ရင်း။ ဒေဝေါ ဝါ၊ ဘုန်းတန်ခိုးကြီးသော နတ်မင်းသည် ရင်း။ ဒေဝညတရော ဝါ၊ မထင်မရှားသော နတ်သာမညသည်ရင်း။

www.dhammaransi.com



ဘဝိဿာမိ၊ ဖြစ်ရပေလတ္တံ့။ ဣတိ၊ ဤသို့။ အညတရံ၊ အမှတ်မထား တပါးပါးသော။ ဒေဝနိကာယံ၊ ရုက္ခဇိုဝ်း, ဘုမဇိုဝ်းစသော နတ်မျိုးကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ၊ မြတ်သောပဋိပတ် အကျင့်ကို။ စရတိ၊ ကျင့်၏။ သော၊ ထိုအကျင့်သီလနှင့်ပြည့်စုံသော ရဟန်းသည်။ တံ၊ ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို။ နိကာမေတိ၊ နှစ်သက်၏။တေနစ၊ထိုမိမိပြုသမျှသော ကောင်းမှုဖြင့်လည်း။ ဝိတ္တိံ၊နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏာ၊ပုဏ္ဏားတို့။ ခေါ၊ စင်စစ်။ ဣဒံပိ၊ ဤမိမိအကျင့်ကိုသာယာခြင်း,နတ်အဖြစ်ကို တောင့်တခြင်းသည်လည်း။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်သီလ၏။ ခဏ္ဍံပိ၊ ကျိုးခြင်းလည်း။ဟောတိ၊ဖြစ်၏။ ဆိဒ္ဒံပိ၊ ပေါက်ခြင်း,ပြတ်ခြင်း,စုတ်ခြင်း,ပဲ့ခြင်းလည်း။ဟောတိ၊ ဖြစ်၏။သဗလံပိ၊ ပြောက်ခြင်း,ကွယ်ခြင်းလည်း။ ဟောတိ၊ဖြစ်၏။ ကမ္မာသံပိ၊ ကြောင်ခြင်း,ကျားခြင်းလည်း။ ဟောတိ၊ဖြစ်၏။ ဗြာဟ္မဏာ၊ပုဏ္ဏားတို့။ အယံ၊ ဤနောက်၌ ဘဝအမြော်နှင့်ပြုသော ရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်သည်ကိုပြု၍။ ဗြဟ္မစရိယံ၊ ရဟန်းတရားကို။ စရတိ၊ ကျင့်သောရဟန်းဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။

သော၊ ထိုရဟန်းသည်။ မေထုနေနသညောဂေန၊ မေထုန်သံယောဇဉ်နှင့်။ သညုတ္တော၊ ဘွဲ့နှောင်လျက်နေသည်။ ဟောတိ၊ ဖြစ်၏။သော၊ ထိုနှလုံး၌ မေထုန်သံယောဇဉ်ကြိုး ချည်တုပ်ဘွဲ့နှောင်လျက်ရှိသေးသော ရဟန်းသည်။ ဇာတိယာ၊ ဇာတိဒုက္ခမှငင်း။ ဇရာယ၊ ဇရာဒုက္ခမှငင်း။ မရဏေန၊ မရဏဒုက္ခမှငင်း။ သောကေဟိ၊ သောကဒုက္ခတို့မှငင်း။ ပရိဒေဝေဟိ၊ ပရိဒေဝဒုက္ခတို့မှငင်း။ ဒုက္ခေဟိ၊ ကာယိကဒုက္ခတို့မှငင်း။ ဒေါမနဿေဟိ၊ စေတသိကဒုက္ခတို့မှငင်း။ ဥပါယာသေဟိ၊ ဥပါယာသဒုက္ခတို့မှငင်း။ နပရိမုစ္စတိ၊ မလွတ်နိုင်သေး။ ဒုက္ခသ္မာ၊ အပါယဒုက္ခစသော ဒုက္ခအမျိုးမျိုးမှ။ အပရိမုတ္တောဣတိ၊ မကျွတ်နိုင်,မလွတ်နိုင်သေးသော ရဟန်းဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤသို့ဟောတော်မူသော သတ္တနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်ကို မြင်သဖြင့် နောက်၌ဘဝအမြော်ထား၍ ကျင့်သောရဟန်း၏ အကျင့်သည်

www.dhammaransi.com



မေထုန်အလို့ငှါပင် ဖြစ်ရကား-နောင်ဖြစ်ရလတ္တံ့သော လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တသာယာခြင်းအမှုသည်လည်း မေထုန်တပါးမည်သတည်း၊ ဤသတ္တနိပါတ်ပါဠိတော်လာ မေထုနဓမ္မ ၇-ပါးနှင့် မဂ်ချင်းချင်းအတွေ့ကို သာယာခြင်းဟူသော မဂ္ဂေန မဂ္ဂပဋိပတ္တိအဓိဝါသနမေထုန်ကြီးကိုပေါင်းသည်ရှိသော် မေထုနဓမ္မ၈-ပါးဖြစ်၏။

ထို၈-ပါးတို့တွင် ဥပသမ္ပန္နေန ဘိက္ခုနာမှစ၍ အန္တမသော တိရစ္ဆာနဂတာယပိ တိုင်အောင်သောပါဠ်တို့၌ ထိုမေထုန် ၈-ပါးလုံးတို့ကိုပင် ယူအပ်ကုန်၏၊ ယောဘိက္ခု အစရှိသော အလယ်စကားရပ်တို့၌မူကား-အန္တိမဝတ္ထုဖြစ်သော မဂ္ဂေန မဂ္ဂပဋိပတ္တိအဓိဝါသနမေထုန်တခုကိုသာ ယူအပ်၏၊ နောက်သိက္ခာပုဒ်၌ ရှေးဦးစွာ တိဏ္ဏသလာကအဒိန္နာဒါန်ကိုဟောပြီးမှ ယောဘိက္ခုစသည်၌ အန္တိမဝတ္ထုလောက်သော ပါဒပါဒါရဟအဒိန္နာဒါန်ကို ဟောသည်ကိုမြော်ပါ၊ ''တန္တေ-ယာဝဇီဝံ အကရဏီယံ'' ဟူသော နောက်ဆုံး စကားရပ်၌ကား-မေထုန် ၈-ပါးလုံးကိုပင် ယူအပ်၏၊နောက်သိက္ခာပုဒ် ၃-ပါးတို့၌လည်း ဤနည်းအတိုင်းသိရမည်။

''အသမဏော၊ အသကျပုတ္တိယော''ဟူရာ၌ ရဟန်းသည် ပရမတ္ထရဟန်း,သမ္မုတိရဟန်းဟူ၍ ၂-ပါးရှိသည်၊ ဘုရား၏သားတော်သည်လည်း ပရမတ္ထသားတော်,သမ္မုတိသားတော်ဟူ၍ ၂-ပါးရှိသည်၊အရိယာပုဂ္ဂိုလ် ၈-ယောက်သည် ပရမတ္ထရဟန်းမည်၏၊ပရမတ္ထသားတော်မည်၏၊ မြတ်စွာဘုရား၏ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ဘတ်ရွတ်သမုတ်၍ဖြစ်သော ပုထုဇဉ်ရဟန်းစုသည် သမ္မုတိရဟန်း, သမ္မုတိသားတော်မည်၏၊ ထိုပုထုဇဉ်ရဟန်းသည် အရိယာအဖြစ်သို့ ရောက်ပေမူကား-ပရမတ္ထသမ္မုတိ ၂-ဘက်၌ပင် ဝင်ပေ၏။

မြတ်စွာဘုရား၏ ရင်၌ဖြစ်သော တရားဒေသနာကိုကြားနာ၍ ကျင့်၍ အရိယာအဖြစ်သို့ရောက်သော ပရမတ္ထရဟန်း, ပရမတ္ထသံဃာသည် ဩရသပုတ္တမြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ် ဖြစ်ပေသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ဥပသမ္ပန္နအဖြစ်သို့ ရောက်သော ပုထုဇဉ်သမ္မုတိရဟန်းသံဃာ

www.dhammaransi.com



များသည်လည်း ဩရသပုတ္တမြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သား တော်စစ်ပင် ဖြစ်ပေသည်ဟု မှတ်အပ်၏။

အဘယ့်ကြောင့်နည်းဟူမူ အရိယာဖြစ်ကြောင်းဖြစ်သော စတုသစ္စ ဒေသနာတရားသည်လည်း မြတ်စွာဘုရား၏ရင်၌ဖြစ်သည် မှန်သကဲ့သို့ ဥပသမ္ပန္နဖြစ်ကြောင်းဖြစ်သော ဉတ္တိစတုတ္ထကမ္မဝါစာတော်သည်လည်း မြတ်စွာဘုရား၏ ရင်၌ဖြစ်သည် အမှန်ပင်ဖြစ်သတည်း။

ထို့ကြောင့် ဤဉတ္တိစတုတ္ထကမ္မဝါစာတော်ဖြင့် ဥပသမ္ပန္န အဖြစ်သို့ ရောက်သော ယခုရှိကြသော ပုထုဇဉ်သမ္မုတိ ရဟန်းတို့ကို မြတ်စွာ ဘုရား၏သားတော်အစစ်မဟုတ်ဟု မဆိုထိုက်၊ သားတော်အစစ်တမျိုး ဖြစ်ပေသည်ဟူ၍သာ ဆိုထိုက်ပေသည်ဟု မှတ်အပ်၏။

သီတင်းငယ်သော အရိယာရဟန်းသည် သီတင်းကြီးသော ပုထုဇဉ် ရဟန်း၏ နောက်နေရသည်၊ နိမ့်ရာ၌နေသည်၊ ရှိခိုးခြင်းစသည်ကိုပြုရ သည်များကိုမြော်လေ။

အဆုံး၌ "အကရဏီယံ" ဟူသောပုဒ်ကို အနက် ၆-ချက်ပေး သည်မှာ အနီယ-ပစ္စည်းသည် ကိစ္စ-ပစ္စည်းဖြစ်ပေ၍ ကံအနက်၊ အရဟ အနက်၊ သက္ကအနက်၊ ပေသအနက်။ အတိသဂ္ဂအနက်၊ ပတ္တကာလ အနက်တို့ကို အစဉ်အတိုင်း ပေးလိုက်သည်။ ။ပြီး၏။

၂။ ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ တိဏသလာကံ၊ မြက်ဝါး ခြမ်းကို။ ဥပါဒါယ၊ အစပြု၍။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ် ဖြင့်မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ၊ခိုးတတ်, စဉ်းလဲတတ်သောသူ၏အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ နအာဒါတဗ္ဗံ၊ မယူအပ်။ ယောဘိက္ခု၊ သည်။ပါဒံဝါ၊ဆယ်မူးရေ ရွှေစင်တမတ်ကိုလည်းကောင်း။ ပါဒါရဟံဝါ၊ ဆယ်မူးရေ ရွှေစင်တမတ်ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုလည်းကောင်း။ အတိရေကပါဒံဝါ၊ ဆယ်မူးရေ ရွှေစင်တမတ်ထက် လွန်သော အကပ္ပိယဘဏ္ဍာ၊ဆယ်မူးရေ ရွှေစင်တမတ်ထိုက်သော ဘဏ္ဍာ ထက်လွန်သော အဘိုးထိုက်သော ကပ္ပိယဘဏ္ဍာကို လည်း

www.dhammaransi.com



ကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ၊ခိုးတတ်, စဉ်းလဲတတ်သောသူ၏အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ အာဒိယတိ၊ ခိုးယူမိအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ နှိုင်းခိုင်းစရာ ဥပမာကား။ ဗန္ဓနာ၊ အညှာအတွဲမှ။ ပဝုတ္တော၊ ကြွေကျလေပြီးသော။ ပဏ္ဍုပလာသော၊ သစ်ရွက်လျှော်သည်။ ဟရိတတ္တာယ၊ စိမ်းရှင်ပြန်ခြင်းအကျိုးငှါ။ အဘဗ္ဗော၊မထိုက်လေသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊သည်။ ပါဒံဝါ၊ကိုငင်း။ ပါဒါရဟံဝါ၊ ကိုငင်း။ အတိရေကပါဒံဝါ၊ ကိုငင်း။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယိတွာ၊ ခိုးယူမိသည်ဖြစ်၍။ ဝါ၊ ခိုးယူမိသည်ရှိသော်။ ဝါ၊ ခိုးယူမိသောကြောင့်။ အသမဏော၊သည်။ ဝါ၊သည်။ အသကျပုတ္တိယော၊သည်။ ဝါ၊ သည်။ ဟောတိ၊၏။ တံ၊ ထိုသူတပါးဥစ္စာကို ခိုးယူခြင်းအမှုများကို။ တေ-တယာ၊သည်။ ယာဝဇီဝံ၊ဆုံး။ အကရဏီယံ၊အပ်။ ဝါ၊ထိုက်။ ဝါ၊ကောင်း။ ဝါ၊ လင့်။ ဝါ၊ဟုတ်ပေ။ဝါ၊ပေတည်း။

အဒိန္နာဒါန်သည် ၄-ပါးရှိကြောင်းကို ဒသကနိပါတ်အင်္ဂုတ္တိုရ်၌ ဟောတော်မူလေသည်။

၄-ပါးဟူသည်ကား—

၁။ မိမိကိုယ်တိုင်ယူခြင်းတပါး,

၂။ သူတပါးကို တိုက်တွန်းနှိုးဆော်ခြင်းတပါး,

၃။ သူတပါးယူသည်၊ ရသည်ကို ဝမ်းမြောက်ခြင်းတပါး,

၄။ အဒိန္နာဒါန်နှင့်ရသည်ကို ချီးမွမ်းခြင်းတပါး—

''အသမဏော အသကျပုတ္တိယော''တို့၌အသဒ္ဒါ၏ ယဒိသအနက်။ ဂရဟအနက်တို့ကိုရည်၍ ဆိုခဲ့ပြီးသောအနက်တို့ကိုပေးသည်။

www.dhammaransi.com



အသမဏော၊ ရဟန်းကောင်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော ရဟန်းသည်။ ။(ဝိရုဒ္ဓအနက်။)

ဥပုသ်ပဝါရဏာစသောကံကြီး,ကံငယ်တို့ကိုဍင်း၊အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂအမှုတို့ကိုဍင်း၊ ရဟန်းကောင်းတို့နှင့် အတူတကွပြုခြင်းငှါ မထိုက်ပေရကား-ရဟန်းကောင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်မည်၏။

အသမဏော၊ ရဟန်းကောင်းအဖြစ်မှ တားမြစ်အပ်သော သူသည်။ ။(ပဋိသေဓအနက်။)

အသမဏော၊ ရဟန်းကောင်းအဖြစ်မှ ဆိတ်သောသူသည်။ ။(သုညအနက်။)

အသမဏော၊ သိက္ခာသီလမရှိ အသွင်အပြင်မျှသာ ရှိသည်ဖြစ်၍ သေးနုပ်သောရဟန်းသည်။ ။(အပ္ပကအနက်။)

အသမဏော၊ရဟန်းသိက္ခာမှကင်းသောသူသည်။(ဝိရဟအနက်။)

အသမဏော၊ရဟန်းသိက္ခာမရှိသောသူသည်။ ။(အဘာဝအနက်။)

အသမဏော၊ ရဟန်းကောင်းတို့မှ အသီးအခြား တပါးတပုံဖြစ်သောသူသည်။ ။(အညအနက်။)

အသကျပုတ္တိယော၌လည်း ထို့အတူ။ပြီး၏။

၃။ ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။သဉ္စိစ္စ၊ ဝဓက-စေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ အန္တမသော၊ ဖြင့်။ ကုန္ထကိပိလ္လိကံ၊ ခြပုံး, ပိုးရွကို။ ဥပါဒါယ၊ ၍။ ပါဏော၊ သတ္တဝါကို။ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊မချအပ်။ ယောဘိက္ခု၊ သည်။ သဉ္စိစ္စ၊ ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍။ အန္တမသော၊ ဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ချခြင်းအမှုကို။ ဥပါဒါယ၊ ၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ရှိသောသူ၏ ကိုယ်ကောင်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချမိအံ့။ သောဘိက္ခု၊ သည်။ အသမဏော၊ သည်။ ဝါ၊ သည်။ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဝါ၊သည်။ဟောတိ၊၏။

သေယျထာပိနာမ၊ ကား။ ဒွေဓာ၊ နှစ်ဘို နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထုသိလာ၊ ကြီးစွာသော ကျောက်ဖြာ

www.dhammaransi.com



ကျောက်လုံးသည်။ အပ္ပဋိသန္တိကာ၊ အသစ်တဖန် စေ့စပ်ပြန်ခြင်းငှါ မတတ်ကောင်းသည်။ ဟောတိ၊ ဖြစ်လေဘိသကဲ့သို့။ ဝေမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သဉ္စိစ္စ၊ ၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေတွာ၊ ချမိသည် ဖြစ်၍။ ဝါ၊ ချမိသည်ရှိသော်။ ဝါ၊ ချမိလေသောကြောင့်။ အသမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုဇီဝိတိန္ဒြေမှချခြင်းအမှုများကို။ တေ-တယာ၊ သည်။ ယာဝဇီဝံ၊ ဆုံး။ အကရဏီယံ၊ အပ်။ ဝါ၊ ထိုက်။ ဝါ၊ ကောင်း။ ဝါ၊ လင့်။ ဝါ၊ ဟုတ်ပေ။ ဝါ၊ ပေတည်း။

ပါဏာတိပါတတို့ကိုလည်း ၄-ပါးပင်ဟောသည်။

၄-ပါးဟူသည်ကား—

၁။ မိမိကိုယ်တိုင်သတ်ခြင်းတပါး,

၂။ သူတပါးကို နှိုးဆော်တိုက်တွန်းခြင်းတပါး,

၃။ သူတပါးသတ်၍ သေသည်ဆိုလျှင်ဝမ်းမြောက်ခြင်းတပါး,

၄။ သေအောင်သတ်နိုင်ပေသည်ကို ချီးမွမ်းခြင်းတပါး—

မိမိကိုယ်ကို မိမိသတ်ခြင်းအမှုသည်ကား- ရဟန်းမှာလည်း ပါရာဇိကကျသောအမှုပင်မဟုတ်၊ လူမှာလည်း ပါဏာတိပါတ ကမ္မပထမြောက်သော အမှုပင်မဟုတ်၊ မသင့်သောအကြောင်းနှင့် သတ်လေလျှင် ရဟန်းမှာဒုက္ကဋ်သင့်၏၊ လူမှာအပြစ်မဆိုလောက်၊ သင့်သောအကြောင်းနှင့် မိမိကိုယ်ကို မိမိသတ်ပေလျှင် ရဟန်းမှာပင်အပြစ်မရှိ၊ သို့ဖြစ်၍ ပါဏောဟူသောပုဒ်၌ "မိမိမှတပါးသောသတ္တဝါကို"ဟု ပေးသင့်ငြားသော်လည်း မသင့်သောအကြောင်းနှင့် သတ်သည်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုလည်း ပါစေခြင်းငှါ "ပါဏော၊ သတ္တဝါကို"ဟု သာမညသာပေးသည်။ ။ပြီး၏။

၄။ ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တမသော၊ ဖြင့်။ သုညာဂါရေ၊ ဆိတ်ငြိမ်သောကျောင်း၌။ အဘိရမာမိ၊ အလွန်မွေ့လျော်၏။ ဣတိ၊ ဤသို့သောစကားကို။ ဥပါဒါယ၊ အစပြု၍။ ဥတ္တရိမနုဿဓမ္မော၊ ဈာနလာဘီ, အဘိညာလာဘီ ဖြစ်သော

www.dhammaransi.com



ပုထုဇဉ်ပုဂ္ဂိုလ်,အရိယာပုဂ္ဂိုလ်ဟုဆိုအပ်သော မြင့်မြတ်သော လူတို့၏ဥစ္စာဖြစ်သောဂုဏ်ကျေးဇူးများကို။ ဝါ၊ ပကတိလူတို့၌ ဖြစ်နိုင်သော ဒါန,သီလစသော ကာမာဝစရ ကုသိုလ်တို့ထက် မြင့်မြတ်သော မဟဂ္ဂုတ်လောကုတ္တရာတရားများကို။ နဥလ္လပိ-တဗ္ဗော၊ ငါရသည်, ငါ၌ရှိသည်,ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါကြွားကြွား မပြောကြားအပ်။ ယောဘိက္ခု၊ သည်။ ပါပိ-စ္ဆော၊ ယုတ်မာသော အလိုရမ္မက် ရှိသည်ဖြစ်၍။ ဣစ္ဆာပက-တော၊ အလိုရမ္မက်သည် နှိပ်စက် ဘိစီးအပ်သည် ဖြစ်၍။ အ-သန္တံ၊ မိမိကိုယ်၌ ထင်ရှားမရှိသော။ အဘူတံ၊ မိမိသန္တာန်၌ တရံတဆစ်မျှမဖြစ်စေဘူးသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဝါ၊ ကို။ ဥလ္လပတိ၊ ငါရသည်,ငါ၌ရှိသည်,ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့။ ဈာနံဝါ၊ ဈာန်လေးပါး, ဈာန်ငါးပါးကိုဍင်း။ ဝိမောက္ခံဝါ၊ လောကီဝိမောက္ခဈာန် ရှစ်ပါး,လောကုတ္တရာဝိမောက္ခသုံးပါးကိုဍင်း။သမာဓိံဝါ၊လောကီ သမာဓိ,လောကုတ္တရာသမာဓိကိုဍင်း။ သမာပတ္တိံဝါ၊ လောကီ သမာပတ်, လောကုတ္တရာ သမာပတ်ကိုဍင်း။ မဂ္ဂံဝါ၊ လောကုတ္တရာမဂ်လေးပါးကိုဍင်း။ ဖလံဝါ၊ လောကုတ္တရာ ဖိုလ် လေးပါးကိုဍင်း။ ဥလ္လပတိ၊ အံ့။ သောဘိက္ခု၊ သည်။ အသမ-ဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဝါ၊သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ကား။ မတ္ထကစ္ဆိန္နော၊လည်ဆစ်လည်သီး ပြတ်လေပြီးသော။ တာလော၊ ထန်းပင်သည်။ ပုနဝိရုဠ္ဟိယာ၊ တဖန် ပေါက်ရောက်စည်ပင်ပြန်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက် သကဲ့သို့ ။ဝေမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါပိစ္ဆော၊ ဖြစ်၍။ ဣစ္ဆာပကတော၊ ဖြစ်၍။ အသန္တံ၊ သော။ အဘူတံ၊ သော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပိတွာ၊ မိ၍။ ဝါ၊ မိသည်ရှိသော်။ ဝါ၊ မိသောကြောင့်။ အသမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုဈာန်မဂ်ဖိုလ် တရားကို ပြောကြားခြင်း

www.dhammaransi.com



အမှုများကို။ တေ-တယာ၊သင်-ပဥ္စင်းသစ်သည်။ယာဝဇီဝံ၊ဆုံး။ အကရဏီယံ၊ အပ်။ ဝါ၊ ထိုက်။ ဝါ၊ ကောင်း။ ဝါ၊ လင့်။ ဝါ၊ ဟုတ်ပေ။ ဝါ၊ ပေတည်း။

ပုဗ္ဗာပရ၊ သမာနနှင့်၊လႏ္ဒဏာဟေတု၊ ငါးခုအတ္ထ၊သက်အပ်စွ၊ တုန,တွာန,တွာ။

ဟူသောရှေးဆရာတို့စကားနှင့်အညီ၊ ပဋိသေဝိတွာ၊ အာဒိယိတွာ၊ ဝေါရောပေတွာ၊ ဥလ္လပိတွာ၊ ဟူသောလေးပုဒ်တို့၌ အနက်သုံးချက်စီပေးလိုက်သည်။

အကရဏီယ ၄- ပါးကို ကြားခြင်းဟူသော အပရကိစ္စကို ပြုရသည်မှာ ရဟန်းပြုစကာလ၌ ရဟန်းသိက္ခာတို့ကို မသိနိုင်သေးသည်နှင့် တပါးသောသိက္ခာတို့ကို လွန်ကျူးမိသည်ရှိသော် ကုစား၍ ပကတိဖြစ်အောင် တတ်ကောင်းသေး၏၊ ဤ ၄-ပါးကို လွန်ကျူးမိသည်ရှိသော် ကုစားခြင်းငှါ မတတ်ကောင်း၊ တပါးသော အမှုတို့ထက် ဤ ၄-ပါးသော အမှုတို့ကို အရင်သိနှင့်မှ သင့်မြတ်မည် ဖြစ်သောကြောင့်၎င်း၊ တပါးသော အာပတ်အပြစ်တို့ အငြိအစွန်း ရှိသော်လည်း ဤ ၄-ပါး လုံခြုံခဲ့သည်ရှိသော် သဒ္ဓါဒေယျ လှူဒါန်းသော ပစ္စည်းပတ္တုများကို ခံယူသုံးဆောင်ခြင်းငှါထိုက်သော သီလဝန္တပုဂ္ဂိုလ်ပင် ဖြစ်ပေသည်၊ ဒုဿီလပုဂ္ဂိုလ်မဆိုရပေ၊ ဤအကြောင်းကြောင့်၎င်း၊ ဤ ၄-ပါးကိုသာရှေးဦးစွာ ကြားအပ်သတည်း။ ဒုတိယအပရကိစ္စပြီး၏။

အကရဏီယ ၄-ပါးကို ကြားခြင်းဟူသော<br>အပရကိစ္စစီရင်ခဏ်း ပြီး၏။

**နိဂုံးချုပ်စကား။** ။ ရဟန်းခံခြင်း ကိစ္စ၌အကြီးအမှူးပြုသော သူတို့ သိကျွမ်းလိမ်မာရန် ပုဗ္ဗကရဏ၄-ပါး၊ ပုဗ္ဗကိစ္စ ၁၀-ပါး၊ပဓာနကိစ္စ ၁-ပါး၊ အပရကိစ္စ အကျဉ်း ၃-ပါး၊ အကျယ်၉-ပါးတို့ကို အနက် အဓိပ္ပါယ် အကျိုးအပြစ်နှင့်တကွ ပြဆိုအပ်သော၍စာတမ်းကို ဂေါဇာသက္ကရာဇ် ၁၂၅၃-ခု သာသနာနှစ် ၂၄၃၅-ခု ပဌမဝါဆိုလဆန်း ၄-ရက်တွင် မုံရွာမြို့ လယ်တီ တောကျောင်းဆရာငါသည် စီရင်ပြီးစီးစေအပ်သတည်း။

ဤတွင်ရွှေ့ကား-ဥပသမ္ပဒဝိနိစ္ဆယကျမ်းပြီး၏။

www.dhammaransi.com



# သသင်္ခါရ, အသင်္ခါရဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဋိညာဉ်

ရူပဈာန်စိတ်, အရူပဈာန်စိတ်, လောကုတ္တရာ ဈာန်စိတ်များသည် သသင်္ခါရိကပင် ဖြစ်မည်၊ အသင်္ခါရိက ပင်ဖြစ်မည်၊ နှစ်ပါးစုံပင်ဖြစ်မည်၊ နှစ်ပါးစုံမှ အလွတ်ပင်ဖြစ်မည်ကို အသေအချာ မှတ်သားလိုပါကြောင်းနှင့် လှေကူးရွာ တရုပ်တန်းရပ်နေ ဟကာ တောက်က လျှောက်ထားတောင်းပန်သည်ဖြစ်၍ ကျမ်းဂန်အဆို ကိုယ်သဘောကျ နှစ်ဌာနကိုထုတ်ပြ ဆုံးဖြတ်လိုက်ပေအံ့ သတည်း။

### ဋီကာဝါဒပြဆိုချက်

ရူပဈာန်စိတ်, အရူပဈာန်စိတ်, လောကုတ္တရာ ဈာန်စိတ်များသည် သသင်္ခါရိကပင် ဖြစ်သည်ဟူ၍၎င်း၊ အသင်္ခါရိကပင်ဖြစ်သည်ဟူ၍၎င်း၊ နှစ်ပါးစုံပင်ဖြစ်သည်ဟူ၍၎င်း၊ နှစ်ပါးစုံမှ အလွတ်ပင်ဖြစ်သည်ဟူ၍၎င်း အဘိဓမ္မာပါဠိတော်, သုတ္တန်ပါဠိတော်, အဘိဓမ္မာအဋ္ဌကထာ, သုတ္တန် အဋ္ဌကထာတို့၌ တိုက်ရိုက်အားဖြင့်အလာမရှိ။

သိင်္ဂိုဠ်ကျွန်းတွင် အရှင်သုမင်္ဂလသာမိ မထေရ် စီရင်သော အဘိဓမ္မတ္ထဝိဘာဝနီခေါ်သော ဋီကာကျော်ကျမ်း၌ကား—

www.dhammaransi.com



သဗ္ဗသောပိ ဈာနသော ပရိကမ္မသင်္ခါတပုဗ္ဗာဘိသင်္ခါ ရေန- ဝိနာ ကေဝလံ အဓိကာရဝသေန အနုပ္ပဇ္ဇနတော အသင်္ခါ- ရိကန္တိပိ,အဓိကာရေန စ ဝိနာ ကေဝလံ ပရိကမ္မာဘိသင်္ခါရေ- နေဝ အနုပ္ပဇ္ဇနတော သသင်္ခါရိကန္တိပိ နသက္ကာ ဝတ္တုန္တိ။အထ- ဝါ၊ပုဗ္ဗာဘိသင်္ခါရဝသေနေဝ ဥပ္ပဇ္ဇမာနသော၊နကဒါစိ အသင်္ခါရိ- ကဘာဝေါသမ္ဘဝတီတိ အသင်္ခါရိကန္တိ စ ဗျဘိစာရာဘာဝတော သသင်္ခါရိကန္တိ စ နဝုတ္တန္တိ။ ။ဤသို့လာ၏။

**အနက်ကား။** ။သဗ္ဗသောပိ၊ အလုံးစုံလည်းဖြစ်သော။ ဈာနသော၊ ဈာန်စိတ်၏။ ပရိကမ္မသင်္ခါတပုဗ္ဗာဘိသင်္ခါရေန၊ ပထဝီ ပထဝီ စသည် ဖြင့် စီးဖြန်းအားထုတ်ခြင်း ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရနှင့်။ ဝိနာ၊ကင်း၍။ ကေဝလံ၊သက်သက်။ အဓိကာရဝသေန၊ ရှေးရှေးသော ဘဝတို့၌ သမထကမ္မဋ္ဌာန်းကိုကြိုးပမ်းအားထုတ်ခဲ့ခြင်း ဟူသောအဓိကာ ရ၏အစွမ်းဖြင့်။အနုပ္ပဇ္ဇနတော၊ မဖြစ်နိုင်ခြင်းကြောင့်။အသင်္ခါရိကန္တိပိ၊ အသင်္ခါရိကဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ အဓိကာရေန၊ ဆိုခဲ့ပြီးသောအဓိကာရနှင့်။ ဝိနာစ၊ ကင်း၍လည်း။ ကေဝလံ၊သက်သက်။ ပရိကမ္မာဘိသင်္ခါရေနေဝ၊ ဆိုခဲ့ပြီးသော ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရဖြင့်သာလျှင်။ အနုပ္ပဇ္ဇနတော၊မဖြစ်နိုင်ခြင်း ကြောင့်။ သသင်္ခါရိကန္တိပိ၊ သသင်္ခါရိကဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိ၊ဤကား-တနည်းအဖြေတည်း။

ဤအဖြေ၏ အလိုစကားကျ ပိဏ္ဍတ္ထကား-သသင်္ခါရိက, အသင်္ခါ ရိက ဟူရာတို့ရာ၌ သင်္ခါရဟူသည်ကား-ပုဗ္ဗာဘိသင်္ခါရကို ဆိုသတည်း၊ ပုဗ္ဗာဘိသင်္ခါရနှင့် ပုဗ္ဗပယောဂ အတူတူပင်၊ဤဈာန်အရာ၌ ပထဝီ ပထဝီ စသည်ဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်း ပယောဂသည် သင်္ခါရ ပင်တည်း၊ ဈာန်စိတ်ဟူက ထိုသင်္ခါရနှင့် ကင်း၍ဖြစ်သည် မရှိလေသော ကြောင့် အသင်္ခါရိက ဆိုခွင့်မရှိ၊ ထိုသင်္ခါရနှင့် တကွသာ ဖြစ်သော ကြောင့် သသင်္ခါရိကဆိုရမည်လည်း၊ ထိုသင်္ခါရ အစွမ်းသက်သက်နှင့် ဖြစ်နိုင်သည်မဟုတ်၊ ရှေးရှေးသော ဘဝတို့၌ ဘုရားသာသနာ၌သော်၎င်း၊ ရသေ့တို့ သာသနာ၌သော်၎င်း၊ ကြိုးကြိုက်၍ သမထကမ္မဋ္ဌာန်းကို

www.dhammaransi.com



ကြိုးပမ်းအားထုတ်ခဲ့ဘူးသော အဓိကာရ ဥပနိဿယခံရှိမှဖြစ်နိုင်သော ကြောင့် သသင်္ခါရိကဆိုခွင့်လည်းမရှိ။

စင်စစ်မူကား-ဤဈာန်စိတ်သည် သသင်္ခါရိက,အသင်္ခါရိက နှစ်ပါး စုံမှ အလွတ်သာတည်းဟူလိုသည်။ ။ဤကား-ပိဏ္ဍတ္ထ။

အထဝါ၊ တနည်းမူကား။ ပုဗ္ဗာဘိသင်္ခါရဝသေနေဝ၊ဆိုခဲ့ပြီးသော ပရိကံဟုဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းဖြင့်သာလျှင်။ ဥပ္ပဇ္ဇမာ- နဿ၊ ဖြစ်နိုင်သောဈာန်စိတ်၏။ကဒါစိ၊ တရံတဆစ်၌။ အသင်္ခါရိက- ဘာဝေါ၊ အသင်္ခါရိကအဖြစ်သည်။ နသမ္ဘဝတိ၊ ဖြစ်ခွင့်မရှိ။ ဣတိ၊ ထို့ကြောင့်။ အသင်္ခါရိကန္တိစ၊ အသင်္ခါရိကဟူ၍လည်း။ နဝုတ္တံ၊ အရှင်အနုရုဒ္ဓါဆရာဆိုတော်မမူအပ်။ ဗျာဘိစာရာဘာဝတော၊အသင်္ခါ ရိကအနေနှင့်လျှဉ်းပါးဘွယ်မရှိသောကြောင့်။သသင်္ခါရိကန္တိစ၊သသင်္ခါ ရိကဟူ၍လည်း။နဝုတ္တံ၊ အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မမူအပ်။ ဣတိ၊ ဤကား-တနည်းအဖြေတည်း။

ဤအဖြေ၏အလိုစကားကျ ပိဏ္ဍတ္ထကား-ဈာန်စိတ်သည် စီးဖြန်း ခြင်း ပရိကံဟု ဆိုအပ်သော သင်္ခါရရှိမှ ရကောင်းသောကြောင့် သသင်္ခါရိကချည်းသာ စင်စစ်တည်း၊ အသင်္ခါရိက မသိသာ၊ သို့သော် သသင်္ခါရိကဟု အရှင်အနုရုဒ္ဓါဆရာ ဆိုပါတော့လောဟူမူဆိုခွင့်မရှိ။

ကျီးဟူက အနက်သာရှိသည်၊ ကျီးဖြူဟူ၍မရှိ၊ထို့ကြောင့် ကျီးနက် ပျံလေ၏၊ ကျီးနက်နားလေ၏ဟု အထူးဘော်၍ဆိုခွင့်မရှိရကား- ကျီး ပျံလေ၏၊ ကျီးနားလေ၏၊ ဤသို့သာဆိုကြရသတည်း၊ ထိုသို့ပင်ဆို သော်လည်း ကျီးဆိုလျှင် အနက်သာတည်းဟု ကေန်စင်စစ်သိရတော့ သည်၊ ထို့အတူ ဈာန်ဆိုလျှင် သသင်္ခါရိကသာတည်းဟု ကေန်စင်စစ် သိကြရကား-သသင်္ခါရိကဈာန်ဟူ၍ ဘော်၍ ဆိုခွင့်မရှိ၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာဘော်၍ မဆိုပေသတည်း။

စင်စစ်မူကား- ဤဈာန်စိတ်ဟူသမျှသည် သသင်္ခါရိကသာအမြဲ တည်းဟူလိုသည်။ ။ဤကား-ပိဏ္ဍတ္ထ။

www.dhammaransi.com



ဤဋီကာအလိုအားဖြင့် တကာငတောက်မေးလျှောက်သောစကား ၄-ခွန်းတွင် အသင်္ခါရိကပင်ဖြစ်မည်၊ ၂-ပါးစုံပင် ဖြစ်မည်ဟူသော အမေး၂-ခွန်းကိုပယ်၍ သသင်္ခါရိကပင်ဖြစ်မည်၊ ၂-ပါးစုံမှအလွတ် ပင်ဖြစ်မည်ဟူသော အမေး၂-ခွန်းကို ခွင့်ပြုသည်၊ ၂-ပါးစုံမှ အလွတ် သော်လည် ဆိုတော့၊ တနည်း၊ သသင်္ခါရိကသာဟူ၍သော်လည်း ဆို တော့ ဟူလိုသည်။ ။ဤကား-ကျမ်းဂန်အဆိုတည်း။

ဤဋီကာအရှင့် အဆုံးအဖြတ်သည် အချို့ကျမ်းဂန်တပါးနှင့် မညီ၊ အချို့သဘောယုတ္တိမရှိသောကြောင့် မသင့်မြတ်လေ။

အချို့ကျမ်းဂန်တပါးနှင့် မညီဆိုရာ၌ မညီပုံကား-မဂ်ဖိုလ်ကိုရခြင်း သည် ရှေးရှေးသော ဘဝတို့က ဖြည့်ကျင့်ပြီးသော ပါရမီအဓိကာရ ဥပနိဿယရှိမှရထိုက်သည်၊ အဓိကာရဥပနိဿယမရှိမူ မရထိုက်ဟူရ သကဲ့သို့ ဤရူပဈာန်, အရူပဈာန်များသည်လည်း အဓိကာရ ဥပ နိဿယ အစုံရှိမှ ရထိုက်သည်ဟူသော စကားသည် အဋ္ဌကထာကြီး များနှင့်မညီ၊ အဋ္ဌကထာကြီးတို့၌ကား- မဂ်ဖိုလ်မှာသာ ပါရမီအဓိ- ကာရရှိမှ ရထိုက်သည်၊မရှိလျှင် မရထိုက်၊ ဈာန်အဘိညာဏ်သမာပတ် တို့မှာမူကား- ရှေးအဓိကာရဥပနိဿယမလို၊ အဓိကာရမရှိသော် လည်း အန္တရာယိကဓမ္မကင်းရှင်းသူဖြစ်၍ ရလောက်အောင် အား ထုတ်နိုင်ပါမူ သာသနာတွင်းဖြစ်စေ, သာသနာပဖြစ်စေ ရထိုက်၏၊ ဧကန်ဟု ကျမ်းဂန်တိုက်ရိုက်လာသတည်း။

## အဓိကာရကိုပြဆိုချက်

ယော စ သမထေ အကတာဓိကာရော၊တဿ ဒုက္ခာပဋိ- ပဒါ ဟောတိ၊ ကတာဓိကာရဿ သုခါ။

[အဋ္ဌသာလိနီ ဝိသုဒ္ဓိမဂ်နှစ်ကျမ်း။]

အဓိပ္ပါယ်ကား-ရှေးရှေးဘဝတို့၌ သမထကမ္မဋ္ဌာန်းကိုအားထုတ် ခဲ့ဘူးသည်ဖြစ်၍ အဓိကာရဥပနိဿယ အခံမရှိသောပုဂ္ဂိုလ်သည် ဒုက္ခာပဋိပဒါ ဈာန်,အဘိညာသမာပတ်တို့ကိုရသည် ဟူလိုသည်။

www.dhammaransi.com



၁။ ထိုမှတပါး အဓိကာရဥပနိဿယ အခံရှိဘူးသော ပုဂ္ဂိုလ်တို့မှာ အကတကသိုဏ်း၌ပင် နိမိတ်ထင်၍ ဈာန်ရကြောင်း။

၂။ အဓိကာရဥပနိဿယအခံမရှိဘူးသော ပုဂ္ဂိုလ်တို့မှာမူကား-ထုံးနည်းကျကျ စီရင်ပြုလုပ်အပ်သော ကတကသိုဏ်း၌သာ နိမိတ်ထင်၍ ဈာန်ရကြောင်း။

**မှတ်ချက်။** ။အဓိကာရ ဥပနိဿယအခံရှိဘူးသော ပုဂ္ဂိုလ်တို့မှာ စုဒ္ဒသာကာရစိတ္တဒမန အစီအရင်နှင့်ကင်း၍ အဘိညာဖြစ်ကြောင်း၊ အဓိကာရ ဥပနိဿယအခံမရှိဘူးသော ပုဂ္ဂိုလ်တို့မှာမူကား-ထိုအစီအရင်နှင့်အားထုတ်မှ အဘိညာဖြစ်ကြောင်းများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ တိုက်ရိုက်လာသောကြောင့် အဓိကာရရှိမှ ဈာန်ကိုရသည်ဟူသော ဋီကာကျော်ဆရာစကားသည် မသင့်ပုံသေတည်း။

တနည်းကား-အဓိကာရသည် ဝေးသောအဓိကာရ, နီးသောအဓိကာရဟူ၍၂-ပါးရှိ၏၊ထိုတွင် ရှေးဒုတိယဘဝ,တတိယဘဝအစရှိသော နီးသောဘဝတို့၌ အားထုတ်ခဲ့သော အဓိကာရ ရှိ,မရှိကိုသာ အစွဲပြု၍ အဓိကာရရှိသူ,မရှိသူဟု ကွဲပြားရသည်၊ အလုံးစုံသော သတ္တဝါတို့သည် တခုတခုသောမဟာကမ္ဘာကို ၄-ဘို့ ဘို့၍ ၃-ဘို့ခန့်ကာလပတ်လုံး ပြဟ္မာ့ပြည်၌သာ နေကြရသည်၊ တဘို့ခန့်ကာလ၌သာ ကာမ ၁၁-ဘုံ၌ဖြစ်ကြရကုန်သည်။

ဤကိုထောက်၍ ဝေးသောအဓိကာရကို အစွဲပြု၍ ဆိုရသော် သတ္တဝါတိုင်းပင် ဈာန်အဘိညာသမာပတ်နှင့် နေရသော ကာလသာများလေရကား- အဓိကာရမရှိဘူးသော သတ္တဝါဟူ၍ပင် မရှိသည့်ကို ရည်၍ ဋီကာရှင်ဆိုပေသည်ဟူမူ ဆိုတန်သေး၏။

သာသနာတော်တွင်း၌ လောကီဈာန်ကို မရနိုင်ဟူသော စကားသည်ကား-အလွန်တွေဝေလှသော အန္ဓဗာလတို့ စကားသာတည်း၊ အရာမဟုတ်လှ၍ အကျယ်မဆိုလိုက်ပြီ။ ။[တရပ်။]

www.dhammaransi.com

## ၁၇၂ သသင်္ခါရ, အသင်္ခါရဝိနိစ္ဆယကျမ်း

### ပုဗ္ဗာဘိသင်္ခါရကိုပြဆိုချက်

ငိုကာရှင်အဆုံးအဖြတ်သည် အချို့သဘောယုတ္တိမရှိဟူရာ၌ သဘော ယုတ္တိမရှိပုံကား-ဈာန်မဂ်ဖိုလ်မှုကို မဆိုထားနှင့်ဒါနမှု၌ပင် ယေဘု ယျအားဖြင့် တမတ်တန်ပြုသော ဒါနမှုထက် တကျပ်တန်ပြုသောဒါန မှုမှာ ပုဗ္ဗာဘိသင်္ခါရ ပုဗ္ဗပ္ပယောဂအားကြီးသည်၊ တကျပ်တန်ပြု သော ဒါနမှုထက် တဆယ်တန်ပြုသော ဒါနမှု၏ ပုဗ္ဗပ္ပယောဂအား ကြီးသည်၊တဆယ်တန်ထက် တရာတန်၊တရာတန်ထက် တထောင်တန်၊ တထောင်တန်ထက် တသောင်းတန်၊ တသောင်းတန်ထက် တသိန်း တန်ပြုသော ဒါနမှု၏ ပုဗ္ဗာဘိသင်္ခါရ ပုဗ္ဗပ္ပယောဂသည် အလွန်အား ကြီးသည်၊ ပုဗ္ဗာဘိသင်္ခါရပုဗ္ဗပ္ပယောဂနှင့်ကင်းသော ဒါနမှုမည်သည် မရှိ၊ထိုဒါနမှုထက် အဆအသိန်း,အသန်းမကဖြစ်ခဲလှသောဈာနဘာ- ဝနာ-မဂ္ဂဘာဝနာမှုများမှာမူကား-ဆိုဘွယ်ပင်မရှိ။

ထို့ကြောင့် ငိုကာရှင်အလိုအားဖြင့် ပုဗ္ဗာဘိသင်္ခါရနှင့် မကင်း သမျှကို သသင်္ခါရိကချည်းဆိုခဲ့သော် အလုံးစုံသော ကုသိုလ်စုသည် သသင်္ခါရိကချည်းသာ ဖြစ်၍ကုန်ရာ၏၊ အသင်္ခါရိကဟူ၍ပင်မရှိရာ။

သည်သာမကသေး။ ။သသင်္ခါရိကချည်း ဖြစ်၍ကုန်ရာတွင်မှလည်း တမတ်တန်ပြုသော ကုသိုလ်အောက် တကျပ်တန်ပြုသောကုသိုလ်သည် ယုတ်ညံ့၏၊ တကျပ်တန်အောက် တဆယ်တန်သည် ယုတ်ညံ့၏။လ။ တသိန်းတန်အောက် တသန်းတန်သည် ယုတ်ညံ့၏၊ ထိုအောက် ဈာန် မဂ် ကုသိုလ်စုသည် အလွန်ပင်ယုတ်ညံ့သည်ဟု ဆိုခွင့်ရှိရာသည်။

အဘယ့်ကြောင့်နည်း၊ လွယ်သောအမှုထက် ခဲယဉ်းသော အမှု၌ သသင်္ခါရိကဖြစ်ကြောင်း အဆင့်ဆင့်အားကြီးလေသောကြောင့်ငင်း၊ သသင်္ခါရိက ဖြစ်ကြောင်း အားကြီးရာ ယုတ်ညံ့ခြင်း အားကြီးသင့် လေသောကြောင့် ငင်းတည်း။

(က) ဒါနကုသိုလ်မှု၏ ရှေး၌မကင်းနိုင်သောအမှုကား-ဒါနဝတ္ထု ကို စီရင်ခြင်းစသော ပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

www.dhammaransi.com



(ခ) သီလကုသိုလ်မှု၏ ရှေး၌မကင်းနိုင်သောအမှုကား-ဇာတိ-ဂေါတ္တစသည်ကို ဆင်ခြင်ခြင်း, ဓိဋ္ဌာန်ခြင်း သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်းစသောပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

(ဂ) ဈာနဘာဝနာကုသိုလ်မှု၏ရှေး၌မကင်းနိုင်သောအမှုကား-ပထဝီ ပထဝီစသည်ဖြင့် စီးဖြန်းပွားများခြင်း ပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

(ဃ) မဂ်ကုသိုလ်မှု၏ရှေး၌မကင်းနိုင်သောအမှုကား-အနိစ္စ,ဒုက္ခ, အနတ္တဟူ၍ စီးဖြန်းပွားများခြင်းပုဗ္ဗာဘိသင်္ခါရကိစ္စတည်း။

ဋီကာရှင်ကား-ကုသိုလ်အမှုအားလျော်စွာ မကင်းနိုင်သော ပုဗ္ဗာ-ဘိသင်္ခါရမှုတွေကို သသင်္ခါရိက အင်္ဂါပြု၍ ရူပဈာန်, အရူပဈာန်, လောကုတ္တရာဈာန်တွေကို သသင်္ခါရိကချည်း ပြုလေသည်ကား-ပါဠိ-အဋ္ဌကထာဋီကာကြီးတို့၌လည်း အရိပ်မျှပင်မထင်၊ ဆိုခဲ့ပြီးသော အမှုတွေနှင့်လည်း မကင်းနိုင်သောကြောင့် သဘောယုတ္တိလည်း မရှိသည်ကေန်စင်စစ်ဖြစ်၏။ [ဟရပ်။]

### ပါဠိတော်အဋ္ဌကထာဝါဒညှိနှိုင်းချက်

ယခုအခါ ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ အရိပ်အကြံ အားဖြင့်ရင်း,အထင်အလင်းအားဖြင့်ရင်း လာသောဂါတို့အလို ကိုယ်သဘောကျကို အလင်းပြလိုက်အံ့။

သဟ သင်္ခါရေနာတိ သသင်္ခါရော၊ တေနသသင်္ခါရေန သပ္ပ-ယောဂေန သဥပါယေန။

[အဋ္ဌသာလိနီအဋ္ဌကထာ၊မဟာကုသိုလ်သသင်္ခါရိကစိတ်အဘွင့်။]

ယော အာဒိတော ကိလေသေ ဝိက္ခမ္ဘေန္တော ဒုက္ခေန သ-သင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ ဒုက္ခာ ပဋိပဒါ ဟောတိ၊ ယော ကိလေသေ ဝိက္ခမ္ဘေန္တော သုခေန အကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ သုခါ ပဋိပဒါနာမ။

[ဂုဏ်အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရူပါဝစရဈာန်ဘွင့်။]

www.dhammaransi.com



တတ္ထ ကတမာ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ ပညာ၊ ကိစ္ဆေန-ကသိရေန သမာဓိံ ဥပ္ပါဒေန္တဿ။ လ။ တတ္ထ ကတမာ သုခါ-ပဋိပဒါ ခိပ္ပါဘိညာ ပညာ၊ အကိစ္ဆေန အကသိရေန သမာဓိံ ဥပ္ပါဒေန္တဿ။

[အဘိဓမ္မဥာဏဝိဘင်းပါဠိတော်။]

ကိစ္ဆေန ကသိရေန သမာဓိံ ဥပ္ပါဒေန္တဿတိ လောကုတ္တရ-သမာဓိံ ဥပ္ပါဒေန္တဿ၊ပုဗ္ဗဘာဂေ အာဂမနကာလေ ကိစ္ဆေန ကသိရေန ဒုက္ခေန သသင်္ခါရေန သပ္ပယောဂေန ကိလ-မန္တဿ ကိလေသေ-ဝိက္ခမ္ဘေတွာ အာဂတဿ။

[ဗုင်းဝိဘင်းအဋ္ဌကထာ။]

ဤအဋ္ဌကထာကြီးတို့၌ သသင်္ခါရအဘွင့်နှင့် ဒုက္ခာ ပဋိပဒါ ဈာန်အဘွင့်သည် တထပ်တည်း တသံတည်း ကျသောကြောင့် ဒုက္ခာပဋိပဒါဖြစ်သော ရူပဈာန်စိတ်, အရူပဈာန်စိတ်, လောကုတ္တရဈာန်စိတ်ဟူသမျှသည် သသင်္ခါရချည်းဖြစ်သည်၊ ဗျတိရေကနည်းအားဖြင့် သုခါ-ပဋိပဒါဖြစ်သော ရူပဈာန်စိတ်,အရူပဈာန်စိတ်,လောကုတ္တရဈာန်စိတ်ဟူသမျှသည် အသင်္ခါရိက ချည်းဖြစ်သည်ဟု အနက်အားဖြင့် ပြီးသတည်း။ ။ဤကား-အရိပ်အမြွက်အားဖြင့် သိသာပုံတည်း။

အထင်အလင်းအားဖြင့်ပြီးပုံကား- ရူပါဝစရဈာန်, အရူပါဝစရ-ဈာန်, လောကုတ္တရဈာန်တို့၏ အပြားကိုပြသော နေတ္တိပါဠိတော်-အဓိဋ္ဌာနာဟာရ ဝိဘင်း၌ သသင်္ခါရော သမာဓိ၊အသင်္ခါရော သမာဓိ-ဟူ၍ဟောတော်မူသည်။

နေတ္တိအဋ္ဌကထာ၌။ ။သသင်္ခါရောသမာဓိတိ ဒုက္ခာပဋိပ-ဒေါ ဒန္ဓာဘိညော ဒုက္ခာပဋိပဒေါ ခိပ္ပါဘိညော စ၊ သော ဟိ သသင်္ခါရေန သပ္ပယောဂေန စိတ္တေန ပစ္စနီကဓမ္မေ ကိစ္ဆေန ကသိရေန နိဂ္ဂဟေတွာ အဓိဂန္တဗ္ဗော၊ ဣတရော အသင်္ခါရော သမာဓိ။ ။ဟူ၍လာသည်။

www.dhammaransi.com



နေတ္တိဋီကာ၌။ ။ဇ္ဈာနတိ သုခါပဋိပဒေါ ဒန္ဓာဘိညော သုခါ-ပဋိပဒေါ ခိပ္ပါဘိညော–ဟူ၍လာသည်။ ။ဤသို့ လာသော ပါဠိတော် အဋ္ဌကထာဋီကာ များကိုမြင်၍ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ ခိပ္ပါဘိညာ ဖြစ်သော ရူပဈာန်စိတ်, အရူပဈာန်စိတ်, လောကုတ္တရဈာန်စိတ် ဟူသမျှသည် သသင်္ခါရိကချည်းဖြစ်သည်ဟူ၍၎င်း၊သုခါပဋိပဒါ ဒန္ဓာဘိညာ ခိပ္ပါ-ဘိညာဖြစ်သော ရူပဈာန်စိတ်,အရူပဈာန်စိတ်,လောကုတ္တရဈာန်စိတ် ဟူသမျှသည် သသင်္ခါရိကချည်း ဖြစ်သည်ဟူ၍၎င်း၊ ကေန္တ အားဖြင့် ယုံကြည် လေးမြတ်မှတ်သားအပ်၏။ ။ဤကား-အထင်အမြင်အားဖြင့် သိသာပုံတည်း။ ။ [တရပ်။]

## တနည်းထုတ်ဆိုညှိနှိုင်းချက်

**အမေး။** ။ထိုသို့ဖြစ်ခဲ့သော် သင်္ဂြိုဟ်၌ ရူပ,အရူပ,လောကုတ္တရစိတ်တို့၌ သသင်္ခါရိက ဘေဒ၊ အသင်္ခါရိက ဘေဒကိုအဘယ့်ကြောင့် မဆိုသနည်း။ ။မေးရန်။

**အဖြေ။** ။ဓမ္မသင်္ဂဏီပါဠိတော်ရင်း၌ပင် သသင်္ခါရိက, အသင်္ခါရိကအသံနှင့် မဟောသောကြောင့် သင်္ဂြိုဟ်၌ မဆိုပါသည်။ ။ဖြေရန်။

**အမေး။** ။ဓမ္မသင်္ဂဏီ ပါဠိတော်၌ကား-သသင်္ခါရိက,အသင်္ခါရိက အသံနှင့်အဘယ့်ကြောင့် မဟောသနည်း။ ။မေးရန်။

**အဖြေ။** ။ရူပ,အရူပ,လောကုတ္တရစိတ်စသည်သည် ဘာဝနာမယတရား စင်စစ်ဖြစ်ပေ၍ ဘာဝနာမယတရားစုနှင့် ထိုက်တန်သောပဋိပဒါဟူသောအသံနှင့်သာဟောသင့်သောကြောင့် သင်္ခါရသံနှင့်မဟောပါသည်။ ။ဖြေရန်။

ထိုစကားမှန်၏၊ ကာမာဝစရ တရားစုသည်ကား-အချို့ ကာယကံ, အချို့ ဝစီကံ,အချို့ မနောကံ,အချို့ ဒါနမယ,အချို့ သီလမယ,အချို့ဘာ-ဝနာမယတွေဖြစ်လေ၍ ပဋိပဒါနှင့် ဟောခြင်းငှါမထိုက်၊သင်္ခါရနှင့်သာ ဟောခြင်းငှါ ထိုက်သတည်း။

ရူပ,အရူပ,လောကုတ္တရာတရားအစုမှာမူကား-ဘာဝနာမယစင်စစ်သာဖြစ်သည်၊ ဘာဝနာနှင့်အကျင့်ကိုဟောသောပဋိပဒါသည် သဘော

www.dhammaransi.com



တူလှသောကြောင့် ပဋိပဒါဟူသော ဝေါဟာရအသံနှင့် ဟောရလေသည်၊ပဋိပဒါကိုလည်း သုခါပဋိပဒါ,ဒုက္ခာပဋိပဒါနှစ်ထွေခွဲ၍ဟောပြန်သောကြောင့်–

သသင်္ခါရိကဈာန်စုသည် ဒုက္ခာပဋိပဒါ၌ ပါဝင်လေသတည်း။

အသင်္ခါရိကဈာန်စုသည် သုခါပဋိပဒါ၌ပါဝင်လေသတည်း။

ဤကား-ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ အရိပ်အမြွက်အားဖြင့်ရင်း, အထင်အလင်းအားဖြင့်ရင်း လာသောငါတို့အလို ကိုယ်သဘောကျကို အလင်းပြလိုက်သော စကားရပ်တည်း။ [တရပ်။]

**နိဂုံးချုပ်**

က။ ဤသို့လျှင်ပဌမ ပဋိညာစကားတရပ်။

ခ။ ဒုတိယ ဋီကာဝါဒကိုပြသည်တရပ်။

ဂ။ တတိယ ဋီကာဝါဒတွင်အဓိကာရကိုဆုံးဖြတ်သည်တရပ်။

ဃ။ စတုတ္ထ ဋီကာဝါဒတွင် ပုဗ္ဗာဘိသင်္ခါရကိုပယ်သည်တရပ်။

င။ ပဉ္စမ အဋ္ဌသာလိနီဝိသုဒ္ဓိမဂ် ဝိဘင်းပါဠိတော် ဝိဘင်းအဋ္ဌကထာတို့ကိုထုတ်ပြ၍ညှိနှိုင်း၍ ငါတို့အလို ကိုယ်သဘောကျကိုဆုံးဖြတ်သည်တရပ်။

စ။ ဆဋ္ဌ၊ နေတ္တိပါဠိတော်,နေတ္တိအဋ္ဌကထာ,နေတ္တိဋီကာတို့ကို ထုတ်ပြ၍ ငါတို့အလို ကိုယ်သဘောကျကို ဆုံးဖြတ်သည်တရပ်။

ဤသို့လျှင်၊ ၆-ရပ်,၆-ခဏ်းတို့ဖြင့်ခြားနားကန့်ကွက်၍ မယှက်မထွေးရအောင် ဖြေဆိုဆုံးဖြတ်လိုက်သည် တကာငတောက်။

သသင်္ခါရ,အသင်္ခါရဝိနိစ္ဆယကျမ်းပြီး၏။

ဤတွင်ရွေ့ကား–မဟာသဃနဒီပနီ,ဒီဃာသနပိနိစ္ဆယ,

ဥပသမ္ပဒဝိနိစ္ဆယ,သသင်္ခါရ,အသင်္ခါရ ဝိနိစ္ဆယ

၄-ကျမ်းတွဲ ပြီးပြီ။

[illegible]ကျောက်

[illegible] ၅၃၁

ကမ္ဘာ့အေး၊ရန်ကုန်။

www.dhammaransi.com